# ခေတ်သမိုင်းကိုပုံဖော်နေသော အမျိုးသမီးများ

၂၀၂၄ ခုနှစ်၊ နိုင်ငံတကာ အမျိုးသမီးများနေ့ အထူးစာစဉ်

**မေးမြန်းတင်ဆက်သူ - Liliane & Nora May**



# ခေတ်သမိုင်းကို ပုံဖော်နေသော အမျိုးသမီးများ

## အမျိုးသမီးခေါင်းဆောင် (၃၀) ဦး ၏ အသံများ

### ၂၀၂၄ ခုနှစ် နိုင်ငံတကာအမျိုးသမီးများနေ့အထူးစာစဉ်

မေးမြန်းတင်ဆက်သူ - **Liliane & Nora May**

**Politics for Women Myanmar & Sisters to Sisters**

မှ ပူးပေါင်းထုတ်ဝေသည်။

**၂၀၂၄ ခုနှစ်**

## Politics for Women Myanmar မိတ်ဆက်

Politics for Women Myanmar သည် အမျိုးသမီးများ နိုင်ငံရေးနှင့် ပတ်သက်၍ ပိုမိုအလေးစိုက်လေ့လာ နိုင်ရန်၊ ဆွေးနွေးဝေမျှနိုင်ရန် ရည်ရွယ်ပြီး စုဖွဲ့ထားသော လူမှုအသိုက်အမြုံတစ်ခု ဖြစ်သည်။ ငြိမ်းချမ်းသာယာပြီး၊ တိုးတက်ကောင်းမွန်သော လူမှုအဖွဲ့အစည်းသစ်တစ်ခု ဖန်တီးတည်ဆောက်နိုင်ရန် နှင့် စုံလင်ကွဲပြားမှုအပေါ် အခြေခံပြီး ကိုယ်စားပြုမှု၊ ဦးဆောင်ဆုံးဖြတ်နိုင်မှုရှိသော နိုင်ငံရေးအခင်းအကျင်းတစ်ရပ် ဖြစ်လာစေရန် အမျိုးသမီးများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း လက်ခံသည့်အားလျော်စွာ စွမ်းစွမ်းတမံကြိုးပမ်း အားထုတ်လျက်ရှိသည်။ ထိုနည်းတူစွာ တိုးတက်ကောင်းမွန်သော လူမှုအဖွဲ့အစည်းသစ်တစ်ခု တည်ဆောက်နိုင်ရေး အတွက် နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်နေပြီ ဖြစ်သည့် မြန်မာ့နိုင်ငံရေးပဋိပက္ခများ ဖြေရှင်းနိုင်ရေးနှင့် အမျိုးသားတန်းတူညီမျှကာ ကိုယ်ပိုင်ပြဌာန်းခွင့် ရှိသော ပြည်ထောင်စုသစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာ၊ နိုင်ငံရေးအဖြေရှာမှုများ အပါအဝင် နိုင်ငံရေးဆိုင်ရာနားလည်မှုများ အချင်းချင်းအကြား ပိုမိုအားကောင်းပြီး အမြင်ရှင်း ရန် လိုအပ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူလူထုအားလုံး၏ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော ပြည်ထောင်စုတစ်ခု တည်ဆောက်နိုင်ရေးသည် အမျိုးသားလူထုအားလုံး၏ အရေးကိစ္စဖြစ်သည့်အားလျော်စွာ **Politics for Women Myanmar** သည် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

**Politics for Women Myanmar** သည် (၁) တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရရှိရေး၊ (၂) တစ်ဦးချင်းရပိုင်ခွင့်နှင့် အုပ်စုရပိုင်ခွင့်ကို အလေးထားရေး၊ (၃) ဒီမိုကရေစီစံနှုန်းများကို လေးစားတန်ဖိုး ထားရေး၊ (၄) အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့်ကို အပြည့်အဝရရှိရေး၊ (၅) လူသားဆန်မှုကို လေးစား တန်ဖိုးထားရေး တို့ကို စံတန်ဖိုးများအနေဖြင့် သတ်မှတ်ပြီး အားထုတ်ကြိုးပမ်း လျက် ရှိသည်။

အာဏာရှင်စနစ် ပျက်သုဉ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရေးအား အန္တိမ ပန်းတိုင်အဖြစ် မှတ်ယူပြီး အမြင်စုံလင်မှုကို အခြေတည်၍ ပြည်သူအားလုံး၏ ကောင်းကျိုးချမ်းသာကို တန်းတူညီမျှပြုသော နိုင်ငံတော်တည်ဆောက်နိုင်ရန် အမျိုးသမီးများနှင့် လူနည်းစုများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးသည်။ ထို့ကြောင့် အမျိုးသမီးများ အား နိုင်ငံရေးအသိပညာမျှဝေခြင်း၊ အမျိုးသမီး များ၏ အသံကို ပြန်လည်ဖြန့်ဝေခြင်း၊ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်နိုင်ရေးအတွက် လှုံ့ဆော်စည်းရုံးခြင်းနှင့် လက်ရှိနိုင်ငံရေးအခင်းအကျင်းများနှင့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အထောက်အကူပြုမည့် သုတေသနများ ပြုလုပ်ခြင်းစသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မိမိတို့အဖွဲ့အကြောင်း ပိုမိုသိရှိလိုပါက -

Facebook: https://www.facebook.com/PoliticsforwomenMyn

## Sisters to Sisters မိတ်ဆက်

Sisters to Sisters အဖွဲ့သည် ၂၀၂၁ ခုနှစ် ဧပြီလ မှ စတင်၍ လွတ်လပ်တက်ကြွသည့် ဖီမီနစ် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများက စုစည်းတည်ထောင်ခဲ့သည့် ကမ်ပိန်းလှုပ်ရှားမှုကို ဦးတည် လုပ်ဆောင်နေသော အစုအဖွဲ့ဖြစ်ပြီး ပြည်တွင်း၊ နယ်စပ်တစ်လျှောက်နှင့် အခြားနိုင်ငံများသို့ ရွှေ့ပြောင်း နေထိုင်သူ မြန်မာအမျိုးသမီးများအပြင် မြန်မာအမျိုးသမီးများနှင့် အတူ သွေးစည်းညီညွတ်စွာ ရပ်တည် သည့် နိုင်ငံတကာအမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဖက်စစ်စစ်အာဏာရှင်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း တဖန်ခေါင်း ထောင်ထလာသည့် မဟာဖိုဂါဒ နှင့် အမျိုးသမီးများအပေါ် နည်းလမ်းမျိုးစုံဖြင့် စနစ်တကျ ကျူးလွန်လျက် ရှိသည့် အကြမ်းဖက်မှုများ၊ ပဋိပက္ခတွင်း ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တန်ပြန် တုံ့ပြန်သည့်အနေဖြင့် လူတန်းစားအသီးသီးရှိ အမျိုးသမီးများအကြား သွေးစည်းညီညွတ်မှု တိုးတက်အား ကောင်းစေရန်၊ မဟာဖိုဂါဒအား စိန်ခေါ်ရိုက်ချိုးမည့် လှုပ်ရှားမှုများအား ညီအမအဖွဲ့အစည်းများနှင့်အတူ လှုပ်ရှားဆောင်ရွက်ရန်၊ အမျိုးသမီးနှင့် လိင်စိတ်ခံယူမှုကွဲပြားသူ နိုင်ငံရေးအကျဉ်းသူများနှင့် စနစ်တကျ အကြမ်းဖက် ခံရခြင်းမှ ရှင်သန်လွတ်မြောက်သူများအား အသိအမှတ်ပြုမှတ်တမ်းတင်ပြီး အသိပညာပေး မှုဝေရန် လုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးထု၏အသံ၊ အမျိုးသမီးထု၏ အားမာန်၊ စိတ်ဓါတ်ကြံ့ခိုင်မှုနှင့် ခွန်အားတို့အား မြှင့်တင်ဆောင်ရွက်ပေးသည့်အဖွဲ့အစည်းများအား တန်ဖိုး ထားပြီး မိတ်ဖက်အနေဖြင့် လက်တွဲလုပ်ဆောင်လျှက်ရှိပါသည်။

Sisters to Sisters အဖွဲ့သည် အမျိုးသမီးအချင်းချင်းကြား ညီအမစိတ်ဓါတ်ဖြင့် သွေးစည်းညီညွတ်စွာ ရပ်တည်ပေးခြင်း၊ အသိအမှတ်ပြုခြင်း၊ လက်တွဲဖေးမခြင်းအားဖြင့် ကမ္ဘာနိုင်ငံအသီးသီးရှိ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော မဟာဖိုဝါဒကြီးစိုးမှုနှင့် စနစ်တကျ ကျူးလွန်နေသော အကြမ်းဖက်မှုများအား ရပ်တန့်နိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့အဖွဲ့အကြောင်း ပိုမိုသိရှိလိုပါက

Website: https://sisters2sisters.org/

Facebook: https://www.facebook.com/SpeakUp4MyanmarWomen?mibextid=dGKdO6

# မာတိကာ


အမှာစာ........................................................................ ၁

၁။ ဒေါ်ဖူးပဒုမ္မာ (အတွင်းရေးမှူး(၁) - ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ)................ ၃

၂။ ရဲဘော် Kharu (အဖွဲ့ဝင် - နှင်းဆီရောင်အမျိုးသမီးများသမဂ္ဂ)........................................ ၈

၃။ ဒေါ်မျိုးမျိုးအေး (သမဂ္ဂခေါင်းဆောင်သွေးစည်းညီညွတ်သောသမဂ္ဂများအဖွဲ့ချုပ်မြန်မာ)............ ၁၄

၄။ နော်စူစန်နာလှလှစိုး (ဝန်ကြီး - အမျိုးသမီးလူငယ်နဲ့ကလေးသူငယ်ရေးရာဝန်ကြီးဌာန).............. ၂၀

၅။ Liliane (တည်ထောင်သူ - Politics for Women Myanmar)........................................... ၂၅

၆။ ဒေါ်နိုးနိုးထက်စံ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)................................................ ၃၀

၇။ နာင်းအိသီရိ (အလုပ်အမှုဆောင် - ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ)........ ၃၆

၈။ အက်စတာဇေနော (Kachin Political Interim Coordination Team – KPICT)..................... ၄၂

၉။ ရဲဘော်မိဆူးပွင့် ( ABSDF/ WLB-BWU) ......................................................... ၄၈

၁၀။ နော်ဇမ်ဘာဖော ( Founder - Food Not Bombs Kawthoolei) ...................................... ၅၃

၁၁။ မဖြိုးဖြိုးအောင် ( Program Director - The Wings Institute) ...................................... ၅၉

၁၂။ ဟန်နီနွေဦး (ဘဏ္ဍာရေးတာဝန်ခံ - ကျောင်းသားလက်ရုံးတပ်တော်) ............................... ၆၅

၁၃။ ဒေါ်ခင်ဥမ္မာ (ဥက္ကဋ္ဌ၊ တည်ထောင်သူ - ရှေ့ပြေးအသံ -Progressive Voice) ........................ ၆၈

၁၄။ ဂျာထွယ်ပန် ( ဒုတိယပြည်ထောင်စုဝန်ကြီး - ပညာရေးဝန်ကြီးဌာန)..................................... ၇၄

၁၅။ သဉ္ဇာရွှန်းလဲ့ရည် (ဦးဆောင်ကော်မတီအဖွဲ့ဝင် - Sisters to Sisters) ................................ ၇၇

၁၆။ Junia (မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) .................. ၈၂

၁၇။ Spring (ပြည်သူ့စစ်သားဇနီးများ) ...................................................................... ၈၇

၁၈။ Ying Mwe Lyan (ဦးဆောင်ကော်မတီဝင် - Tai Student Union) ................................. ၉၂

၁၉။ ဆရာမဆန်းဆန်း (ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားပြုကော်မတီ) .................................. ၉၆

၂၀။ Elena ( ဥက္ကဋ္ဌ- အလုပ်မှုဆောင်ကော်မတီ၊ လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ)........... ၁၀၀

၂၁။ ဒေါ်တင်တင်ညို (Policy Board Member - မြန်မာ့အမျိုးသမီးသမဂ္ဂ ) ............................ ၁၀၆

၂၂။ ဆရာလေး ဒေါ်ကေတုမာလာ (ဥပ္ပလဝဏ်အင်စတီကျု့) ............................................ ၁၁၂

၂၃။ မိဒေဝီချမ်း (Mon State Development Center) .................................................. ၁၁၆

၂၄။ မသီတာ(စမ်းချောင်း)
(Chairperson - PEN International Writers and Prison Committee) .......................... ၁၂၀

၂၅။ Ja Seng Ing (လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ) ................................................ ၁၂၅

၂၆။ မခိုင်လေး (ဘဏ္ဍာရေးတာဝန်ခံ - တမူးခရိုင်တပ်ရင်း) ............................................ ၁၃၁

၂၇။ ဒေါ်မေစပယ်ဖြူ
(အမျိုးသမီးအခွင့်အရေးနဲ့ ဂျဲန်ဒါတန်းတူညီမျှရေး၊ ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူ)............. ၁၃၆

၂၈။ Summer (တရားရေး၊ပညာရေး တက်ကြွလှုပ်ရှားသူ - တမူးမြို့နယ်၊စစ်ကိုင်းတိုင်း)............... ၁၄၃


၂၉။ မဝေဝေနု (တည်ထောင်သူ - အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက်)...................................... ၁၄၇

၃၀။ မွန်းနေလီ (တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)- အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ)......... ၁၅၃

မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများ.................................................... ၁၅၈

ဤစာအုပ်တွင် အသုံးပြုထားသော ဓာတ်ပုံများသည် တော်လှန်ရေး ဆိုရှယ်မီဒီယာစာမျက်နှာများနှင့် အင်တာနက်ရင်းမြစ်ပေါင်းစုံမှ ရယူအသုံးပြုထားခြင်း ဖြစ်ပါသည်။

# အမှာစာ



**ဖိုဝါဒနှင့် လူမျိုးကြီးဝါဒသည်** အာဏာရှင်စနစ်ကို မွေးထုတ်လိုက်သည့် အရင်းခံလက်သည်ပင် ဖြစ်သည်။ ဖိနှိပ်မှုအားလုံး၏ အခြေခံအကျဆုံးဖြစ်သော လူလူချင်းမှာပင် ကျား၊ မ အခြေပြုခွဲခြားဆက်ဆံမှုသည် လက်ရှိအချိန်အထိ အရိုန်မသေနိုင်သေးသော ခွဲခြားဆက်ဆံဖိနှိပ်မှု တစ်ရပ်ဖြစ်သည်။ လူလူချင်း တန်းတူဆက်ဆံခွင့်ရရှိရေးသည် မွေးရာပါလူ့အခွင့် အရေးဖြစ်ရုံသာမက လူသားဖြစ်ခြင်း၏ ဂုဏ်သိက္ခာလည်း ဖြစ်သည်။ လူလူချင်း တန်းတူမဆက်ဆံနိုင်ခြင်း သည် လူအချင်းချင်းကြားမှာပင် လူဖြစ်ခြင်းအပေါ် လက်မခံနိုင်ခြင်းပင် ဖြစ်သည်။

အမျိုးသမီးများအနေဖြင့် ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးအရေးအခင်းများတွင် နောက်မဆုတ် စတမ်း ရဲရဲဝင့်ဝင့်ပါဝင်ခဲ့ကြသည့် အမျိုးသမီးများကို လက်ခံနေရာပေးမှုမရှိခဲ့သလို၊ သမိုင်းမှတ်တမ်းတင် ဂုဏ်ပြုမှုမရှိခြင်းမှာ ဖိုဝါဒ၏ အရိပ်မည်းပင် ဖြစ်သည်။ နှစ် (၇၀) ကျော် ပြည်တွင်းစစ်ကြီး တောက်လောင် နေသော မြန်မာနိုင်ငံအဖို့ ဖိုဝါဒ၏အန္တရာယ်ကို လျော့ပေါ့တွေးဆနေသေးမည်ဆိုလျှင် မြန်မာ့မြေပေါ် သွေး မြေခမှု အတောသတ်နိုင်တော့မှာ မဟုတ်ပေ။ လူသားအချင်းချင်းကြား အမျိုးမျိုးသော ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုများ ကို နိဂုံးချုပ်နိုင်မည် မဟုတ်ပေ။

အမျိုးသမီးတစ်ဦးသည် လူသားဖြစ်ခြင်းထက် လျော့သောအရာမရှိပေ။ တနည်းလူသားမဖြစ်ထိုက် သော အတွေးအခေါ်၊ အကြံအဆမရှိသလို၊ လုပ်ကိုင်နိုင်စွမ်းလည်း မလျော့ပေ။ သို့သော် ဘာကြောင့် လူ့အဖွဲ့အစည်းက အမျိုးသမီးဖြစ်ခြင်း၏ ရုပ်၊ နာမ်နှစ်ပါးလုံးအပေါ် ဖိနှိပ်ထားရသနည်း။ လက်ရှိနွေဦး တော်လှန်ရေးသည် အာဏာရှင်စနစ်ပေါင်းစုံကို မွေးထုတ်ပေးနေသည့် ဖိုဝါဒနှင့် လူမျိုးကြီးဝါဒကို အမြစ် ဖြတ်ပယ်သတ်ဖို့ အချိန်အခါကိုက်ပင်ဖြစ်သည်။

နွေဦးတော်လှန်ရေးကို ကြည့်မည်ဆိုလျှင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နည်းလမ်းပေါင်းစုံ တွင် အမျိုးသမီးများ ထိပ်ဆုံးမှ ပါဝင်ခဲ့သလို လက်ရှိအချိန်အထိ အားမာန်အပြည့်နှင့် ပါဝင်နေဆဲပင်ဖြစ် သည်။ ယခုစာအုပ်ထဲတွင် နွေဦးတော်လှန်ရေးအတွင်း ကဏ္ဍပေါင်းစုံမှာ ပါဝင်နေကြသည့် အမျိုးသမီး ခေါင်းဆောင် များအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအဆင့်ဆင့်တွင် ပါဝင်ထုဆစ်ကြဖို့ မည်၍မည်မျှ အဆင်သင့် ဖြစ်နေပြီကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့နိုင်သည်။ အမျိုးသမီးများ မပါဝင်သော နိုင်ငံရေးသည် ငြိမ်းချမ်း သော လူ့ဘောင်အဖွဲ့အစည်းကို မဖြစ်ထွန်းစေလာနိုင်သလို၊ အမျိုးသမီးများကို ကန့်သတ်ထားသော လူ့ လောကသည်ကား ကောင်းမွန်သော လူ့အရင်းအမြစ်မျိုးဆက်များကို မွေးထုတ် ပေးနိုင်မည် မဟုတ်ပေ။

ဖိနှိပ်မှုပေါင်းစုံအောက်မှာ နေထိုင်ကြီးပြင်းလာရသော အမျိုးသမီးများအနေဖြင့် ရှန်းကန်ကာ တော်လှန်ရေးတွင် ဦးဆောင်ပါဝင်လာနိုင်ခြင်းကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများ၏ တော်လှန်နိုင်မှုနှင့် ရဲစွမ်းသတ္တိကို တွေ့မြင်နိုင်ပါသည်။ ယခုစာအုပ်တွင် အမျိုးသမီးများ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည် ဦးဆောင်ပါဝင်လုပ်ကိုင်ခွင့်ရရှိပါက အနာဂတ်နိုင်ငံရေးတွင် မည်သို့မည်ပုံ အပြောင်းအလဲများ မြင်တွေ့

နိုင်မလဲ အပေါ် နယ်ပယ်အသီးသီးတွင် ဦးဆောင်နေသော အမျိုးသမီးများ၏ အတွေးအမြင်၊ စကားသံ၊ သုံးသပ်ချက် များကို စုစည်းဖော်ပြထားပါသည်။

အာဏာရှင်စနစ် ကျဆုံးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် တည်ဆောက်နိုင်ရေး အတွက် တိုက်ပွဲဝင်နေကြတဲ့ အမျိုးသမီးတစ်ဦးတစ်ယောက်ချင်း၏ စွန့်စားအနစ်နာခံမှုနှင့် ပြတ်သားမှု၊ တည်ကြည်မှု တို့ကို ဤစာအုပ်ဖြင့် အလေးအမြတ်ပြုပါသည်။ နိုင်ငံတော်သစ်မွေးဖွားဖို့အတွက် တိုက်ပွဲဝင် နေကြသော၊ တနည်း ခေတ်သမိုင်းကို ပုံဖော်နေကြသောအမျိုးသမီးအားလုံး၏ အားမာန်များကို မော်ကွန်းတင်နိုင်ရန် ရည်ရွယ်၍ ဤစာအုပ်ကို ၂၀၂၄ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစဉ် အနေဖြင့် ထုတ်ဝေအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**





**ဒေါ်ရွှေးပဒုမ္မာ**

**အတွင်းရေးမှူး(၁)**

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ**

**အမျိုးသမီးတွေအပေါ်မှာ အမျိုးသမီးအပါအဝင် တခြားသောအစုအဖွဲ့အားလုံး ခွဲခြားဆက်ဆံမှုမျိုး မဖြစ်အောင် ဖွဲ့စည်းပုံအရ အာမခံချက် ပေးရမှာ ဖြစ်ပါတယ်။**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိအခြေအနေအရကို ပြောရမယ်ဆိုရင် တော်လှန်ရေး ၃ နှစ်ဝန်းကျင် ရှိလာတဲ့အချိန်မှာ လူထုပါဝင်မှု အခုအခြေအနေ အားကောင်းဆဲ ဖြစ်ခြင်းဟာ တော်လှန်ရေးရဲ့ အကြီးမားဆုံး အောင်မြင်မှုပဲလို့ ပြောရမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ခြုံပြီးတော့ ကြည့်မယ်ဆိုရင် စစ်ကောင်စီရဲ့ အုပ်ချုပ်ရေး ယန္တရားအောက်မှာ (၁၀၀) ရာခိုင်နှုန်းကျဆုံးသွားခြင်း မရှိသေးတဲ့ဟာက ဒီတော်လှန်ရေးရဲ့ အအောင် မြင်ဆုံးလို့ ပြောလို့ရနိုင်ပါတယ်။ နောက်တစ်ခုက တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေကို ကြည့်လိုက်တဲ့အခါမှာ နယ်မြေတွေထိန်းနိုင်တဲ့ အနေအထားမျိုးတွေ ကိုယ့်ရဲ့အုပ်ချုပ်ရေးယန္တရား တည် ဆောက်ထားနိုင်တဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ ဒီထက်ပိုပြီး တိုင်းရင်းသားလက်နက်ကိုင်အင်အားစု တွေ ပါဝင်လာနိုင်မယ် ဆိုရင် အောင်မြင်မှု ပိုရမယ်လို့ မျှော်လင့်ပါတယ်။

တဖက်မှာလည်း အခက်အခဲတွေ အများကြီးရှိတယ်။ အမျိုးသမီးတွေ ပိုပြီးအကြမ်းဖက်ခံရတယ်။ ပိုပြီး မလုံခြုံတဲ့ ပတ်ဝန်းကျင်မျိုး ဖြစ်လာတယ်။ တရားဥပဒေစိုးမိုးရေးတွေ မရှိဘူး။ အထူးသဖြင့် စီးပွားရေးတွေ ချွတ်ခြုံကျပြီးတော့ အများစုက ပြည်ပကိုထွက်ပြီး အလုပ်လုပ်ကိုင်နေရတယ်။ လူငယ်အမျိုးသမီးတွေ အများကြီး ဒုက္ခဆင်းရဲရောက်ကြရတယ်။ နောက်တချက်က နိုင်ငံရေးအရ ကြည့်မယ်ဆိုရင် တော်လှန်ရေး ဘုံရည်မှန်းချက် ပျောက်နေတယ်လို့ မြင်မိတာရှိတယ်။ ဆိုလိုတဲ့သဘောက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်လို့တော့ အကြမ်းအားဖြင့် ပြောတယ်။ ဒါပေမယ့် ဘယ်လိုမျိုး တည်ဆောက်မှာလဲ ဆိုတာကို ကျွန်မတို့ဆက်ပြီး ဆွေးနွေးနေရဆဲဖြစ်ပြီး ဒီဘုံအောက်မှာ ရည်မှန်းချက်တွေ မတူညီနေကြ သေးဘူးလို့တော့ မြင်ပါတယ်။ ဒါကြောင့် တော်လှန်ရေးကို နည်းနည်း နှောင့်နှေးစေသလားလို့ မြင်မိတာ ရှိပါတယ်။ ဥပမာဆိုရင် ဘုံရည်မှန်းချက်လို့ပြောရင် ကျွန်မတို့က ရွေးကောက်ပွဲရလဒ်ကိုပဲ ပြန်ပြီး အသက် သွင်းမှာလား၊ စနစ်ပြောင်း တော်လှန်ရေးကို လုပ်မှာလားဆိုတဲ့ မေးခွန်းတွေ အများကြီးရှိတယ်။

ကျွန်မ တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့က စနစ်ကို ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ၂၀၀၈ အောက်ကနေ ဆက်သွားလို့မရဘူး။ ဖွဲ့စည်းပုံအသစ်၊ နိုင်ငံတော်အသစ် တည်ဆောက်ရမှာ ဖြစ်တယ်။

ဒါထက်အရေးကြီးတာက စစ်အာဏာရှင်၊ အာဏာရှင်တွေကို ပံ့ပိုးနေတဲ့ ဖိုဝါဒ ကြီးစိုးမှုကို တိုက်ဖျက်ရမှာ ဖြစ်တယ်။ ဒီလူမျိုးကြီးဝါဒတွေ၊ ဖိုဝါဒကြီးစိုးမှုတွေကို တပြိုင်နက်ထဲ မတိုက်ဖျက် နိုင်ရင် တော်လှန်ရေးက အဆုံးသတ်မှာ မဟုတ်ဘူး။ ဒါကြောင့် စနစ်ပြောင်းတော်လှန်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ကို အားပေးတဲ့လူမျိုးကြီးဝါဒ၊ ဖိုဝါဒတွေကို တိုက်ဖျက်ဖို့ အရေး တကြီးလိုအပ်တယ်လို့ ကျွန်မရဲ့အမြင်ကို ဖလှယ်ချင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

ကျွန်မတို့တည်ဆောက်ချင်တာ ဖက်ဒရယ်ပြည်ထောင်စုဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့ချည်းကပ်ရ မယ့် ဖက်ဒရယ် approach တွေ အများကြီးရှိတာပေါ့နော်။ ဥပမာဆိုရင် ကျွန်မတို့လက်ရှိ ကရင်နီမှာ အုပ်ချုပ်ရေးယန္တရားကို bottom up approach နဲ့ ချည်းကပ်ပါတယ်။ ဒါပေမယ့်လည်း အားလုံးကိုခြုံပြီး ပြောရမယ်ဆိုရင် လူထုကိုမျက်နှာမူတဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့ လိုတယ်။ နိုင်ငံရေးမှာ လူထုသာလျှင် အမြင့် ဆုံး အာဏာရှိတဲ့သူဖြစ်ရမှာပါ။ လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးအဝန်းအဝိုင်းကိုသာ တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ နောက်တခုက ကျွန်မတို့ လူမှုပတ်ဝန်းကျင်၊ အုပ်ချုပ်ရေးယန္တရား နဲ့ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်တဲ့အခါမှာ လူမှုတရားမျှတမှုကို အခြေတည်တဲ့ လုပ်ဆောင်မယ်ဆိုရင်တော့ တစ်ဦးနဲ့တစ်ဦး နိုင်ထက်စီးနင်းပြုတာတွေ၊ ခွဲခြားဆက်ဆံမှုတွေ လျော့နည်းပြီး နိုင်ငံကိုတည်ဆောက်မယ်ဆိုရင် အခြေခံ အုတ်မြစ် ကောင်းလိမ့်မယ်လို့ ကျွန်မက ယုံကြည်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန် ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေ ပါဝင်ဖို့ လိုပါသလဲ။*

ကျွန်မတို့က intersectional approach နဲ့ သွားရမှာ ဖြစ်တယ်။ နိုင်ငံတည်ဆောက်တဲ့အခါမှာ အခုလက်ရှိ နိုင်ငံရေးမှာရော ဟိုးအရင်တုန်းကရော တိုင်းရင်းသားတွေက အားလုံးပါဝင်ရေးကို အများကြီးပြောခဲ့ ကြတယ်။ အားလုံးလို့ပြောတဲ့အခါမှာ နိုင်ငံရေးကိုယ်စားပြုခွင့်ကတော့ အားလုံးသာတူညီမျှ၊ တန်းတူညီမျှမှု ရရမှာ ဖြစ်ပါတယ်။ intersectional approach အနေနဲ့ အလွှာပေါင်းစုံက လူထုတွေပါဝင်တဲ့ ချည်းကပ်မှုမျိုး၊ အလွှာပေါင်းစုံက စုံလင်ကွဲပြားတဲ့လူတွေ ပါဝင်ရလို့ ရတဲ့အခင်းအကျင်းဖြစ်မှသာ အားလုံးပါဝင်ရေး ဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ လူနည်းစု တိုင်းရင်းသားတွေ ပါရမယ်။ LGBT တွေပါရမယ်။ ပြီးတော့ အမျိုးသမီးတွေ ပါရမယ်ပေါ့။ ပြီးရင် တခြားနည်းနဲ့ သန်စွမ်းတဲ့သူတွေ ပါရမယ်။ စသဖြင့် အလွှာတိုင်းမှာ ကျွန်မတို့က တစ်လွှာချင်းစီကိုကြည့်ပြီးတော့ ပါဝင်မှုကို intersectional approach နဲ့လုပ်ရမှာ အရမ်းအရေးကြီးတယ်လို့ မြင်တယ်။

တပြိုင်နက်ထဲ အမျိုးသမီးတွေက ဘာကြောင့်နိုင်ငံရေးမှာ ပါဝင်ရလဲဆိုတာကိုလည်း ဆက်စပ်ပြီးတော့ ပြောချင်ပါတယ်။ နံပါတ်တစ်က ဒီမိုကရေစီအရကြည့်မယ်ဆို လူဦးရေအများစု ဖြစ်ပါတယ်။ နံပါတ်နှစ်ကတော့ ကျွန်မတို့တိုင်းပြည် အပြောင်းအလဲဖြစ်တဲ့အခါတိုင်းမှာ အမြဲတမ်း ထိခိုက်နစ်နာမှုအများဆုံးအုပ်စု က အမျိုးသမီးတွေ ဖြစ်တယ်ဆိုတာ ခေတ်အဆက်ဆက်မှာ မြင်ရတယ်။ လက်ရှိအခြေအနေမှာလည်း မြင်ရတာပေါ့နော်။ ဒီထိခိုက်နစ်နာမှု အများဆုံးဖြစ်ခဲ့တဲ့ အမျိုးသမီးတွေရဲ့အသံ၊ အမျိုးသမီးတွေရဲ့ပါဝင်မှု မရှိဘူးဆိုရင်တော့ ဒါကျွန်မတို့က အားလုံးပါဝင်တယ်လို့ ပြောလို့မရဘူး။ ဒါကြောင့်အမျိုးသမီးတွေရဲ့ ပါဝင်မှုက အရမ်းအရေးကြီးတယ်လို့ ကျွန်မကပြောချင်ပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အာဏာသိမ်းပြီးနောက်ပိုင်းကို ကြည့်လိုက်မယ်ဆိုရင် နိုင်ငံရေးဦးဆောင်မှုအပိုင်းမှာတော့ အမျိုးသမီးပါဝင်မှုက အတိုင်းအတာတစ်ခုအထိ ပိုပြီး နေရာရလာတယ်လို့ ကျွန်မကတော့ မြင်တယ်ပေါ့နော်။ ဒါပေမယ့် ပါဝင်မှု ရတာနဲ့ ဆုံးဖြတ်ချက်ချခွင့်နဲ့က အားလုံးကမတူနေဘူးဆိုတာ သတိချပ်ဖို့ လိုအပ်တယ်လို့ ကျွန်မကတော့ ထင်တယ်။ ဒါကြောင့်မို့ အမျိုးသမီးတွေပါဝင်မှု ရရှိလာတာနဲ့တပြိုင်နက်ထဲ ဆုံးဖြတ်ချက်ချတဲ့ အခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေ ပါဝင်လာဖို့အတွက် ကျွန်မတို့အများကြီးလုပ်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ နောက်တစ်ခုက ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ အမျိုးသမီးတွေ ပါဝင်တဲ့နေရာတွေက ကြည့်မယ်ဆို ပညာရေး၊ ကျန်းမာရေး၊ တခြားသော လူသာချင်းစာနာထောက်ထားရေး စသဖြင့် ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းပိုင်းမှာ ပိုပြီးပါဝင်ရတာများတယ်လို့ မြင်ပါတယ်။ ဥပမာ - နိုင်ငံရေးအရ မြန်မာပြည်ရဲ့ အနာဂတ်ပညာရေးစနစ်ကို ဘယ်လိုမျိုးတည်ဆောက်မလဲဆိုတဲ့ လုပ်ငန်းမျိုးတွေ အနာဂတ်မြန်မာပြည်ရဲ့ ကျန်းမာရေးစနစ်ကို ဘယ်လိုမျိုးလုပ်မလဲ၊ ဘယ်လိုချည်းကပ်လုပ်ဆောင်မလဲဆိုတဲ့ ဒီ decision structure building တွေနဲ့ ပတ်သက်ရင်တော့ ဆုံးဖြတ်ချက်ချတဲ့ နေရာတွေမှာ အမျိုးသမီးတွေ ပါဝင်ဆုံးဖြတ်ခွင့်ရမှု အားနည်းတုန်းဆိုတာ တွေ့ရတယ်။

### *၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နိုင်ငံရေးစနစ်က အဟန့်အတားအကြီးမားဆုံး ဖြစ်ပါတယ်။ နိုင်ငံရေးစနစ်က အမျိုးသမီးတွေပါဝင်ဖို့ စနစ်တကျကို ကန့်ကွက်ထားတာမျိုး၊ စနစ်တကျကို ပိတ်ပင်တဲ့အနေအထားမျိုးတွေ ဖြစ်တဲ့အတွက်ကြောင့် အကြီးမားဆုံး အဟန့်အတားဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ ဆိုလိုတာက မူဝါဒတွေ ဖွဲ့စည်းပုံတွေအရကို အမျိုးသမီးတွေပါဝင်ဖို့ ကန့်သတ်ထားတာမျိုး လုပ်နေတာမျိုးပေါ့။ တပြိုင်နက်ထဲကို ဒီစနစ်ကို အားပေးစေတဲ့ လူမှုစံနှုန်းတွေ၊ လူမှုပတ်ဝန်းကျင်တွေ၊ ဘာသာရေးတွေ၊ စတာတွေက ဖိုဝါဒကြီးစိုးဖို့ကို ပိုပြီးအားပေးတဲ့ အပြုအမူတွေ၊ အလေ့အကျင့်တွေ၊ အယူဝါဒတွေကို ဖြစ်စေတာပါတယ်။ အမျိုးသမီးတွေပါဝင်ဖို့

အမျိုးသမီးတွေ နိုင်ငံရေးဦးဆောင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု စတဲ့လုပ်ငန်းတွေမှာ ပါဝင်ဖို့ နံပါတ်တစ်အနေနဲ့ စနစ်အရကို ကန့်ကွက်နေတာ၊ နှစ်ကတော့ လူမှုစံနှုန်းတွေကနေပြီးတော့ ကန့်ကွက်နေတယ်လို့ ကျွန်မက တော့ မြင်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးတွေကိုပါဝင်မှုကို အားပေးဖို့အတွက် အခြေခံမူဝါဒတွေ လိုပါတယ်။ အမျိုးသမီးတွေအပေါ်မှာ အမျိုးသမီးတွေအပါအဝင် တခြားသော အစုအဖွဲ့တွေအားလုံး ခွဲခြားဆက်ဆံမှုမျိုး မဖြစ်အောင် ဖွဲ့စည်းပုံအရ အာမခံချက် ပေးထားရမှာဖြစ်တယ်။ အမြင့်ဆုံးဥပဒေဖြစ်တဲ့ဖွဲ့စည်းပုံမှာ အာမခံချက်ပေးထားမှ ကျွန်မတို့က ဒီတခြားသောပြည်နယ်အဆင့် အခြေခံဥပဒေတွေ၊ တခြားသော မူဝါဒတွေမှာ ပါဝင်လာမယ်လို့ ကျွန်မက ယုံကြည်တယ်။ မူဝါဒတွေနဲ့ ဖွဲ့စည်းပုံတွေမှာ အာမခံချက်ပေးဖို့တော့ နံပါတ်တစ် အနေနဲ့ အရေးကြီးပါတယ်။ နံပါတ်နှစ်ကတော့ အမျိုးသမီးတွေ ပါဝင်လာဖို့အတွက် ယာယီအထူးလုပ်ဆောင်ချက်ကို လုပ်ငန်းအဆင့်ဆင့် တိုင်းမှာကျင့်သုံးမယ်ဆိုရင် အမျိုးသမီးတွေပါဝင်လာဖို့ ပိုပြီးတော့ အထောက်အပံ့ဖြစ်စေမယ်။ အမျိုးသမီးတွေ ပါဝင်မှု၊ ဆုံးဖြတ်နိုင်မှု၊ လုပ်ဆောင်မှုတွေက ပိုပြီးတော့ အားကောင်းလာမယ်။ ပါဝင်တဲ့ အမျိုးသမီးတွေ ကလည်း ပိုပြီးတော့ အရည်အချင်းပြည့်ဝပြီး ယုံကြည်မှုပိုရှိလာမယ်လို့ ထင်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေး မှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။*

လူတစ်ဦး ဂျဲန်ဒါတစ်ခု၊ Sex တစ်ခုဆိုတဲ့အပေါ်မှာ အမှီပြု စဉ်းစားတွေးခေါ်တာထက် စုံလင်ကွဲပြားတဲ့နောက်ခံ ကနေလာတဲ့လူတွေအားလုံး စုဆုံပြီးတော့ စဉ်းစားမယ်ဆိုရင် ပိုပြီးတော့ ကောင်းမွန်တဲ့အဖြေရမယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒါကြောင့်မို့ အမျိုးသမီးတွေပါဖို့ အရေးကြီးတယ်လို့ ပြောတာဖြစ်ပါတယ်။ တပြိုင်နက် ထဲ အရှေ့မှာပြောသွားသလို ပါဝင်မှုမှာ intersectional approach ကို အမြဲထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ အဲ့ဒါမှလည်း စုံလင်ကွဲပြားတဲ့ အတွေးအခေါ်တွေ၊ စုံလင်ကွဲပြားတဲ့ဆုံးဖြတ်ချက်တွေ ကျွန်မတို့ ရယူနိုင်မှာ ဖြစ်တယ်။ အဲ့လိုမျိုးပါဝင်လာခြင်းအားဖြင့်တော့ လူမှုတရားမျှတမှုကို ပိုပြီး အထောက်အပံ့ ဖြစ်စေလိမ့်မယ်လို့ မြင်ပါတယ်။

လူမှုတရားမျှတမှုမရှိတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်နေရင် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရားတစ်ခုကို တည် ဆောက်နိုင်မှာ မဟုတ်ဘူး။ အမြင်စုံလင်ကွဲပြားစွာ ပါဝင်နိုင်မယ်ဆိုရင် လူမှုတရားမျှတတဲ့ ပတ်ဝန်းကျင်ကို တည်ဆောက်ဖို့ ပိုပြီးအထောက်အပံ့ဖြစ်စေမယ်လို့ ထင်တယ်။ ပြီးတော့ တပြိုင်နက်ထဲ အမျိုးသမီးလို့ပြောတဲ့ အချိန်မှာ feminist approach နဲ့ ချဉ်းကပ်ရမယ်ဆိုတဲ့ ဟာတွေကလည်း ကျွန်မတို့မမေ့ဖို့ လိုပါတယ်။ feminist ဆိုတဲ့ဟာမျိုးကတော့ အာဏာရှင်မှန်သမျှကို ဆန့်ကျင်လှုပ်ရှားတဲ့ သူတွေ ဖြစ်တယ်။ တပြိုင်နက်ထဲ

ဖိနှိပ်ခံတွေအတွက် အများစုရပ်တည်တဲ့သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ ပါဝင်ရေးက အရမ်းအရေးကြီးတယ်လို့ ထင်တယ်။ အဲ့လိုမျိုးတွေသာ ပါဝင်မယ်ဆိုရင်တော့ နောင်တစ်ချိန်မှာ အာဏာရှင်တွေ ပေါ်ပေါက်လာရင်တောင် အာဏာရှင်တွေ သက်ဆိုးမရှည်ဘူး။ အာဏာရှင်အသစ်တွေ ထပ်ပြီးမပေါ်ပေါက်လာနိုင်ဖို့ အဟန့်အတား ဖြစ်စေမယ်လို့ ကျွန်မကယုံကြည်တယ်။ ဒါကြောင့် ကျွန်မတို့ အဲ့ဒါကို အလေးပေးလုပ်ဆောင်မယ်ဆိုရင်တော့ ကျွန်မတို့တည်ဆောက်ချင်တဲ့ လူမှုတရားမျှတတဲ့ ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မယ်လို့ ကျွန်မအနေနဲ့ယုံကြည်ပါတယ်။

“ကျွန်မတို့တိုင်းပြည် အပြောင်းအလဲဖြစ်တဲ့အခါတိုင်းမှာ အမြဲတမ်း ထိခိုက်နစ်နာမှု အများဆုံးအုပ်စုက အမျိုးသမီးတွေ ဖြစ်တယ်ဆိုတာ ခေတ်အဆက်ဆက်မှာ မြင်ရတယ်။ လက်ရှိအခြေအနေမှာလည်း မြင်ရပါတယ်။ ထိခိုက်နစ်နာမှု အများဆုံးဖြစ်ခဲ့တဲ့ အမျိုးသမီးတွေရဲ့ အသံ၊ အမျိုးသမီးတွေရဲ့ပါဝင်မှု မရှိဘူး ဆိုရင်တော့ ဒါကျွန်မတို့က အားလုံးပါဝင်တယ်လို့ ပြောလို့မရဘူး။ ဒါကြောင့် အမျိုးသမီးတွေရဲ့ ပါဝင်မှုက အရမ်းအရေးကြီးတယ်လို့ ပြောချင်ပါတယ်”





**ရဲဘော် Kharu**

**အဖွဲ့ဝင်**

**နှင်းဆီရောင်အမျိုးသမီးများသမဂ္ဂ**

---

**" တိုင်းပြည်ရဲ့ စနစ်ကို ပြောင်းလဲဖို့အတွက် အခြေခံပြည်သူလူထုကလည်း အရေးကြီးပါတယ်။ လူထုရဲ့နိုင်ငံအာဏာကို အခြေတည်ပြီး တည်ဆောက်မှသာ ကိုယ်လိုချင်တဲ့ နိုင်ငံရေးပန်းတိုင်တစ်ခု ရောက်လိမ့်မယ်လို့ မြင်ပါတယ်"**

---

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

ကျွန်မတို့မြန်မာပြည်ရဲ့သမိုင်းဖြစ်စဉ်ကိုပြောရမယ်ဆိုရင် ၁၉၄၈မှာ လွတ်လပ်ရေးရခဲ့တယ်။ သို့ပေမဲ့ ၁၉၄၇ ပင်လုံစာချုပ်ထဲကအတိုင်း ပြည်ထောင်စုစနစ်ကို အကောင်အထည်မဖော်နိုင်ခဲ့တော့ တိုင်းရင်းသားတွေက လက်နက်ကိုင်တော်လှန်ခဲ့ကြရပါတယ်။ အဲ့ဒီကစပြီး ပြည်တွင်းစစ်မီးကလည်း တောက်လောင်နေခဲ့တာ ဒီနေ့ ဒီအချိန်အထိလို့ ပြောလို့ရတယ်။ အခုနွေဦးတော်လှန်ရေးမှာလည်း တိုက်ပွဲရဲ့လိုအပ်ချက်အရ လက်နက်ကိုင်ပြီးတော့ တော်လှန်နေကြတယ်။ တော်လှန်ရေးရဲ့ လိုအပ်ချက်အရ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ကြတယ်။ သို့ပေမဲ့ လက်နက်ကိုင်တော်လှန်ရေးကိုပဲ အမြဲတမ်းလိုအပ်နေသေးတယ်ဆိုရင် တိုင်းပြည်ကကျတော့ ကောင်းလာနိုင်တဲ့ အလားအလာတော့ မရှိဘူး။ တိုင်းပြည်ကလည်း အစိတ်စိတ်အမွှာမွှာဖြစ်နေပြီးတော့ ဒီတိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုတွေအနေနဲ့ကလည်း စီးပွားရေး၊ လူမှုရေး၊ အဘက်ဘက်ကနေပြီးတော့ အခက်အခဲ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

လက်ရှိမှာ စစ်ကောင်စီကတော့ စစ်ရေးအရရော၊ နိုင်ငံရေးအရပါ တော်လှန်ရေးအင်အားစုတွေကပေးတဲ့ ဖိအားတွေ၊ ဒဏ်တွေကို ရင်ဆိုင်နေကြရတယ်။ စစ်တပ်ကို နိုင်ငံရေးအရ ထွက်ပေါက်ပိတ်တယ်ဆိုရင် ကျွန်မတို့တော်လှန်ရေးအင်အားစုတွေရဲ့ နိုင်ငံရေးထွက်ပေါက်ကရော ဘာလဲ။ စစ်နိုင်တိုက်ရေးကို ရွေးချယ်ကြမယ်ဆိုရင် တော်လှန်ရေးက တော်တော်လေးကို ကြန့်ကြာနေဦးမယ်လို့လည်း ယူဆမိတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြီးအပြတ် မရှင်းလင်းနိုင်ခဲ့လို့ ဒီနေ့ဒီအချိန်ထိ နှစ်ပေါင်း (၇၀) ကျော်က ပြည်တွင်းစစ်ဖြစ်ခဲ့ရတာပါ။ တိုင်းပြည်ရဲ့စနစ်ကို ပြောင်းလဲဖို့က အခြေခံပြည်သူလူထုကလည်း အရေးကြီးတယ်။ လူထုရဲ့နိုင်ငံရေးအာဏာကို အခြေတည်ပြီးတည်ဆောက်မှသာ ကိုယ်လိုချင်တဲ့ နိုင်ငံရေး ပန်းတိုင်တစ်ခုကို ရောက်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

လက်ရှိတိုင်းရင်းသားပြည်သူလူထု ပြောနေကြတဲ့ နိုင်ငံရေးအိပ်မက်က ဖက်ဒရယ်ဒီမိုကရေစီပဲ ဖြစ်ပါတယ်။ ဒီဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုတည်ဆောက်တဲ့အခါမှာလည်း ဒီမိုကရေစီရဲ့စံတန်ဖိုးတို့၊ အနှစ်သာရတို့ အခြေခံရမယ်။ ဒီမိုကရေစီရဲ့အနှစ်သာရလို့ပြောလိုက်တာနဲ့ လူ့အခွင့်အရေး၊ ကျား၊မတန်းတူရေး၊ လူမှုတရားမျှတမှု၊ လွတ်လပ်မှုတွေ ပါဝင်တယ်။ ဒါကြောင့် တိုင်းပြည်တစ်ခုတည်ဆောက်ရေးမှာ ဖက်ဒရယ်ဒီမိုကရေစီရဲ့ စံတန်ဖိုးတွေကို အဓိကအခြေခံရလိမ့်မယ်။ ဒါက ပြည်သူလူထုရဲ့ဆန္ဒပဲ ဖြစ်တယ်။ ပြည်သူလူထုရဲ့ဆန္ဒအတိုင်း တိုင်းပြည်ရဲ့ စနစ်နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရတာ ဖြစ်ပါတယ်။ တိုင်းပြည်တည်ဆောက်ဖို့အတွက် တိုင်းရင်းသားတွေ လိုချင်တဲ့နိုင်ငံရေးစံတန်ဖိုးတွေ အခြေမခံနိုင်တဲ့ကာလပတ်လုံး ကျွန်မတို့တိုင်းပြည်ဟာ ဘယ်တော့မှာငြိမ်းချမ်းမှာ မဟုတ်ပါဘူး။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

စုံလင်ကွဲပြားတယ်ဆိုတာ အရေးကြီးတယ်ဆိုတာထက် လူ့အဖွဲ့အစည်းဆိုတာ ဘယ်တော့မှ ထပ်တူကျမနေပါဘူး။ အမြဲတမ်း စုံလင်ကွဲပြားနေပါလိမ့်မယ်။ စုံလင်ကွဲပြားနေခြင်းအပေါ် ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းနိုင်ဖို့ ဒီမိုကရေစီစနစ်က အရေးကြီးပါတယ်။ တော်လှန်ရေးနဲ့ နိုင်ငံရေးတည်ဆောက်တဲ့အချိန်မှာလည်း အမျိုးသမီးတွေအနေနဲ့ ဆုံးဖြတ်ချက်ချနိုင်တဲ့အခြေအနေတွေမှာ ပါဝင်ခွင့် ရှိကိုရှိရပါမယ်။ အမျိုးသမီးတွေရဲ့အခွင့်အရေး ခံစားမှုတွေကို အမျိုးသမီးတွေကိုယ်တိုင်ကပဲသိနိုင်ပါတယ်။ အမျိုးသားတွေက အမျိုးသမီးတွေရဲ့ အခွင့်အရေးကို နားလည်ကောင်းနားလည်ပေမဲ့ ကျွန်မတို့ အမျိုးသမီးတွေ ကိုယ်တိုင်လောက် နားလည်မှာ မဟုတ်ပါဘူး။ အမျိုးသမီးတွေကိုယ်တိုင်က ကိုယ့်ရဲ့အခွင့်အရေး၊ ကိုယ့်ရဲ့ခံစားချက် ကိုယ့်ရဲ့ရပ်တည်ချက်အကုန်လုံးကို သိနိုင်၊ ပြောနိုင်တဲ့အတွက်ကြောင့် နိုင်ငံရေးမှာဆုံးဖြတ်ချက်ချနိုင်တဲ့ကဏ္ဍတွေမှာ ပါဝင်ဖို့ တော်တော်လေးကို အရေးကြီးပါတယ်။ ၂၀၁၄ သန်းခေါင်စာရင်းအရကြည့်မယ်ဆိုရင် အမျိုးသမီးရာခိုင်နှုန်းက အမျိုးသားထက် ထက်ဝက်ကျော် ရှိပါတယ်။ အမျိုးသမီးတွေသာ မပါဝင်ခဲ့ရင် ဒီတော်လှန်ရေးကလည်း လူထုတော်လှန်ရေး ဆိုပြီး ဖြစ်လာစရာအကြောင်း မရှိဘူး။ လက်ရှိနွေဦးတော်လှန်ရေးမှာလည်း အမျိုးသမီးတွေသာ မပါဝင်ခဲ့ရင် ဒီတော်လှန်ရေးက ဒီနေ့အချိန်ထိ အားကောင်းနေမှာ မဟုတ်ပါဘူး။ ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ တော်လှန်ရေးမှာပါဝင်ဖို့ အလွန်အရေးကြီးသလိုမျိုး တော်လှန်ရေးကိုမောင်းနှင်နေတဲ့ ဦးဆောင်တဲ့အခန်းကဏ္ဍတွေမှာ ပိုပြီးပါဝင်လာဖို့လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

> “အမျိုးသမီးတွေသာ မပါဝင်ခဲ့ရင် ဒီတော်လှန်ရေးကလည်း လူထုတော်လှန်ရေး ဆိုပြီး ဖြစ်လာစရာအကြောင်း မရှိဘူး။ လက်ရှိနွေဦးတော်လှန်ရေးမှာလည်း အမျိုးသမီးတွေသာ မပါဝင်ခဲ့ရင် ဒီတော်လှန်ရေးက ဒီနေ့အချိန်ထိ အားကောင်းနေမှာ မဟုတ်ပါဘူး။”

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မတို့အမျိုးသမီးတွေက တော်လှန်ရေးကို ဦးဆောင်တဲ့အခန်းကဏ္ဍတွေမှာ ပါဝင်နှုန်းက ဒီကနေ့အချိန်အထိ တော်တော်လေးတော့ နည်းပါးနေသေးပါတယ်။ အခုလက်ရှိ နွေဦးတော်လှန်ရေးကို ကြည့်မယ်ဆိုရင် NUG အစိုးရဘက်မှာ အမျိုးသမီးတွေပါဝင်မှုက ရာခိုင်နှုန်းအားဖြင့်အရမ်းကိုနည်းနေသေးသလို၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့တခြားတော်လှန်ရေးအင်အားစုတွေမှာလည်း အမျိုးသမီးပါဝင်မှုက အရမ်းကိုနည်းပါးနေပါသေးတယ်။ အကြောင်းတရားကတော့ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးမှာ စိတ်ဝင်စားမှုက အလွန်နည်းနေသေးပါတယ်။ ဒါက လက်ခံရမယ့်အရာတစ်ခုပဲ ဖြစ်တယ်။ တော်လှန်ရေးမှာ စိတ်ဝင်စားမှုက အမျိုးသားတွေထက်တောင် ပိုနည်းတယ်။ အဲ့တော့ ကျွန်မတို့အနေနဲ့ ဒါကိုကြိုးပမ်းဖို့ လိုပါတယ်။

တော်လှန်ရေးကာလမှာပဲဖြစ်ဖြစ်၊ တော်လှန်ရေးအလွန်ကာလမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးမှာ စိတ်ပါဝင်စားလာအောင် တက်ကြွစွာပါဝင်လာနိုင်အောင် နိုင်ငံရေးအသိပညာတွေ ပိုကြွယ်ဝလာအောင် အမျိုးသမီးအစုအဖွဲ့အနေနဲ့ ပိုပြီးကြိုးစားဖို့ လိုအပ်တယ်။ အမျိုးသမီးတွေက အရည်အချင်းရှိလာမယ် ဆိုရင် ဦးဆောင်မှုအခန်းကဏ္ဍကို ရောက်ကိုရောက်လာကြပါလိမ့်မယ်။ နောက်ထပ်အကြောင်းအရာတစ်ခုက အရိုးစွဲနေတဲ့ မဟာဖိုဝါဒကြီးစိုးမှု ကြောင့်ပါ။ ဒီနေ့ဒီအချိန်ထိ လူ့အဖွဲ့အစည်းက ဖိုဝါဒကို လက်ခံကျင့်သုံးနေကြဆဲဆိုတော့ လုံးဝငြင်းလို့ မရဘူး။ အဲ့ဒီအမြစ်တွယ်နေတဲ့ မဟာဖိုဝါဒကြီးစိုးနေတာတွေကိုပါ တော်လှန်ရေးမှာတခါထဲ အာဏာရှင်စနစ်နဲ့အတူ တိုက်ဖျက်သွားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ လူ့အဖွဲ့အစည်းထဲမှာ အမျိုးသမီးတွေကို ဘာသာရေးအရ၊ နိုင်ငံရေးအရ ဖိနှိပ်နေတာတွေကို ပြောင်းလဲပေးဖို့ လိုအပ်သလိုမျိုးပဲ ကျွန်မတို့အမျိုးသမီးကိုယ်တိုင်ကလည်း ပိုပြီးကြိုးစားဖို့လိုအပ်တယ်လို့ ပြောချင်ပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အဟန့်အတားကတော့ နိုင်ငံရေးသမားတွေ ကိုယ်တိုင်ကိုက အမျိုးသမီးတွေအပေါ် ယုံကြည်မှု အားနည်းနေသေးတယ်လို့ပဲ မြင်တယ်။ နိုင်ငံရေးအဝန်းအဝိုင်းထဲမှာ ရှိနေတဲ့သူတွေကသာ အမျိုးသမီးတွေအပေါ်မှာ ပိုပြီးယုံကြည်မှုရှိလာမယ်ဆိုရင် အမျိုးသမီးတွေအနေနဲ့ ဦးဆောင်တဲ့အခန်းကဏ္ဍတွေမှာ ပိုပြီးပါဝင်လာနိုင်ပါလိမ့်မယ်။ အမျိုးသမီးတွေအနေနဲ့ကလည်း နိုင်ငံရေးအရ ကိုယ့်ကိုကိုယ် ပိုပြီးတော့ ယုံကြည်မှုရှိလာလိမ့်မယ်။ ကျွန်မတို့အမျိုးသမီးတွေထဲမှာလည်း နိုင်ငံရေးမှာ အမှန်တကယ် စိတ်ဝင်စားပြီး စိတ်အားထက်သန်တဲ့သူတွေ အများကြီးရှိပါတယ်။ နိုင်ငံတကာမှာ ကြည့်မယ်ဆို ကျွန်မတို့နိုင်ငံသား အမျိုးသမီးပညာရှင်တွေ အများကြီးရှိပါတယ်။ ဘယ်လိုအရာမျိုးတွေက အဟန့်အတားသလဲဆိုတော့ ဘာသာရေးအရ ခွဲခြားတာတွေလည်း ရှိတယ်။ ဥပမာ မာဃဒေသုတ်မှာပါတဲ့ ဇနီးကျင့်ဝတ်ထဲမှာဆိုရင် အမျိုးသမီးတွေဆိုရင် အိမ်ထောင်ပြုရမယ်။ ကလေးမွေးရမယ်။ ပစ္စည်းဥစ္စာထိန်းသိမ်း ရမယ်။ အဲ့လိုမျိုးတွေကို အရင်ခေတ်ကတည်းကနေ လက်ရှိအချိန်အထိ လက်ခံကျင့်သုံးလာတာတွေကြောင့်ရယ်၊ အမျိုးသမီးတွေကိုယ်တိုင်

ကလည်း နိုင်ငံရေးအပေါ်မှာ စိတ်ဝင်စားမှုအားနည်းနေတာတွေရယ်၊ နိုင်ငံရေးအဝန်းအဝိုင်းထဲမှာရှိနေတဲ့ နိုင်ငံရေးသမားတွေကိုယ်တိုင်က အမျိုးသမီးတွေအပေါ် ယုံကြည်မှုအားနည်းနေသေးတာစတဲ့ အဟန့်အတားတွေကြောင့်ပဲ ဖြစ်တယ်။ အမျိုးသမီးတွေကသာ နိုင်ငံရေးကို စိတ်အားထက်သန်စွာနဲ့လုပ်မယ်ဆိုရင် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက တော်လှန်ရေးမှာ တော်တော်ကြီးမားလာလိမ့်မယ်လို့ ထင်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

တချို့နိုင်ငံတွေရဲ့နိုင်ငံရေးဖြစ်စဉ်တွေမှာဆိုရင် အမျိုးသမီးတွေကအနည်းဆုံး ၃၀ရာခိုင်နှုန်း ပါဝင်ရမယ်လို့ သတ်မှတ်ချက်တွေရှိတယ်။ ကျွန်မတို့တိုင်းပြည်တည်ဆောက်ရေးမှာလည်း အမျိုးသမီးတွေ အနည်းဆုံး ၃၀ရာခိုင်နှုန်း ပါဝင်လာဖို့ ကြိုးပမ်းသင့်တယ်။ ကျွန်မတို့လုပ်ရမှာက အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးကို စိတ်ဝင်စားလာအောင် နိုင်ငံရေးအသိပညာတွေ ကြွယ်ဝလာအောင် လုပ်ရလိမ့်မယ်။ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးမှာစိတ်ဝင်စားလာပြီဆိုရင် တိုင်းပြည်တည်ဆောက်ရေးမှာလည်း ဆုံးဖြတ်ချက်ချနိုင်တဲ့နေရာကို ရောက်လာဖို့အတွက် အမျိုးသားတွေနဲ့တန်းတူ အမျိုးသမီးနိုင်ငံရေးသမားတွေလည်း ရွေးကောက်ပွဲကို ဝင်ရလိမ့်မယ်။ ရွေးကောက်ပွဲဝင်ပြီးသွားရင် အမျိုးသမီးတွေကို လူ့အဖွဲ့အစည်းက ရွေးချယ်လာအောင် ယုံကြည်လာအောင် ကျွန်မတို့ ကြိုးစားရလိမ့်မယ်။ ရှေးယခင်ကတည်းက ခွဲခြားဆက်ဆံခဲ့တာတွေကို မသိကျိုးကျွံပြုပြီး အခုချိန်မှာမှ အမျိုးသမီးတွေသာ အရည်အချင်းရှိရင် စင်ပေါ်ရောက်လာလိမ့်မယ်လို့ လက်လွတ်စပယ် ပြောလို့မရဘူး။ အဲ့လိုပြောရင် ခြေထောက်တစ်ဖက်ကို ရိုက်ချိုးပြီးတော့ လာအတူတူ အပြေးပြိုင်ကြမယ်လို့ ပြောနေတာမျိုးဖြစ်နေမှာပေါ့။ နိုင်ငံရေးသမားတွေအနေနဲ့ အမျိုးသမီးအခွင့်အရေးတွေကို အလေးထားပေးပြီးတော့ ဆွဲခေါ်သင့်တယ်။ ဒါမှပဲ အမျိုးသမီးတွေက နိုင်ငံရေးမှာ ရာခိုင်နှုန်းအားဖြင့် ပိုပြီးတော့ ပါဝင်လာနိုင်လိမ့်မယ်။ ဒါမှမဟုတ်ပဲ နင်တို့အရည်အချင်းရှိရင် ပါဝင်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆတွေနဲ့ပဲ ဆက်ပြီး ဖိနှိပ်နေမယ်ဆိုရင် ကျွန်မတို့အမျိုးသမီးတွေက မမျှတဲ့အပြေးပြိုင်ပွဲတစ်ခုမှာ ပြေးနေရတဲ့ပုံစံမျိုးဖြစ်နေမှာ ဖြစ်ပါတယ်။

**လူ့အဖွဲ့ အစည်းထဲမှာ အမျိုးသမီးတွေကို ဘာသာရေးအရ၊ နိုင်ငံရေးအရ ဖိနှိပ်နေတာတွေကို ပြောင်းလဲပေးဖို့ လိုအပ်သလိုမျိုးပဲ ကျွန်မတို့အမျိုးသမီးကိုယ်တိုင်ကလည်း ပိုပြီးကြိုးစားဖို့လိုအပ်တယ်လို့ ပြောချင်ပါတယ်။**

*၇။ လူ့အခွင့်အရေးရှုထောင့်အရ တော်လှန်ရေးကာလအတွင်းမှာ အမျိုးသမီးတွေ ဘယ်လိုပုံစံနဲ့ ချိုးဖောက်ခံနေရတာတွေ ရှိပါသလဲ။*

ဒီတော်လှန်ရေးမှာ စစ်ကောင်စီ သာမက တချို့တော်လှန်ရေးအင်အားစုတွေကပါ ကျွန်မတို့အမျိုးသမီးတွေ အပေါ် လိင်ပိုင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပြင်၊ မုဒိန်းမှု စတာတွေကို ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ရင်ဆိုင်ခံစားနေကြရပါတယ်။ စစ်ကောင်စီတပ်ကပဲဖြစ်ဖြစ် တော်လှန်ရေးအင်အားစု ကပဲဖြစ်ဖြစ် ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့ အမျိုးသမီးတွေ ရှိပါတယ်။ အမျိုးသမီးတွေ အနေနဲ့ အခွင့်အရေးချိုးဖောက်ခံလာရပြီဆိုရင် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးနိုင်တဲ့ ဥပဒေ တစုံတရာ မရှိသလို၊ ဘယ်အဖွဲ့အစည်းကို သွားပြီးတော့ တိုင်ကြားရမလဲ၊ အကူအညီတောင်းခံရမလဲ ဆိုတာတွေက ခုလက်ရှိမြေပြင်မှာ ရှိမနေပါဘူး။ အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေအနေနဲ့ ကျွန်မတို့ အဖွဲ့အစည်းကို လာရောက်ဆက်သွယ်ပြီး ရင်ဖွင့်တိုင်ကြားခဲ့တာတွေရှိခဲ့တယ်။ ကျွန်မတို့အနေနဲ့လည်း NUG ရဲ့ အမျိုးသမီး၊လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနကို တိုင်ကြားခဲ့ပေမဲ့ ထိထိရောက်ရောက် အပြစ်ပေး အရေးယူဆောင်ရွက်တာမျိုး မတွေ့ရပါဘူး။

ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ကင်းလွတ်ခွင့်လုံးဝမရှိစေရ ဆိုတဲ့အတိုင်း ထိထိရောက်ရောက်အပြစ်ပေးအရေး ယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့လိုပါတယ်။ ဒါမှမဟုတ်ပဲ ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်တစုံတရာ အရေးယူမှု မရှိပဲလွှတ်ထားလိုက်ရင် ကျူးလွန်သူကို နောက်တစ်ကြိမ် ကျူးလွန်ဖို့ အခွင့်အရေးပေးလိုက်သလိုမျိုး ဖြစ်သွား ပါလိမ့်မယ်။ အာဏာမသိမ်းခင်ကာလမှာတုန်းကလည်း ကျွန်မတို့အမျိုးသမီးတွေရဲ့ ဘဝလုံခြုံရေးက စိတ်ချတဲ့ အနေအထားတခုမှာ ရှိမနေခဲ့တဲ့အပြင် ယခုအာဏာသိမ်းပြီးနောက်ပိုင်းမှာဆိုရင် ပိုမိုဆိုးရွားလာပါတယ်။ ဒါကြောင့် ကျွန်မတို့အမျိုးသမီးတွေအတွက် လာမဲ့အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ လူ့အခွင့်အရေးခံစားမှုတွေ ရရှိလာဖို့အတွက် တော်လှန်ရေးကာလမှာရော၊ တော်လှန်ရေးအလွန်ကာလမှာရော ဘယ်လိုအစီအမံတွေချပြီး အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ NUGက သက်ဆိုင်ရာဌာနတွေအပြင် အမျိုးသမီး အဖွဲ့အစည်းတွေအနေနဲ့လည်း ဆွေးနွေးဆောင်ရွက် ကြဖို့လိုပါတယ်။

*၈။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေနိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့်လုပ်ဆောင်လို့ရမယ်ဆိုရင် တိုင်းပြည်အနေနဲ့ ပိုပြီးတော့ နိုင်ငံရေးအရင်းအမြစ်တွေ ကြွယ်ဝလာလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မခုနကပြောခဲ့သလိုပဲ။ တိုင်းပြည် တစ်ခုမှာ အမျိုးသားရေးရာကိစ္စတွေဘဲ ရှိနေတာ မဟုတ်သလို အမျိုးသားတွေဘဲ ရေးရာကိစ္စတွေကို ဆောင်ရွက်နိုင်တာ မဟုတ်ဘူး။ နိုင်ငံရေးဆိုတာ လူတွေရဲ့အရေး ဖြစ်တယ်။ အဲ့ဒီလူတွေထဲမှာ အမျိုးသားရော၊ အမျိုးသမီးတွေကရော ပါဝင်နေပါတယ်။ အနည်းဆုံး အမျိုးသမီးတွေရဲ့ ရေးရာကိစ္စရပ်တွေကို နိုင်ငံရေးအရ မူဝါဒချမှတ်တဲ့အခါမှာ အမျိုးသမီးတွေ ပါဝင်ဖို့လိုပါတယ်။ ဒါကြောင့် အမျိုးသမီးတွေ နိုင်ငံရေးမှာ ပါဝင်လာမှပဲ နိုင်ငံရေးအလုပ်တွေကို ပိုမိုလုပ်ဆောင်လာနိုင်ပြီးတော့ လူ့စွမ်းအားအရင်းအမြစ်ကလည်း ပိုပြီးရရှိလာမှာ

ဖြစ်ပါတယ်။ အမျိုးသမီးတွေက နိုင်ငံရေးမှာ အမျိုးသားတွေနဲ့ တန်းတူရာခိုင်နှုန်းအားဖြင့် ပိုမိုပါဝင်လာနိုင်မှ သာလျှင် အမျိုးသမီးတွေကို လူ့အဖွဲ့အစည်းကလည်း ပိုပြီးတော့ အသိအမှတ်ပြုလာနိုင်လိမ့်မယ်။ ဖိုဝါဒကြီးစိုးရေးအယူအဆတွေကလည်း ပိုပြီးပပျောက်လာလိမ့်မယ်။ တန်းတူညီမျှမှုတွေ၊ တရားမျှတမှုတွေ တိုးတက်ကောင်းမွန်လာမယ်လို့ ထင်မြင်မိပါတယ်။

*၉။ ဖြည့်စွက်ချက်။*

နွေဦးတော်လှန်ရေးဟာ လူထုတော်လှန်ရေးပဲ ဖြစ်တယ်။ လူထုဆိုတဲ့အဝန်းအဝိုင်းထဲမှာ ကျွန်မတို့ အမျိုးသမီးတွေ ရာခိုင်နှုန်းကလည်း အများကြီး ပါဝင်နေကြတယ်။ အဲဒီတော့ လူထုတော်လှန်ရေးစစ်စစ်ဖြစ်ဖို့အတွက်၊ တော်လှန်ရေးအောင်မြင်ဖို့အတွက် ကျွန်မတို့အမျိုးသမီးတွေ အခန်းကဏ္ဍက တော်တော်လေးကြီးမားပါတယ်။ ဒါကြောင့် အမျိုးသမီးတွေအနေနဲ့လည်း နိုင်ငံရေးမှာ ပိုပြီးစိတ်ဝင်စားသင့်တယ်။ တော်လှန်ရေးမှာ အမျိုးသားတွေနဲ့တန်းတူပိုပြီး ကောင်းမွန်တဲ့အင်အားတွေနဲ့ ပါဝင်လာသင့်တယ်လို့ မြင်တယ်။ လက်ရှိတော်လှန်ရေးမှာ ဦးဆောင်ပါဝင်တဲ့သူတွေအနေနဲ့လည်း အမျိုးသမီးတွေကို ဒီထက်ပိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ အခွင့်အရေးတွေ ပေးပြီးတော့ ဆွဲခေါ်သင့်ပါတယ်။ ဒီပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း တစ်ခုလုံးကနေ ဝိုင်းဝန်းပြီး ထောက်ပံ့ပေးဖို့ အားပေးဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။






**ဒေါ်မြိုးမြိုးအေး**

**သမဂ္ဂခေါင်းဆောင်**

**သေွးစည်းညီညွတ်သောသမဂ္ဂများအဖွဲ့ချုပ်မြန်မာ(STUM)**

**"အမျိုးသမီးတွေ ဘယ်မှာမဆို ပါဝင်ခွင့်ရှိပေမယ့် တကယ်တမ်း ခေါင်းဆောင်မှုပိုင်း၊ ဆုံးဖြတ်ပိုင်ခွင့်နေရာတွေကို ထည့်သွင်းစဉ်းစားတဲ့ အခါကျရင် အမျိုးသားတွေက အုပ်စုဖွဲ့ပြီးတော့ တိုက်ခိုက်တယ်။ ဒီလိုနေရာမျိုးကို အမျိုးသားတွေပဲ ရဖို့အတွက်ကို ဖန်တီးတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒါက ဒီမိုကရေစီယဥ်ကျေးမှုမဟုတ်ဘူး။ ဒါက အာဏာရှင်ရဲ့ အငွေ့သက်သက်ပဲ"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

အမျိုးသမီးတွေရဲ့ခေါင်းဆောင်မှု၊ အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်၊ အမျိုးသမီးတွေရဲ့လုပ်ပိုင်ခွင့်တွေကို ကန့်သတ်ခံထားရတာတွေကြောင့် ဟိုးလွန်ခဲ့တဲ့ ၂၀၁၅ လောက်ထဲက ကျွန်မက STUM ကို အထည်ချုပ်သမဂ္ဂတွေ၊ ရေလုပ်သားသမဂ္ဂတွေ၊ တောင်သူလယ်သမားသမဂ္ဂတွေ၊ စက်မှုကဏ္ဍမှာရှိတဲ့တခြားသော ကျွန်မတို့နဲ့ ရင်ဘက်ချင်းတူပြီး ရပ်တည်ချက်ချင်း၊ ယုံကြည်ချက်ချင်းတူတယ်ဆိုတဲ့ လူတွေနဲ့ ခွဲထွက်ပြီးတော့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအရ အမျိုးသမီးရဲ့ခေါင်းဆောင်မှုကို လက်ခံဖို့အတွက် ခက်ခဲပါတယ်။ စာရွက်ပေါ်မှာတော့ အမျိုးသမီးတွေရဲ့ ပါဝင်မှုကို အပြည့်အဝပေးထားတယ်။ ဘယ်နေရာမှာမဆိုကြည့်လိုက်ရင် အမျိုးသမီးတွေရဲ့အခွင့်အရေးကို ပိတ်ပင်တာ ဘာမှမရှိဘူး။ အမျိုးသမီးမို့လို့ ဒါတွေမလုပ်ရဘူးလို့ အမျိုးသမီးမို့လို့ ဒီနေရာကို ရွေးချယ်ခံခွင့်မရှိဘူးလို့ မရှိဘူး။ Union မှာလည်း ဒီလိုမျိုးပဲ အရမ်းကို လွတ်လပ်ပြီးတော့ ဘယ်မှာမဆို လုပ်ခွင့်ရှိတယ်။

အမျိုးသမီးတွေ ဘယ်မှာမဆို ပါဝင်ခွင့်ရှိပေမယ့် တကယ်တမ်း ခေါင်းဆောင်မှုပိုင်း၊ ဆုံးဖြတ်ပိုင်ခွင့်နေရာတွေကို ထည့်သွင်းစဉ်းစားတဲ့အခါကျရင် အမျိုးသားတွေက အုပ်စုဖွဲ့ ပြီးတော့ တိုက်ခိုက်တယ်။ ဒီလိုနေရာမျိုးကို အမျိုးသားတွေပဲ ရဖို့အတွက်ကို ဖန်တီးတယ်။ ပွင့်ပွင့်လင်းလင်းပြောရင် ဒါက ဒီမိုကရေစီယဉ်ကျေးမှု မဟုတ်ဘူး။ ဒါက အာဏာရှင်ရဲ့အငွေ့အသက်ပဲ။ အမျိုးသားကြီးစိုးရေးဝါဒ လွှမ်းမိုးတယ်။ ကျွန်မတို့ အာဏာရှင်ကို တော်လှန်တယ်ဆိုတာ အခုမှတော်လှန်တာ မဟုတ်ဘူး။ မိသားစုမှာ၊ အိမ်မှာ၊ ကိုယ့်ရဲ့ Union မှာ ဒါတွေကို ဒီအလေ့အကျင့်တွေကို ပြုစုပျိုးထောင်ပေးတယ်။ မွေးဖွားပေးတယ်။ အမျိုးသမီးတွေ ရှေ့တန်းရောက်ဖို့ အမျိုးသမီးတွေ ဆုံးဖြတ်ခွင့်ရတဲ့နေရာ ရောက်ဖို့ ပေါ်လစီချမှတ်တယ်။ ရွေးကောက်တင်မြောက်တဲ့

နေရာတိုင်းမှာ အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချတဲ့နေရာကို ပါလာဖို့အတွက် လုပ်ဆောင်ပါတယ်။ သို့ပေမဲ့ လက်ရှိအချိန်အထိ ကျွန်မတို့ ချန်ထားခံရမှုတွေအတွက် ကျွန်မတို့ ဖြတ်ကျော်နေတုန်းပဲ။ ဒါတွေကို ကျွန်မတို့က ရန်းကန်ကျော်လွှားရင်းနဲ့ ဒီစနစ်တွေကို အမြစ်ပြတ်အောင် တိုက်ထုတ်မယ်။ ကျွန်မတို့ရဲ့ခေါင်းထဲမှာ အတွေးထဲမှာ ဒါတွေမရှိဖို့ ကျွန်မတို့မျိုးဆက်ကိုလည်း ဒါတွေမမွေးဖို့ ကျွန်မတို့လက်ထက်မှာလည်း ဒါတွေလက်မခံဖို့ တိုက်ခိုက်နေဆဲကာလပေါ့။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နိုင်ငံသူနိုင်ငံသားတွေထားတဲ့ စံတန်ဖိုးတွေ မတူကြဘူး။ တခါတလေကျရင် ကျွန်မတို့ထားတဲ့ စံတန်ဖိုးတွေက သပ်သပ်၊ နိုင်ငံသူနိုင်ငံသားတွေ သပ်သပ်ဖြစ်နေတတ်ပါတယ်။ ပြည်နယ်၊ ပြည်မ တိုင်းရင်းသားတွေထားတဲ့ စံတန်ဖိုးတွေ မတူကြတဲ့အခါမှာ ဘယ်လိုတူအောင်သွားပြီးညှိကြမလဲ။ အဲ့တော့ ပြည်မမှာနေတဲ့သူတွေက ပြည်နယ်မှာနေတဲ့သူတွေကို အရမ်းကိုအကဲဆတ်တယ်။ Sensitive ဖြစ်တယ်။ အထိမခံဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်။ အဲ့ဒါက တဖက်မှာက အရမ်းကို တန်ဖိုးထားတဲ့အရာ ဖြစ်နေတယ်။ စကားပုံတောင် ရှိတယ်။ ဆင်ကတော့ သေးပေါက်လိုက်တာပဲ ပုရွက်ဆိတ်မှာတော့ သောကပင်လယ်တွေ ဝေပြီးတော့ ဖြစ်သွားတယ်။ အဲ့လိုမျိုးပေါ့။ တခုနဲ့တခုစံတန်ဖိုးတွေကို ဘယ်လိုညှိကြမလဲ။ နိုင်ငံတော်သစ်လို့ ပြောတဲ့အခါ ပြည်မမှာ နေတဲ့လူတွေရဲ့ နိုင်ငံတော်သစ်နဲ့ ပြည်နယ်မှာနေတဲ့လူတွေရဲ့ နိုင်ငံတော်သစ်က တူနိုင်ပါ့မလား။ အဲ့လိုပဲ တိုင်းရင်းသားတွေ အချင်းချင်းကြားမှာရော အတူတူ ဖြစ်ပါ့မလား။ ပြီးတော့ အမျိုးသား၊ အမျိုးသမီး ဂျဲန်ဒါ မတူတဲ့ကြားမှာ မျှော်မှန်းတဲ့နိုင်ငံတော်သစ်ကရော တူပါ့မလား။ ကျွန်မတို့တွေ အဲ့ဒါတွေ ထပ်တူရဖို့ ဘယ်လောက်အထိ အချိန်စောင့်ဖို့ လိုမလဲ။

တစ်ယောက်အသံကို တစ်ယောက် ဘယ်လောက် နားထောင်ကြမလဲ။ အခုချိန်မှာ တစ်ယောက်အသံ၊ တစ်ယောက် နားမထောင်ဘူး။ တယောက်ကိုတစ်ယောက် ဖယ်ထုတ်တဲ့လမ်းကို ရွေးကြတယ်။ ငါနဲ့မတူ ငါ့ရန်သူပဲ လာပြီးမဆွေးနွေးနဲ့၊ စကားမပြောနဲ့ပေါ့။ အဲ့လိုတွေနဲ့ ဘယ်လောက်ကြာကြာ ဖြုတ်ထုတ်သတ်သွားကြမလဲ။ အတူတူနေနိုင်ဖို့အတွက်ကို ဘယ်လိုစဉ်းစားကြမလဲ။ စံတန်ဖိုးတွေ ရင်ဘတ်ချင်းတူတယ်တို့ ပြောရင်တော့အချိန်တွေ တော်တော်ယူရဦးမယ်။ ကျွန်မတို့လိုချင်တဲ့ အနာဂတ်အိပ်မက်၊ ပြည်နယ်တွေက မက်ထားတဲ့ အနာဂတ်အိပ်မက် တူချင်မှ တူပါလိမ့်မယ်။ ကျွန်မတို့ ရန်ကုန်မှာနေပြီးတော့ ရွှန်းရွှန်းဝေအောင် ပြောနေတဲ့အချိန်မှာ ပြည်နယ်တွေမှာ ကျောင်းလုံးဝမတက်ရတဲ့ ထမင်း ပုံမှန်စားမနေရတဲ့စစ်ဘေးရှောင် နေရတဲ့ တိုင်းရင်းသားကလေးတွေပေါ့။ သူတို့တွေရဲ့ အနာဂတ်အိပ်မက်နဲ့ ကျွန်မတို့အိပ်မက်နဲ့အရမ်းကို ကွာသွားပြီ။ ဒါတွေကိုတန်းတူညှိဖို့က ခက်ပါလိမ့်မယ်။



*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

အမျိုးသမီးကိုဖယ်ထားမယ်။ အမျိုးသားချည်းပဲ ဆုံးဖြတ်ချက်ချပြီးတော့ နိုင်ငံကို တည်ဆောက်သွားမယ် ဆိုပါစို့။ ဒါဆိုရင်ကျွန်မတို့က အသံမစုံတော့ဘူး။ အမျိုးသမီးအသံ မကြားရတော့ဘူး။ အမျိုးသမီးအသံ မကြားရတဲ့အတွက်ကြောင့် အမျိုးသမီးနဲ့ပတ်သက်တဲ့ကဏ္ဍတွေမှာ ကျန်နေခဲ့မယ်။ အဲ့အခါကျရင် နိုင်ငံရေး မျှခြေ မညီတော့ဘူး။ အမျိုးသမီးတွေလည်း လုပ်နိုင်စွမ်းရှိတယ်။ သူတို့လုပ်နိုင်စွမ်းတွေက တခါတလေ အမျိုးသားထက် သာကောင်းသာနေမယ်။ အဲ့တော့ လူမှန်နေရာမှန်ရှိဖို့ လိုပါတယ်။ နောက်တခုက အမျိုးသမီး ဆိုတာ ကျွန်မထင်တာက အမျိုးသားတွေထက် ခံနိုင်ရည်ပိုအားရှိမယ်လို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကလေးမီးဖွားတယ်ဆိုတဲ့ကိစ္စဆိုတာ ကလေးလေးတစ်ယောက်ကို ဗိုက်ထဲမှာ ဆယ်လလုံးလုံး လွယ်ထား ရတယ်။ ကလေးအမေတွေဟာ အင်မတန်မှကို ဂုဏ်ပြုထိုက်တယ်။ ကလေးမွေးရင်း သေနိုင်တယ်ဆိုတာ သိလည်းမွေးတာပဲ။ အမျိုးသမီးတစ်ယောက်ရဲ့ ခံနိုင်ရည်က အမျိုးသားတစ်ယောက်ရဲ့ ခံနိုင်ရည်ထက် သာပါ တယ်။ နောက်တခုက အရာရာကိုကြည့်တဲ့အခါမှာ မေတ္တာတရားတို့ နှလုံးရည်တွေကို တိုင်းတာဖို့လိုတယ်။ ဒါဟာ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်က ဘယ်လိုမှ စံသွားညှိလို့မရဘူး။ ကိုယ့်ရဲ့လုပမှုတွေ၊ နှပျိုမှုတွေ၊ ကိုယ်လုပ်ချင်ပါတယ်ဆိုတဲ့ အရာအားလုံးကို သားသမီးအတွက် အနစ်နာခံခဲ့ရတယ်။ သားသမီး ကိုပဲ အချိန်အကြာကြီးပေးခဲ့ရတော့ ကျွန်မတို့ဆိုရင် အသက် (၄၅) - (၅၀) လောက်ကို ရောက်တော့မှ ကိုယ်ဖြစ်ချင်တဲ့ဟာကို ဆက်လုပ်နိုင်တယ်။ အမျိုးသမီးတွေဟာ အချိန်တွေပေးနေတဲ့ကြားက သူတို့ဘဝ တိုးတက်ရေးကို သူတို့ထူထောင်ပြီးတော့ လုပ်ကြရတာ။

အမျိုးသမီးနဲ့ပတ်သက်တဲ့ကိစ္စကို စဉ်းစားရင် ဘယ်အမျိုးသားက ဒီအမျိုးသမီးတွေလောက် သိနိုင်ပါ့မလဲ။ နိုင်ငံရဲ့လူဦးရေတစ်ဝက်ကျော်ကို အမျိုးသမီးက နေပြီးတော့ လွှမ်းမိုးထားတယ်။ လုပ်ငန်းခွင့်ထဲမှာလည်း ဘယ်နေရာမှာပဲကြည့်ကြည့် အမျိုးသမီးတွေက သုံးပုံ နှစ်ပုံလောက်ကို လွှမ်းမိုးထားတယ်။ ဒါပေမယ့် ထိပ်ပိုင်းနေရာလောက်ကိုပဲ အမျိုးသားက ယူထားပြီးတော့ အရာရာကိုဆုံးဖြတ်သွားမယ်ဆိုရင်တော့ ဘယ်အရာကမှ ပုံမှန်အတိုင်း ဖွံ့ဖြိုးလာမယ်လို့ မထင်ဘူး။ ဒါကြောင့်လည်း ကျွန်မတို့က အမျိုးသမီး ခေါင်းဆောင်မှုတို့၊ အမျိုးသမီးတွေပါဝင်ခွင့်တို့ကို ထပ်တလဲလဲပြောတယ်။ တစိုက်မတ်မတ် ပြောတယ်။ ကိုယ်တိုင်လည်း ကျင့်တယ်။ ကိုယ့်အဖွဲ့ဝင်တွေကိုလည်း ဒါမျိုးတွေဖြစ်အောင် အမြဲတမ်း လုပ်ပေးနေတယ်။ နမူနာကောင်းအနေနဲ့ Union မှာဆိုရင်လည်း ဒီမိုကရေစီ ယဉ်ကျေးမှုတွေကို ကျင့်သုံးပါတယ်။

**လုပ်ငန်းခွင့်ထဲမှာလည်း ဘယ်နေရာမှာပဲကြည့်ကြည့် အမျိုးသမီးတွေက သုံးပုံနှစ်ပုံ လောက်ကို လွှမ်းမိုးထားတယ်။ ဒါပေမယ့် ထိပ်ပိုင်းနေရာလောက်ကိုပဲ အမျိုးသားက ယူထားပြီးတော့ အရာရာကိုဆုံးဖြတ်သွားမယ်ဆိုရင်တော့ ဘယ်အရာကမှ ပုံမှန်အတိုင်း ဖွံ့ဖြိုးလာမယ်လို့ မထင်ဘူး။**

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မအနေနဲ့ကတော့ အမျိုးသမီးတွေက ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အရမ်းကြီး မရောက်လာသေးဘူးလို့ မြင်တယ်။ အမျိုးသမီးတွေကို ဝန်ကြီးရာထူးတွေပေးတာတို့ ရှိတာပေါ့။ ဒါပေမယ့် အမျိုးသားတွေက အဲ့ဒီနေရာတွေကို လုပြီးတော့ ယူထားတုန်းပဲ။ အမျိုးသမီးတွေက ဒီထက်လုပ်နိုင်စွမ်းတွေ ရှိတယ်။ လုပ်နိုင်နေတာကိုလည်း အားလုံးမြင်နေရာတာပဲ။ ဒါပေမယ့် တကယ်ဆုံးဖြတ်ချက်ချတဲ့နေရာမျိုးမှာ အမျိုးသမီးတွေ သိပ်မရှိနေဘူး။ အမျိုးသားတွေ လွှမ်းမိုးနေတုန်းပဲ။ လက်ရှိမှာတော့ အရပ်ဖက်အဖွဲ့အစည်း တော်တော်များများမှာတော့ အမျိုးသမီးတွေ အသံပိုပြီးတော့ ကျယ်ကျယ်ထုတ်လာနိုင်တယ်။ ဒီလိုနေရာတွေမှာ အမျိုးသမီးတွေဟာ ကိုယ်ဘာလုပ်ရမလဲဆိုတာကို အချိန်နဲ့တပြေးညီဆုံး ဖြတ်ပြီးတော့ လုပ်နေလာနိုင်တယ်။ အစိုးရပိုင်းမှာတော့ သိပ်ပြီးတော့ အားရကျေနပ်လောက်တဲ့ အမျိုးသမီးတွေရဲ့အသံ၊ အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနေတာ မတွေ့ရသေးပါဘူး။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နံပါတ်တစ်က အမျိုးသမီးတွေကိုယ်တိုင်က အမျိုးသမီးမပါဝင်နေတာကို လက်ခံနေတာကြောင့်ပါ။ နံပါတ်နှစ်ကတော့ အမျိုးသမီးတွေ မပါဝင်နိုင်အောင် စည်းမျဉ်းစည်းကမ်းတွေကလည်း ဟန့်တားထားတာကြောင့်ပါ။ ဥပမာအနေနဲ့ ဝန်ကြီးရာထူးရွေးတဲ့အခါမျိုးမှာ ဒီလိုရာထူးမျိုးနဲ့ ကိုက်တဲ့အမျိုးသမီးတွေ ရှိတယ်။ ဒါပေမယ့် အမျိုးသမီးတွေကို ဒုဝန်ကြီးလိုနေရာမျိုးမှာထားပြီး အမျိုးသားတွေက ဝန်ကြီးတက်ယူတာမျိုး မြင်နေရပါတယ်။ အမျိုးသမီးတွေ ဝန်ကြီးမဖြစ်ထိုက်ဘူးလားဆိုတဲ့ မေးခွန်းမျိုးကို အမျိုးသမီးတွေကိုယ်တိုင် မေးခွန်းထုတ်စေချင်တယ်။ ဒီအချိန်မှာ သွေးစည်းညီညွတ်မှုပျက်ပြားတယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မဝေဖန်ဘဲ နေလိုက်မယ်ဆို ဘယ်အချိန်မှာ ကျွန်မတို့ပြောကြမလဲ။

ကျွန်မတို့တုန်းကကျတော့ မသိခဲ့ဘူး။ သိတယ်ဆိုတဲ့ အချိန် ကစပြီးတော့ တွန်းလှန်ဖို့လိုပါတယ်။ နောက်တခုက ရာထူးချင်းတူကြတယ်ဆိုကြပါစို့။ ဘာကြောင့် ဒီအမျိုးသမီးဝန်ကြီးတွေကို ဝန်ကြီးယောကျာ်းတွေက ဆရာလာလုပ်တာလဲ။ ကိုယ်နဲ့ မဆိုင်တဲ့နေရာတွေမှာ ဆရာဝင်လုပ်တာတို့ ဝင်ပြောတာတို့ကို မြင်နေရတဲ့အခါ မခံစားနိုင်ဘူး။ အမျိုးသမီးတွေက ဒီထက်ပိုပြီး လုပ်နိုင်ရက်နဲ့ ဘာဖြစ်လို့ ဒီလူတွေက အဲ့လိုမျိုးလာပြီးတော့ အမိန့်ပေးနေရတာလဲပေါ့။ အမျိုးသမီးတွေ ကိုယ်တိုင်က ဒါကိုလက်မခံဖို့လိုပါတယ်။ ကျွန်မတို့အခု ပြန်လည်တည်ဆောက်တယ်လို့ သတ်မှတ်ကြတယ်ဆိုရင် အခုထဲကစပြီးတော့ ဒါတွေကိုအသစ်အနေနဲ့ မွေးဖွားပြီးတော့ သွားစေချင်ပါတယ်။ အားလုံးနိုင်ငံတော်သစ်အတွက် ပြောနေကြတာ ဆွေးနွေးကြတာ ဖြစ်တဲ့အတွက်ကြောင့် အမြင်မတော်တာတွေ မလုပ်သင့်တာတွေကို ကျွန်မတို့က အားမနာတမ်း ပြောဖို့လိုပါတယ်။ ကျွန်မတို့တွေလည်း ပြောဖို့လိုသလို ကာယကံရှင် အမျိုးသမီးတွေ ကိုယ်တိုင်ကလည်း အားနာနာနဲ့ နောက်မဆုတ်ပေးဖို့လိုပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးခေါင်းဆောင်တွေကို အများကြီးမွေးထုတ်ပေးဖို့လိုသလို နေရာပေးဖို့လည်း လိုပါတယ်။ အဲ့နေရာနဲ့ မထိုက်တန်တဲ့သူတွေ ယူထားတယ်ဆို နေရာဖယ်ပေးရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် အားလုံး စွမ်းဆောင်ရည် ပြည့်ပြည့်နဲ့ အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အခု လူငယ်တွေအများကြီး အလုပ်လုပ်လာကြတယ်။ သူတို့ကို နေရာပေးဖို့ လိုပါတယ်။ ငါတို့နောက်မျိုးဆက်ကို ဘယ်လောက်မွေးမြူထားတယ်၊ နောက်မျိုးဆက်ကို ဘယ်လောက်ပြင်ဆင်ထားတယ်လို့ ပြောကြတယ်ဆိုရင် အခုထဲက နောက်မျိုးဆက်အတွက် ရာထူးတွေ ထားပြီးတော့၊ နေရာပေးသင့်ပြီ။ အဲ့လိုနေရာမျိုးမှာ အမျိုးသမီးတွေ ဘယ်လောက်ပါလာလဲ။

နောက်တချက်က နောက်မျိုးဆက်အတွက် ခေါင်းဆောင် (၁၀၀) မွေးထားတယ်ဆိုရင် အမျိုးသမီး (၅၀) ပါပြီလား။ SDG အရဆို ၂၀၃၀ ကြရင် အမျိုးသမီးနဲ့အမျိုးသားက ၅၀/၅၀ ဖြစ်ရမယ်လို့ပြောထားတဲ့အတွက် ready ဖြစ်ပြီလား။ နေရင်းထိုင်ရင်း ဒီလိုစွမ်းရည်တွေက ပြည့်လာမှာမဟုတ်ဘူး။ တကယ့်မူဝါဒတွေချမှတ်ပြီး ဖြည့်ကျင့်ပေးထားမှ တကယ်တမ်း အဆင်သင့်ဆိုတဲ့အချိန်ကျရင် သူတို့ကအဲ့နေရာကို တိုးဝင်သွားနိုင်မှာ ဖြစ်ပါတယ်။ လာကြ ဒီနေရာအတွက် ဖွင့်လိုက်ပြီလို့ပြောရင် ၂၀၃၀ ကျရင် အမျိုးသားနဲ့အမျိုးသမီးတန်းတူပဲ ဘယ်နေရာမှာမဆို အမျိုးသမီး ၅၀၊ အမျိုးသား ၅၀ ပြောပေမယ့် အမျိုးသမီးတွေအားလုံးက မီးဖိုချောင်ထဲက မထွက်ကြရဘူး။ ပညာသင်မှု အခွင့်အရေးတွေက အမျိုးသားတွေကပဲ သာနေတယ်။ နေရာဌာနတွေ အကုန်လုံး အခွင့်အရေးတွေအားလုံးကို အမျိုးသားတွေကပဲ လက်ဝါးကြီးအုပ်ပြီး ယူထားတယ်ဆို အဲ့အချိန်ကျရင် ဘယ်မှာစွမ်းရည်ရှိတဲ့အမျိုးသမီးတွေ ရှိလာနိုင်မလဲ။ ဒါကြောင့် မူဝါဒတွေ သေသေချာချာရေးပြီး အမျိုးသမီးတွေကို ဆွဲတင်မှ ၂၀၃၀ ခုနှစ်ကျရင် အဆင့်တူ၊ တန်းတူဖြစ်မှာ ဖြစ်ပါတယ်။


*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေ တော်တော်များများက နိုင်ငံရေးထဲမှာ ဝင်ပါလာဖို့လိုပါတယ်။ အမျိုးသမီးတွေက နိုင်ငံရေးနဲ့ မဆိုင်ဘူးဆိုပြီးတော့ ဘေးဖယ်နေမယ်ဆိုရင် နိုင်ငံရေးထဲမှာ အမျိုးသမီးပါဝင်မှုက အလုပ်နိုင်ငံရေးမဟုတ်ပဲနဲ့ အပြနိုင်ငံရေးပဲ ဖြစ်လာမှာပါ။ ငါတို့ပါတီထဲမှာ အမျိုးသမီးဘယ်နှယောက်ရှိနေတယ်။ ငါတို့ထဲမှာ လွှတ်တော် အမတ်က ဘယ်နှယောက်ရှိနေတယ်။ ငါတို့ထဲမှာ ဝန်ကြီးဘယ်နှယောက်ရှိနေတယ်။ ဒီလိုမျိုး အပြ အမည်ခံ သက်သက် မဖြစ်ဖို့လိုပါတယ်။ နိုင်ငံရေးထဲမှာတော့ အမျိုးသမီးတွေ အများကြီးရှိနေကြတယ်။ နိုင်ငံရေး လှုပ်ရှားမှုမှာ အမျိုးသမီးတွေအများကြီးရှိနေကြတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ မရှိနေဘူး ဆိုရင်လည်း မဟုတ်သေးပါဘူး။ တကယ့် နာမည်ကြီး အဖွဲ့အစည်းတွေမှာဆိုရင်လည်း တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်နေတဲ့ အမျိုးသမီးတွေက အများကြီးရှိပေမဲ့ တကယ်တမ်း ဆွေးနွေးကြမယ်ဟေ့၊ သွားကြမယ်ဟေ့ဆို အဲ့အမျိုးသမီးတွေက ကျန်နေခဲ့တယ်။ ဒါမျိုးတွေတော့ အနာဂတ်မြန်မာနိုင်ငံတော်မှာ မဖြစ်စေချင်တော့ဘူး။ အမျိုးသမီးတွေကလည်း သွားကြပြီဆိုရင် ပါဝါလေးချိုး၊ ဆံထုံးလေးထုံး ခေတ်ပုံပဲ

အရိုက်ခံပြီးတော့ ပြန်လာလို့မရဘူး။ နိုင်ငံရဲ့အပြောင်းအလဲ၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ အပြောင်းအလဲ တကယ် ပြောဖို့လိုတယ်။ ပြောမှလည်း ပြင်ကြမှာ၊ မပြောရင် ပြင်မှာမဟုတ်ဘူး။ လုပ်မှာလည်း ရမှာပေါ့။ အဲ့တော့ ခေတ်ပုံအရိုက်ခံပြီးပြန်မလာနဲ့ showcase ထဲမှာထည့်ထားတဲ့ အလှပြအရုပ်အဖြစ်မနေနဲ့။ တကယ့်မြေပြင်မှာ လုပ်နေကြတဲ့ အမျိုးသမီးတွေအဖြစ် မြင်ချင်ပါတယ်။ တွေ့ချင်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

အမျိုးသမီးတွေအနေနဲ့ မသိတဲ့အနေအထားတော့ ထားလိုက်တော့။ သိတယ် ဒါပေမယ့် မပြောချင်ဘူး ဆိုတာမျိုး မလုပ်စေချင်ဘူး။ ဒါဒီနေရာဟာ ဒီစကားတစ်ခွန်းအတွက် ဒီဟာအတွက် ကိုယ်ရဲ့ယုံကြည်ချက်အတွက် တန်ဖိုးထားတာကို ပြဖို့ဆို တိုက်ကိုတိုက်ရမယ်။ ဒါဟာ ငါတို့သမိုင်းအတွက် တိုက်တာ၊ နောက်မျိုးဆက်အတွက်တိုက်တာ၊ ဒီနေရာမှာ မတိုက်ခဲ့ဘူးဆို နောက်မျိုးဆက်တဆက်လုံး ဒါကိုခံသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုချိန်မှာ ခေါင်းမငုံပေးဖို့လိုတယ်။ ဒီလိုမျိုးအချိန်မှာပြောရင် သွေးကွဲသွားမှာပဲ။ ငါတို့စည်းလုံးရေး ပျက်တယ်လေ ဆိုတဲ့ စကားအောက်မှာ မပြောဘဲ မနေဘဲနဲ့ သမိုင်းအတွက် ပြောစေချင်တယ်။ ဒီအမျိုးသမီးတွေကတော့ နောက်အမျိုးသမီးတွေအတွက် ဒီလိုတိုက်ခဲ့ကြတာဆိုတာမျိုး ပြောခဲ့စေချင်တယ်။ နောက်မျိုးဆက်အမျိုးသမီးတွေလည်း ကိုယ့်ရဲ့အရှေ့မှာ အခွင့်အရေးတွေကို တားဆီးနေတာ၊ ပိတ်နေတာရှိရင် တိုက်သာတိုက်ထုတ်ပစ်လိုက်။ ဘယ်သူ့ကိုမှငဲ့မနေနဲ့။ ဒါဟာငါတို့ရယူရမယ့် အခွင့်အရေးပဲ တိုက်ယူမှ ရမယ်ဆို တိုက်ကိုတိုက်။ တောင်းမနေနဲ့တော့။ တချိန်ချိန်မှာ ငါတို့အလှည့်ကိုရောက်လာမှာပဲဆိုပြီးတော့ မျှော်လင့်နေရင် အဲ့အချိန်က ကြာနေလိမ့်မယ်။ တယောက်ယောက်ကနေပြီးတော့ ဖယ်ကြဉ်ထားတာမျိုးတို့ မသိချင်ယောင်ဆောင်တာမျိုးတို့၊ နေရာမပေးချင်တာကြောင့် မသိမသာလေးနဲ့ ဖယ်ထားခဲ့တာမျိုးတို့ဆို စိတ်ဓာတ်တွေကျပြီး နောက်ဆုတ်မနေနဲ့။ တစ်ယောက်ထဲပဲရှိနေပစေ ကိုယ်ယုံကြည်ရာကို ဆက်လျှောက်ပါ။ မဟုတ်ဘူးဆိုရင်တော့ ကိုယ်ရောက်နေတဲ့နေရာမှာ ကိုယ်မြုပ်သွားလိမ့်မယ်။ ကိုယ်ရောက်နေတဲ့နေရာမှာ ကိုယ်မမြုပ်ချင်ဘူးဆိုရင်၊ တကယ်နိုင်ငံအတွက်ရော၊ မျိုးဆက်အတွက်ရော အမျိုးသမီးအခွင့်အရေးကို တိုက်ယူဖို့ လိုအပ်ပါတယ်။





**နော်စူစန်နာလှလှစိုး**

**ပြည်ထောင်စုဝန်ကြီး**

**အမျိုးသမီးလူငယ်နဲ့ကလေးသူငယ်ရေးရာဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**“အမျိုးသမီးလူငယ်နဲ့ကလေးသူငယ်ဝန်ကြီးဌာနဆိုတာ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ စတင်တည်ထောင်ကတည်းက တခါမှမရှိခဲ့ဖူးသေးတဲ့ ဝန်ကြီးဌာနဖြစ်ပြီး အခုရှိလာပြီဖြစ်တဲ့အတွက်ကြောင့် ဒါက အမျိုးသမီးအင်အားကို တစ်နည်းတစ်ဖုံအားဖြင့် ဂုဏ်ပြုလိုက်တယ်လို့ ယုံကြည်ပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

ဒီနွေဦးတော်လှန်ရေးကပြောရမယ်ဆိုရင် မြန်မာ့သမိုင်းသာမက၊ ကမ္ဘာသမိုင်းမှာတောင်မှ မှတ်တမ်းတင်ရမှာ ဖြစ်တယ်။ ဘာလဲဆိုတော့ စတင်ကတည်းက ယနေ့ထက်တိုင် အကြမ်းမဖက်ဆန္ဒပြမှုတွေကလည်း နေ့တိုင်း လမ်းပေါ်မှာရှိနေတယ်။ လူငယ်တွေဆို တရက်မှမနားပဲနဲ့ မိမိရဲ့ကျရာတာဝန်တွေကို အားကြိုးမာန်တက် လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ လက်နက်ကိုင်ဆွဲတဲ့သူကလည်း လက်နက်ကိုင်စွဲ၊ ထောက်ပို့ကလည်း ထောက်ပို့ ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ ကျွန်မတို့နိုင်ငံသားတွေကလည်း အရမ်းကိုအားထည့်ပြီး လုပ်ဆောင်နေ တာကို ကြည့်ခြင်းအားဖြင့် ဒါတကယ့်ကိုသမိုင်းမှာ သမိုင်းတွင်မယ့် နွေဦးတော်လှန်ရေး ဖြစ်ပါတယ်။ အရင်တုန်းကဆို ကျွန်မတို့ဆိုလည်း ၈၈ မှာ ဖြတ်ကျော်ခဲ့တာပဲလေ။ လပိုင်းနဲ့ ပြီးသွားပြီးတော့ စစ်အာဏာရှင် တွေက အာဏာကိုရသွားတယ်။ သို့ပေမဲ့ လက်ရှိကာလမှာတော့ စစ်ကောင်စီက အာဏာတွေလည်း ရယူဖို့ ကြိုးစားနေပေမယ့်လည်း ပြည်သူတွေက ရရာအင်အားနဲ့ဆန့်ကျင်တော်လှန်နေတာကိုတွေ့မြင်နေရပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

တော်လှန်ရေးအင်အားစုတွေ အားလုံးအကျေအလည် ရေးဆွဲပြီးတော့ ရေးဆွဲထားတဲ့ ကြားကာလ သဘောတူညီချက်လို့ ပြောလို့ရတဲ့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာပါသလို လွတ်လပ်ရေး၊ တန်းတူမျှတရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို အခြေခံမူတွေအနေနဲ့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။



*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

တော်လှန်ရေးတစ်လျှောက်မှာ အမျိုးသမီးတွေက ခါတိုင်းနဲ့မတူ ရှုံ့ရှုံ့ချချန်ချန် ရှေ့တန်းမှာ ပါဝင်နိုင်ခဲ့တယ်။ ခေတ်ပြောင်းတော်လှန်ရေးလည်း ဖြစ်တယ်။ ကျွန်မတို့က ဒီတစ်ခေါက်က အာဏာရှင်ကို တော်လှန်ရုံ သာမက ခေတ်သစ်စနစ်သစ်ကိုပါ တစ်ပါထဲတည်ဆောက်နေတဲ့ တော်လှန်ရေးဖြစ်တယ်။ အဲ့မှာ အမျိုးသမီးတွေ ကလည်း တော်လှန်ရေးအစမှာကတည်းက အိမ်ထောင်ရှင်မတွေဆိုရင် သံပုံးတွေတီးကြတယ်။ အမျိုး သမီးတွေဆိုရင် ထမီအလံလွှင့်ကြတယ်။ နောက်ပြီးတော့ အမျိုးသမီးရဲ့အထိမ်းအမှတ်ဖြစ်တဲ့ ပန်းပန်တာတို့၊ နှုတ်ခမ်းနီဆိုးတာတို့ စသည်ဖြင့်ပေါ့ အဲ့ဒါတွေကိုလည်း Gen z တွေက ကျား၊ မ မခွဲခြားပဲနဲ့ ပါဝင် ခဲ့ကြတယ်။ ဒါတွေက ဂျဲန်ဒါခွဲခြားမှုကို ရိုက်ချိုးဖျက်စီးလိုက်တာပဲလို့ မြင်တယ်။ အဲ့ဒါကြောင့် အင်မတန်မှ ကြီး မြတ်တဲ့ တော်လှန်ရေးတစ်ရပ်ဖြစ်တယ်လို့ မြင်တယ်။ အခုလည်းပဲပြောရမယ်ဆိုရင် သမိုင်းတလျှောက်မှာ မရှိခဲ့ဖူးတဲ့ ကျွန်မတို့ရဲ့ဝန်ကြီးဌာနဖြစ်တဲ့ အမျိုးသမီးလူငယ်နဲ့ကလေးသူငယ်ဝန်ကြီးဌာနဆိုတာ လွတ်လပ်ရေးရပြီး ကတည်းက မြန်မာနိုင်ငံစတင်ကတည်းက တခါမှမရှိခဲ့ဖူးသေးတဲ့ ဝန်ကြီးဌာနလည်း ရှိလာပြီဖြစ်တဲ့အတွက် ကြောင့် ဒါ အမျိုးသမီးအင်အားကို တစ်နည်းတစ်ဖုံအားဖြင့် သတ်မှတ်ပြီးတော့ ဂုဏ်ပြုလိုက်တယ်လို့ ကျွန်မ ကတော့ ယုံကြည်တယ်။ ဒါတွေက ထူးခြားတဲ့ဖြစ်စဉ်တွေ ဖြစ်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ပွင့်ပွင့်လင်းလင်းပြောရမယ်ဆို အရင်ကထက်စာရင် တိုးတက်ပေမယ့် သိပ်တော့အားရမှု မရှိဘူးပေါ့။ FDC ထဲမှာလည်းပဲ အမျိုးသမီးပါဝင်မှုကို ၃၀ ရာခိုင်နှုန်း သေချာစေရမယ် ဆိုတာပါတယ်။ Framework တွေ ကဏ္ဍအသီးသီးမှာလည်း JCC ထဲမှာ Gender policy ရေးဆွဲရေးမှာ ကျွန်မတို့ NUG ကလည်းပဲ အဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင်တယ်။ သို့သော်လည်း တကယ့်တကယ်ကြည့်တဲ့အခါမှာ cabinet ထဲမှာလည်း သမ္မတကြီး အပါအဝင် (၁၉) ဦးရှိတဲ့အထဲမှာ အမျိုးသမီးဝန်ကြီးက ကလည်း (၃) ဦး ပဲ ရှိတယ်။ ပြောရမယ်ဆိုရင် သတ်မှတ် ထားတဲ့ဟာ မပြည့်မှီသေးဘူးပေါ့။ ဒါကတော့ NUCC ကလည်း advocacy လုပ်တယ်။ ကျွန်မတို့ဝန်ကြီးဌာန ကလည်း တိုက်တွန်းအားပေးတယ်။ သို့သော်လည်း ပြည့်မှီခြင်းမရှိတာက နည်းနည်းလေး လိုအပ်ချက် ရှိတယ်လို့တော့ မြင်တယ်။ နောက်ပြီးတော့ တခြားကဏ္ဍတွေမှာလည်း အဲ့လိုပါပဲ။ စစ်ရေးတွေမှာဆိုရင်လည်း အမျိုးသမီးတွေ တိုက်ရေးခိုက်ရေးမှာ မပါရဘူး။ ရှေ့တန်းသွားရင် ရဲမေတွေနဲ့စစ်မေတွေနဲ့ တွေ့ရင် သူတို့အဲ့လို အားမလိုအားမရတွေ ရှိပါတယ်။ တချို့ဆိုရင် စနိုက်ဘာမှာ ပထမတွေ ရတယ်။ အာဏာရှင်ကို တိုက်ဖျက်တဲ့ အချိန်မှာ သူတို့ကိုယ်တိုင်ရှေ့တန်းမှာ ပါချင်တယ်။ ဒါပေမယ့် နောက်တန်းမှာပဲ ထမင်းချက်၊ ဟင်းချက် ထောက်ပို့ လုပ်ပေါ့။ အဲ့လိုမျိုးလေးတွေလည်း ရုံဖန်ရံခါကြားရတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့စိတ်ထဲမှာ

တာဝန်ရှိတဲ့လူတွေရဲ့စိတ်ထဲမှာ women can do it ပေါ့။ အမျိုးသမီးကလည်း We can do it ပေါ့ လုပ်နိုင်တယ်။ တာဝန်ပေးအပ်လို့ရတယ်ဆိုတဲ့ယုံကြည်မှုရဖို့ နည်းနည်းလေး လိုအပ်နေပါသေးတယ်လို့ မြင်ပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

ယဉ်ကျေးမှု၊ထုံးတမ်းစဉ်လာကြောင့်ပါ။ အမျိုးသမီးတွေက အိမ်မှာပဲနေရမယ်။ အိမ်ထောင်ပြုစုရမယ်။ ကလေးတွေကြည့်ရမယ် စသဖြင့်အဲ့လို ယဉ်ကျေးမှုတွေကြောင့် ဖြစ်ပါတယ်။ နောက်ပြီး ဖိုဝါဒကြီးစိုးမှုက သိသိသာသာနဲ့ မသိမသာ ကြီးစိုးမှုတွေ ရှိတယ်။ တချို့တွေ အရမ်းကို open ဖြစ်ပါတယ်ဆိုတဲ့လူတွေတောင် ဒါတွေက မလိုအပ်ပါဘူး ဆိုလည်း ရှိတယ်။ နောက်ပြီး ကျွန်မတို့တလေလောတုန်းက baseline survey လေး တစ်ခုလုပ်တယ်။ NUG ဝန်ထမ်းတွေကို baseline survey လုပ်တဲ့အခါမှာ Gender equality လိုအပ်မှုရှိမရှိဆိုတော့ အဲ့ထဲမှာများသောအားဖြင့် equality လိုအပ်တယ်။ လုပ်စရာမလိုဘူး။ Gender ညီမျှမှု ဆိုတာ မလိုဘူး။ အရေးကြီးတဲ့ဟာ မဟုတ်ဘူး။ အဲလိုဖြေကြတယ်။ ဖြေတဲ့လူကိုကြည့်လိုက်တော့လည်း အမျိုးသမီးတွေဖြစ်နေတယ်။ အမျိုးသမီးတွေကိုယ်တိုင်ကလည်း awarness တွေ လိုအပ်နေတာကို တွေ့ရပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ကျွန်မတို့နိုင်ငံတော်သစ်ကို တည်ဆောက်တဲ့အခါမှာ ကိုယ့်ရဲ့အခြေခံအုပ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အမျိုးသမီးပါဝင်မှုကို သေချာနေစေရမယ်။ နောက်အရေးကြီးတာက အမျိုးသမီးတွေ ပါဝင်လုပ်ဆောင်ရေးအတွက် အစီအမံ ယန္တရားတွေ လိုပါတယ်။ ပါဝင်တော့ပါဝင်တယ်။ လုပ်ဆောင်ဖို့အတွက် ယန္တရားတွေ မရှိဘူးဆိုရင်လည်း မဖြစ်ပြန်ဘူး။ အဲ့တော့ ယန္တရားတွေ တည်ဆောက်ရမယ်။ နောက်တခုက ဘက်ဂျက်ပေါ့နော်။ အမျိုးသမီးတွေပါဝင်ပါဆိုပြီးတော့ ဂျဲန်ဒါအတွက်ဘက်ဂျက်တွေမပါရင်လည်း ဒါအလုပ်မဖြစ်ဘူး။ ဥပမာအားဖြင့် ကျွန်မတို့ဖြတ်ကျော်ခဲ့တဲ့ရွေးကောက်ပွဲ ၂၀၁၅ မှာရော ၂၀၂၀ မှာရော ရွေးကောက်ပွဲကော်မရှင်က နိုင်ငံတကာက အကူအညီတွေနဲ့သူတို့ ရွေးကောက်ပွဲတွေကိုကျင်းပတဲ့အခါမှာ နိုင်ငံတကာက အလှူရှင်တွေ တက်ကျွမ်းတဲ့သူတွေက ရွေးကောက်ပွဲကော်မရှင်မှာ အမျိုးသမီး (၃၀) ရာခိုင်နှုန်းပါကိုပါရမယ်။ မပါရင် သူတို့ဘက်ဂျက်မပေးဘူး ဖြစ်တော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဗဟိုကော်မတီမှာလည်းပဲ အမျိုးသမီးတွေ ထည့်ရတယ်။

နိုင်ငံတော်သစ်တည်ဆောက်တဲ့အခါမှာလည်း အမျိုးသမီးတွေ တန်းတူညီမျှဖို့ gender equality ဂျန်ဒါဘက်ဂျက် တင်ရှိရမယ်။ ဥပမာအမျိုးသမီးတစ်ဦး နိုင်ငံရေးလုပ်တဲ့အမျိုးသမီးတွေဆိုရင် အမျိုးသမီးဆိုတာ သားသမီးရှိမယ်။ ကျွန်မဆိုရင် လွှတ်တော်ထဲမှာ တောက်လျှောက် ငါးနှစ်တာတာဝန်ထမ်းဆောင်တဲ့အခါမှာ

အဲ့ဒါကိုတောင်းဆိုခဲ့တယ်။ ဘာလို့ဆို လွှတ်တော် အမတ်ထဲမှာလည်း ကလေးမွေးတဲ့လွှတ်တော်အမတ်တွေ ကလေးငယ်ငယ်လေးရှိတဲ့ လွှတ်တော်အမတ်တွေ ရှိတယ်။ အဲ့တော့ ကျွန်မကလွှတ်တော်ထဲမှာ အခန်းတွေ အများကြီးပဲ ကလေးအမေတွေအတွက် နို့တိုက်တဲ့ အခန်းလေးတစ်ခန်း ထားပေးသင့်တယ်။ အဲ့ထဲမှာ ကလေးလေးနဲ့ သူ့ထိန်းတဲ့လူတစ်ယောက်ပေါ့။ အမေက လွှတ်တော် section အားတဲ့အချိန်မှာ သွားပြေး တွေ့ပြီးတော့ နို့တိုက်လို့ရတယ်ပေါ့။ အဲ့ဒါကို ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ ဆိုတော့ နိုင်ငံသစ်တည်ဆောက်ရင် ဒါတွေက အတားအဆီး မဖြစ်သင့် တော့ဘူးလို့ ထင်တယ်။ အရင်ကအဟောင်း၊ အတွေးအခေါ်ဟောင်းတွေ မဖြစ်နိုင်ဘူးဆိုတာတွေလုပ်ခဲ့တယ်ဆိုရင် ဒီလိုမျိုးအခြေခံလိုအပ်ချက်လေးတွေ လည်း ဖြည့်ဆည်းပေးရမယ်လို့ ကျွန်မယုံကြည်ပါတယ်။ အမျိုးသမီးတွေက ပြောရမယ်ဆိုရင် လူ့အခွင့်ရေး သာမက အမျိုးသမီးအခွင့်အရေးတွေပါ ချိုးဖောက်ခံနေရတယ်၊ အခုလိုအခြေအနေမျိုးမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေလည်း အများကြီးကြုံတွေ့ ခံစားရတယ်။ ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ မှတ်တမ်းတင်ထား တာဆို (၂၂၈) မှု ရှိတယ်။ အမျိုးသမီးဖြစ်ခြင်းနဲ့ လိင်ကွဲပြားမှု ပေါ်မှာလည်း အကြမ်းဖက်မှုခံရတယ်။ လူ့အခွင့် အရေးချိုးဖောက်မှုခံရတယ်။ ဒါ့အပြင်သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ပြီးတော့ သတ်ဖြတ် ပစ်လိုက်တာ အလောင်းဖျောက်ပစ်တာ အဲ့ဒါမျိုးတွေက အများကြီးရှိတယ်။ ဒါတွေကို သေချာမှတ်တမ်းတင်ပြီး အသွင်ကူးပြောင်းမှုတရားမျှတရေးမှာ အမျိုးသမီးတွေအတွက် တရားမျှတမှုရအောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမှာ ဖြစ်တယ်။ ကျွန်မတို့ အသွင်ကူးပြောင်းမှုပြီးတဲ့အခါမှာ တက်လာတဲ့ အစိုးရသစ်ကလည်း ဒါတွေကို လေးလေးနက်နက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သင့်တယ်လို့ ကျွန်မကတော့ အကြံပေးလိုပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

သုတေသနအချက်အလက်တွေနဲ့ ပြောရမယ်ဆိုရင်ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက များသောအားဖြင့် ဥရောပနိုင်ငံတွေ ဖြစ်တယ်။ အဲ့မှာကြည့်လိုက်တဲ့အခါ အမျိုးသမီးပါဝင်မှုက ငါးဆယ်ရာခိုင်နှုန်းကျော် နေတာ တွေ့တယ်။ တချို့ဆို ၅၀ရာခိုင်နှုန်းကို ကျော်ကိုကျော်တယ်။ နောက်ပြီးတော့ အသက်အရွယ်အားဖြင့်လည်း variety ဖြစ်တယ်။ လူကြီးတွေချည်းပဲ မဟုတ်ဘူး။ အမတ်တွေထဲမှာ ၁၈ နှစ်၁၉နှစ်အရွယ်အသက် ၂၀အရွယ် လွှတ်တော်အမတ်တွေလည်း ပါတယ်။ အမျိုးသမီးတွေသည် တာဝန်ယူတက်တယ်။ တက်ကြွတယ်။ ကြိုးစားတယ်။ တာဝန်သိတယ်။ သူ့ရဲ့ symbolic ထူးခြားတဲ့အရည်အချင်းတွေ ရှိတဲ့အတွက်ကြောင့် အမျိုးသမီးတွေပါဝင်မှုက တကယ့်ကိုနိုင်ငံတည်ဆောက်ရေးမှာ အရေးကြီးတယ်။ သုတေသနအရ အမျိုးသမီး ပါဝင်မှု၊ သေချာစေမယ့် ယန္တရားတွေကရှိရင် တိုင်းပြည်ကပိုပြီးတော့ ပဋိပက္ခတွေလည်း နည်းသွားတယ်။ အမျိုးသမီးပါဝင်မှု များလာတာနဲ့အမျှ လာဘ်ပေးလာဘ်ယူမှုတွေကလည်း နည်းသွားပြီးတော့ ဖွံ့ဖြိုးတိုးတက် တဲ့နိုင်ငံကို ရောက်ရှိနိုင်တယ်ဆိုတာကို တွေ့ရပါတယ်။

**ဝန်ကြီးဌာနအနေနဲ့ မှတ်တမ်းအရ အမျိုးသမီးလိင်အကြမ်းဖက်စံရမှု (၂၂၈) မှု ရှိပါတယ်။**

*၈။ ဖြည့်စွက်ချက်။*

ကျွန်မတို့အမျိုးသမီးတွေက ခေတ်အဆက်ဆက်မှာ ကြိုးစားရတယ်။ အမျိုးသားတွေထက် နှစ်ဆ၊ သုံးဆ ကြိုးစားရတယ်။ ကိုယ်မဲပေးဖို့တောင် အသက်တွေအသေခံပြီး တိုက်ခဲ့ရတယ်။ ဒါအရင်တုန်းက သမိုင်းတွေကိုကြည့်ခဲ့ရင် ကျွန်မတို့မြန်မာအမျိုးသမီးတွေကလည်း ခေသူမဟုတ်ဘူး။ စစ်အာဏာရှင်ခေတ်မှာ တစ်ဆင့်တစ်ဆင့် အမျိုးသမီးအပါအဝင်အားလုံးက လျော့ပါ့လာပြီးတော့ အမျိုးသမီးတွေရဲ့ နိုင်ငံရေးပါဝင်မှု ကလည်း တဖြေးဖြေးမှေးမှိန်လာတာ တွေ့ရတယ်။ အဲ့ဒါကြောင့် ခေတ်သစ် စနစ်သစ်မှာ အမျိုးသမီးတွေ အခွင့်အရေးကို တိုက်ယူပါ။ အခွင့်အရေးကတော့ ကိုယ့်အတွက် အလိုလိုပွင့်လာမှာ မဟုတ်ဘူး။ တိုက်ယူ ရမယ်။ ရရှိတဲ့အခွင့်အရေးကိုလည်း လက်မလွှတ်ပါနဲ့။ နောက်ထပ်တစ်ဆက်ထဲပေါ့နော်။ အမျိုးသားတွေကို အားပေးချင်တာက ကိုယ့်ရဲ့အမျိုးသမီးတွေ၊ ကိုယ့်ရဲ့မိန်းမ နိုင်ငံရေးမှာပါဝင်မှုကိုအားပေးပါ။ တန်ဖိုးထားပါ။ လေးစားပါ။ မိသားစုတွေရဲ့ပါဝင်မှု မိသားစုတွေရဲ့နားလည်မှုထောက်ပံ့မှု အားပေးမှုတွေကလည်း အမျိုးသမီး တွေ ခေါင်းဆောင်မှုအတွက် အရမ်းကိုအရေးပါတယ်ဆိုတာကိုလည်း ပြောလိုပါတယ်။

> သုတေသနအရ အမျိုးသမီးပါဝင်မှု သေချာစေမယ့် ယန္တရားတွေရှိရင် တိုင်းပြည်က ပဋိပက္ခတွေ ပိုပြီးနည်းသွားတယ်။ အမျိုးသမီး ပါဝင်မှု များလာ တာနဲ့အမျှ လာဘ်ပေးလာဘ်ယူမှုတွေကလည်း နည်းသွား ပြီးတော့ ဖွံ့ဖြိုး တိုးတက်တဲ့နိုင်ငံကို ရောက်ရှိနိုင်တယ်ဆိုတာကို တွေ့ရပါတယ်။



**Liliane**

**တည်ထောင်သူ**

**Politics for Women Myanmar**

**“လူတိုင်းကို ရွေးချယ်ခွင့်ပေးပါ။ ရွေးချယ်မှု အပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုကို တပါတည်း ပေးအပ်ကြပါ။ တာဝန်ယူပြီး တာဝန်ကျေပွန်မှု၊ တာဝန်ခံနိုင်မှု ရှိမှသာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို စပြီးအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင်။*

ပင်လုံစာချုပ်ကိုအခြေပြုပြီး ပြည်ထောင်စုနိုင်ငံတော်တစ်ခု တည်ဆောက်ခဲ့ပေမဲ့ အမျိုးသားလူထု တန်းတူညီမျှရေး၊ လူတစ်ဦးချင်းရဲ့ တန်းတူရေးတွေကို မျက်ကွယ်ပြုပြီး တပြည်ထောင်စနစ်ကို အတင်းသွတ်သွင်းမှုကြောင့် မဖြစ်ပွားအပ်တဲ့ ညီနောင်အချင်းချင်းကြား သွေးချောင်းစီးပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာခဲ့ရပါတယ်။ ထိုသွေးချောင်းစီးပြည်တွင်းစစ်ကြီးကို ငြိမ်းသတ်နိုင်ဖို့ လက်ရှိအချိန်အထိ နည်းမှန်းလမ်းမှန်ရောက်အောင် စိတ်ဆန္ဒအားဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးအားဖြင့်သော်လည်းကောင်း အဖက်ဖက်က နိုင်ငံရေးကို ဦးဆောင်တာဝန်ယူနေကြတဲ့ ခေါင်းဆောင်တွေရဲ့ လုံလောက်အောင် မကြိုးစားနိုင်ခဲ့တဲ့အတွက် တိုင်းပြည်ကြီး ရွှေပုံပေါ်ထိုင်ပြီး ပြည်သူတွေ ဆင်းရဲတွင်း နက်နေကြရတာဖြစ်ပါတယ်။ လက်ရှိနွေဦးတော်လှန်ရေးဟာ ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ပြည်သူတွေနဲ့ ပြည်တွင်းစစ်ကြီးကို ပုံစံမျိုးစုံနဲ့ မျက်ကွက်ပြုထားသူတွေအကြား အတိုင်းအတာတစ်ခုအထိ အချင်းချင်းကြား ပေါင်းစီးပြီး စစ်အာဏာရှင်ကို တွန်းလှန်တဲ့ စနစ်ပြောင်းတော်လှန်ရေးတစ်ရပ် ဖြစ်ပါတယ်။ သို့ပေမဲ့ တချိန်တည်းမှာ နွေဦးတော်လှန်ရေးဟာ ပြည်တွင်းစစ်အားလုံးရဲ့ အဆုံးသတ်ဖြစ်ဖို့လိုသလို၊ ပြည်ထောင်စုတည်ထောင်နိုင်ရေးအတွက် ခရီးစဖြစ်ဖို့ လိုပါတယ်။ ဒါ့ကြောင့် လူတမျိုးကောင်းစားရေး၊ လူတစ်စုကောင်းစားရေး၊ လူတစ်ယောက် ကောင်းစားရေး ဖြစ်မဲ့ လမ်းကို ရှောင်ဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ် မငြိမ်းနိုင်သ၍ ဖက်ဒရယ်ဒီမိုကရေစီစနစ်အုတ်မြစ်ချနိုင်ဖို့၊ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့တိုင်းပြည်တစ်ခု တည်ဆောက်နိုင်ဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့အတွက် ပြည်တွင်းစစ် ဖြစ်စေတဲ့ အကြောင်းအရင်းကို သေချာဖြေရှင်းဖို့ နိုင်ငံရေးခေါင်းဆောင်တွေ အားလုံးမှာ စိတ်ဆန္ဒရှိဖို့ လိုပါတယ်။ ချည်းကပ်တဲ့လမ်းကြောင်းနဲ့ အားစိုက်ထုတ်မှုလည်း အပြည့်အဝရှိဖို့ လိုပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

တော်လှန်ရေးတစ်ရပ်အောင်မြင်ခြင်းဟာ ရန်သူပျက်စီးခြင်းထက် မိမိလိုလားတဲ့နိုင်ငံတော်စနစ်သစ်ကို အောင်မြင်အောင် အုတ်မြစ်ချတည်ဆောက်နိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ရန်သူကိုဝိုင်းပြီး ဖြိုချနိုင်ပြီးတော့ လိုလားတဲ့

နိုင်ငံတော်ကို မတည်ဆောက်နိုင်ဘူးဆိုရင်လည်း တော်လှန်ရေး ကျဆုံးခြင်း ဖြစ်ပါတယ်။ အဲလိုမျိုး အာဏာရှင်စနစ်ကို ဖြိုချပြီး စနစ်သစ်ကို မတည်ဆောက်နိုင်တဲ့၊ တနည်း တော်လှန်ရေး လမ်းခုလတ်မှာ ကျဆုံး ကျန်ခဲ့တဲ့ နိုင်ငံတော်အများကြီး ရှိပါတယ်။ ဥပမာအားဖြင့် - ရုရှားတော်လှန်ရေး၊ ပြင်သစ်တော်လှန်ရေး၊ အာရပ်တော်လှန်ရေး၊ စသည်။ ဒါကြောင့် တော်လှန်ရေးတစ်ရပ်အောင်မြင်ဖို့အတွက် အသစ်တည်ဆောက်မဲ့ နိုင်ငံရေးစနစ်နဲ့ နိုင်ငံရေးအတွေးအခေါ်တွေကိုအတွက် ကိုက်ညီမဲ့ နိုင်ငံရေးယဉ်ကျေးမှု၊ လူမှုရေးယဉ်ကျေးမှုကို လက်ရှိအချိန်ကတည်းက ပြုပြင်ဖို့ လိုပါတယ်။ ကျွန်မတို့ သွားချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်အတွက် လူအချင်းချင်းတန်းတူညီမှုနဲ့ လူမျိုးအချင်းချင်းကြား၊ နယ်မြေအချင်းချင်းကြား ခွဲခြားမှုမရှိအောင် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့နဲ့ လူ့အဖွဲ့စည်းတစ်ခုလုံးကြားမှာ ရှိနေတဲ့ အာဏာရှင်ယဉ်ကျေးမှုတွေကို ပယ်သတ်ပြီး ဒီမိုကရေစီယဉ်ကျေးမှုကို တည်ဆောက်ဖို့ လိုပါတယ်။ အာဏာရှင်ယဉ်ကျေးမှု ရှိတဲ့နေရာမှာ ဒီမိုကရေစီစနစ်ကိုတည်ဆောက်မယ်ဆိုရင် သိပ်မကြာခင်မှာ ဒီမိုကရေစီစနစ်ဟာ အာဏာရှင်စနစ်ကို တဖြည်းဖြည်းနဲ့ အရောင်ပြောင်းသွားမှာ ဖြစ်ပါတယ်။ လက်ရှိနွေဦးတော်လှန်ရေးမှာလည်း အာဏာရှင်ယဉ်ကျေးမှု စိတ်အခံနဲ့ ဒီမိုကရေစီကို သွားတဲ့အခါမှာ ပုံစံမျိုးစုံနဲ့ အာဏာရှင်တွေ ထွက်ပေါ်လာနေတာ၊ ထွက်ပေါ်လာမဲ့အလားအလာတွေကို မြင်တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ဒီမိုကရေစီယဉ်ကျေးမှုကို စတင်ကျင့်သုံးဖို့ မဖြစ်မနေ လိုအပ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

စုံလင်ကွဲပြားမှုဟာ လူသားဖြစ်တည်မှုရဲ့ အခြေခံအကျဆုံးလက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ဖယ်ထုတ်ခံလိုက်ရတဲ့ လူတစ်ယောက်၊ လူ့အဖွဲ့အစည်းတစ်ခုဟာ သေးလျှိုပိန်ရှုံ့သွားမှာဖြစ်ပါတယ်။ ကျွန်မတို့လူ့အဖွဲ့အစည်းဟာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်ထားတဲ့ လူ့အဖွဲ့အစည်းဖြစ်တာကြောင့် လူသားအရင်းအမြစ်တော်တော်များများ အကြောင်းမဲ့ ဆုံးရှုံးခဲ့ကြရတာဖြစ်ပါတယ်။ ထင်သာမြင်သာရှိတဲ့ဥပမာအနေနဲ့ ကျောင်းဆရာမဖြစ်ချင်တဲ့သူတစ်ယောက်ကို ဆေးကျောင်း တက်ခိုင်းလိုက်တာကြောင့် အလွန်တော်တဲ့ကျောင်းဆရာမတစ်ယောက်ကို ဆုံးရှုံးလိုက်ရသလို၊ အလွန်တော်တဲ့ဆရာဝန်တစ်ဦးကိုလည်း ဆုံးရှုံးလိုက်ရပါတယ်။ တချိန်တည်းမှာ ကာယကံရှင် ထိုလူကလည်း သူ့ရဲ့ လူသားဆန်မှု၊ လူသားတန်ဖိုးကို သူကိုယ်တိုင် မမြင်နိုင်တော့ဘဲ ဆုံးရှုံးရပါတယ်။ အဆိုးဘက်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်ကြတဲ့သူတွေ မနည်းပါဘူး။ မြန်မာ့ပညာရေးမှာ တက္ကသိုလ်တက်ပြီး ထိုဘာသာရပ်နဲ့ အသက်မွေးဝမ်းကျောင်းမပြုသူတွေ အလွန်များပါတယ်။ ဒါဟာ လွတ်လပ်စွာရွေးချယ်ခွင့်ကို ကန့်သတ်မှု၊ စုံလင်ကွဲပြားမှုကို အလေးမထားခြင်းရဲ့ ပြယုဂ်ဖြစ်ပါတယ်။

ထို့နည်းတူ အမျိုးသမီးတွေအနေနဲ့ လူသားတယောက်မှာရှိတဲ့ လွတ်လပ်စွာရွေးချယ်ခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်အတွက် ဘာကြောင့် ကန့်သတ်ထားဖို့ လိုအပ်ပါသလဲ။ အမျိုးသမီးတွေဟာ စနစ်တစ်ခုရဲ့

အခြေခံအကျဆုံး လူသားတွေ ဖြစ်သလို၊ လူ့အရင်းအမြစ်ရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို အဆုံးအဖြတ်ပေးမဲ့ လူတွေ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ လိုအပ်ချက်နဲ့၊ လိုချင်တဲ့စိတ်ဆန္ဒ၊ အပြောင်းအလဲကို အမျိုးသားတစ်ယောက် မသိနိုင်ပါဘူး။ အမျိုးသမီးတစ်ယောက်ရဲ့အကြောင်းကို မသိတဲ့ အမျိုးသားတွေက နိုင်ငံရေးမှာ အမျိုးသမီးပါဝင်မှုကို အလေးမထားဘဲ လျစ်လျူရှုကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တွေမှာ အုပ်စိုးထားတာဟာ အမျိုးသမီးတွေအပေါ် အမျိုးသားတွေက အခွင့်အရေးချိုးဖောက်တာ ဖြစ်ပါတယ်။ အမျိုးသမီးတွေကို ဖျက်စီးနေတာဖြစ်ပါတယ်။ အခွင့်အရေးချိုးဖောက်နေတဲ့သူတွေ အုပ်ချုပ်မဲ့တိုင်းပြည်ဟာ ဘယ်တော့မှာ မအေးချမ်းနိုင်ပါဘူး။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

လက်ရှိတော်လှန်ရေးရဲ့ နိုင်ငံရေးအချိုးအကွေ့တွေမှာ အမျိုးသမီးတွေ ဆုံးဖြတ်ပိုင်ခွင့်က နာမည်ခံသက်သက် သာ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ နိုင်ငံရေးအပြောင်းအလဲအတွက် စတီယာတိုင်ကိုင်ထားသူတွေဟာ အမျိုးသားတွေကို ဖြစ်နေပါတယ်။ အမျိုးသမီးတွေရဲ့ တောင်းဆိုသံတွေဟာ လက်ရှိအချိန်အထိ နိုင်ငံရေး အဝန်းအဝိုင်းထဲ ရောက်ဖို့ ဝေးနေဆဲဖြစ်ပါတယ်။ အမျိုးသမီးခေါင်းဆောင်တစ်ယောက်ရဲ့တာဝန်က နိုင်ငံ့ အရေးကို တိုးတက်အောင်လုပ်ဆောင်ဖို့အပြင် အမျိုးသမီးအားလုံးရဲ့ လိုလားချက်ကိုလည်း ထုတ်ဖော်ပြောနိုင် ဖို့ လိုပါတယ်။ ကိုယ်ရှိနေတဲ့နေရာမှာ အမျိုးသမီးတွေအလုံအလောက်မရှိနေသေးဘူးဆိုရင် အမျိုးသားတွေ အဝန်းအဝိုင်းဘဲ ဆက်ဖြစ်နေသေးတယ်ဆိုရင် အမျိုးသမီးခေါင်းဆောင်တွေအနေနဲ့ ဒီကိစ္စမှာ မိမိတို့ အားစိုက် လုပ်ဖို့ လိုအပ်နေသေးတယ်ဆိုတာကို ဆိုလိုတာဘဲ ဖြစ်ပါတယ်။ အမျိုးသားအဝန်းအဝိုင်းမှာ အမျိုးသမီးအချို့ ခေါင်းဆောင်ဖြစ်ခွင့်ရှိနေတယ်ဆိုရင် အဲအမျိုးသမီးက ဘယ်လောက်ဘဲတော်တော်၊ အမျိုးသမီးတွေအတွက် အပြောင်းအလဲကို လုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။ အမျိုးသမီးခေါင်းဆောင်ဦးရေ တိုးလာရုံနဲ့ မကျေနပ်ဘဲ နိုင်ငံရေးထဲမှာ အပြောင်းအလဲလုပ်နိုင်မဲ့ အမျိုးသမီးထု အလုံအလောက် ပါဝင်နေဖို့ အရေးတကြီး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

### *၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အမျိုးသမီးတွေဟာ လူသားဖြစ်စကတည်းက အမျိုးသမီးတွေကို ဖိနှိပ်နှိပ်ကွပ်ချုပ်ချယ်ခဲ့တဲ့ သမိုင်းကြောင်း တွေကို မေ့လိုက်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် အမျိုးသမီးတွေကို ဖိနှိပ်မှု လျော့ပေါ့ခဲ့တာ နှစ်ပေါင်း (၅၀) တောင် မပြည့်သေးဘူးလို့ ဆိုလို့ရပါတယ်။ အဲဒီ နှစ်ပေါင်း (၅၀) မှာလည်း အမျိုးသမီးတွေအပေါ် ဖိနှိပ် ခံရမှုအတွက် အမျိုးသားအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးက အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ပေးခဲ့ခြင်းလည်းမရှိသလို၊ လက်ဆွဲခေါ်ခဲ့ခြင်းလည်း မရှိပါဘူး။ ဖိနှိပ်သူက ဖိနှိပ်ခံခဲ့ရတဲ့အမျိုးသမီးတွေ အပေါ် အလုပ်မနိုင်ကောင်းလား၊ မသိရကောင်းလား၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိရကောင်းလားဆိုပြီး

အပြစ်တင်သံနဲ့ နိုင်လိုမင်းထက် ပြုမှုတွေကိုသာ မြင်နေရတုန်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို မသိကျိုးကျွံပြုပြီး လက်ရှိအချိန်အထိ နေရာမဖယ်ပေးသေးဘဲနဲ့ ဆက်ထိုင်နေတာ၊ ဆက်ထိုင်နေတာကို မထောက်ပြကြတာဟာ လူ့အဖွဲ့အစည်းရဲ့ ရှက်ဖွယ်ဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို အမျိုးသမီးရော၊ အမျိုးသားရော မလေးစားခြင်းဟာ လူ့အသိုင်းအဝိုင်းရဲ့ တဖက်သတ်အတ္တကြီးမှုနဲ့ အာဏာရှင်ဆန်မှုဖြစ်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ပထမဆုံးအနေနဲ့ ကိုယ့်အဝိုင်းအဝန်းမှာ အမျိုးသမီးတွေ ကဏ္ဍအသီးသီးမှာ အပြည့်အဝပါနေလားဆိုတာ အမျိုးသားရော၊ အမျိုးသမီးရောက အလေးထားပြီး ကြည့်ဖို့လိုပါတယ်။ မရှိနေဘူးဆိုရင် ဘာကြောင့် မရှိနေသေးတာလဲဆိုတာကို ကြည့်ပြီး နေရာဖယ်ပေးဖို့၊ ထိုနေရာကို ယူလာနိုင်ဖို့ အစီအမံတွေလုပ်ဆောင်ပေးဖို့ လိုပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုတည်းက တူတူ ထွက်လာတဲ့အထဲမှာ ဘာကြောင့် အမျိုးသမီးတွေက နောက်ကျကျန်ခဲ့ရတာလဲ။ တကယ်ဘဲအမျိုးသမီးတွေ မလုပ်တတ်မကိုင်တတ်ဖြစ်နေတာလား။ အမျိုးသားနဲ့ လူ့အဖွဲ့အစည်းတွေက တဖက်သတ်အနေနဲ့ အဲလိုထင်မြင်နေတာလား ဆိုတာကို ပြန်သုံးသပ်ဖို့လိုပါတယ်။ ဒါကြောင့် အမျိုးသမီးတွေကို အထင်မြင်သေးတဲ့၊ ကရုမစိုက်တတ်တဲ့စိတ်ကို ပြုပြင်ဖို့လိုပါတယ်။ အမျိုးသမီးတွေရဲ့ ရွေးချယ်ခွင့်ကို ဘယ်လိုအကြောင်းပြချက်နဲ့ဘဲဖြစ်ဖြစ် ဘောင်မခတ်ဖို့ လိုပါတယ်။ တော်လှန်ရေးမှာ ပါဝင်လာတဲ့ အမျိုးသမီးတိုင်းက သေရဲတယ်ဆိုတာ သေချာပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ထိခိုက်နစ်နာမှာစိုးလို့ဆိုတာနဲ့ လုပ်ကိုင်နေတဲ့အလုပ်ကို တာဝန်မပေးတာဟာ အမျိုးသမီးစွမ်းရည်ကို အထင်သေးလိုက်တာနဲ့ တူတူဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေလည်း လုပ်ကိုင်နိုင်စွမ်းတွေကို အကုန်ထုတ်ပြပြီး စွန့်စားမှု၊ နာကျင်မှု၊ ချိုမြိန်မှုတွေကို ရင်ဆိုင်ခံစားနိုင်တယ်ဆိုတာကို လက်ခံပေးဖို့ လိုပါတယ်။

*၇။ လူ့အခွင့်အရေးရှုထောင့်အရ တော်လှန်ရေးကာလအတွင်းမှာ အမျိုးသမီးတွေ ဘယ်လို ပုံစံနဲ့ ချိုးဖောက်ခံနေရတာတွေ ရှိပါသလဲ။*

လက်ရှိတော်လှန်ရေးမှာ အမျိုးသမီးတွေကို စစ်ကောင်စီရဲ့ မုဒိမ်းကျင့်တာတွေ၊ လိင်အကြမ်းဖက်မှုတွေကို ကျူးလွန်တာတွေ အလွန်များပြားပါတယ်။ တချိန်တည်းမှာ တော်လှန်ရေးဘက်တော်သားအချင်းချင်းက လည်း မုဒိမ်းမှု၊ လိင်အကြမ်းဖက်မှုတွေကို ကျူးလွန်နေတာကိုတွေ တွေ့ရပါတယ်။ ဒါက ဘာကိုဆိုလိုတာလဲဆိုတော့ အမျိုးသားတွေက အမျိုးသမီးတွေကို နှိပ်စက်လို့ရတဲ့သူလို့ မြင်လို့ဖြစ်ပါတယ်။ အိမ်တွင်းအကြမ်းဖက်မှုကိုလည်း သာမာန်ဖြစ်စဉ်တစ်ခုလို ရှုမြင်နေတာက အမျိုးသမီးကို လူသားလို့ မမြင်နေလို့ ဖြစ်ပါတယ်။ လူအချင်းချင်းကြားမှာ တစ်ဦးကတစ်ဦးအပေါ် နှိပ်စက်လို့ရတယ်၊ ဖိနှိပ်လို့ ရတယ်၊ အနိုင်ယူလို့ရတယ် ဆိုတာဟာ အာဏာရှင်စနစ်ရဲ့ ဇစ်မြစ်ဖြစ်ပါတယ်။ အာဏာရှင်စနစ်ကို တွန်းလှန်ဖို့အတွက်ဆိုရင် ကိုယ့်အဝန်းအဝိုင်းမှာ အာဏာရှင်စရိုက်တွေကို အကြောင်းပြချက်ကင်းစွာ လက်မခံဖို့ လိုပါတယ်။ ဒီလို

ကျူးလွန်မှုတွေအတွက် အကြောင်းပြပေးဖို့ ရှိနေသေးတယ်ဆိုရင် ဒီလူ့အဖွဲ့အစည်းဟာ တရားမဲ့တဲ့ လူအဖွဲ့အစည်းဘဲ ဖြစ်ပါလိမ့်မယ်။ အမျိုးသမီးတစ်ယောက် အိမ်တွင်းအကြမ်းဖက်ခံရတာ၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရတာ၊ တော်လှန်ရေးမှာ ခွဲခြားဆက်ဆံခံရတာတွေဟာ ထိုအမျိုးသမီး၊ အမျိုးသားတွေမှာဘဲ တာဝန်ရှိတာမဟုတ်ဘူး။ ကျူးလွန်တဲ့ အမျိုးသားအတွက် အကြောင်းပြချက်ပေးခွင့်ရအောင်ဆက်ရှိနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ကျူးလွန်မှု ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးတစ်ယောက်ကို စစ်ကောင်စီ စစ်သားက လိင်အကြမ်းဖက်ခြင်းဟာ စစ်တပ်တစ်ခုလုံးက ကျူးလွန်ခြင်းဖြစ်သလို၊ တော်လှန်ရေးဘက်တော် သားအချင်းချင်း လိင်အကြမ်းဖက်ခြင်းဟာ တော်လှန်ရေးတစ်ရပ်လုံးရဲ့ အမျိုးသမီးထုအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြီး ဖြစ်တယ်ဆိုတာကို မြင်ဖို့ လိုပါတယ်။

*၈။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေမှာ ကိုယ်လုပ်ရမဲ့အလုပ်ကို တင်းပြည့်ကျပ်ပြည့် ရွေးချယ်ပိုင်ခွင့်ရှိမယ်ဆိုရင် လူသားတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်က ပိုအားကောင်းလာမှာ ဖြစ်ပါတယ်။ ကိုယ့်အလုပ်ကိုယ်တာဝန်ခံနိုင်တဲ့ လူ့အဖွဲ့ အစည်းဟာ တရှိန်ထိုးတိုးတက်လာမှာဖြစ်ပါတယ်။ လက်ရှိတော်လှန်ရေးမှာ ပါဝင်နေတဲ့သူ တစ်ယောက်ချင်း ဟာ တော်လှန်ရေးအောင်မြင်ဖို့၊ စစ်အာဏာရှင်အပါအဝင်၊ အာဏာရှင်စနစ်တွေ ပြန်ထွက်ပေါ်မလာလို့ တာဝန်ခံဖို့ လိုပါတယ်။ တာဝန်မခံနိုင်ဘဲ၊ အဖွဲ့အစည်းတစ်ခုမှာ ပါဝင်လှုပ်ရှားမှု၊ နေရာယူမှုဟာ လူ့အဖွဲ့ အစည်း ပရမ်းပတာဖြစ်ဖို့အတွက် လမ်းစဖြစ်ပါတယ်။ ဒါကြောင့် လူတိုင်းကို ရွေးချယ်ခွင့်ပေးပါ။ ရွေးချယ်မှု အပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုကို တပါတည်း ပေးအပ်ကြပါ။ တာဝန်ယူပြီး တာဝန်ကျေပွန်မှု၊ တာဝန်ခံမှု ရှိမှသာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို စပြီးအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

*၉။ ဖြည့်စွက်ချက်။*

အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့ လူသားဖြစ်မှုကို ဘယ်တော့မှာ ဈေးမလျှော့လိုက်ဖို့ လိုပါတယ်။ အမျိုးသမီး တွေ ဖိနှိပ်ခံလိုက်လို့ရှိရင် ဖိနှိပ်မှုကြီးတစ်ရပ်ကို မွေးထုတ်ပေးလိုက်သလို၊ ဖိနှိပ်သူတွေကို မွေးထုတ်ပေးလိုက် တာဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာ ဖိနှိပ်ခံရသူတွေက ဆက်ပြီး ဖိနှိပ်မခံရရေးအတွက် ဖိနှိပ်လိုသူတွေကို တွန်းလှန်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးအောင်မြင်ဖို့အတွက်ဆို နေ့စဉ်ဒူဝမှာ လူအချင်းချင်း ဖိနှိပ်ချုပ်ချယ်လို့ မရဘူးဆိုတာကို မြင်အောင်လုပ်ဖို့လိုပါတယ်။ အမျိုးသမီးဆိုတာ အမြဲတမ်းတစ်ယောက် တည်းမဟုတ်ပါဘူး။ အမျိုးသမီးဆိုတာ အမျိုးသမီးထုကြီးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ ဒါကြောင့် တစ်ယောက်တည်း မလုပ်ချင်ရင်၊ တစ်ယောက်တည်းမလုပ်နိုင်ရင် အမျိုးသမီးအဖွဲ့တွေနဲ့အတူ တွန်းလှန်ပါ။ အမျိုးသမီးအဖွဲ့အစည်းတွေကလည်း အမျိုးသမီးအရေးကို အမျိုးသမီးတွေနဲ့အတူတကွ တပေါင်းတည်းလုပ် နိုင်ဖို့ ပိုပြီးချိတ်ဆက်ပေါင်းစည်းနိုင်ဖို့ တိုက်တွန်းလိုပါတယ်။ အမျိုးသမီးအရေးဆိုတာ လူသားအားလုံးအရေး ဖြစ်တာကြောင့်၊ အမျိုးသမီးတွေအနေနဲ့ ကဏ္ဍအားလုံးမှာ ပြည့်ပြည့်ဝဝတာဝန်ရှိပါတယ်။ အမျိုးသမီးတွေ အပြည့်အဝ မပါဝင်နိုင်ခြင်းဟာ အမျိုးသမီးတွေရဲ့ ညံ့ဖျင်းမှုနဲ့ အမျိုးသားတွေရဲ့ လောဘကြီးမှု၊ လူသားမဆန်မှု ကြောင့် ဖြစ်ပါတယ်။



**ဒေါ်နိုးနိုးထက်စံ**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

**"အမျိုးသမီးတွေ နိုင်ငံရေးမှာ ပါဝင်ဖို့ ငြင်းဆိုမှုဟာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို ကျွန်မတို့ လူ့အသိုင်းအဝိုင်းက ရှာဖွေဖို့လိုတယ်။ ဒါ့အပြင်ကျွန်မတို့က အမျိုးသမီးတွေကို ဖြေးဖြေးချင်း နိုင်ငံရေးထဲပါလာအောင် စည်းရုံးဖို့တာဝန်ရှိတယ်။ အဲ့ဒီလိုစည်းရုံးရေး မလုပ်မချင်း အမျိုးသမီးတွေပါဝင်မှုက အကန့်အသတ်ကြီးနေမှာဖြစ်ပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

မြန်မာနိုင်ငံမှာ စစ်အုပ်စု အာဏာသိမ်းခြင်းဟာ ဒီမိုကရေစီကို နောက်ပြန်ဆုတ်စေတဲ့အကြောင်းအရင်း ဖြစ်တယ်။ ဒီမိုကရေစီဖြစ်ထွန်းဖို့အတွက် အလားအလာရှိတဲ့အခင်းအကျင်းတွေ ဖန်တီးနေချိန်မှာ ဒီလို စစ်အာဏာသိမ်းမှုဟာ မတရားမှုဖြစ်တယ်ဆိုတာ လူထုတော်တော်များများက ပါဝင်ပြီးတော့ ကန့်ကွက်တဲ့ အနေနဲ့ လူထုလှုပ်ရှားမှု ဖြစ်ပေါ်လာပါတယ်။ ဒီမိုကရေစီနည်းလမ်းအရ ထုတ်ဖော်ချက်တွေကို ရပ်တန့်သွားအောင် လုပ်ခဲ့တာ စစ်အုပ်စုဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကို စတင်ပစ်သတ်ခဲ့တာ၊ မတရားဖမ်းဆီး ထောင်ချခဲ့တာ၊ အကြမ်းဖက်ရိုက်နှက်ခဲ့တာ စစ်အုပ်စုဖြစ်တယ်။

ဒါကြောင့် ဒီမိုကရေစီအရေးအတွက် ပြန်လည် ခုခံတွန်းလှန်မှုရမယ်ဆိုပြီး လူငယ်တွေ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့အတွက် တွန်းပို့ခံလိုက်ရတယ်။ ဒါကြောင့် အခုလူငယ်တွေမှာ နိုင်ငံရေးအရ စကားပြောရုံသက်သက်နဲ့မရတော့ဘူး။ လက်နက်ကိုင်ပြီးတော့ ဖိအားပေးရမယ်ဆိုတဲ့အယူအဆ ပိုပြီးတော့ ပြင်းထန်လာတယ်။ ဘာကြောင့်ပြင်းထန်လာလဲဆို စစ်အုပ်စုက တဖြေးဖြေးနဲ့ လူထုကို ရန်သူသဖွယ် စစ်မဲ့ဇရိယာတွေမှာ ဗုံးကျဲတာ၊ အိမ်တွေကိုမီးရှို့တာ၊ လူတွေကို အရှင်လတ်လတ်မီးရှို့သတ်ဖြတ်တာတွေကြောင့် လက်နက်ကိုင်တော်လှန်ရေးက အရှေ့ကိုတိုးလာတယ်။ လက်နက်ကိုင်တော်လှန်ရေးကို မူရင်း ရှိထားတဲ့ EROs တွေနဲ့ စုစည်းပြီးတော့မှ ဝိုင်းဝန်းတွန်းလှန်၊ တော်လှန် ကြတာဖြစ်တယ်။ EROs တွေလဲ မြန်မာနိုင်ငံမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်း နေကြတဲ့ လက်နက်ကိုင်အင်အားစုဖြစ်တယ်။ မြန်မာနိုင်ငံမှာ စစ်အုပ်စုရှိနေသရွေ့ ဖက်ဒရယ်ဒီမိုကရေစီ မရှိသ၍ ဘာကိစ္စမှဖြေရှင်းလို့မရဘူးဆိုတာကို လူထုက သဘောပေါက်လာတယ်။ အဲ့လိုသဘောပေါက်တဲ့အတွက် ဒီနေ့ဒီအချိန်ထိလည်း တော်လှန်နေကြတာ ဖြစ်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတစ်ခုကိုတည်ဆောက်တော့မယ်ဆို ဘယ်လိုနိုင်ငံမျိုး တည်ဆောက်မလဲဆိုတာ အရေးကြီးပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုလို့ပြောရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေနဲ့ တည်ဆောက်မှာလား။ ဒါဆို ပြည်နယ်နဲ့ ပြည်ထောင်စုကြား အခွန်ကောက်ခံမှု ပုံစံနဲ့ ငွေကြေးခွဲဝေသုံးစွဲမှုကို ဘယ်လိုအာမခံချက်ထားကြမလဲ၊ ဘယ်လိုစီမံကြမလဲဆိုတာ အရေးကြီးပါတယ်။ အရေးအကြီးဆုံးကတော့ လူသားအချင်းချင်း လူသားကဲ့သို့ဆက်ဆံခြင်းဟာ အခြေခံမှု ဖြစ်ဖို့လိုပါတယ်။ ကျွန်မတို့တိုင်းပြည်ဟာ လူမှုရေးဆိုင်ရာပြောင်းလဲမှု လုပ်ဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ ဒါမှသာ လူသားဖြစ်တည်မှုကို မိန်းကလေးဖြစ်လို့ ယောကျာ်းလေးဖြစ်လို့ ဆိုတာမဟုတ်ပဲနဲ့ လူသားဖြစ်တယ်ဆိုတဲ့ အခြေပြု ဆက်ဆံခြင်းက အလွန်အရေးကြီးတာ ဖြစ်ပါတယ်။ ဖက်ဒရယ်နိုင်ငံ ဖြစ်ရမယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အစိုးရ ဖြစ်ရမယ်။ ဒီလိုစနစ်မျိုးတွေနဲ့ တည်ဆောက်ဖို့ နွေဦးတော်လှန်ရေးက တောင်းဆိုနေတာလို့လဲနားလည်သဘောပေါက်ထားပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

စုံလင်ကွဲပြားမှုကြောင့် ရှုတောင့်စုံစုံလင်လင်နဲ့ လုပ်တက်ကိုင်တက်တဲ့အလေ့အကျင့်တွေ ပိုပြီးတော့ တိုးတက်ဖွံ့ဖြိုး လာတဲ့ဟာက အားကောင်းချက်ဖြစ်တယ်။ အားနည်းချက်ကတော့ စုံလင်ကွဲပြားမှုကို အသိအမှတ်မပြုရင်တော့ အားနည်းချက်ဖြစ်သွားနိုင်တယ်။ ဒါကြောင့် စုံလင်ကွဲပြားမှုကို တန်ဖိုးထားပြီးတော့ အားအင်းတစ်ရပ်အနေနဲ့ အရှေ့ကို တိုးဖို့လိုတယ်။ အထူးသဖြင့် စုံလင်ကွဲပြားမှုမှာ ပါဝင်တဲ့ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍဟာ တိုင်းပြည်ရဲ့ အင်အားဖြစ်တယ်လို့ တိတိကျကျ ယုံကြည်ဖို့လိုတယ်။ ဒီကနေ့ နွေဦးတော်လှန်ရေးမှာ ကြည့်မယ်ဆို အမျိုးသမီးတွေအင်အားက အများကြီးမြင်ရတယ်။ အထူးသဖြင့် ထဘီအလံထူပြီး တော်လှန်ရေးလုပ်တဲ့ အမျိုးသမီးတွေရဲ့အင်အားကို ကြည့်မယ်ဆိုရင်တောင် ဒီအင်အားအားဖြင့် ဘယ်လောက်ပါဝင်မှု အားကောင်းခဲ့သလလဲ၊ ထိရောက်ခဲ့သလဲဆိုတာကို သက်သေပြလို့ ရသွားတယ်။ ထိုနည်းလည်းကောင်းမှာ ဟိုးဝေးလှတဲ့နောက်ခံကို ပြန်ကြည့်မယ်ဆိုရင်လည်း အမျိုးသမီးပညာတက်လူငယ်တွေကိုယ်တိုင်က ၁၃၀၀ ပြည့်အရေးတော်ပုံမှာ အမျိုးသမီးတွေရဲ့ လှုပ်ရှားမှု အမျိုးသမီးတွေရဲ့ပါဝင်မှုက အားကောင်းကောင်းနဲ့ ပါဝင်ခဲ့တာ ဖြစ်တယ်။ အမျိုးသမီးတွေအနေနဲ့ စာပေအားဖြင့်သော်လည်းကောင်း၊ ယဥ်ကျေးမှုအားဖြင့်သော်လည်းကောင်း မီဒီယာအားဖြင့်သော်လည်းကောင်း ပါဝင်ပြီး အပြောင်းအလဲ လုပ်နိုင်တဲ့အခြေအနေ တည်ရှိခဲ့တယ်။ ဒီကနေ့ နွေဦးတော်လှန်ရေးမှာလည်း ထိုနည်းလည်းကောင်း မြင်ရတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

နွေဦးတော်လှန်ရေးမှာတော့ အမျိုးသမီးတွေ တကယ်ပါဝင်မှုက အများကြီးဖြစ်လာသလို တဖက်မှာလည်း တော်လှန်ရေးဆိုတဲ့သဘောအရ တချို့ကိစ္စတွေကြတော့ လျှို့ဝှက်ထားရတဲ့ ကိစ္စတွေလည်း ရှိတယ်။

ဒါပေမယ့် မြင်သာထင်သာရှိတာတော့ ဥပမာဆိုရင် NUG မှာကြည့်ရင် နိုင်ငံခြားရေးရာဝန်ကြီးက အမျိုးသမီး ဖြစ်တယ်။ ထိုနည်းလည်းကောင်း အမျိုးသမီးနဲ့ကလေးသူငယ်မှာဝန်ကြီးရော ဒုဝန်ကြီးရော အမျိုးသမီးတွေ ဖြစ်တယ်။ ဒီနေရာမှာ ထောက်ပြချင်တာလေးတစ်ခုကို ပြောပြချင်တာက အမျိုးသမီးဖြစ်တော့ အမျိုးသမီး တွေ၊ ကလေးတွေရဲ့တာဝန်ကို ယူရမယ်ဆိုတာ ဝန်ကြီးဌာနတွေမှာပါ အစွဲရှိနေသေးပုံရတယ်။ တကယ်ဆို အဲ့လို အမျိုးသမီးနဲ့လူငယ်ဝန်ကြီးဌာနတွေမှာ အမျိုးသားဒုဝန်ကြီးဖြစ်နေတာ ပိုပြီးကောင်းမယ်လို့ ယူဆပါ တယ်။ ဒါဆိုရင် Gender ညီမျှမှုကို ပိုဖော်ဆောင်နိုင်တာပေါ့။

နောက်တစ်ခုက NUCC မှာ မူဝါဒရေးဆွဲရေး ကိစ္စမှာ ပါဝင်နေတဲ့အမျိုးသမီးတွေကို ကြည့်မယ်ဆိုလည်း ပါဝင်နေတဲ့ နောက်ခံအသီးသီးက အတက်နိုင်ဆုံး အမျိုးသမီးကိုယ်စားလှယ်တွေကို နေရာပေးနေတာကို တွေ့ရပါတယ်။ တစ်ပြိုင်နက်ထဲမှာပဲ အမျိုးသမီးတွေရဲ့ နိုင်ငံရေးပါဝင်မှုကိုကိစ္စကို လှုပ်ရှားနေတဲ့သူတွေထဲမှာ အမျိုးသမီးအဖွဲ့ချုပ်မြန်မာနိုင်ငံလဲရှိတယ်။ အဲ့ဒီ အဖွဲ့ချုပ်ထဲမှာ အဖွဲ့ဝင်အဖွဲ့အစည်း စုစုပေါင်းပေါင်း ၁၂ ဖွဲ့ ရှိတယ်။ ဒီလို စုစည်းနိုင်တဲ့အတွက် နိုင်ငံရေး နယ်ပယ်မှာ အမျိုးသမီးတွေကို ဖယ်ထားလို့ မရတော့ဘူး။ ကျွန်မတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှာဆိုရင် အနည်းဆုံးအမျိုးသမီးသုံးဆယ်ရာခိုင်နှုန်း ပါရမယ့် ပေါ်လစီရှိသလို တပြိုင်နက်ထဲမှာ အမျိုးသမီးတွေပါဝင်ဖို့အတွက် ကမ်းလှမ်းတာစည်းရုံးရေးလုပ်တာ ကြိုးစား ပြီး လုပ်ကြတယ်။ ဒါပေမယ့်လည်း ဒီပေါ်လစီမပြည့်မြောက်သေးတာ တွေ့ရပါတယ်။ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို အရေးကြီးတယ်၊ ပေးရမယ်ဆိုတာ သိပေမယ့် အခုချိန်ထိ အမျိုးသမီးတွေရဲ့ပါဝင်မှု အားနည်း နေသေးတယ်ဆိုတာကို တွေ့နေရတုန်းပဲ။ တော်လှန်ရေးတစ်ခုလုံးနဲ့ပြောကြမယ်ဆို ဆုံးဖြတ်ချက်ချတဲ့ နေရာတွေမှာ အမျိုးသမီးတွေပါနေသော်လည်း လက်တွေ့လုပ်ငန်းတွေမှာ ဖြစ်ဖြစ်မြောက်မြောက် ပါဝင်ခွင့် ရှိနေသလားဆိုတာတော့ အခုချိန်ထိမေးခွန်းရှိနေသေးတယ်လို့ ကျွန်မမြင်ရတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

ခပ်တိုတိုထောက်ပြရမယ်ဆိုရင် ပထမဆုံးတစ်ခုကတော့ လက်နက်ကိုင်အင်အားစုထဲမှာဆိုရင်အများအားဖြင့် အမျိုးသားတွေထက် အမျိုးသမီးတွေက ခွန်အားနည်းတယ်လို့ ယုံကြည်ကြတယ်။ အဲ့ယုံကြည်မှုက မဟုတ်ပါ ဘူးလို့ ငြင်းလို့မရဘူး။ ဒုတိယတစ်ခုကကျတော့ အမျိုးသမီးဆိုတော့ တချို့အမျိုးသားတွေပဲဖြစ်ဖြစ် အမျိုး သမီးအချင်းချင်းပဲဖြစ်ဖြစ် ညှာတာတယ်ဆိုတဲ့ခေါင်းစဥ်အောက်ကနေ တခုခုလုပ်လိုက်ရင် အမျိုးသားတွေ ဦးဆောင်ပြီးတော့ လုပ်ကြတယ်။ ဒါပေမဲ့ အမျိုးသမီးတွေက ကိုယ့်ရဲ့ပါဝင်မှုကို ကိုယ်ကိုတိုင်ဆုံးဖြတ်ဖို့လိုပါ တယ်။ အမျိုးသမီးအများစုက တယောက်ယောက်ရဲ့ဆုံးဖြတ်ချက်ကို သူစေတနာနဲ့လုပ်တာပဲဆိုတဲ့ ဒီစဉ်းစား ချက်ရှိကြတယ်။ နိုင်ငံရေးမှာ ကိုယ်ကိုတိုင်လုပ်မှ ကိုယ်ကိုတိုင် ဆုံးဖြတ်လို့ရတာ သူများရဲ့စဉ်းစားချက်တွေနဲ့ ကိုယ်ကဆုံးဖြတ်ချက်ထဲ ပါလို့မရဘူး။ ရနေရင်လည်း ထိုင်နေတာပဲဖြစ်မှာ။ အဲ့ဟာကလည်း အဟန့်အတား တစ်ခု ဖြစ်ပါတယ်။

နောက်တခုကကျတော့ ကျွန်မတို့အမြဲတမ်းပြောနေတဲ့ Gender Box ထဲက မထွက်သေးတဲ့ အကြောင်းအရာတွေ ရှိနေသေးတယ်။ အမျိုးသမီးတွေကိုယ်တိုင်ကလည်း တခါတလေကျရင် ကိုယ့်ကို ကိုယ်ယုံကြည်မှုနည်းနေသေးတာ တွေ့ရတယ်။ တကယ်တော့ အမျိုးသမီးတွေက တကယ်ဆုံးဖြတ်ချက် ချရတော့မယ်ဆိုရင် ဘယ်လောက် ပင်ပန်းပါစေ သူတို့ဆုံးဖြတ်နိုင်တဲ့စွမ်းရည် ရှိတယ်။ ဒါပေမယ့် အားနည်းချက်က ဘာလဲဆိုခေါင်းဆောင်အနေနဲ့ ဦးဆောင်ရတော့မယ်၊ စပြီး ဦးဆောင်မှုကိုယူရတော့မယ်ဆိုရင် အမျိုးသမီးတွေဟာ တခြားလူတွေကို ဦးစားပေးတတ်တဲ့ အလေ့အကျင့်ရှိတယ်။ ဒါ့အပြင် ဥပဒေအရကလည်း အမျိုးသမီးတွေရဲ့ ပါဝင်မှုကို အဟန့်အတားဖြစ်စေတဲ့ကိစ္စရပ်တွေ ရှိတယ်။ ဥပမာဆိုပါစို့ ပေါ်လစီအရ အမျိုးသမီးတွေအနည်းဆုံး ၃၀ ရာခိုင်နှုန်းပါရမယ်ဆိုရင် လက်တွေ့ဖြစ်ပေါ်လာအောင် လုပ်ဆောင်နိုင်တဲ့ အခင်းအကျင်းလိုအပ်တယ်။ ပတ်ဝန်းကျင်အဝန်းအဝိုင်းအမြင်တွေကို ပြန်ပြီးပြင်ဆင်ရမဲ့အပိုင်းတွေရှိတယ်။ လုပ်ပုံကိုင်ပုံပြောင်းလဲရမှာရှိတယ်။ ကိုယ်နဲ့နီးစပ်တဲ့အမျိုးသမီးတွေခေါ်လာတာ ဒါမှမဟုတ် နိုင်ငံရေးနယ်ပယ်မှာ တစ်စုံတစ်ရာနာမည်ရှိတဲ့သူတွေကို ခေါ်လာလို့ရတာမျိုးနဲ့ အလွယ်တကူ ပုံဖော်ရတာ မဟုတ်ဘူး။ နိုင်ငံရေးနယ်ပယ်ဆိုတာက နိုင်ငံရေးအရ တကယ်စိတ်ဝင်တစားနဲ့ လူထုအကျိုးပြုချင်တဲ့သူတွေ တိုင်းပြည်ကို ပြုပြင်မွမ်းမံချင်တဲ့ စိတ်ဓာတ်ရှိတဲ့ အမျိုးသမီးတွေကိုပဲ ခေါ်လာလို့ရမယ်။ အမျိုးသမီးတွေ နိုင်ငံရေးမှာ ပါဝင်ဖို့ ငြင်းဆိုမှုဟာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို ကျွန်မတို့ လူ့အသိုင်းအဝိုင်းက ရှာဖွေဖို့လိုတယ်။ ဒါ့အပြင်ကျွန်မတို့က အမျိုးသမီးတွေကို ဖြေးဖြေးချင်း နိုင်ငံရေးထဲပါလာအောင် စည်းရုံးဖို့တာဝန်ရှိတယ်။ အဲ့ဒီလိုစည်းရုံးရေး မလုပ်မချင်း အမျိုးသမီးတွေပါဝင်မှုက အကန့်အသတ်ကြီးနေမှာဖြစ်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ပထမဆုံးတစ်ခုကတော့ အမျိုးသမီးတွေအနေနဲ့ ပါရမီဖြည့်ဘက်ဆိုတဲ့စိတ်ကို ဖျောက်လိုက်ဖို့ လိုတယ်လို့ ထင်ပါတယ်။ ပါရမီဖြည့်ဘက်ဆိုတာ အပြန်အလှန်လုပ်ရမယ့်ကိစ္စ ဖြစ်တယ်။ပါရမီဖြည့်ဘက်ဆိုတာနဲ့ အမျိုးသမီးကိုသာ လုပ်မယ်နေလို့မရပါဘူး။ နိုင်ငံရေးလုပ်နေတဲ့ အမျိုးသားနဲ့ အမျိုးသမီးတောင်မှ အမျိုးသားတွေ အချိန်မရွေးအစည်းအဝေးတက်လို့ ရတယ်။ အချိန်မရွေး အလုပ်လုပ်လို့ ရတယ်။ အမျိုးသမီးတွေက အစည်းအဝေးတက်ဖို့တောင် တော်တော်အကန့်အသတ်ကြီးတယ်။ အိမ်မှုကိစ္စကို အမျိုးသမီးက ပိုပြီးတာဝန်ယူရတယ်ဆိုတဲ့ အခြေအနေက ဒီကနေ့ အမျိုးသမီးတွေရဲ့လက်တွေ့ဘဝဘဲ။ နောက်ကွယ်ကနေ အမျိုးသားတွေက တစ်ချိန်လုံး အမျိုးသမီးတွေကို အိမ်မှုကိစ္စတာဝန်ကျေဖို့အတွက် တွန်းအားပေးနေတက်တယ်။ အမျိုးသမီးတစ်ယောက် နိုင်ငံရေးလုပ်နိုင်ဖို့၊ အလုပ်တစ်ခုခုကို လုပ်နိုင်ဖို့ အခက်အခဲတွေထဲမှာ အဲ့လို အဟန့်အတားတွေကြောင့်လဲ အများကြီးပါတယ်။ အဲ့ဒါကို အမျိုးသမီးတွေကိုယ်တိုင်က ကျော်ဖြတ်ရမယ်။ ထောက်ပြဖို့လိုတယ်။

ဘယ်အရာကိုစွန့်ပြီးတော့ ဘယ်ကိစ္စကိုလုပ်ရမလဲဆိုတာ အမျိုးသမီးတွေ ဆုံးဖြတ်နိုင်ဖို့ ပိုလိုတယ်။ နောက်ကွယ်မှာမနေပဲ ကန့်လန့်ကာရှေ့ကို ထွက်လာဖို့လိုတယ်။ ဒုတိယတချက်ကတော့ ကိုယ့်ရဲ့ပတ်ဝန်း

ကျင်မှာ လုပ်ရမယ့်အလုပ်တွေကို သေချာလေ့လာဖို့လိုတယ်။ အမျိုးသမီးတွေအနေနဲ့ ဘာပဲ လုပ်ချင်လုပ်ချင် လေ့လာမှုအား ဖြတ်လိုက်လို့ မရဘူး။ ဆက်..ဆက်ပြီးတော့ လေ့လာရမယ်။ ကိုယ်ရောက် နေတဲ့နေရာက ပထမအဆင့်ဆို အဲ့ပထမအဆင့်ကနေ ဖြေးဖြေးချင်းပြန်ဆင်းဖို့အတွက် ကိုယ့်နေရာမှာ ဘယ်သူပြန်ရှိရမလဲ အမျိုးသမီးတစ်ယောက်ယောက်ကို ပြန်ထားနိုင်ဖို့အတွက် ဒါကိုလည်း လုပ်ဖို့ အရေးကြီးတယ်။ ထိုနည်း လည်းကောင်းပဲ အဖွဲ့အစည်းတိုင်းမှာရှိနေတဲ့ အမျိုးသားတွေကိုယ်တိုင်ကလည်း စည်းရုံးရေး လုပ်နေတဲ့ အမျိုးသားတွေကိုပဲ ပြန်ပြီးမြင်နေလို့မရဘူး။ အမျိုးသမီးတွေကိုလည်း စည်းရုံးဖို့လိုတယ်။ ကျွန်မတို့မှာ ဂျဲန်ဒါပြဿနာတွေကဘာရှိသလဲဆိုရင် ကျွန်မတို့နိုင်ငံမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေပဲဖြစ်ဖြစ်၊ အမျိုးသားတွေပဲ ဖြစ်ဖြစ် အမျိုးသမီးတစ်ယောက်က အမျိုးသားတွေကို စည်းရုံးရင်လည်း အမြင်တစ်မျိုး မြင်ကြတယ်။ အမျိုးသားတွေက အမျိုးသမီးတွေကို စည်းရုံးရင်လည်း အမြင်တမျိုးမြင်ကြတော့ အမျိုးသမီး အချင်းချင်း စည်းရုံး၊ အမျိုးသားအချင်းချင်း စည်းရုံးဆိုတာဖြစ်လာတယ်။

နိုင်ငံရေးနယ်ပယ်မှာ ပိုကျယ်ပြန့်တာ အမျိုးသား အများစုဖြစ်တယ်။ အမျိုးသားတစ်ယောက် နိုင်ငံရေးထဲကို ပါလာပြီဆိုရင် နေရာပေးဖို့ အဆင့်သင့် ဖြစ်ကြတယ်။ အမျိုးသမီးတစ်ယောက်က သိနေတတ်နေတယ် ဆိုရင်တောင် နေရာပေးဖို့ အဆင်သင့် မဖြစ်ကြဘူး။ အဲ့ဒါက နိုင်ငံရေးအသိုင်းအဝိုင်းရဲ့ အဓိကအကန့်အသတ် အကြီးဆုံးဖြစ်တယ်။ နွေဦးတော်လှန်ရေးမှာတော့ ဒီလိုအကန့်အသတ်တွေကျော်လွှားဖို့ လိုတယ်။ ဒါကလည်း နွေဦးတော်လှန်ရေးရဲ့ တကယ့်တောင်းဆိုချက်တွေ ဖြစ်ပါတယ်။ အမျိုးသမီးရေးရာဝန်ကြီးဌာနကလည်း အမျိုးသမီးတွေနောက်ခံမှာ အခက်အခဲဖြစ်နေရင် သူတို့အတွက် သုတေသနစာတမ်းတွေကို ဖတ်ပေးတာတွေ။ လေ့လာစရာတွေပြောပြတာမျိုး စသည်ဖြင့် နောက်ကွယ်ကအမျိုးသမီးတွေကို ကူညီဖို့လိုတယ်။ နောက်ပြီး တော့ အမျိုးသမီးတွေရဲ့ဘဝ save ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စဉ်းစားချက်နဲ့ လုပ်ဆောင်မှုတွေလို တယ်။ အမျိုးသမီးတွေ ဆုံးဖြတ်ချက် ချတဲ့နေရာရောက်လာနိုင်ဖို့ကိုလည်း ယာယီအထူးလုပ်ဆောင်ချက်တွေ လုပ်ပေးဖို့လိုတယ်။


နိုင်ငံရေးဆိုတာက အမျိုးသမီးပဲလုပ်လုပ် အမျိုးသားပဲလုပ်လုပ် နိုင်ငံရေးသိပ္ပံကို နားလည်ဖို့လိုတယ်။ ကိုယ်ဘယ်လမ်းကိုသွားမှာလဲ၊ ဘာလုပ်မှာလဲ၊ ဘယ်လိုနိုင်ငံရေး အတွေးအခေါ်အယူအဆရှိမျိုးကို ယုံကြည် တာလဲ၊ ဘယ်သူတွေနဲ့ လက်တွဲလုပ်မှာလဲ၊ ဘယ်လိုလုပ်မှာလဲ၊ တကယ်တကိုယ်တည်း တည်ဆောက်လို့ ရလား မရလားဘူးလား၊ အဲ့ဒီကိစ္စကတော့ အမျိုးသမီးတွေကိုမှ သင်ပေးရတာ လို့ကျွန်မမယူဆဘူး။ အမျိုးသားတွေလည်း သင်ပေးရမယ်။ ဘာကြောင့်လဲဆို နိုင်ငံရေးယုံကြည်ချက်မဲ့ပြီး နိုင်ငံရေးလုပ်နေတာက ခိုင်မာတဲ့ နိုင်ငံရေးသမား ဖြစ်လာမှာ မဟုတ်လို့ဘဲ။ နိုင်ငံရေးနယ်ပယ်မှာ နိုင်ငံရေးယုံကြည်ချက် ခိုင်မာတဲ့သူကမှ ဆုံးဖြတ်ချက်ချတဲ့ နေရာမှာ စည်းရုံးရေးနဲ့ မူဝါဒခိုင်မာရေးဟာ တဆက်တစပ်တည်း ရှိတယ်ဆိုတာ နားလည်မှာဖြစ်တယ်။။ ဒါမှ နိုင်ငံရေးမျိုးဆက် မွေးထုတ်ခြင်းက မှန်ကန်မှာဖြစ်တယ်။ နောက် တနည်းနဲ့ ပြောရမယ်ဆိုရင်တော့ ဆုံးဖြတ်ချက်ချတဲ့ နေရာတိုင်းက သူတွေဟာ မှန်ကန် မျှတမှုရှိတယ်လို့ ပြောရမှာပါဘဲ။ အဲ့ဒါတွေကျော်လွှားနိုင်ရင် ကျွန်မတို့ဆီမှာ တန်းတူညီမျှမှုဆိုတာ ဖြစ်လာနိုင်ပါတယ်။

*၇။အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေကတော့ ရှင်းရှင်းလေးပြောရရင် စစ်ပွဲကိုမလိုလားဘူး။ စစ်ပွဲကိုမလိုလားတဲ့အတွက် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အသိုင်းအဝိုင်းကိုပဲ တည်ဆောက်ဖို့ကြိုးစားမှာ အမျိုးသမီးတွေရဲ့ပင်ရင်းစိတ်ကိုက အဲ့သဘောထားရှိတယ်။ လက်တလောမှာ ပါဝင်နေတဲ့ လက်နက်ကိုင်တိုက်ပွဲဆိုတာကလည်း လက်တလောအရ ခုခံတွန်းလှန်တော်လှန်ရတာဖြစ်ပါတယ်။ အဲ့တော့ အမျိုးသမီးတွေက နိုင်ငံရေးမှာပါဝင်လာရင် သူတို့ရဲ့ စဉ်းစားချက်ကတော့ အတက်နိုင်ဆုံးနိုင်ငံကို ငြိမ်းချမ်းအောင်လုပ်မယ်။ တိုးတက်အောင်လုပ်မယ်။ အနာဂတ်လူငယ်မျိုးဆက်သစ် သားသမီးတွေကို မပင်ပန်း မဆင်းရဲအောင် လုပ်မယ်။ အခြေခံအားဖြင့် အမေတွေကိုပဲ စဉ်းစားလိုက်ရင် ထင်သာမြင်သာရှိပါတယ်။ မိခင်တိုင်းက ကိုယ့်သားသမီးလုံခြုံရေးကိုစိတ်ပူပြီးတော့ ကိုယ့်သားသမီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်စဉ်းစားနေတဲ့သူတွေ ဖြစ်တယ်။ နိုင်ငံရေးနယ်ပယ်မှာ အမျိုးသမီးတွေ ပါဝင်လာရင်လည်း အဲ့စဉ်းစားချက်က အခြေခံအားဖြင့် ပိုမိုခိုင်မာလာလိမ့်မယ်လို့ ကျွန်မယူဆပါတယ်။

*၈။ ဖြည့်စွက်ချက်။*

ပထမဆုံးတစ်ခုကတော့ ရှေ့ကိုထွက်ခဲ့ပါ။ နိုင်ငံရေးစိတ်ဝင်စားရင် နိုင်ငံရေးပါတီတွေထဲကို ဝင်ဖို့မကြောက်ပါနဲ့။ နိုင်ငံရေးပါတီဆိုတာက ကိုယ်သွားမယ့် နိုင်ငံရေးလောကအတွက် ခြေလှမ်းဆက်ပေးမှာ ဖြစ်ပါတယ်။ ဘယ်ပါတီကို စိတ်ဝင်စားလဲ စဉ်းစားပါ။ ပါတီတွေ အများကြီးရှိတယ်။ ပါတီထဲလည်း ဝင်ပြီးဆို လှုပ်ရှားမှုကို တကယ်လုပ်တဲ့အခါမှာ စဉ်ဆက်မပြတ်လေ့လာမှုတွေ အလုပ်လုပ်သွားတယ်ဆိုရင် အမျိုးသမီးတွေ ပါဝင်မှုက တကယ်ထိရောက်တဲ့ပါဝင်မှုပုံစံ ဖြစ်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။





**နှင်းအိသီရိ**

**အလုပ်အမှုဆောင်**

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ**

**(ဗကသများအဖွဲ့ချုပ်)**

**“ကျွန်မတို့ရဲ့ အနာဂတ်၊ ကံကြမ္မာ၊ ဆုံးဖြတ်ပိုင်ခွင့်တွေဟာ အခြားသူတွေဆီက တောင်းခံရမှာ မဟုတ်ဘဲ ကျွန်မတို့ ကိုယ်တိုင်လုပ်ဆောင်ရမှာ ဖြစ်တယ်။ ကျွန်မတို့ လုပ်ဆောင်ရမှာတွေကို မလုပ်ရင် ကျွန်မတို့ကို အခြားက ဝင်ဆုံးဖြတ်လုပ်ဆောင်သွားပါလိမ့်မယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

ကိုလိုနီခေတ် လွတ်လပ်ရေးရပြီးတဲ့အချိန်ကတည်းက စပြီး အာဏာရှင်စနစ်က ပုံစံအမျိုးမျိုးနဲ့ တည်ရှိခဲ့တယ်။ ဗမာပြည်နိုင်ငံရေးမှာ စစ်တပ်ဟာ တိုင်းပြည်မှာ နှစ်ပေါင်းများစွာ ဗိုလ်ကျစိုးမိုးခဲ့ပြီး ဖက်ဆစ်လက္ခဏာတွေဖြစ်တဲ့ လူမျိုးစုဒေသတွေမှာ ထိုးစစ်ဆင်မှုတွေ၊ နယ်မြေရှင်းလင်းရေးဆိုပြီး မတရားဖမ်းဆီး သတ်ဖြတ်မှုတွေ၊ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံး သတ်ဖြတ်မှုတွေ စသဖြင့် လုပ်ခဲ့တယ်။ ဒီအာဏာရှင်ဖက်ဆစ်စစ်တပ်ကို ကျွန်မတို့ရဲ့ နောင်တော်မျိုးဆက်အသီးသီးက အစဉ်တစိုက် တော်လှန်ခဲ့ကြတယ်။ အခု လက်ရှိနွေဦးတော်လှန်ရေးဟာ တကျော့ပြန် အာဏာသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာရပြီး ဒီတော်လှန်ရေးဟာ ကျွန်မတို့ရဲ့ နောင်တော်မျိုးဆက်တွေရဲ့ သမိုင်းပေးအမွေတခုဖြစ်တဲ့ တော်လှန်ရေးအဆက်ပဲ ဖြစ်တယ်။ ဒီနွေဦးတော်လှန်ရေးဟာ စစ်တပ်ရဲ့ နောက်ဆုံးနိဂုံးချုပ် တော်လှန်ရေးတရပ် ဖြစ်လိမ့်မယ်။ ပြည်သူလုထု တရပ်လုံးကလည်း ကျရာနေရာကနေ ကဏ္ဍအသီးသီးလိုက်ကို ကိုယ်နိုင်တဲ့ရှုထောင့်ကနေ ပါဝင်နေကြတာကို တွေ့ရတယ်။ လူထုတရပ်လုံး လှုပ်ရှားမှုကနေ ကျွန်မတို့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အထိကို လျှောက်နိုင်ခဲ့ကြတယ်။ နောက် ရင်ကြားစေ့ရေး ပြတ်သုဉ်းသွားသည်အထိ သွားနိုင်ခဲ့ကြတယ်ပေါ့။ ဒီ ၂၀၂၁ အာဏာသိမ်းပြီးမှာ စစ်တပ်ရဲ့ အကြမ်းဖက်မှုတွေ၊ အိုးအိမ်နေအိမ်ဖျက်ဆီး မီးရှို့၊ ပြည်သူတွေကို ပေါ်ပေါ်ထင်ထင် သတ်ဖြတ်မှုတွေကို နေရာမျိုးစုံ၊ အခြေအနေမျိုးစုံမှာ ခြွင်းချက်မရှိ ပြောင်ကျကျ ဖက်ဆစ်စရိုက်ကို တွေ့မြင်လာရတာတွေဟာ တလျှောက်လုံး အမှောင်ချထားခံရတဲ့ ပြည်သူလူထုဟာ ဒီအချိန်မှာ စစ်တပ်ဟာ ဘာလဲဆိုတာကို ကွင်းကွင်းကွက်ကွက် မြင်လာရစေတာပဲ ဖြစ်တယ်။ ကျွန်မတို့ မွေးလာကတည်းက ကြီးပျင်းလာတဲ့ ကာလတလျှောက်လုံးက ဖိနှိပ်မှုတွေနဲ့ စနစ်တကျ ဘောင်ထဲမှာ ကြီးပျင်းလာခဲ့ရတယ်။ စစ်ဝါဒမှိုင်းတွေဟာလည်း ကျွန်မတို့ နေ့စဉ်လူနေမှုဘဝမှာလည်း သာမန်လို့ထင်ရအောင် စနစ်တကျနဲ့ စိမ့်ဝင်တည်ရှိနေတယ်။ စစ်အာဏာရှင်စနစ်အောက်မှာ ကျွန်မတို့ဟာ ကိုယ့်အသက်တောင် ကိုယ်မပိုင်ပါဘူး။ စစ်အာဏာရှင်စနစ်အောက်မှာ ဘာမှလည်း မျှော်လင့်နေလို့ မရဘူး။ ကျွန်မတို့ဟာ စစ်တပ်ပြုတ်ကျသွားလည်း စစ် ၃ စစ်ဖြစ်တဲ့ ဖိနှိပ်ရေးယန္တရားကို မတိုက်ဖျက်နိုင်ဘူးဆိုရင် ဒီစနစ်ထဲ ထပ်ပြီး လည်နေမှာပဲ ဖြစ်တယ်။ ဒီစနစ် စက်ဝန်းရဲ့အတွေးအ

ခေါ်တစ်ခုခုကို လက်ခံမိတာနဲ့ ဒီဖိနှိပ်မှုစနစ်ကြီးကို အထောက်အပံ့ပြုနေမှာပဲ ဖြစ်တယ်။ ကျွန်မတို့ဟာ စစ်ဝါဒကို တော်လှန်ရေးမှာ မသိသာတဲ့ဖိနှိပ်မှုတစ်ခုလို့ ပြောလို့ မရပါဘူး။ ဒီလို စစ်အာဏာရှင်စနစ် စစ်ဝါဒရဲ့ အမိကထောက်တိုင် လက္ခဏာတွေ ဖြစ်တဲ့ လိင်၊ လူတန်းစား၊ လူမျိုး၊ ဘာသာ စတဲ့ အခြေပြုဖိနှိပ်မှုတွေကိုပါ တပါတည်းအမြစ်ဖြတ် တော်လှန်ရမှာပဲ ဖြစ်တယ်။ ဒါမှမဟုတ်ရင် ကျွန်မတို့ လူ့အဖွဲ့အစည်းဟာ စစ်တပ်ပြုတ်ကျသွားလည်း၊ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းသွားလည်း ဖိနှိပ်မှုက ဆက်ရှိနေမှာပဲ ဖြစ်တယ်။ ကျွန်မတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်က စစ်တပ် စစ်အာဏာရှင်စနစ်ဖြစ်တဲ့ ဘုံရန်သူကို တိုက်တာထက် စနစ်ကြီးတခုလုံးကို တိုက်နေတာပဲ ဖြစ်တယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

အမိကက နိုင်ငံတခု တည်ဆောက်ရာမှာ နံပါတ် ၁ ချက်က လူတဦးတယောက်ရဲ့ မွေးရာပါ ရကို ရရမယ့် အခြေခံလူ့အခွင့်အရေးစံနှုန်းရှိဖို့ လိုအပ်ပါတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရှင်သန်ခွင့်၊ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုတွေပေါ့။ ဒါပေမဲ့ တခုရှိတာက ကျွန်မတို့ လွတ်လပ်စွာ ပြောဆိုခွင့်ရှိပေမဲ့ ကျွန်မတို့က တဦး၊ တယောက် ပတ်ဝန်းကျင်ကို မထိခိုက်မိစေဖို့ လိုတယ်။ မတူကွဲပြားမှု၊ အတွေးအခေါ်မျိုးစုံကို နားလည်သည်းခံနိုင်ဖို့ လိုမယ်။ ဆွေးနွေးငြင်းခုံရတာလည်း ဒါက ကောင်းမွန်တဲ့ အချက်ပေါ့။ ကျွန်မတို့ နိုင်ငံမှာ လူမျိုးပေါင်းစုံရှိတော့ လူနည်းစုက လူများစုရဲ့ သဘောဆန္ဒကို လိုက်နာရမှာထက် လူနည်းစုတွေရဲ့ အခွင့်အရေးကို ရအောင်ကာကွယ်လေးစားဦးစားပေးရမှာပဲ ဖြစ်တယ်။ လူ့အဖွဲ့အစည်းထဲမှာ တဦးတယောက်ရဲ့ ရသင့်ရထိုက်တာတွေကို မကျန်ခဲ့စေဖို့ လိုတယ်။ ဒါက အရေးကြီးဆုံးပဲ။ နောက်တချက်က ကျွန်မတို့က ကျား၊ မ၊ အခြား လို့ ခွဲရမှာ မဟုတ်ဘဲ လူသားတိုင်းကို လူလို့ မြင်နိုင်ဖို့ကလည်း ပိုပြီး အရေးကြီးတယ်။ လူ လူချင်း ကျွန်ပြုတဲ့စနစ်တွေ၊ ဖိနှိပ်မှုယန္တရားတွေ၊ အတွေးအခေါ်ဟောင်း၊ အယူအဆဟောင်းတွေ ကင်းစင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ဖို့ လိုတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

လူတိုင်းမှာ မတူညီတဲ့ တွေးခေါ်မျှော်မြင်မှုတွေ ရှိတယ်။ အမြင်စုံလင်မှုတွေ ပါဝင်နိုင်ဖို့က အရမ်းအရေးကြီးတယ်။ ဒီထဲမှာမှ ကျွန်မတို့ အမျိုးသမီးတွေနဲ့ LGBTQ တွေရဲ့ စကားသံတွေဟာ ဘယ်တုန်းကမှ မပါဝင်ခဲ့နိုင်ဘူး။ ကျွန်မတို့ ပြည်သူတွေ အားလုံးဟာ ဖိနှိပ်ခံရချင်း တူရင်တောင် အမျိုးသမီးတွေနဲ့ LGBTQ တွေဟာ အဲ့ဒီတူညီတဲ့ ဖိနှိပ်ပေါ်မှာမှ ရိုးရာဓလေ့ယဉ်ကျေးမှုအဟောင်း၊ အစဉ်အလာဟောင်း၊ ဖိုဝါဒကြီးစိုးတဲ့ စနစ် ကျားစံပြုဝါဒ စတဲ့ ဖိနှိပ်မှုတွေပါ ထပ်မံ ဖိနှိပ်ခံနေရတာ ဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့အပေါ်မှာ ဖိနှိပ်နေတဲ့ အရာတွေကို ကိုယ်တိုင်ချိုးဖျက်ပြီး ကျွန်မတို့ရဲ့ အတွေးအခေါ်၊ အမြင်တွေကို ပြသရလိမ့်မယ်။ နိုင်ငံရေးမှာ ကျွန်မတို့မပါဝင်အောင် တားဆီးနေတဲ့ ဒီအတွေးအခေါ်ဟောင်းတွေနဲ့ စနစ်ကြီးက စနစ်တကျ

ဘောင်သွင်းခဲ့တာကြောင့် ကိုယ် ကိုယ်တိုင် လက်ခံမိနေရင်တောင် အခုချိန်မှာ ထိုးထွက်ပြီး ကျွန်မတို့ ကဏ္ဍအသီးသီးမှာ ပါဝင်လှုပ်ရှားပြီး လွတ်လွတ်လပ်လပ် ပြောဆိုလုပ်ကိုင်ကြဖို့ လိုတယ်။ နိုင်ငံရေးမှာ အမျိုးသမီးတွေတင် ပါဝင်ရမှာ မဟုတ်ဘဲ LGBTQ တွေပါ ပါဝင်ရမယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က လူ့အဖွဲ့အစည်းထဲမှာ နေထိုင်နေတဲ့ လူသားတွေ ဖြစ်နေလို့ပဲ။ နိုင်ငံရေးမှာ ကျွန်မတို့ အမျိုးသမီးတွေ LGBTQ တွေကို ဖယ်ထားရင်၊ ပါမလာခဲ့ရင်၊ ပါဝင်ဖို့အတွက် အဟန့်အတားတွေ ဖြစ်နေရင်၊ မဖန်တီးနိုင်ရင် ကျွန်မတို့ရဲ့ အနာဂတ်ကို ဖယ်ရှားတာနဲ့ အတူတူပဲ ဖြစ်တယ်။ ဒီလူ့အဖွဲ့အစည်းဟာလည်း တရားမျှတမှု မရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်သလို၊ ဒီလူ့အဖွဲ့အစည်း တိုးတက်ဖို့လည်း အခက်တွေ့စေလိမ့်မယ်။ ဒါ့ကြောင့် အမျိုးသမီးတွေ နိုင်ငံရေးမှာ ပါဝင်ဖို့ အရေးကြီးလား၊ အရေးမကြီးဘူးလားဆိုတဲ့ ပြောနေ၊ ဆွေးနွေးနေတာကို ချိုးဖျက်လိုက် ပြီးသားဖြစ်တယ်။

## *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မအနေနဲ့ ပြောရရင် ကျွန်မတို့တွေ အခုထိ ပါဝင်ဆုံးဖြတ်ခွင့်တွေက မရှိသေးဘူး။ နည်းနေသေးတယ်လို့မြင်တယ်။ ဒါပေမဲ့ ဒီနွေဦးတော်လှန်ရေးရဲ့ ဗဟိုချက်မှာ ကျွန်မတို့ အဖိနှိပ်ခံအုပ်စုတွေဖြစ်တဲ့ အမျိုးသမီး LGBTQ နဲ့ ကျောမွဲ၊ ရိုဟင်ဂျာတွေဟာ ကျွန်မတို့ရဲ့ နိုင်ငံရေးတောင်းဆိုချက်တွေ၊ အမြင်တွေကို ရဲရဲထင်ထင် ပြောဆို ပါဝင်လာနိုင်တယ်။ ဒီနိုင်ငံရေးလုပ်ငန်းစဉ်တွေ၊ တော်လှန်ရေးလုပ်ငန်းစဉ်မှာလည်း ထဲထဲဝင်ဝင် လုပ်ဆောင်လာနိုင်တာ တွေ့ရတယ်။ စုဖွဲ့မှုလည်း အားကောင်းလာပြီး အရင်ကထက် ပိုပြီး စုစည်းမိလာတယ်။ ဒါက ကျွန်မတို့ရဲ့ အားသာမှု တခုပဲ ဖြစ်တယ်။ ကျွန်မတို့က ကျွန်မတို့ရဲ့ အဆုံးအဖြတ်တွေကို သူများဆီက တောင်းခံရတာမျိုး မဟုတ်ဘဲ ကျွန်မတို့ ကိုယ်တိုင် ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ့်အနာဂတ်ကို ထုဆစ်ရမှာဖြစ်တယ်။ နောက်တခုက တလျှောက်လုံးမှာ ကျွန်မတို့ အမျိုးသမီး ကိုယ်တိုင် ပြုလုပ်ခဲ့တဲ့ လက်ခံလိုက်မိတဲ့ အရာတခု ရှိတယ်။ အဲ့ဒါ ဘာလဲဆိုရင် ကျွန်မတို့ ဆုံးဖြတ်ခွင့်၊ လုပ်ပိုင်ခွင့်ကို ပေထရီအာခီ လူ့အဖွဲ့အစည်းဆီကနေ တောင်းနေတာပဲ။ ဥပဒေအရ ပြဋ္ဌာန်းပေးဖို့တွေ၊ ဘယ်လောက်ရာခိုင်နှုန်း ပါဖို့တွေက အဓိပ္ပာယ်ရှိမနေဘူး။ ကျွန်မတို့က ဘာကြောင့် တောင်းနေရမှာလဲ။ ကျွန်မတို့ကို ကျွန်မတို့ ကိုယ်တိုင် ဒုတိယတန်းစားလို့ သတ်မှတ်လိုက်တာပဲ ဖြစ်တယ်။ ရာခိုင်နှုန်းတောင်းနေလို့ ပါရင်လည်း ဒါက အိမ်ဖြည့်သာသာပဲ။ နောက်ထပ် ဥပမာ အနေနဲ့ ပြောရရင် အမျိုးသမီးတွေကို လိင်အကြမ်းဖက်မှုရဲ့ သားကောင်အဖြစ် မသတ်မှတ်ဖို့အတွက် ဥပဒေပြဋ္ဌာန်းဖို့ တောင်းဆိုနေတာဟာ ကျွန်မတို့ကို ကျွန်မတို့ ကိုယ်တိုင် အကာကွယ်ခံ၊ အစောင့်ရှောက်ခံ ဒါက လိုအပ်တယ်ဆိုတာမျိုး လက်ခံထားကြတဲ့ အမြင်ကနေ ဥပဒေတည်ဆောက်ထားတယ်လို့ပဲ ကျွန်မ မြင်တယ်။ ဥပဒေ၊ မူဝါဒတွေနဲ့ ပြဋ္ဌာန်း ကာကွယ်ရမှာ မဟုတ်ဘူး။ ဥပဒေ၊ မူဝါဒဆိုတာ ယာယီကြားခံ အကာကွယ်ပဲ ဖြစ်တယ်။ လိင်အခြေပြုဖိနှိပ်မှုကို ဥပဒေနဲ့ ဖြေရှင်းလို့ မရဘူး။ ပြီးတော့ ဒီနွေဦးတော်လှန်ရေးမှာ ကျွန်မ နောက်တခု ဘာမြင်မိလဲဆိုရင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး ဖွဲ့စည်းလိုက်တယ်။ ဒါက ကောင်းလားဆိုရင် တဖက်က ကြည့်ရင် ကျွန်မတို့ကို ကလေးသူငယ်ဆိုတဲ့ အားနည်းသူ အစောင့်ရှောက်ခံတွေနဲ့ တွဲလျက် အားနည်းတဲ့ အစောင့်ရှောက်ခံတွေအဖြစ် တဆင့်လျှော့ချတာမျိုး တွေ့ရတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီကာလမှာ ဘာကိုမှ ပါဝင်ဆုံးဖြတ်ခွင့်ကို မရသေးဘူး။ ကျွန်မတို့ ကိုယ်တိုင် မထိုးဖောက်နိုင်သေးဘူးလို့ မြင်တယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

ခေတ်အဆက်ဆက်မှာ ကျွန်မတို့ အမျိုးသမီးတွေကို ဒုတိယတန်းစားလို့ မြင်ခဲ့ကြတာ ဖြစ်တယ်။ လူလို့ မမြင်နိုင်ခဲ့ဘဲ လူသားအဖြစ်ကနေ တဆင့်နိမ့်ပုံစံမျိုးနဲ့ ဘာမှ မစွမ်းနိုင်တဲ့ သူတွေလို့ သတ်မှတ်ခဲ့ကြတယ်။ ကျွန်မ ရှေ့မှာ ပြောခဲ့တဲ့အတိုင်း ကျွန်မတို့ အပေါ်မှာ တူညီတဲ့ ဖိနှိပ်မှုတွေ ရှိစေကာမူ အမျိုးသမီးတွေနဲ့ LGBTQ တွေဟာ ဖိနှိပ်မှုတွေကို တောင်လို အထပ်ထပ် ခံစားနေရတာပဲ ဖြစ်တယ်။ အဲ့ဒီတော့ အတွေးအခေါ်ဟောင်း၊ အယူအဆဟောင်းတွေကြားမှာ ကျွန်မတို့ဟာ ဘောင်ခတ်မိနေပြီး နိုင်ငံရေးထဲမှာ ပါဝင်ဖို့အတွက် အတားအဆီးတွေ ဖြစ်နေတာပဲ။ နောက် မမြင်နိုင်တဲ့ ရသယောင်ဖြစ်နေတဲ့ All Inclusive ဆိုတာမျိုး၊ အားလုံးပါဝင်တယ်ဆိုတာမျိုးပေါ့။ ကျွန်မတို့ကို လမ်းဖွင့်ပေးပါတယ်၊ ခွဲမခြားပါဘူးဆိုပြီး အမျိုးသားထု၊ ပေထရီအာခီဖြစ်နေတဲ့ လူ့အဖွဲ့အစည်းဟာ ကျွန်မတို့ကို နားလည်သယောင်နဲ့ ဒီအပေါ်မှာ ပါဝါ ယူနေတာမျိုး ဖြစ်တယ်။ အမြတ်ထုတ်တယ်လို့ ပြောရမှာပဲ။ အဲ့ဒီတော့ ကျွန်မတို့ အသံတွေ၊ ကျွန်မတို့ ပြောနေတဲ့ တန်းတူညီမျှမှု၊ ရပ်တည်ချက်တွေက ဘာလဲဆိုတာ နားလည်ဖို့ လိုတယ်။ ဒါကို ကျွန်မတို့အနေနဲ့ ကျယ်ကျယ် လောင်လောင်နဲ့ ပြောကို ပြောရမှာ ဖြစ်တယ်။ အခု လက်ရှိ ဖြစ်နေတဲ့ အနေအထားမှာလည်း တချို့ အမျိုးသားတွေဟာ ကျွန်မတို့အပေါ် လက်ခံသယောင်၊ ပြောရရင် Feminist ဖြစ်ပါတယ်ပေါ့ ဆိုတာမျိုးနဲ့ ပါဝါ ပြန်တည်ဆောက်နေတာကို တွေ့နေရသလို၊ တဖက်မှာလည်း ဒီမတရားပါဘူးဆိုတဲ့ မတရားမှုတွေကို မကြိုက်လို့ တော်လှန်နေပါတယ်ဆိုတဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေမှာတောင် အရိုးဆွေးနေတဲ့ လိင်အခြေပြု ဖိနှိပ်မှုကြီး ရှိနေတာကို ဒီကနေ့ ကာလမှာ မကြာခဏ တွေ့ရှိနေရတာပဲ ဖြစ်တယ်။ ဒါတွေဟာ ကျွန်မတို့ အဓိက တိုက်ဖျက်ရမယ့် အမြစ်ပဲ။ အဲ့ဒီတော့ စနစ်တကျကို တည်ဆောက်ထားတဲ့ စနစ်တွေ၊ အဲ့အတွေးအခေါ် ဟောင်း၊ ကမ္ဘာဟောင်းကို တိုက်ဖျက် စွန့်လွှတ်ပြီး ကျွန်မတို့ ကမ္ဘာသစ်ကို သွားဖို့ လိုတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျှစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ဆုံးဖြတ်ပိုင်ခွင့်တွေ လျှစ်လျူရှုမှုတွေကို အရင် မပြောခင် ကျွန်မတို့ လူ့အဖွဲ့အစည်း အစကို ပြန်ကြည့်ရလိမ့်မယ်။ ဖိနှိပ်မှုတွေရဲ့ အခြေခံအကျဆုံး အုတ်မြစ်က လိင်အခြေပြုဖိနှိပ်မှုပဲ။ လိင်အခြေပြုဖိနှိပ်မှု အကြောင်းကို ကျွန်မတို့ ပြောရမယ်။ လိင်အခြေပြုဖိနှိပ်မှုဆိုတာ လိင်အပေါ်မူတည်ပြီး အခြားသော ခွဲခြားမှုတွေကို လုပ်နေတာ။ ဒါက ပြောရရင် မတရားမှုမှန်သမျှကို တိုက်ဖျက်နေတဲ့ နိုင်ငံရေးအတွေးအခေါ် ဖြစ်တယ်။ ဘယ်လို စနစ်တွေပြောင်းပြောင်း စနစ်တိုင်းမှာ ပေထရီအာခီက ရှိနေတာ။ လိင်အခြေပြုဖိနှိပ်မှုအကြောင်း မပြောသ၍ ကျွန်မတို့ ဘာမှ ဆက်လုပ်လို့ ရမှာ မဟုတ်ဘူး။ အခု မကြာခဏ ကြားနေရတဲ့ တခုခုလုပ်မယ်ဆို၊ ပြောမယ်ဆို အမျိုးသမီး ဘယ်လောက်ပါရမယ်။ မပါလို့ မရဘူးဆိုတာက ဘာစံနှုန်းနဲ့ တိုင်းတာလဲ။ အမလိင် ဖြစ်တည်မှု အပေါ် ရာခိုင်နှုန်းနဲ့ တိုင်းတာလား။ မိန်းမ ပါရင် ပြီးရော၊ ဒါက ပြည့်စုံပြီ၊ ညီမျှပြီဆိုတာမျိုးလား။ ဒါက ကျွန်မအနေနဲ့ အဓိပ္ပာယ်မရှိဘူးလို့ မြင်တယ်။ ဘာလို့လဲဆိုရင် (၁) အချက် - အမလိင် ပါတာနဲ့ မိန်းမလို့ သတ်မှတ်တာပဲ။ ဆိုတော့ အမလိင် ပါတိုင်း ကျွန်မတို့ မိန်းမလို့ သတ်မှတ်လို့ မရဘူး။ မွေးရာပါ သဘာဝအရ ဖြစ်ပေါ်လာတဲ့ အထီး၊ အမ ဒီလိင်နှစ်မျိုးတည်းအပေါ် သတ်မှတ်ပြီး ယောကျာ်းဖြစ်တယ်၊ မိန်းမဖြစ်တယ်လို့

လိင်ကို ကြည့်ပြီး တထစ်ချပြောလို့ မရဘူး။ ဒီအပေါ်မှာ လိင်စိတ်ခံယူမှုဆိုတာ ရှိတယ်။ အဲ့ဒါကို ထုတ်ပြောချင်တဲ့သူ ရှိကောင်း ရှိမယ်။ မရှိရင် မရှိဘူး။ ဒါက လွတ်လပ်ခွင့်ပဲ။ (၂) အချက် - ဟုတ်ပြီ။ မိန်းမပါတော့ရော ကျွန်မတို့က လိင်အခြေပြုဖိနှိပ်မှုကို နားလည် လက်ခံတဲ့ လူဖြစ်သွားပြီလား။ ဆိုလိုတာက Sexist, Racist ဖြစ်နေရင် ဘယ်လို လုပ်ကြမလဲ။ ဒါက ကောင်းမွန်တဲ့ လက္ခဏာ ဖြစ်မနေဘူး။ စောစောက ပြောသလို အိမ်ဖြည့်သာသာနဲ့ မိန်းမ ပါရင်ပြီးရော ဆိုတာမျိုး ဖြစ်နေမှာ။ ဆိုတော့ ဖိနှိပ်မှု ဆိုတာ ဘယ်လိုမျိုးလဲ။

ငါတို့ အမျိုးသမီးတွေနဲ့ LGBTQ တွေဟာ ဘာကြောင့် လူ့အဖွဲ့အစည်းထဲ ဖယ်ကျဉ်ခံထားရတာလဲ ဆိုတာ ပြောကို ပြောရလိမ့်မယ်။ လူ့အဖွဲ့အစည်းထဲ စနစ်တကျ ရိုက်သွင်းထားတဲ့ ကျွန်မတို့ အဖိနှိပ်ခံအုပ်စုတွေအပေါ် အထပ်ထပ်ဖိနှိပ်နေတဲ့ အထက်အောက်စနစ် ဖိနှိပ်ရေးယန္တရားကို ပြောရမယ်။ ဖိနှိပ်တဲ့ အုပ်ချုပ်သူလူတန်းစား နေရာမှာ ဘယ်ဂျန်ဒါ၊ ဘယ်အစိုးရတစ်စုက အစားထိုး ပြောင်းလဲ ပြောင်းလဲ ဖိနှိပ်မှုက ပျောက်သွားမှာ မဟုတ်ဘဲ လက်နက်၊ အင်အား၊ ပါဝါ၊ လူ့အဖွဲ့အစည်းအပေါ် အမြတ်ထုတ်တဲ့စနစ်၊ အရင်းရှင် ပေထရီအာခီက ဆက်ရှိနေဦးမှာပဲ ဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော် တည်ဆောက်ရေးမှာ ဖိနှိပ်မှုကို ရင်ဆိုင် ကြုံတွေ့ရတဲ့ အဖိနှိပ်ခံ အုပ်စုတွေဖြစ်တဲ့ ကျွန်မတို့ရဲ့ အသံ၊ အကြံ ပါဝင် မနေဘူးဆိုရင် ဒီနိုင်ငံတော်သစ် ဒီလူ့အဖွဲ့အစည်းသစ်ဟာ တည်ဆောက်လို့ ရမှာမဟုတ်ဘူး။ ဒီပုပ်သိုးဆွေးမြေ့နေတဲ့ လူ့အဖွဲ့အစည်းဟာ လွတ်မြောက်လာမှာ မဟုတ်ဘူး။ အဲ့ဒီတော့ ကျွန်မတို့ အဆုံးအဖြတ်ကို ကျွန်မတို့ အပြည့်အဝ လုပ်နိုင်ဖို့အတွက် ကျွန်မတို့ ကိုယ်တိုင်က အရင်းအမြစ်ပဲ ဖြစ်တယ်။ ကျွန်မတို့ အားလုံး ပါဝင်နိုင်ဖို့ ကျွန်မတို့ စုစည်းဖို့ လိုတယ်။ ဖန်တီးကြဖို့ လိုတယ်။

## *၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*


အနာဂတ်လူ့အဖွဲ့အစည်းမှာ ကျွန်မတို့ အမျိုးသမီးတွေ ပါဝင်လာနိုင်ပြီ၊ အဖိနှိပ်ခံတွေ၊ လူနည်းစုတွေ ပါဝင်လုပ်ဆောင်နိုင်ပြီဆိုရင် ဒါသေချာတယ် ကျွန်မတို့ လူ့အဖွဲ့အစည်း ရှေ့ကို ရောက်လာပြီ ဖြစ်တယ်။ လူ့အဖွဲ့အစည်းဟာလည်း အရောင်အသွေးစုံလင်ကွဲပြားတဲ့ လူမှုအသိုင်းအဝိုင်းဖြစ်လာပြီး တရားမျှတတဲ့ တန်းတူညီတဲ့ ကမ္ဘာသစ် ဖြစ်လာမှာပဲ။ အဲ့ဒီတော့ အကျိုးဖြစ်တယ် မဖြစ်ဘူးလို့ စဉ်းစားတာထက် ဒါက လူ့အဖွဲ့အစည်းမှာ ဖြစ်သင့်ဖြစ်ထိုက်တယ်ဆိုတာကိုပဲ နားလည်ဖို့ လိုတယ်။ ဖြစ်ကို ဖြစ်ရမယ်။ ဖြစ်အောင်လည်း လုပ်ရမှာ ဖြစ်တယ်။ စောနက ပြောခဲ့သလို ကျွန်မတို့ အမျိုးသမီးထု၊ LGBTQ နဲ့ အဖိနှိပ်ခံတွေ မလွတ်မြောက်ဘူးဆိုရင် ကျွန်မတို့ လူ့အဖွဲ့အစည်းဟာလည်း လွတ်မြောက်လာမှာ မဟုတ်ဘူး။ ဒါကို ကျွန်မ ထပ်ကာထပ်ကာ ပြောရလိမ့်မယ်။ ဒါက အရေးကြီးဆုံး ဖြစ်တာကြောင့်ပဲ။

## *၈။ ဖြည့်စွက်ချက်။*

ကျွန်မအနေနဲ့ကတော့ ဒီနွေဦးတော်လှန်ရေးမှာ စစ်သုံးစစ်အပြင် လိင်အခြေပြုဖိနှိပ်မှုကိုပါ တော်လှန်ရမှာ ဖြစ်တယ်။ ကျွန်မတို့ အမျိုးသမီးတွေ အဖိနှိပ်ခံတွေ မပါလာရင် ဒီတော်လှန်ရေးက အလုံးစုံတော်လှန်တဲ့ တော်လှန်ရေးဖြစ်မှာ မဟုတ်ဘူး။ စစ်မှန်တဲ့ တော်လှန်ရေး ဖြစ်လာမှာ မဟုတ်ဘူး။ ဘယ်တော့မှလည်း လွတ်မြောက်မှာ မဟုတ်ဘူး။ ဒီဖိနှိပ်မှုယန္တရားထဲ လည်ပတ်နေဦးမှာပဲ ဖြစ်တယ်။ ကျွန်မတို့ တော်လှန်ရေးခရီး လမ်းက ဝေးနေမှာ အသေအချာပဲ။ ကျွန်မတို့တွေ လွတ်မြောက်ရေးမှာ လူတဦး၊ တယောက်လေးတောင်

ကျန်ခဲ့လို့ မရပါဘူး။ အားလုံး လွတ်မြောက်ဖို့ လိုတယ်။ တဦး၊ တယောက် ကျန်ခဲ့ရင် ဒါက မလွတ်မြောက် သေးဘူး။ ဆက်ပြီး တော်လှန်ရမှာ ဖြစ်တယ်။ ဒါ့အပြင် ကျွန်မတို့က နေ့စဉ် စနစ်ကိုလည်း ဝေဖန်ဆန်းစစ်ရမှာ ဖြစ်သလို၊ ကိုယ့်ကိုကိုယ်လည်း ဝေဖန်ဆန်းစစ်ရမှာ ဖြစ်တယ်။ ကျွန်မတို့ တွင်တွင်ပြောနေတဲ့ ဖမ်မနစ်ဇင် ဆိုတာ အမျိုးသမီးအခွင့်အရေးအတွက်လောက်ပဲ မဟုတ်ဘူး။ စနစ်ကို ဝေဖန်နေတာ၊ ဖိနှိပ်မှုကို ပြောနေတာ။ အလုံးစုံ လွတ်မြောက်ရေးကို ပြောနေတာ။ ကိုယ်တိုင် လှုပ်ရှားလုပ်ဆောင်ရမှာလည်း ဖြစ်တယ်။ ဒါတွေကို မပြော၊ မလုပ်ရင် ဖမ်မနစ် မဟုတ်ဘူး။ ဖမ်မနစ်တွေရဲ့ နောက်ဆုံးပန်းတိုင်ကလည်း ဖမ်မနစ်ဇင် မရှိတော့ဖို့၊ ချုပ်ငြိမ်းသွားဖို့ပဲ ဖြစ်တယ်။ အဲ့ဒီတော့ ကျွန်မတို့ရဲ့ အနာဂတ်၊ ကံကြမ္မာ၊ ဆုံးဖြတ်ပိုင်ခွင့်တွေဟာ အခြားသူတွေဆီက တောင်းခံရမှာ မဟုတ်ဘဲ ကျွန်မတို့ ကိုယ်တိုင်လုပ်ဆောင်ရမှာ ဖြစ်တယ်။ ကျွန်မတို့ လုပ်ဆောင်ရမှာတွေကို မလုပ်ရင် ကျွန်မတို့ကို အခြားက ဝင်ဆုံးဖြတ် လုပ်ဆောင်သွားလိမ့်ပါမယ်။

**ဖမ်မနစ်တွေရဲ့ နောက်ဆုံးပန်းတိုင်ကလည်း ဖမ်မနစ်ဇင် မရှိတော့ဖို့၊ ချုပ်ငြိမ်းသွားဖို့ပဲ ဖြစ်တယ်။**





**အက်စတာဇေနော**

Kachin Political Interim Coordination Team

KPICT

**“လူဦးရေရှိသမျှ အကုန်လုံးကို အမျိုးသမီး၊ အမျိုးသားဖြစ်ပါစေ ပြည်သူဖြစ်နေရင် အသုံးချဖို့ သင့်တယ်။ ကျွန်မတို့ကို ခွဲခြားဆက်ဆံနေရင် ကိုယ်တိုင်ရဲ့နစ်နာမှုပဲ ဖြစ်မယ်။ နိုင်ငံသားတွေအားလုံးရဲ့ နစ်နာမှုပဲ ဖြစ်မယ်လို့ ပြောချင်ပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိနွေဦးတော်လှန်ရေးကကျွန်မတို့ အနီးခေတ်သမိုင်းမှာဆို အကြီးမားဆုံး ဒုတိယလှိုင်း ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ကြားထဲမှာတော့ တစ်နိုင်ငံလုံးအနှံ့ နိုင်ငံရေးလှိုင်းတွေရှိခဲ့ပေမယ့် အနီးခေတ်မှာဆို ၈၈ နဲ့ ၂၀၂၁ ရဲ့လှိုင်းကတော့ အမြင့်မားဆုံးလှိုင်းလို့ ပြောလို့ရပါတယ်။ လှည်းနေမြေအောင်းမြင်းဇောင်းမကျန် တော်လှန်ခဲ့ကြတဲ့ တော်လှန်ရေးဖြစ်တယ်။ နောက်ပြီးတော့ ကျွန်မတို့တောင်တန်းမြေပြန့်တွေပါ အတူတူ ဖြတ်သန်းရတဲ့ တော်လှန်ရေးကြီးတစ်ခု ဖြစ်ပါတယ်။ ၈၈ တုန်းက တကယ်ကိုတစ်နိုင်ငံလုံးအနှံ့ အုံကြွတော်လှန်ခဲ့တယ်ဆိုပေမယ့် တောင်တန်းမြေပြန့်ရဲ့ တကယ့်အနိဋ္ဌာရုံတွေကို လက်ရှိနွေဦးတော်လှန်ရေးလောက် ထင်ထင်ရှားရှား မမြင်တွေ့ခဲ့ရဘူး။ အချိန်တိုအတွင်းမှာ ပြန်ပြီး ငြိမ်သက်သွားတယ်ဆိုတဲ့အပိုင်းကဏ္ဍတွေ ရှိတယ်။ ဒါကြောင့် နွေဦးတော်လှန်ရေးရဲ့ ထူးခြားမှုက လူငယ်တွေအများဆုံး ပါဝင်ဦးဆောင်ခဲ့ကြတဲ့ တော်လှန်ရေး ဖြစ်ပါတယ်။ အဲ့ဟာကပဲ နွေဦးတော်လှန်ရေးက လက်ရှိအချိန်ထိကို တောင့်ခံနိုင်တဲ့ အနေအထားတစ်ခု ဖြစ်နေတယ်။

နောက်ထပ်အချက်က လူထုတစ်ုလုံးရဲ့ဒီမိုကရေစီဆိုတဲ့အရသာကို ကာလတိုလေး မြည်းစမ်းခွင့်ရလိုက်တာကလည်း နွေဦးတော်လှန်ရေးကြီး လက်ရှိအခြေအနေအထိ ရပ်တည်နိုင်တာရဲ့ အကြောင်းတရားတစ်ချက် ဖြစ်ပါတယ်။ ပိတ်မိနေတဲ့အနေအထားကနေ အလင်းရောင်ကို မြင်တွေ့ခဲ့ဖူးတဲ့လူတွေအနေနဲ့ ဒီအလင်းကို မက်မောတယ်။ ဘယ်လောက်ပဲ တိုတောင်းတယ်ဆိုစေဦးတော့ ဘယ်လောက်ပဲ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီကိုမခံစားရဘူးဆိုစေဦးတော့ အရင်တုန်းကဘာမှန်းမသိခဲ့တာကနေ နည်းနည်းလေး သိလိုက်ရတဲ့အခါမှာ ရှိဖူးတော့မှ မရှိခြင်းရဲ့သဘောတရားကို နားလည်တယ်။ အဲ့အတွက်ကြောင့် ဒါကတစ်စုံလုံးကို လက်ရှိအချိန်ထိ တောင့်ခံထားနိုင်တဲ့ အကြောင်းတရား ဖြစ်ပါတယ်။

နောက်ပြီး နိုင်ငံတကာရဲ့ ကမ္ဘာကရွာ ဖြစ်လာတဲ့အချက်ကလည်း နွေဦးတော်လှန်ရေးကို ပံ့ပိုးပေးနေတာ ဖြစ်တယ်။ ဆက်သွယ်ရေးအပိုင်းမှာ ကျွန်မတို့ပိုပြီးတော့ ချိတ်ဆက်မှုတွေ အားကောင်းလာတယ်။ အားကောင်လာတဲ့အတွက် ယုံကြည်မှုတွေကို အချိန်တိုအတွင်း အကောင်အထည်ဖော်ပြီး အမြန်ဆုံးလုပ်နိုင်တယ်။ ဒီသုံးချက်ကတော့ နွေဦးတော်လှန်ရေးမှာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ကို လက်ရှိအချိန်ထိတော်လှန်ရေးအားကောင်းဖို့ ပံ့ပိုးပေးနေတဲ့ အချက်တွေလို့ ကျွန်မမြင်ပါတယ်။ ဒီအချက်တွေအပေါ်မှာ မူတည်ပြီးတော့ လက်ရှိသုံးနှစ်တာကာလမှာ အားလုံးက တရွေ့ရွေ့နဲ့တော့ တည်ဆောက်နေကြတယ်။ အားကောင်းတဲ့အချက်တွေရှိသလို ကျွန်မတို့သွားသလောက် မရွေ့တဲ့အခင်းအကျင်းတွေလည်း ရှိတယ်။ ဥပမာဆိုရင် နိုင်ငံအရနယ်နိမိတ်ချင်း ထိစပ်မယ်လို့ ရွေးချယ်ခွင့် မရတဲ့အချိန်မှာ ကျွန်မတို့က တရုတ်နဲ့ အိန္ဒိယကြားထဲက sandwish ဖြစ်နေတယ်။ ဒါကြောင့် အနောက်နိုင်ငံနဲ့ အားပြိုင်မှုရှိတဲ့ အာရှကနိုင်ငံကြီးတွေနဲ့ အိမ်နီးချင်းဖြစ်နေရခြင်းကလည်း တော်လှန်ရေးမှာ ထင်သလောက်ရှေ့ကိုတိုးလို့မရတဲ့ လုပ်သလောက် အကောင်အထည်မပေါ်လာတဲ့ ဖိအားမျိုးတွေကို ဖြစ်စေတယ်။ နောက်တချက်က ကာလအရှည်ကြာဆုံး စနစ်တကျ အခိုင်အမာတည်ဆောက်နှင့်ပြီးသား စစ်တပ်ရဲ့ institution တွေ ဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုရမယ်။ ဒီလိုမျိုးစုဖွဲ့ထားတဲ့အစုအဖွဲ့ဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ချစားမှုတွေ ဘယ်လောက်ပဲရှိနေသည်ဆိုစေဦးတော့ အချိန်တစ်ခုကြာ အချိန်ယူပြီးတော့မှ ဖြိုဖျက်ရတဲ့အပိုင်းတွေ ရှိတယ်။

နိုင်ငံရေးအစုအဖွဲ့တွေအကြား အချိန်ကာလအတော်ကြာ ပျက်စီးနေပြီဖြစ်တဲ့ ယုံကြည်မှုကို အချိန်တိုအတွင်း ပြန်တည်ဆောက်ရတဲ့အခါမှာ တချို့သောအစုအဖွဲ့တွေရဲ့ အဖွဲ့အစည်းအပေါ်မှာ မူတည်ပြီးစဉ်းစားနေတဲ့ အဖွဲ့အစည်းဗဟိုပြု စဉ်းစားနေတဲ့အရာတွေကလည်း ညီညွတ်မှုနဲ့ စည်းလုံးမှုကို တည်ဆောက်တဲ့အခါမှာ အများကြီးအဟန့်အတား ဖြစ်နေပါသေးတယ်။ ဒါတွေက နွေဦးတော်လှန်ရေးရဲ့ အားနည်းချက်၊ အားသာချက်တွေဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ နွေဦးတော်လှန်ရေးကနေတဆင့် ကျွန်မတို့လိုချင်တဲ့ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ရဖို့ဆိုတဲ့ လက်ရှိအချိန်အထိ မျှော်လင့်ချက်ရှိတယ်။ ဘာလို့ဆို ကျွန်မတို့ရဲ့ပံ့ပိုးနေတဲ့အချက်တွေကလည်း အားကောင်းတဲ့အချက်တွေ ဖြစ်သလို ကျွန်မတို့ကို အနှောက်အယှက်ဖြစ်စေတဲ့အရာတွေကလည်း တဖြေးဖြေးနဲ့ပြေလည်လာပြီဆိုတာကို မြင်တွေ့နိုင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတစ်ခုလို့ပြောတဲ့အခါမှာ အဓိကအရေးကြီးတာတွေက အချုပ်အခြာအာဏာ၊ နယ်မြေ၊ ပြည်သူ၊ အစိုးရ က အခြေခံဖြစ်ပါတယ်။ ကြုံလာတဲ့အတွေ့အကြုံတွေ၊ လက်ရှိရှိနေတဲ့ အနေအထားတွေ၊ ရှေ့နိုင်ငံရေးအတွက် သူတို့ရဲ့နေထိုင်ရပ်တည်ရေးအတွက် မျှော်လင့်ချက်တွေ၊ ဒီအပေါ်တွေမှာမူတည်ပြီးတော့မှ တည်ဆောက်ဖို့လိုပါတယ်။ စံတန်ဖိုးတွေနဲ့ အခြေခံမှုတွေကို ပြည်သူရဲ့လိုအပ်ချက်အပေါ်မှာ အဓိကမူတည်ရမယ်။ မြန်မာနိုင်ငံရဲ့အနေအထားအနေနဲ့ကြည့်ရမယ်ဆိုရင် အဓိကအရေးကြီးနေတာက အဖိနှိပ်ခံတွေ တစ်ဦးနဲ့တစ်ဦး ရပ်တည်ပေးကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်မျိုးက လိုအပ်ပါတယ်။ ဒါအတွက် စံတန်ဖိုးလို့

ပြောမယ်ဆိုရင် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လုံခြုံမှု၊ ငြိမ်းချမ်းမှု ဒီအချက်ငါးချက်ကတော့ အဓိကကျတဲ့ အချက်ဖြစ်မယ်။ ပြည်သူတွေရဲ့အားလုံးရဲ့ထောက်ခံမှု၊ ပြည်သူတွေကို ကိုယ်စားပြုတဲ့ အစုအဖွဲ့တွေရဲ့လိုအပ်ချက်၊ လိုလားချက်အပေါ်မှာ ပြန်ပြီး တည်ဆောက်ရမယ်လို့ ယုံကြည်ပါ တယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

ပဋိပက္ခတစ်ခုမှာ အမျိုးသမီးနဲ့ အမျိုးသားယှဉ်ရင် အမျိုးသားကတော့ ပိုပြီးတော့မှ အသက်ဆုံးရှုံးကြတဲ့ ပမာဏများတယ် ဆိုတာတွေ့ရပါတယ်။ ဒါကြောင့် အမျိုးသားတွေရဲ့လူဦးရေ ရာခိုင်နှုန်းက သိသိသာသာ လျော့ကျသွားနိုင်တယ်ဆိုတာကို ကျွန်မတို့ ဒီအချက်အလက်တွေကြည့်ပြီး မှန်းဆလို့ရနိုင်တယ်။ နဂိုကတည်း က အမျိုးသမီးရာခိုင်နှုန်းများနေတဲ့နေရာမှာ ဒီရာခိုင်နှုန်းကို ကျွန်မတို့ကအသုံးမပြုဘူးဆိုရင် နိုင်ငံအတွက် အင်မတန်ကို ဆုံးရှုံးမှုဖြစ်တယ်။ အမျိုးသမီးမို့လို့ နေရာပေးရမယ်ဆိုတာမျိုးထက် ကျွန်မဒီမှာ highlight လုပ်ချင်တာက လူဦးရေရှိသမျှ အကုန်လုံးကို အမျိုးသမီး၊ အမျိုးသားဖြစ်ပါစေ ပြည်သူဖြစ်နေရင် အသုံးချဖို့ သင့်တယ်။ ကျွန်မတို့ကို ခွဲခြားဆက်ဆံနေရင် ကိုယ်တိုင်ရဲ့နစ်နာမှုပဲ ဖြစ်မယ်။ နိုင်ငံသားတွေအားလုံးရဲ့ နစ်နာမှုပဲ ဖြစ်မယ်လို့ ပြောချင်ပါတယ်။ စုံလင်ကွဲပြားမှုက အရေးကြီးကြောင်း ပြသနေတဲ့ research တွေလည်း အများကြီးရှိခဲ့တယ်။

အမျိုးသမီးတွေအနေနဲ့ ယေဘုယျအားဖြင့်ဆိုရင် ပိုပြီးတော့မှ အသေးစိတ်ကျတဲ့ ရှုမြင်မှုတွေ ရှိတယ်။ အမြင်တွေ ရှိတယ်။ အဓိကကတော့ ပိုအသေးစိတ်ကျတဲ့အမြင်နဲ့ ဆုံးဖြတ်မှုတွေပေါ့။ နိုင်ငံတစ်နိုင်ငံမှာဆိုရင် ဘယ်လောက်ပဲ နိုင်ငံနဲ့ချီပြီး ပြောသည်ဖြစ်ပါစေဦးတော့ ပြောင်းလဲမှုတွေက family Unit တွေကနေ လာပါတယ်။ အိမ်ထောင်စု၊ မိသားစုတစ်ခု မှာ အမျိုးသမီးတွေက အဓိက စီမံခန့်ခွဲတဲ့အပိုင်းကို တာဝန်ယူကြပါတယ်။ အဓိကအနေနဲ့လုပ်နေကြတဲ့အမျိုးသမီးတွေရဲ့ ကဏ္ဍသာမပါဘူးဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ တည်ဆောက်ရေးမှာ အခြေခိုင်မှာ မဟုတ်ပါဘူး။ ဒီလိုမျိုးသုံးနှစ်တာကာလကို ကျော်ဖြတ်လာပြီဖြစ်တဲ့ အတွက်ကြောင့် အမျိုးသားတွေဟာ အမျိုးသမီးတွေနဲ့ တန်းတူ ဘယ်လောက်အထိ ရင်ဘောင်တန်းပြီး အလုပ်လုပ်နိုင်လဲဆိုတာ လက်တွေ့မှာ မြင်နေရပြီ ဖြစ်ပါတယ်။ အမျိုးသမီးဖြစ်တဲ့အတွက်ကြောင့် ကန့်သတ်ထားတာမျိုး မဟုတ်ပဲနဲ့ လုပ်နိုင်ရည်ရှိတဲ့အရည်အချင်းနဲ့ အစွမ်းအစပေါ်မှာ ယုံကြည်မှုပေးပြီးတော့ တကယ့်လက်တွေ့ ကျွန်မတို့အသုံးပြုနိုင်ဖို့ အသုံးချနိုင်ဖို့လိုပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

တော်လှန်ရေး သုံးနှစ်တာကာလအတွင်းမှာ အမျိုးသမီးတွေလုပ်နိုင်စွမ်းရည်ကို တော်တော်များများ မြင်လာကြတယ်၊ ယုံကြည်မှုရှိလာကြတယ် ဆိုတဲ့အတွက်ကြောင့် အမျိုးသမီးတွေရဲ့ ခေါင်းဆောင်မှု၊ နိုင်ငံရေး

ဆိုင်ရာမှာ ဆုံးဖြတ်ပိုင်ခွင့် အရင်ကထက် ပိုတဲ့အနေအထားတစ်ခုကို တွေ့လာရပါတယ်။ သို့ပေမယ့်လို့လည်း ပမာဏအနေနဲ့ဆို တော်တော်လေး နည်းနေသေးတယ်လို့ ပြောရမှာ ဖြစ်ပါမယ်။ ဒီနွေဦးတော်လှန်ရေးက စစ်အုပ်စုပြုတ်ကြဖို့ပဲ မဟုတ်ဘူး။ အမျိုးသမီးတွေ လူလူချင်းတန်းတူညီမျှ မဆက်ဆံပဲနဲ့ ဖိုဝါဒစွဲအယူဝါဒတွေကလည်း ဖက်စစ်ဝါဒရဲ့အစိတ်အပိုင်း ဖြစ်တယ်ဆိုတာ ကျွန်မတို့အနေနဲ့ သတိရဖို့ လိုပါတယ်။ လက်ရှိမှာကိုတာအနေနဲ့ပါဝင်လာတဲ့ အမျိုးသမီးတွေတောင် အများအားဖြင့် တကယ့်ဆုံးဖြတ်ချက်ချရတဲ့စီနီယာတန်းမှာ မဟုတ်ကြသေးဘူး။

လက်ရှိအမျိုးသမီးတွေကလည်း ကြိုးစားနေကြတယ် ပါဝင်နေကြတဲ့နည်းတူ သူ့ရဲ့ အရည်အချင်းနဲ့ စွမ်းရည်အပေါ်မှာ မူတည်ပြီးတော့မှ ကန့်သတ်မှုမထားပဲနဲ့ နေရာပေးဖို့အတွက်ကတော့ ဆက် လုပ်ရမယ့်အပိုင်း ကဏ္ဍဖြစ်နေသေးတယ်။ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်လိုကဏ္ဍတွေမှာ ထင်ထင်ရှားရှား တွေ့နေရပြီလဲ ဆိုရင်တော့ အလယ်အလတ်တန်း ဆုံးဖြတ်ချက်ချရတဲ့နေရာတွေမှာ၊ ပေါ်လစီအရ ဆုံးဖြတ်ချက်ချ ရတယ်ဆိုတဲ့နေရာမှာ ပါဝင်နေတာမျိုးရှိသလို အမျိုးသမီးအများစုပါဝင်နေရတဲ့အရာက ရုံးပိုင်းဆိုင်ရာတွေ ထောက်ပို့ကဏ္ဍတွေ၊ ဆေးနဲ့ပတ်သက်တဲ့ကဏ္ဍတွေ၊ ပညာရေးကဏ္ဍတွေမှာဆိုရင်တော့ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်နဲ့ အမျိုးသမီးတွေရဲ့ ပါဝင်မှုက အရင်ကထက် တော်တော်လေး သိသိသာသာ အများကြီး ထင်ရှားလာတယ်လို့ မြင်ရတယ်။ အထူးသဖြင့်တော့ ရုံးပိုင်းဆိုင်ရာတွေမှာဆိုရင် အမျိုးသမီးတွေရဲ့ပါဝင်မှုက အရင်ကထက်စာရင် အင်မတန်မှ အများကြီး တိုးတက်သွားတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ လူတွေရဲ့ဖြတ်သန်းမှုအပေါ်လည်း အများကြီးဆိုင်တယ်။ ဒီအပေါ်တွေမှာ မူတည်ပြီးတော့မှ လူ့ရဲ့အသိုင်းအဝိုင်းက သူ့ရဲ့လက်ခံတဲ့ တန်ဖိုးထားမှု၊ စံတန်ဖိုးတွေကလည်း အဟန့်အတား ဖြစ်စေပါတယ်။ ဒီမိုကရေစီခေတ်ပြောင်းတစ်ခုမှာ ဒါတွေကို အချိန်အတိုင်းအတာတစ်ခု ချိုးဖျက်ဖို့အတွက် ကြိုးစားခဲ့ပေမယ့် အရှိန်ရခါနီးလေးမှာပဲ အာဏာသိမ်းတာနဲ့ ဖြစ်သွားတဲ့အခါမှာ တကယ့်ခေတ်ပြောင်း၊ စနစ်ပြောင်းပုံစံမျိုးက အကောင်အထည်မဖော်ခဲ့ရဘူး။ နွေဦးတော်လှန်ရေးမှာက မပြောင်းလဲနိုင်ခဲ့သေးသော ယဥ်ကျေးမှုအမွေအနှစ်ဆိုးတွေကို ဖြတ်တောက်ဖို့လိုပါတယ်။ နွေဦးတော်လှန်ရေးနဲ့အတူ ဖြတ်တောက်မှုပဲ ကျွန်မတို့ရဲ့အခွင့်အရေး တန်းတူညီမျှမှုတွေက အမျိုးသမီး၊ အမျိုးသားတင်မဟုတ်ဘူး။ လူမျိုးရေး၊ ဘာသာရေးအပေါ် အခြေခံတဲ့ အခြားသော မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံတဲ့အရာတွေက ပြောင်းလဲလာမှာပါ။ နိုင်ငံရေးမှာ ပါဝင်နိုင်တဲ့ဆုံးဖြတ်နိုင်ခွင့်ကို သမိုင်းနဲ့ချီတဲ့ လူ့အဖွဲ့အစည်းထဲမှာ တည်ဆောက်လာခဲ့တဲ့ စံတန်ဖိုးတွေက တစ်ဆင့်လည်း အကန့်အသတ် ဖြစ်စေပါတယ်။ ဒီစံတန်ဖိုးတွေအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်မတို့ရဲ့တစ်ဘဝလုံးမှာ ဆုံးဖြတ်ချက်ချတာတွေ၊ ဘဝနေနည်းတွေကို သတ်မှတ်ခဲ့ကြပါတယ်။

အမျိုးသမီးနဲ့အမျိုးသားဖြစ်တည်မှုအပေါ်မှာ မူတည်ပြီးတော့မှ သူ့ရဲ့စွမ်းရည်ကို ပြောင်မြောက်အောင် သွေးနိုင်တဲ့ ကွာဟမှုတွေရှိတဲ့အခါမှာ ပါဝင်လာနိုင်မှုအတွက် ထိခိုက်လာတယ်။ အရည်အချင်းမရှိဘူး ဆိုတဲ့ခေါင်းစဥ်

အောက်မှာ ပါဝင်မှုကို ကန့်သတ်လာတယ်။ ဒီလိုပါဝင်မှုမရှိလာတဲ့အတွက် ဆုံးဖြတ်မှုက ပိုပြီးတော့ ဝေးကွာသွားတယ်။ ဒါ့ပြင် စနစ်အရဆိုလည်း ဘယ်ရာထူးမှာ အမျိုးသားမှ ဆိုတဲ့ကန့်သတ်ထားမှုတွေက စနစ်အရ ကန့်သတ်ထားတဲ့အကြောင်းအရာတွေ ဖြစ်တယ်။ နံပါတ်သုံးကကျတော့ လူတစ်ယောက်ချင်းစီတိုင်းရဲ့ ကျားမရေးရာပေါ်မှာမြင်တဲ့ ရှုမြင်မှု၊ သိနားလည်မှု နဲ့ ဆိုင်ပါတယ်။ လူကိုလူလို့ မမြင်တော့ပဲနဲ့ သူ့ရဲ့မတူကွဲပြားမှုတွေမှာ တံဆိပ်ကပ်ပြီး မြင်လာတဲ့ရှုထောင့်မျိုးတွေ ဒါတွေကပဲ ကျွန်မတို့ရဲ့ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို အများကြီး အဟန့်အတားဖြစ်စေတဲ့ အကြောင်းအရာမျိုးတွေ ဖြစ်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အခုလက်ရှိလုပ်ရမှာက အမျိုးသမီးတွေရဲ့ လက်ရှိပါဝင်မှုကို အသိအမှတ်ပြုပြီးတော့ လက်ခံတတ်အောင် စိတ်နေသဘောထားတွေကို ပြောင်းလဲပစ်ဖို့အတွက် အင်မတန်အရေးကြီးပါတယ်။ အခုချိန်မှာကတော့ လူဦးရေအရ အမျိုးသမီးတွေက မပါလို့မရဘူး။ မလုပ်လို့မရဘူး လက်ခံထားတယ်ဆိုတဲ့လူတွေလည်း ရှိကောင်းရှိပေမဲ့ အချိန်တစ်ခုရောက်သွားတဲ့အခါမှာ အမျိုးသားကို ပိုပြီးဦးစားပေးတယ်ဆိုတဲ့ပုံစံမျိုးတော့ ကျွန်မတို့ ပြန်ပြီးပြောင်းလဲမသွားဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ မြင်နေရသလိုမျိုး လုပ်နိုင်တဲ့အမျိုးသမီးတွေ၊ အရည်အချင်းရှိတဲ့ အမျိုးသမီးတွေ တကယ်ရဲရဲတောက် အစွမ်းရှိတဲ့ အမျိုးသမီးတွေရဲ့စွမ်းအင်ကို လက်ခံပြီးတော့ နောက်ပြောင်းလဲမဲ့အနာဂတ်မှာလည်း ဒီလူသားအရင်းမြစ်ကို ဆက်လက်အသုံးပြုသွားဖို့အတွက်ကို ကျွန်မတို့သတ္တိရှိဖို့လိုတယ်။ အခွင့်ပေးဖို့ လိုတယ်။ အားလုံးရဲ့ စိတ်ထဲမှာလည်း အမြဲယုံကြည်ထားဖို့ လိုတယ်။

အမျိုးသမီးတွေနဲ့ပတ်သက်ပြီးတော့ ဂျဲန်ဒါနဲ့ပတ်သက်ပြီး မတူကွဲပြားတဲ့အရာတွေမှာ ဘယ်လိုမျိုး နားလည်ပြီးတော့မှ ဘယ်လိုတန်ဖိုးထားမှုတွေကို တည်ဆောက်သင့်သလဲဆိုတဲ့ဟာမျိုး ဒါတွေနဲ့ပတ်သက်တဲ့ အသိပညာတွေကို အခြေခံရှိထားတဲ့လူတွေအနေနဲ့ အချိန်တိုအတွင်း သဘောပေါက်သွားမယ့် သင်တန်းလိုမျိုးတွေ၊ ဟောပြောပွဲလိုမျိုးတွေ informal၊ non-formal education တွေ ပြုလုပ်မှသာ လူ့အဖွဲ့အစည်းနဲ့ အသားကျနေတဲ့ အယူအဆအလွဲတွေကို အမြန်ဆုံး ပြန်ပြီးတော့မှ ပြုပြင်ဖို့ လိုအပ်တယ်။နောက်ပြီးတော့ ပညာရေးသင်ရိုးမှာလည်း ထည့်သွင်းပြီးတော့မှ ရေးဆွဲဖို့လိုတယ်။ မတူကွဲပြားတဲ့အရာအားလုံးကို ဘယ်လိုမျိုး ပေါင်းစည်းရမယ် သဘောတရားရေးရာကို နားလည်မယ်ဆိုရင် ဂျဲန်ဒါဆိုတဲ့အတွေးအခေါ်က အဲ့လောက်ကြီးမခက်ခဲဘူး။ အမျိုးသမီးရေးရာနဲ့ပတ်သက်ပြီး နောက်ထပ်တချက်က conflict တွေကို sensitivity ရှိဖို့ အလေးထားဖို့ လိုပါတယ်။ သာမာန်ပြည်သူလူထုတွေ သာမာန်ပြည်သူလူထုလို့ပြောတဲ့အခါမှာ နိုင်ငံရေးကို စိတ်ဝင်စားတဲ့သူတွေပါမယ်။ စိတ်မဝင်စားတဲ့လူတွေ ရှိမယ်။ ဒါကြောင့် ပုံမှန်ပြည်သူအားလုံးကို ခြုံငုံပြီး အသိပညာပေးဖို့ လိုပါတယ်။ နိုင်ငံရေးအရ ဦးစီးတဲ့ NUG အနေနဲ့ အစိုးရတစ်ရပ်ရဲ့ဝန်ကြီးဌာနအသီးသီးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုကို လေးစားပြီး အမြဲထည့်သွင်းလုပ်ဆောင်မယ်ဆိုရင် လူ့အဖွဲ့အစည်းတစ်စုံလုံး အချိန်တိုအတွင်း အမြန်ဆုံးလျစ်လျူရှုမှု ပပျောက်ဖို့နဲ့ ပြည့်ပြည့်ဝဝပါဝင်နိုင်ဖို့အတွက် အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

လူ့အဖွဲ့အစည်းမှာ အမျိုးသမီးလို့ လိင်အရသတ်မှတ်ခံရတဲ့သူတွေအနေနဲ့ ပါဝင်မှုကို ကန့်သတ်လိုက်မယ်ဆိုရင် အားလုံးအတွက် နစ်နာမှုပဲ။ အမျိုးသားတွေအနေနဲ့ သတိပြုရမှာက ကိုယ့်ရဲ့မဟာအမျိုးသားဝါဒကပဲ အမျိုးသားတွေကို ပင်ပန်းစေတဲ့အချက်တွေဖြစ်တယ်ဆိုတာကို မြင်ဖို့လိုပါတယ်။ အားလုံး နိုင်ငံတစ်နိုင်ငံကို တည်ထောင်တဲ့နေရာမှာ အမျိုးသား၊ အမျိုးသမီး မခွဲခြားနေပဲနဲ့ ဒီနိုင်ငံရဲ့ ပြည်သူပြည်သားတွေအနေနဲ့ နိုင်တဲ့ဝန်ကိုထမ်းကြဖို့ တကယ့်အခွင့်အရေးကြိုးစားတဲ့သူ တကယ်စွမ်းရည်ရှိတဲ့သူတွေကို အားလုံးပါဝင်ကြဖို့ အတွက် အခွင့်အရေးပေးမယ်ဆို အားလုံးအတွက် အကျိုးရှိတဲ့အကြောင်းအရာပဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေ လည်း ဒါကို မြင်ဖို့လိုပါတယ်။ လူ့အဖွဲ့အစည်းကသတ်မှတ်ထားတဲ့ စံတွေကြားထဲမှာ အမျိုးသမီးတွေကိုယ်တိုင် ကလည်း တခါတလေကျရင် အမျိုးသားဦးဆောင်မှ သဘောကျတယ်ဆိုတဲ့ အနေအထားမျိုး ရှိတာပေါ့နော်။ မသိစိတ်မှာ လွှမ်းမိုးနေတဲ့အရာတွေ ဖြစ်ကောင်းဖြစ်ပေမယ့် ဒီလိုအရာတွေကို အမျိုးသမီးတွေကိုယ်တိုင် မြင်ပြီးတော့ ပြည်သူအားလုံးရဲ့ ကလေးလူကြီး မခွဲခြားနေပဲနဲ့ နိုင်ရာဝန်ထမ်းပြီး၊ ဆောင်ရွက်ကြမယ်ဆိုရင် ပျက်စီးပြိုယွင်းနေတဲ့ ပင်ပန်းနေတဲ့နိုင်ငံတော်ကို ပြန်ပြီးတည်ဆောက်ရာမှာ အမြန်ဆုံးအကောင်အထည် ဖော်နိုင်လိမ့်မယ်။ ပိုပြီးတော့မှ ထင်ရှားတဲ့အပြောင်းအလဲတွေကို ကျွန်မတို့မြင်ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

အမျိုးသမီးတွေအနေနဲ့ တဦးနဲ့တစ်ဦး ပံ့ပိုးကြဖို့အတွက် အများကြီးလိုအပ်နေသေးတယ်။ မြန်မာ့လူ့အဖွဲ့ အစည်းမှာ ကျား၊ မ တန်းတူမညီမျှမှုက လက်ရှိအချိန်ထိ တင်းပြည့်ကျပ်ပြည့်မရသေးတဲ့အချိန်ဖြစ်တဲ့အတွက် အမျိုးသမီးတွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ဖေးမပြီးတော့ ပိုပြီးတော့မှ ပတ်ဝန်းကျင်ရဲ့ တန်ဖိုးထားမှု၊ စံတန်ဖိုးတွေကြောင့် ကျွန်မတို့ရဲ့အရည်အချင်းတွေ ကန့်သတ်ခံခဲ့ရတာတွေကို တွန်းလှန်ဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ပံ့ပိုးပေးရင်းနဲ့ အရည်အချင်းရှိတဲ့လူတွေ ပြောင်မြောက်လာအောင် အစွမ်းပြ နေပြီးသားလူတွေ ပိုပြီးတော့ လုပ်နိုင်ခွင့်၊ လုပ်ပိုင်ခွင့်အခွင့်အရေးတွေ တန်းတူညီမျှမှုရှိလာအောင် နိုင်ငံ တည်ဆောကတဲ့နေရာမှာ အတူတကွပါဝင်သွားကြရအောင် ကိုယ့်ကိုကိုယ်လည်း မကန့်သတ်ထားဖို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။

> **"မြန်မာနိုင်ငံရဲ့အနေအထားနဲ့ဆိုရင် အဓိကအရေးကြီးတာက အဖိနှိပ်ခံတွေ တစ်ဦးနဲ့ တစ်ဦး ရပ်တည်ပေးကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်မျိုးက လိုအပ်ပါတယ်။**



**ရဲဘော်မိဆွူးပွင့်**

ABSDF/ WLB-BWU

**နိုင်ငံရေးဖြတ်သန်းမှု - ၁၉၈၈ - ၂၀၂၄**

**"အမျိုးသမီးတွေကို ခွဲခြားဖိနှိပ်ထားတာ၊ အမျိုးသမီးတွေကို အောက်ခြေလူတန်းစားတွေ အဖြစ်ကနေ အဆင့်ဆင့်အုပ်ချုပ်မှုနေရာတွေကို တွဲမခေါ်တာ၊ နေရာမပေးတာ၊ အမျိုးသမီးတွေနေ့စဉ်အကြမ်းဖက်ခံနေရတာကို လျစ်လျူရှုထားတာ ရှိတဲ့နိုင်ငံမျိုးတွေကို မဖွံ့ဖြိုးမတိုးတက်သေးတဲ့နိုင်ငံ၊ လူနေမှုအဆင့်အတန်းနိမ့်ကျတဲ့နိုင်ငံအဖြစ် ရှုမြင်ကြပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

မြန်မာနိုင်ငံဟာ နိုင်ငံရဲ့လက်တွေ့နိုင်ငံရေးလိုအပ်ချက်နဲ့ ကိုက်ညီမယ့်နိုင်ငံရေးစနစ်မျိုး မထူထောင်နိုင်ပဲ နှစ်ပေါင်းများစွာ စစ်တပ်ကြီးစိုးမှုအောက်ကနေ ရုန်းမထွက်နိုင်တဲ့နိုင်ငံလို့ ပြောရမှာပါ။ အဖိုးတန်သယံဇာတတွေကို ဖြုန်းတီး၊ တိုင်းပြည်နဲ့ပြည်သူလူထုအတွက် ကောင်းကျိုးအထွေထွေကို ဘာမှမဆောင်ကျဉ်းပေးနိုင်ပဲ ဆင်းရဲချမ်းသာကွာဟမှု အလွန်ကြီးမားပြီး တိုင်းရင်းသားအခွင့်အရေး၊ လူ့အခွင့်အရေးတွေ အလုံးစုံဆုံးရှုံးနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ တိုင်းပြည်ဟာ ပြည်တွင်းစစ်နွံထဲမှာ နစ်နေခဲ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့ စစ်အစိုးရအဆက်ဆက်က သေချာအားမထုတ်ခဲ့ဘူး။ ဖက်ဒရယ်စနစ်ကို ပုံဖျက်ငြင်းပယ်ခဲ့သလို အုပ်စုအကျိုးစီးပွားကို ဦးစားပေးရင်း ဒီမိုကရေစီစံနှုန်းတွေကိုလည်း တားမြစ်ပိတ်ပင်ခဲ့တယ်။ လက်နက်နဲ့ အာဏာကို ချုပ်ကိုင်ထားတယ်။

လက်ရှိ ၂၀၂၁ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်နေတဲ့ တော်လှန်ရေးကလည်း ဒီအခြေအနေတွေထဲက တစ်ခုပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံအောက်ဖြစ်ပေမယ့်လည်း ၂၀၁၅ နဲ့ ၂၀၂၀ ကြား လွတ်လပ်မှုပါးပါးလေးပွင့်ခဲ့လို့ လူထုမျှော်လင့်ချက်တွေ ပြန်ရှင်သန်လာချိန်မှာ အတိတ်ကလို လက်နက်နဲ့ခြိမ်းခြောက်လို့မရတော့တဲ့ အနေအထားတရပ်ကို စစ်တပ်က ရင်ဆိုင်နေရတယ်လို့ ပြောရပါမယ်။ ယခင် လူထုတော်လှန်ရေးအဆက်ဆက်က အတွေးအမြင်၊ အတွေ့အကြုံတွေနဲ့ ဒီနေ့လူငယ်တွေရဲ့ နိုင်ငံရေးအသိအမြင်၊ သဘောထား၊ သတင်းစကားတွေ အလွယ်တကူ လက်ဆင့်ကမ်းနိုင်တဲ့အချိန်လည်းဖြစ်တော့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှိုင်းလုံးဟာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ကြီးမားပြင်းထန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လို လူထုခေါင်းဆောင်မျိုးနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို လူထုအကြီးအကျယ် ထောက်ခံမှုပြုခဲ့တဲ့ ဒီမိုကရေစီပါတီမျိုး ပေါက်ဖွားပေါ်ပေါက်လာခဲ့ပေမယ့် တိုင်းပြည်ရဲ့စစ်မှန်တဲ့ အပြောင်းအလဲအတွက် မူဝါဒအခြေပြု ဦးဆောင်မှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေတာလည်း တွေ့မြင်ရတယ်။ တသက်မှာ တကြိမ်သာကြုံရမယ့် အခုလို

တော်လှန်ရေးမှာ တိုင်းရင်းသားအင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေ အတူတကွ အောင်ပွဲကို မရယူနိုင်ရင် ဖက်ဒရယ်ဒီမိုကရေစီအတွက် အခွင့်အလမ်းကောင်းတွေ မဆုတ်ကိုင်နိုင် ရင် လူထုဘဝတွေ တစတစပိုမိုကြပ်တည်းဆိုးရွားလာမယ့် အခြေအနေတွေလည်း တွေ့မြင်နေရတယ်။ လူငယ်တွေရဲ့ဦးဆောင်မှု ကို အဖွဲ့အစည်းတိုင်း၊ နေရာဒေသတိုင်းမှာ မဟာဗျူဟာကျကျ မြှင့်တင်ခြင်းဟာ စိန်ခေါ်မှုနဲ့ အကြပ်အတည်း အားလုံးကို တဖြည်းဖြည်းကျော်လွှားနိုင်မယ့် နည်းလမ်းကောင်းတွေထဲက တစ်ခုဖြစ်ပါတယ်။

### *၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

ဒီနေရာမှာ ရိုးရိုးလေး စဉ်းစားကြည့်ရင် ဒီနိုင်ငံထဲမှာ နေထိုင်ကြတဲ့ ပြည်သူလူထုတွေရဲ့ နေ့စဉ်စားဝတ်နေရေး ပြေလည်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာတွေ တပြေးညီဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေး၊ စီးပွားရေး ဆိုင်ရာတွေမှာ မိမိကိုယ်မိမိ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်မှု၊ မတူကွဲပြားတဲ့ တိုင်းရင်းသား အစုအဖွဲ့တွေကြားထဲမှာ လူမျိုးရေး၊ ဘာသာရေး၊ တန်းတူရည်တူရှိမှု၊ (လွတ်လပ်စွာကိုးကွယ်ခွင့်နဲ့ မိမိတို့ရဲ့ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှုတွေကို အလေးထားပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပိုင်ခွင့်)၊ ပြီးတော့ နိုင်ငံသားတဦးချင်းစီနဲ့ လူမျိုးအလိုက် တရားမျှတမှု၊ လုံခြုံမှုတွေအပြင် ကျားမခွဲခြားဆက်ဆံမှုတွေ၊ ကျားမရေးရာဆိုင်ရာ အခြေပြုခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုတွေ (GBV) နဲ့ မည်သည့် အကြမ်းဖက်မှုမဆို လျော့နည်းပပျောက်အောင် မူဝါဒအရ၊ ဥပဒေအရ လုပ်ဆောင်မှု ဒီလိုအချက်တွေကို အလေးထားပြီး စံတန်ဖိုးနဲ့ အခြေခံမှုတွေချမှတ်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာတော့ ဖက်ဒရယ်အုတ်မြစ်နဲ့ ဒီမိုကရေစီ အုတ်မြစ်ဆိုတဲ့ အခြေခံအုတ်မြစ်ကြီး ၂ ခုအပေါ် အခြေခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ် စံတန်ဖိုးနဲ့ အခြေခံမှုတွေ သေသေချာချာချမှတ်ဖို့ လိုအပ်နေပါတယ်။

### *၃။ နိုင်ငံရေးမှာအမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်ထိအရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုအပ်ပါသလဲ။*

အမြင်စုံလင်ကွဲပြားမှုကို နားလည်လက်ခံပြီး အကျိုးဖြစ်စေမယ့် မူဝါဒနဲ့ လုပ်ငန်းစဉ်တွေ ဖော်ထုတ်ကျင့်သုံးတဲ့ အစိုးရတရပ်ပေါ်ထွန်းရေးဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးတို့နဲ့ တိုက်ရိုက်ဆက်စပ်နေ ပါတယ်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရာမှာ တော်လှန်ရေးအစုအဖွဲ့တွေအနေနဲ့ ဒီမိုကရေစီဆိုတာကို ရှေ့တန်းတင်ပြီးပြောနေကြပေမယ့်လည်း လက်တွေ့မှာ ဒီမိုကရေစီဆိုတာ လူထုရွေးချယ်တင်မြှောက်တဲ့ အစိုးရတရပ်ပေါ် ထွန်းရေးဆိုတဲ့အဓိပ္ပါယ်ထက် အများကြီးနက်ရှိုင်းကြောင်း နားလည်နေဖို့လည်း လိုအပ်ပါ တယ်။ ကျွန်မတို့ ၁၉၈၈/ ၁၉၈၉ လောက်က နားလည်ခဲ့တဲ့ ဒီမိုကရေစီဆိုတာနဲ့ ဒီနေ့ကမ္ဘာကြီးက သွားနေတဲ့ ဒီမိုကရေစီရဲ့စံနှုန်းတွေက အများကြီးတိုးတက်ဖြစ်ထွန်းနေပါတယ်။ ကျွန်မတို့အနေနဲ့ လူဆိုးအမျိုးသားတွေ

လက်ထဲက အာဏာကို လူကောင်းအမျိုးသားတွေလက်ထဲ လွှဲအပ်လိုက်တာနဲ့ တခါတည်းဒီမိုကရေစီဆိုတာ ဖြစ်သွားတော့မယ်လို့ ခပ်လွယ်လွယ် ယုံကြည်နေလို့လည်း မရတော့ပါဘူး။

ဒီမိုကရေစီစံနှုန်းတွေဟာ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုကို မဖြစ်မနေ ရေးရှုလာရတဲ့အတွက် ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်လာကြရပါတယ်။ ကျွန်မတို့ ထိုင်းမြန်မာနယ်စပ် မှာတော့ ၁၉၉၀ နောက်ပိုင်း နှစ်တွေကစလို့ ဒီမိုကရေစီရဲ့ စံတန်ဖိုးကို မြှင့်တင်ရာမှာ နိုင်ငံတကာမူဘောင်တွေနဲ့အညီ အခြေခံကျကျ လုပ်ဆောင်ဖို့ အသိပညာတွေ၊ အတွေးအမြင်တွေ ရရှိခဲ့ကြပါတယ်။ နိုင်ငံရေးဦးဆောင်မှုတွေမှာ နေရာမရခဲ့တဲ့ ဖယ်ကျဉ်ထားခြင်းခံရတဲ့ လူအုပ်စုတွေ၊ အစုအဖွဲ့တွေကို နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်လာအောင် လုပ်ဆောင်ပေးတာ၊ လမ်းဖွင့်ပေးတာ၊ ဒါတွေဟာ ဒီမိုကရေစီရဲ့ အခြေခံအချက်တွေ ဖြစ်လာပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအပိုင်းတွေမှာ ကျားမ ဘယ်လောက် အချိုးကျပါဝင်နေသလဲဆိုတာကိုလည်း အရင်ဆုံးကြည့်လာကြပါတယ်။ အစိုးရတရပ် ဦးဆောင်မှု စွမ်းရည်ရှိခြင်း၊ မရှိခြင်းတွေကို ဒီလိုကျားမကွာဟမှု ကြီးမားချက်တွေအပေါ်မှာလည်း တိုင်းတာလာကြပါတယ်။ အမျိုးသမီးတွေ ထက်ထက်မြက်မြက်နဲ့ ဦးဆောင်မှုနေရာမှာ ရှိနေကြတာကိုတွေ့တဲ့အခါ ဒါဟာ နိုင်ငံတနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်လို့ ရှုမြင်ကြပြီး အမျိုးသမီးတွေကို ခွဲခြားဖိနှိပ်ထားတာ၊ အမျိုးသမီးတွေကို အောက်ခြေလူတန်းစားတွေအဖြစ်ကနေ အဆင့်ဆင့်အုပ်ချုပ်မှုနေရာတွေကို တွဲမခေါ်တာ၊ နေရာမပေးတာ၊ အမျိုးသမီးတွေ နေ့စဉ်အကြမ်းဖက်ခံနေရတာကို လျစ်လျူရှုထားတာရှိတဲ့နိုင်ငံမျိုးတွေကို မဖွံ့ဖြိုးမတိုးတက်သေးတဲ့နိုင်ငံ၊ လူနေမှုအဆင့်အတန်းနိမ့်ကျတဲ့နိုင်ငံအဖြစ် ရှုမြင်ကြတာကိုကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှု၊ အောင်မြင်မှုကို တိုင်းတာရာမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့် အခန်းကဏ္ဍကို ဖော်ဆောင်ပေးဖို့ လိုအပ်တယ်ဆိုတာ လွယ်လွယ်ကူကူ နားလည်နိုင်ပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာပါဝင်ဆုံးဖြတ်ခွင့် ဘယ်လောက် အထိရှိနေပြီလဲ။*

နွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေ ဆုံးဖြတ်ခွင့်ရှိတဲ့နေရာကို အစုလိုက်အပြုံလိုက်ရောက်လာပြီလို့ သုံးသပ်ဖို့ သိပ်စောလွန်းပါတယ်။ လက်ရှိဦးဆောင်မှုအခန်းကဏ္ဍနဲ့ ဦးဆောင်မှုအဆင့်ဆင့်ကို သုတေသန လုပ်ပြီး ဆန်းစစ်မှု သေချာလုပ်ဖို့လိုအပ်ပါတယ်။ ဒီနေ့ကာလဟာ အရင်အနှစ် ၃၀ ကထက် အမျိုးသမီးပါဝင်မှုကို တိုက်တွန်းလာတာ၊ စောင့်ကြည့်လာတာတွေရှိပေမယ့် နေရာအသီးသီးနဲ့ အဖွဲ့အစည်းအသီးသီးမှာ ပါဝင်နေတဲ့အမျိုးသမီးတွေကို မေးကြည့်ရင် အခက်အခဲ ပေါင်းစုံရှိနေတာတွေ့ရပါမယ်။ အာဏာသိမ်းမှုကို ထုနဲ့ထည်နဲ့ ဆန့်ကျင်ဆန္ဒပြတဲ့နေရာတွေမှာ၊ တောထဲတောင်ထဲမှာ ကျရာတာဝန်ထမ်းဆောင်ပြီး တော်လှန်ရေးထဲ ဆက်ပါဝင်နေတာ၊ ဒီလိုနေရာတွေမှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို ထင်ထင်ရှားရှား တွေ့ကြရ ပေမယ့် နေရာဒေသတခုချင်းစီ၊ အဖွဲ့အစည်းတခုချင်းစီကို သေချာခွဲခြမ်းစိတ်ဖြာကြည့်မှ အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချနိုင်တဲ့နေရာမှာ ဘယ်လောက် ရာခိုင်နှုန်းရှိနေပြီလဲဆိုတာ ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ အဖွဲ့အစည်းတိုင်းမှာ အောက်ခြေခေါင်းဆောင်တွေကနေ ထိပ်ပိုင်းခေါင်းဆောင်တွေအထိ အဆင့်ဆင့်ဇယား

ဆွဲပြီး လေ့လာရင် ပါဝင်မှုပုံသဏ္ဌာန်ကို ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်ပြီး အနှစ်သာရအရ ဆုံးဖြတ်ချက်ပေးနိုင်တဲ့နေရာ၊ နိုင်ငံရေးအရ ဩဇာရှိတဲ့နေရာတွေမှာ ဘယ်နှစ်ယောက် ရှိနေပြီလဲ၊ ဘယ်လောက်ရာခိုင်နှုန်းရှိနေပြီလဲဆိုတာကို ဖော်ထုတ်ဖို့လိုပါတယ်။ အချို့နေရာတွေမှာ ရာထူးပေးထားတိုင်းလည်း ဆုံးဖြတ်ချက်ချပိုင်ခွင့် အကန့်အသတ်ရှိပါတယ်၊ (ဒီနေရာမှာ သူတာဝန်ယူထားတဲ့လုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ တကယ့်နိုင်ငံရေးအရ သဘောထားပေးပိုင်ခွင့်တွေကို ဆိုလိုတာဖြစ်ပါတယ်)။ ဒီ Movement ကြီး ထဲမှာ ဘယ်အစုအဖွဲ့တွေက ဦးဆောင်မှုနေရာမှာရှိနေသလဲ၊ အဲဒီနေရာမှာ အမျိုးသမီးတွေ ဘယ်လောက်ပါဝင်ရှိနေပြီလဲစသဖြင့် ဖော်ထုတ်ကြည့်ဖို့လိုအပ်ပါတယ်။

### *၅။ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာပါဝင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတားဖြစ်နေစေသလဲ။*

လက်နက်ကိုင်တိုက်ပွဲအားကောင်းတဲ့ကာလတွေမှာတော့ စစ်ရေးခေါင်းဆောင်တွေဆီမှာ စစ်ရေး၊ နိုင်ငံရေးအာဏာ ရှိပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေ အရှိန်လျော့ပြီး နိုင်ငံရေးအရ ဖြေရှင်းဖို့ဆိုတဲ့ အချိန်ကာလတစ်ခုရောက်လာရင်လည်း စစ်ကိုဦးဆောင်ခဲ့တဲ့သူတွေရဲ့အခန်းကဏ္ဍကပဲ ရှေ့ကိုပြန်ရောက်လာတတ်တဲ့သဘောသဘာဝရှိပါတယ်။ စစ်ရေးတိုက်ပွဲအရှိန်ကောင်းလေလေ အမျိုးသမီးတွေရဲ့နိုင်ငံရေးဆိုင်ရာ ပါဝင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတွေက အနောက်မှာကျန်နေတတ်ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာ့ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅ မှာ အမျိုးသမီးတွေ နိုင်ငံရေးဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့နေရာကို ရောက်ရှိလာဖို့၊ အမျိုးသမီးတွေကို စစ်ပွဲကာလ တလျှောက်လုံးမှာ အကူအညီပေးဖို့၊ အကာအကွယ်ပေးဖို့၊ ပူးပေါင်းဆောင်ရွက်ခွင့်တွေ၊ ဆုံးဖြတ်ခွင့်တွေပေးဖို့၊ အရေးကြီးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါတယ်။ ဒီနေရာမှာအစဉ်အလာနဲ့ ဓလေ့ထုံးတမ်းတွေကြောင့်ဖြစ်စေ၊ သမရိုးကျယုံကြည်မှုနဲ့ ပုံစံခွက်အမြင်တွေကြောင့်ဖြစ်စေ၊ မဟာဖိုဝါဒအတွေးအမြင်တွေကြောင့်ဖြစ်စေ၊ စစ်ရေးလှုပ်ရှားမှု အကြီးအကျယ် အားကောင်းနေလို့ဖြစ်စေ၊ အမျိုးသမီးတွေရဲ့ နိုင်ငံရေးဆိုင်ရာပါဝင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်တွေကို အဟန့်အတားဖြစ်စေတာကို တွေ့ရမှာဖြစ်ပါတယ်။

### *၆။ နိုင်ငံသစ်တည်ဆောက်ရာမှာ အမျိုးသမီးတွေရဲ့ဆုံးဖြတ်ပိုင်ခွင့်ကို လစ်လျူရှုမှုတွေပပျောက်ဖို့ ပြည့်ပြည့်ဝဝနဲ့ပိုမိုပါဝင်လာစေဖို့ ဘာတွေကိုလုပ်ဆောင်သင့်ပါသလဲ။*

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်မှာ အမျိုးသမီးများနိုင်ငံရေးပါဝင်မှုအတွက် လမ်းညွှန်မှုတွေ ပါဝင်နေအောင် ထည့်သွင်းရပါမယ်။ ပြည်ထောင်စုအဆင့်၊ ဖက်ဒရယ်ယူနစ်(ပြည်နယ်)အဆင့်တွေမှာ ဒီလမ်းညွှန်မှုတွေ မလွဲမသွေ ပါဝင်အောင် ပြင်ဆင်ထားရပါမယ်။ ပြည်သူလူထုအကြား ပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် အခုချိန်ကတည်းကစပြီး လုပ်ဆောင်ထားကြရပါမယ်။ အရပ်ဖက်အဖွဲ့အစည်းတွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေကနေတဆင့် နိုင်ငံရေးပါတီ၊ နိုင်ငံရေးအဖွဲ့အစည်းတွေမှာ အမျိုးသမီးများဦးဆောင်မှုနဲ့ပါတ်သက်တဲ့မူဝါဒတွေ မလွဲမသွေထားရှိလာအောင် စည်းရုံးလှုံ့ဆော်ရပါမယ်။ အနာဂတ်မှာ ပေါ်ပေါက်လာ

မယ့် ကြားကာလအစိုးရဖြစ်စေ၊ အသွင်ကူးပြောင်းရေးကာလအစိုးရဖြစ်စေ၊ ဖက်ဒရယ်ဒီမိုကရေစီအစိုးရဖြစ်စေ အမျိုးသမီးများဦးဆောင်မှုအပေါ် အာမခံမယ့် မူဝါဒနှင့် လုပ်ငန်းစဉ်မရှိသော၊ မည်သည့်အစိုးရမျိုးကိုမှ လက်သင့်မခံဆိုတဲ့ ကြွေးကျော်သံတွေ၊ သတိပေးမှုတွေ၊ ဖော်ထုတ်နေကြဖို့ လိုအပ်ပါတယ်။ အသေးစိတ်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေလည်း အများကြီးရှိပါတယ်။ ဒါတွေကို အခုချိန်ကတည်းက သေသေချာချာ ပြင်ဆင်ထားကြဖို့ အရေးတကြီးလိုအပ်ပါတယ်။

*၇။ အမျိုးသမီးတွေနိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့်နဲ့ပါဝင်ခွင့်ရမယ်ဆိုရင် အနာဂတ်မှာ ဘယ်လိုအပြောင်းအလဲမျိုးတွေ မြင်တွေ့ရမလဲ။ ဘယ်လိုအကျိုးများဖြစ်စေမလဲ။*

ကမ္ဘာကြီးမှာ ကျားတွေ၊ မတွေ၊ ကျားမဆိုင်ရာ လိင်သဘောထားရပ်တည်မှု ကွဲပြားသူတွေ စသဖြင့် လူတွေလူတွေ စုပေါင်းနေထိုင်ကြတာဖြစ်ပါတယ်။ နိုင်ငံတိုင်းနိုင်ငံတိုင်းမှာလည်း ဒီလိုပါပဲ။ လူမျိုးတိုင်း၊ ဘာသာတိုင်းကို ကြည့်မယ်ဆိုရင်လည်း ကျားရယ် မရယ်၊ လိင်သဘောထားရပ်တည်မှုကွဲပြားသူတွေရယ် ရှိနေတာဟာ ဖြစ်တည်မှု ဖြစ်ပါတယ်။ ဒီလိုပကတိဖြစ်တည်မှုတွေကို အခြေမခံတဲ့၊ ထည့်သွင်းစဉ်းစားခြင်းမပြုတဲ့ တည်ဆောက်မှုတွေဟာ ခိုင်မာမှုအတွက် အာမခံချက် အလွန်နည်းပါးပါတယ်။ လူတိုင်းလူတိုင်းကို မိမိနိုင်ငံကောင်းကျိုး၊ ကမ္ဘာကြီးကောင်းကျိုးအတွက် အင်အားရှိသမျှ ပါဝင်ဆောင်ရွက်ခွင့်ရှိအောင် လမ်းဖွင့်ထားပေးရပါမယ်။ နိုင်ငံရေးနိုးကြားသောတိုင်းပြည်နှင့် နိုင်ငံရေးနိုးကြားသော ပြည်သူများအဖြစ်မှ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်လို့ရမှာဖြစ်ပြီး တစု တဖွဲ့ရဲ့နိုင်ငံရေးပါဝင်မှုကို လမ်းပိတ်ထားခဲ့ရင် ဒီအစုအဖွဲ့ရဲ့ နိုင်ငံရေးနိုးကြားမှုကို ပိတ်ပင်ခြင်းပဲဖြစ်ပါမယ်။ နိုင်ငံရေးနိုးကြားမှု အားနည်းတဲ့လူအုပ်စုကြီး ကြီးကြီးမားမားရှိနေပြီဆိုရင် ဒီတိုင်းပြည်ဟာ အာဏာရှင်စနစ်ပုံစံ အမျိုးမျိုးကို ပြန်ပြီးဖိတ်ခေါ်နေတဲ့တိုင်းပြည် အဖြစ်သာ နိဂုံးချုပ်မှာသေချာပါတယ်။

**ဒီ Movement ကြီးထဲမှာ ဘယ်အစုအဖွဲ့တွေက ဦးဆောင်မှုနေရာမှာ ရှိနေသလဲ၊ အဲဒီနေရာမှာ အမျိုးသမီးတွေ ဘယ်လောက်ပါဝင်ရှိနေပြီလဲ စသဖြင့် ဖော်ထုတ်ကြည့်ဖို့လိုအပ်ပါတယ်။**



**နော်ဇမ်ဘာဖော**

Founder - Food Not Bombs Kawthoolei

## စစ်ပွဲထဲကအသက်ရှင်လွတ်မြောက်လာသောကလေးများမိခင်

**"ကိုယ်ကိုတိုင်ဟာ နိုင်ငံထဲမှာနေတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ကိုယ်ဟာ နိုင်ငံရေးဖြစ်တယ်။ ကိုယ်ကိုတိုင်ဟာ နိုင်ငံ့အရေးဖြစ်တယ်။ ဒါကြောင့်မို့ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာပါဝင်ဖို့ လိုအပ်တယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးက အာဏာရူးသွပ်သူတွေရဲ့ အာဏာပြိုင်ဆိုင်မှု၊ အာဏာအပြိုင်အဆိုင်တွေရဲ့ မတရားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ပြည်သူ့တော်လှန်ရေး ဖြစ်တယ်လို့ မြင်ပါတယ်။ ဒါဟာ ဒီနွေဦးတော်လှန်ရေးမှာ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးရဲ့ အခင်းအကျင်းတစ်ခုလို့ ကျွန်မအနေနဲ့ သုံးသပ်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

အာဏာရှင်ပျက်သုဉ်းရေး၊ ၂၀ဝ၈ ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရေး ဆိုတဲ့ နိုင်ငံရေးဦးတည်ချက်သုံးရပ် ရှိပါတယ်။ နွေဦးတော်လှန်ရေးရဲ့ နိုင်ငံရေးဦးတည်ချက် သုံးရပ်စလုံးအတွက် စံထားရမယ့်အချက်ကတော့ တရားမျှတရေး၊ တန်းတူညီမျှရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နဲ့ ငြိမ်းချမ်းမှု ရရှိဖို့ လိုပါတယ်။ နိုင်ငံရေးဦးတည်ချက်သုံးရပ်ကို ဖော်ဆောင်တဲ့အချိန်မှာ ဒီစံတန်ဖိုးလေးချက်ကို အမြဲထည့်သွင်းစဥ်းစားပြီးတော့မှ ရေးဆွဲရမှာ ဖြစ်တယ်။ ဖော်ဆောင်ရမှာ ဖြစ်တယ်။ လက်တွေ့ကျကျ လုပ်ဆောင်ကြရမှာဖြစ်တယ်။ တခါတလေကျတော့ နိုင်ငံရေးမှာ ဘာဖြစ်တတ်လဲဆိုရင် စာရွက်ကြီးတွေထဲမှာတော့ ကောင်းသောအရာတွေကို ရေးထားပါတယ်။ လူတွေအထင်ကြီးလောက်အောင် နိုင်ငံတကာအထင်ကြီးလောက်အောင် ပညာရှင်တွေရေးထားတဲ့ စာရွက်ကြီးတွေတော့ ရှိနေပါတယ်။ ဒါပေမယ့် ဒီအရာတွေက လက်တွေ့မှာ ဘာမှရှိမနေဘူး။ ဒီတကြိမ် နွေဦးတော်လှန်ရေးအလွန်မှာ ဒါတွေမဖြစ်ဖို့ အရေးကြီးပါတယ်။

ခုနတုန်းကပြောတဲ့ အာဏာရှင်အမြစ်ဖြတ်သွားရမယ်၊ ၂၀ဝ၈ လုံးဝပြတ်သုဉ်းရမယ်။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ဟာ တကယ်ပဲ အမှန်တကယ်နိုင်ငံသစ်ကြီးမှာ ပေါ်ပေါက်လာရမယ်။ ဒါတွေကို တကယ်လုပ်ဖို့ ဖြစ်ပါတယ်။ စာရွက်ထဲမှာပဲ ဦးတည်ချက်တွေထဲမှာပဲ ရှိနေတာ မျိုးမဟုတ်ပဲ တကယ်ရှိသွားဖို့ လိုပါတယ်။ ဒီစံတန်ဖိုးလေးချက်ဟာ Humanitarian Politics လို့ခေါ်တဲ့ လူသားအခြေပြု နိုင်ငံရေးဆိုတဲ့အရာကို အခြေခံပြီးတော့မှ ပေါ်ပေါက်လာတဲ့ စံတန်ဖိုးလေးရပ်ဖြစ်ပါတယ်။ အခုချိန်မှာနိုင်ငံကြီးဟာ လူသားစံတန်ဖိုး

တွေ ပျောက်ဆုံးပြီးတော့မှ နိုင်ငံရေးဟာ ပျက်စီးသွားတာဖြစ်တယ်။ နိုင်ငံရေးဟာ failed state ဖြစ်သွားတာဖြစ်တယ်။ နိုင်ငံရေးပျက်စီးနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်သွားတာ ဖြစ်တယ်။ ဒီလိုနိုင်ငံရေးပျက်စီးနေသော နိုင်ငံတစ်နိုင်ငံမှာ လူသားကိုအခြေပြုသော လူသားစံတန်ဖိုးတွေကိုတန်ဖိုးထားတဲ့ နိုင်ငံရေးကို ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံရေးအမြင်စုံလင်ကွဲပြားမှုက ဘာကြောင့်အရေးကြီးသလဲဆိုရင် ဒါဟာ တစ်ယောက်ကို တစ်ယောက် အသိအမှတ်ပြုနိုင်မှုအပေါ်မှာ မူတည်တယ်။ နိုင်ငံရေးအမြင်မတူညီကွဲပြားရခြင်းဟာ သူတို့ဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းမတူညီတဲ့အတွက်ကြောင့် ဖြစ်တယ်။ ဖြတ်သန်းလာရတဲ့သမိုင်းကြောင်းတိုင်းဟာ လူမျိုးစုတိုင်းအတွက် မတူပါဘူး။ တစ်စုနဲ့တစ်စု တစ်နေရာနဲ့တစ်နေရာ လူမျိုးတစ်မျိုးနဲ့တစ်မျိုးရဲ့ ဖြတ်သန်းလာမှု သမိုင်းကြောင်းပေါ် မူတည်ပြီးတော့မှ သူတို့ရဲ့နိုင်ငံရေးအယူအဆဟာ ကွဲပြားသွားတယ်။ နိုင်ငံရေးရပ်တည်ချက်၊ တော်လှန်ရေးရပ်တည်ချက်တွေဟာ ကွဲပြားသွားကြတာဖြစ်တယ်။ ငါနဲ့ မတူဘူး။ ငါ့လူမျိုးနဲ့ နိုင်ငံရေးခံယူချက် မတူဘူး။ ငါ့ဒေသနဲ့ နိုင်ငံရေးခံယူချက် မတူဘူးဆိုပြီး တစ်ယောက်ကိုတစ်ယောက် ရန်လိုမုန်းတီးဖို့ မဟုတ်ဘူး။ အဓိကက သူတို့ရဲ့မူလဖြစ်တည်ခြင်း၊ နိုင်ငံရေးအယူဝါဒကွဲပြားရခြင်းရဲ့ သမိုင်းကြောင်းနောက်ခံကို နားလည်လက်ခံနိုင်ဖို့လိုတယ်။ ဒါဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။

နောက်တခုအနေနဲ့ကတော့ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုဟာ အရေးကြီးတယ်။ အရေးအကြီးဆုံးဖြစ်တယ်။ ဘာကြောင့်အရေးကြီးဆုံးဖြစ်လဲဆိုရင် နိုင်ငံရေးဆိုတာဟာ မိသားစုကနေ စတင်တယ်။ မိသားစုအရေးကနေ စတင်တယ်။ ကိုယ့်တကိုယ်ရည်အရေးကနေ စတင်တယ်။ နိုင်ငံရေးဆိုတာ နိုင်ငံရေးလို့ပြောမယ်ဆို ကိုယ့်ရဲ့ တစ်ကိုယ်ရည်အရေးကနေစပြီးတော့ မိသားစုအရေး၊ ရပ်ရွာအရေး၊ လူမှုအရေး၊ တိုင်းပြည်ရေးကို တစ်ဆင့်ချင်းသွားတာဖြစ်တယ်။ ဒါကြောင့် ကိုယ်ကိုတိုင်ဟာ နိုင်ငံထဲမှာနေတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ကိုယ်ဟာ နိုင်ငံရေးဖြစ်တယ်။ ကိုယ်ကိုတိုင်ဟာ နိုင်ငံ့အရေး ဖြစ်တယ်။ ဒါကြောင့်မို့ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာပါဝင်ဖို့ လိုအပ်တယ်။ အဲ့လိုမျိုး ပါဝင်သင့်တယ်လို့ အနေအထားရှိတဲ့အချိန်မှာ ဘာကအရေးကြီးဆုံးလဲဆို အမျိုးသမီးတစ်ယောက်ဟာ ကိုယ့်ကိုကိုယ် နိုင်ငံရေးမှာ အရေးကြီးဆုံးဖြစ်တယ်။ အရေးကြီးတယ်ဆိုတဲ့ ခံယူချက်ရှိဖို့ လိုတယ်။ အမျိုးသမီးတစ်ယောက်ဟာ အဲ့ဒီခံယူချက်မရှိဘူး။ အဲ့လို ခံယူချက်မရှိဘူးဆိုရင် ကိုယ့်ကိုကိုယ် တန်ဖိုးထားမှုဟာ လျော့နည်းသွားမှာ ဖြစ်တယ်။ တန်ဖိုးထားမှုဟာ ရှိမှာ မဟုတ်ဘူး။

ဒါကြောင့် အမျိုးသမီးဟာ နိုင်ငံရေးမှာ ဘယ်လောက်အထိ အရေးကြီးသလဲဆိုရင် အမျိုးသမီးတစ်ယောက်ဟာ သူ့ကိုယ်သူဘယ်လောက်အထိ တန်ဖိုးထားပြီးတော့မှ အသက်ရှင်နေသလဲ။ ရှင်သန်နေသလဲ။ အမျိုးသမီးတစ်ယောက်ဟာ သူ့ကိုယ်သူ ဘယ်လောက်တန်ဖိုးရှိတယ်လို့ ခံယူထားလဲဆိုတဲ့အရာပေါ်မှာ မူတည်ပါတယ်။

အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ ပါဝင်သင့်သလဲဆိုရင် ကိုယ်ကိုတိုင်က ဘယ်လိုကဏ္ဍတွေမှာ ပါဝင်ဖို့ပြင်ဆင်ထားသလဲအပေါ် မူတည်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ ကိုယ့်ကိုကိုယ် ဘယ်လောက်အထိ တန်ဖိုးထားသလဲဆိုတဲ့ အချက်ပေါ်မှာ မူတည်တဲ့အတွက်ကြောင့် ကိုယ့်ကိုကိုယ်တန်ဖိုးထားမှု၊ ဦးဆောင်သွားနိုင်ဖို့၊ တာဝန်ယူသွားနိုင်ဖို့၊ တာဝန်ခံသွားနိုင်တဲ့အမျိုးသမီး၊ တာဝန်ယူတာဝန်ခံနိုင်တဲ့အမျိုးသမီးအဖြစ် ကိုယ့်ကိုကိုယ် တန်ဖိုးထားပြီးတော့ ဘယ်လောက်အထိ တည်ဆောက်ထားသလဲဆိုတဲ့ အပေါ်မူတည်ပါတယ်။ ကိုယ်ကိုတိုင် ကိုယ့်ကိုကိုယ်တန်ဖိုးထားမှုနဲ့ နိုင်ငံရေးရဲ့ဘယ်ကဏ္ဍမှာမဆို ကိုယ့်ရဲ့တည်ဆောက်ထားမှု ကျွမ်းကျင်ရာကနေ တာဝန်ယူ၊ တာဝန်ခံပြီးတော့ ပါဝင်လုပ်ဆောင်သင့်တယ်လို့ ပြောချင်ပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အမျိုးသမီးတွေရဲ့နေရာရမှု၊ တာဝန်ယူဆုံးဖြတ်ပိုင်ခွင့်ရှိမှု နိုင်ငံရေးမှာဦးဆောင်နိုင်မှု ဆိုတာ ပွင့်လင်းမြင်သာမှု ရှိစွာနဲ့ ဖော်ပြလို့ရတဲ့ကာလ မဟုတ်တဲ့အတွက်ကြောင့် ဒါတော့ ကျွန်မလည်း မမြင်နိုင်ပါဘူး။ မတွေ့ရပါဘူး။ ဒါပေမယ့် မတွေ့ရတဲ့ကြားက သိသိသာသာသတိထားမိတဲ့ ခေါင်းဆောင် အမျိုးသမီး တစ်ယောက်ကိုတော့ ကျွန်မတွေ့တယ်။ သူကတော့ US ကနေ ဗိုလ်မှူးဟောင်းတစ်ယောက်ဖြစ်တဲ့ ဆရာမမီမီဝင်းဘတ် သူ့ကိုတော့ သတိထားမိတယ်။ သူကတော့သိသိသာသာ ထင်ထင်ရှားရှားရှိလာတဲ့ အမျိုးသမီးခေါင်းဆောင်လို့ ကျွန်မ မြင်တယ်။ တကယ်လုပ်ကိုင်စွမ်းအားရှိပြီးတော့မှ ပညာရှိတယ်။ လုပ်နိုင်ကိုင်နိုင်ရှိတယ်။ စစ်ဘက် ဆိုင်ရာ ဗိုလ်မှူးဟောင်းတစ်ယောက်ဖြစ်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်လည်းဖြစ်ခဲ့တယ်။ မီဒီယာတွေကနေတဆင့် စစ်နဲ့ပတ်သက်ပြီးတော့မှ စစ်ဘက်ဆိုင်ရာနဲ့ ပတ်သက်တဲ့ ထွက်ပေါ်လာတဲ့ ဘာအရေးအခင်းကိုမဆို ဆွေးနွေးအကြံပေးနေတာကို တွေ့ရတယ်။ ဒီနေရာမှာဘာပြောချင်လဲဆိုတော့ ဒီအရာကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးဆိုတာဟာ နိုင်ငံရေးမှ မဟုတ်ဘူး၊ စစ်ရေးမှာလည်း ဦးဆောင်နိုင်တယ်ဆိုတာကို ကျွန်မ ပြောချင်တယ်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်တဲ့နေရာမှာ နိုင်ငံရေး၊ စစ်ရေးနဲ့ တည်ဆောက်ရေးကို ဖိုခနောင့် ညီညီသွားနိုင်မှ တည်ဆောက်နိုင်တာဖြစ်တယ်။ မျှမျှတတ ဖော်ဆောင်သွားနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဆရာမမီမီဝင်းဘတ်ကတော့ ဂုဏ်လည်းယူတယ်။ အတုလည်းယူပါတယ်။

### *၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အမျိုးသမီးတွေက နိုင်ငံရေးပိုင်းမှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူးဆိုတာက အမျိုးသမီးတွေကရော နိုင်ငံရေးပိုင်းမှာ တကယ်ကျွမ်းကျင်သလား။ တကယ်လည်း အရည်အချင်းမရှိဘဲနဲ့ နိုင်ငံရေးမှာ ဦးဆောင်ခွင့်မရဘူးဆိုတဲ့ အရာကိုပဲ သွားနေမယ်ဆို ဘယ်တော့မှရမှာမဟုတ်ဘူး။ ကိုယ်အရည်အချင်းမရှိပဲနဲ့ နေရာလိုချင်တာ ဒါတရားမျှတ တဲ့လုပ်ရပ်မဟုတ်ဘူးလို့ ကျွန်မအနေနဲ့ မြင်ပါတယ်။ နိုင်ငံရေးမှာ တကယ်ဦးဆောင်နိုင်တယ်။ တကယ်ပဲ

အရည်အချင်းရှိတယ်။ တကယ်လမ်းပြနိုင်တယ်။ တကယ်လုပ်နိုင်တဲ့အရည်အချင်းရှိလို့ အမျိုးသမီး တစ်ယောက်ဟာ နေရာမရဘူးဆိုရင် ဒါဟာမဖြစ်သင့်တဲ့အရာ၊ တရားမမျှတတဲ့အရာ ဖြစ်ပါတယ်။

အဲ့လိုနိုင်ငံရေးကို ကောင်းကောင်း ဦးဆောင်နိုင်တဲ့ အမျိုးသမီးတွေဖြစ်အောင် တည်ဆောက်ရမှာ ဖြစ်တယ်။ အဲ့လိုမတည်ဆောက်နိုင်သရွေ့ကတော့ အဲ့ဒါဟာ အမျိုးသမီးတွေရဲ့နိုင်ငံရေးမှာ ဦးဆောင်နိုင်ခွင့်မရတဲ့ အဟန့်အတားပဲဖြစ်တယ်။ နောက်တချက်ကတော့ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးမှာပါဝင်ဖို့ ဆုံးဖြတ်ပိုင်ခွင့် ရနိုင်ဖို့ဆိုရင် တလွဲမာနမရှိဖို့လိုတယ်။ အမျိုးသမီးအခွင့်အရေးဆိုတဲ့အရာကို ကိုင်ဆွဲပြီးတော့မှ တလွဲမာန တွေနဲ့သွားနေတဲ့ အမျိုးသမီးရေးရာတွေ ရှိနေသ၍လည်း အမျိုးသမီးတွေကနိုင်ငံရေးမှာ ဦးဆောင်ခွင့်ရမှာ မဟုတ်ဘူး။ အမျိုးသမီးအခွင့်အရေးနဲ့ feminist လို့ခေါ်တဲ့အမျိုးသမီးရေးရာဟာ မတူပါဘူး။ အဲ့ဒါကို သေချာသိဖို့လိုမှာ ဖြစ်တယ်။ ဒီနေ့ အမျိုးသမီးကဏ္ဍကို လုပ်ဆောင်နေတဲ့ အမျိုးသမီးတော်တော်များများဟာ အမျိုးသမီးအခွင့်အရေးနဲ့ အမျိုးသမီးရေးရာကို မကွဲပြားကြပါဘူး။ Women right နဲ့ feminist ဆိုတဲ့အရာကို ကွဲကွဲပြားပြားမရှိသေးသ၍ အမျိုးသမီးတွေဟာ နိုင်ငံရေးမှာနေရာရမှာ မဟုတ်ဘူး။ ဒါဟာ အဟန့်အတား ဖြစ်နေဦးမှာ ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ကတော့ တကယ်ပဲနိုင်ငံရေးမှာ ဦးဆောင်ဦးရွက်နိုင်တဲ့အမျိုးသမီးတွေကို နေရာပေးဖို့ လူ့အသိုင်းအဝိုင်းက ပြည်သူတွေက ဆန္ဒရှိ သလား။ တကယ်လို့ လူ့အသိုင်းအဝိုင်းက ပြည်သူတွေက ဆန္ဒမရှိ ခြင်းကလည်း အမျိုးသမီးကိုနေရာပေးဖို့ရန် နိုင်ငံရေးမှာ နေရာပေးဖို့ရန်အတွက် အဟန့်အတားဖြစ်ပါတယ်။ ဘာကြောင့် အမျိုးသမီးတွေကို နိုင်ငံရေးမှာ ပြည်သူလူထုနဲ့ လူ့အဖွဲ့အစည်းတွေက နေရာမပေးချင်တဲ့အရာ ဖြစ်လာသလဲဆိုတာ ရှိပါတယ်။ ဒီသမိုင်းကြောင်းဟာလည်း ရှိပါတယ်။ ပြည်သူနဲ့ လူ့အဖွဲ့အစည်းက နေပြီးတော့မှ နိုင်ငံရေးမှာဦးဆောင်ခွင့်ပေးလိုက်တဲ့ အမျိုးသမီးကကော နိုင်ငံကြီးကို တကယ်ဦးဆောင်နိုင်ခဲ့ရဲ့ လားဆိုတာ စဉ်းစားစရာဖြစ်စေတဲ့အချက်ဖြစ်တဲ့အတွက် ဒီအချက်ဟာလည်း အဟန့်အတားဖြစ်စေခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ လူမျိုးစုတိုင်းမှာရှိနေတဲ့ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လူမှုရေးခံယူချက် ဖြစ်ပါတယ်။ အဲ့ဒီအရာကလည်း အမျိုးသမီးကိုနေရာမပေးခြင်း၊ ချိုးနှိမ်ထားခြင်းဆိုတဲ့ လူမျိုးစုတိုင်းမှာရှိနေတဲ့ လူမှုရေးအရအစွဲကြောင့်လည်း ဖြစ်ပါတယ်။ ဒီအရာတွေကလည်း အမျိုးသမီးတွေကို နိုင်ငံရေးမှာ နေရာမရဖို့ ရန်အတွက် အဟန့်အတား ဖြစ်စေတဲ့အရာ ဖြစ်စေပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

လက်ရုံးရည်နဲ့ နှလုံးရည်ပြည့်ဝသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အမျိုးသမီးတွေ ဖြစ်ဖို့လိုအပ်တယ်။ အမျိုးသမီးတွေ လုပ်နိုင်စွမ်းအားကို တကယ်ပဲ ကိုယ်ကိုတိုင်လက်တွေ့ကျကျလုပ်နိုင်တဲ့ စွမ်းအားကို တည်ဆောက်ထားနိုင်တဲ့ အမျိုးသမီးတွေ ဖြစ်ဖို့လိုတယ်။ အဲ့ဒီအရာဟာ နိုင်ငံတော်သစ်ပြန်လည်တည်ဆောက် ရေးမှာ အခြေခံအကျဆုံးသော ကိစ္စဖြစ်တယ်။ ဘယ်လိုအရင်းအမြစ်တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်မလဲ ဆိုတဲ့နေရာမှာလည်း အမျိုးသမီးတွေ သူတို့နေထိုင်တဲ့နေရာ၊ သူတို့ကျင်လည်တဲ့နေရာ၊ သူတို့ရဲ့အခြေအနေ၊

သူတို့ရဲ့အနေအထားတွေမှာ ဘယ်အရာတွေကဖြည့်ဆည်းပေးဖို့ လိုအပ်သလဲဆိုတဲ့အပေါ်မှာ မူတည်မှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့က ဒါဖြည့်ဆည်းပေးရမယ်လို့ သွားလုပ်ပေးတော့ သူလိုနေတာ မဟုတ်နေဘူးဆိုတာ မဖြစ်ဖို့လိုတယ်။ ဒီအလွဲတွေ မဖြစ်ဖို့လိုပါတယ်။

ဒါကြောင့်အမျိုးသမီးတွေ နိုင်ငံရေးမှာ ထဲထဲဝင်ဝင် ပါဝင်နိုင်ဖို့ နေ့စဉ်ရှင်သန်မှုနဲ့ လက်တွေ့ဘဝမှာ အခြေခံကျကျ ဘာတွေကို တကယ်လိုအပ်သလဲဆိုတဲ့အရာပေါ်မှာ မူတည်ပြီးတော့ အမျိုးသမီးတွေကို ဖြည့်ဆည်းပေးသွားရမှာ ဖြစ်ပါတယ်။ စီမံပေးတဲ့နေရာမှာကတော့ အောက်ခြေအဆင့်ကနေ တစ်ဆင့်ခြင်းစီမံပေးရမှာဖြစ်တယ်။ အသေးစိတ် စီမံဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ အခြေခံမခိုင်ပဲနဲ့ တိုင်းပြည်တစ်ခုကို ပြန်တည်ဆောက်လို့ မရတော့ဘူး။ နိုင်ငံရေးကျိုးကျသွားတဲ့အချိန်မှာ အစစအရာရာ အခြေခံကနေတည်ဆောက်ရမှာဖြစ်တယ်။ ဒါကြောင့် အခြေခံဖြစ်တဲ့ မိမိကိုယ်ကိုမိမိ တည်ဆောက်ရမှာ၊ ခိုင်မာအောင်တည်ဆောက်ရမှာ မိမိမိသားစုအသိုင်းအဝိုင်းကို ခိုင်မာအောင်တည်ဆောက်ရမှာ ဖြစ်တယ်။ မိမိရပ်ရွာအသိုင်းအဝိုင်းကို ခိုင်မာအောင်တည်ဆောက်ရမယ်။ မိမိရဲ့မြို့နယ်ကို ခိုင်မာအောင် တည်ဆောက်ရမယ်။ မိမိရဲ့တိုင်းပြည်ကြီးကို ခိုင်မာအောင်တည်ဆောက်ရမယ်။ ကိုယ်ကိုတိုင်က လက်တွေ့ကျကျ လုပ်ဆောင်နိုင်မှု မရှိဘူး။ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့ လူတစ်ယောက်က တိုင်းပြည်ကြီးကို တည်ဆောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အမျိုးသမီးတွေအနေနဲ့ လူ့အခွင့်အရေးကို အပြည့်အဝရရှိအောင် ဦးဆောင်နိုင်ဖို့ လုပ်ဆောင်နိုင်ဖို့ဆိုရင် တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုမရှိတဲ့ အမျိုးသမီးတွေကို တာဝန်မပေးမိဖို့ လိုတယ်။ တာဝန်မယူနိုင်၊ တာဝန်မခံနိုင်ဘဲနဲ့ မိမိကိုယ်ကိုတောင် လွတ်မြောက်အောင် မလုပ်နိုင်တဲ့အမျိုးသမီးတွေကို တာဝန်ပေးမိတယ်။ ခေါင်းဆောင်နေရာကို ထားမိတယ်ဆိုရင်တော့ တိုင်းပြည်ကြီးမှာ ဘာမှ တကယ်တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ တာဝန်ယူတာဝန်ခံနိုင်တဲ့ အမျိုးသမီးတွေကို တိုင်းပြည်မှာဦးဆောင်ခွင့်ရအောင် ဦးဆောင်လုပ်ဆောင်နိုင်တဲ့ နေရာကိုပေးပါ။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေဟာ နိုင်ငံရေးမှာတင်းပြည့်ကြပ်ပြည့်ပါဝင်ဖို့ဆိုတာက အမျိုးသမီးတွေဟာ တင်းပြည့်ကြပ်ပြည့်ပါဝင်နိုင်အောင် ပြန်သုံးသပ်ရမှာ ဖြစ်တယ်။ ပြန်လည်စဥ်းစားရမှာ ဖြစ်တယ်။ တကယ်ပဲ လုပ်ဆောင်နိုင်တဲ့ စွမ်းအားတွေ၊ အရည်အချင်းတွေ၊ ဦးဆောင်နိုင်မှုတွေ တာဝန်ယူတာဝန်ခံနိုင်မှုတွေ မရှိတဲ့ အဲ့ဒီအရာတွေကို မလုပ်ဆောင်နိုင်တဲ့ နိုင်ငံရေးကို ဦးဆောင်မယ့် အမျိုးသမီးတွေ ဖြစ်နေမယ်ဆိုရင်တော့ ဘယ်လိုမှ တင်းပြည့်ကြပ်ပြည့်နေရာရလာမှာ မဟုတ်ပါဘူး။ နေရာပေးခဲ့ရင်လည်း တိုင်းပြည်ကြီးက ဘာမှထူးလာမှာမဟုတ်ပါဘူး။ မုန့်လုံးစက္ကူကပ် ဒုံရင်းဒုံရင်းပဲ ထပ်ဖြစ်နေဦးမှာဖြစ်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

ဒီနွေဦးတော်လှန်ရေးကာလမှာတော့ အမျိုးသမီးတွေကလည်း တော်တော်များများ ကြိုးစားနေကြမယ်လို့ ကျွန်မယုံကြည်တယ်။ အမျိုးသမီးတွေ တော်တော်များများကလည်း ကိုယ်ရှိတဲ့ ကဏ္ဍကို ကိုယ်လုပ်နိုင်တဲ့ နေရာ ကိုယ်ဦးဆောင်နိုင်တဲ့အပိုင်းတွေကနေ လုပ်ဆောင်နေမယ်လို့ ကျွန်မကယုံကြည်တယ်။ ကိုယ်ရှိနေတဲ့

ကဏ္ဍ၊ ကိုယ်လုပ်ဆောင်နေတဲ့အပိုင်းကို ခုနပြောသလို တာဝန်ယူတာဝန်ခံနိုင်ပြီးတော့ လက်တွေ့ကျကျ လုပ်ဆောင်နိုင်တဲ့ ဆက်လက်ပြီးတော့ ကြိုးစားဖို့အားပေးချင်တယ်။ စိတ်ဓာတ်မကျဖို့လည်း အားပေးချင်တယ်။ နိုင်ငံတစ်နိုင်ငံကို ပြန်လည်တည်ဆောက်ရေးကို ဦးတည်တယ်ဆိုရင် ခုနပြောတဲ့ ဖိုခနောင့်သုံးခုပေါ့၊ နိုင်ငံရေး၊ စစ်ရေးနဲ့ တည်ဆောက်ရေးအပိုင်းမှာ ကိုယ်ဘယ်အပိုင်းမှာ ရှိနေသလဲဆိုတာကို ကိုယ့်ကိုကိုယ်ပြန်လည်သုံးသပ်ပါ။ ကိုယ့်ရဲ့ ရှိနေတဲ့အပိုင်းကို ကိုယ်အကောင်းဆုံးတာဝန်ယူ၊ တာဝန်ခံပြီးတော့ တည်ဆောက်သွားပါလို့ အကြံပြုချင်ပါတယ်။ အားပေးချင်ပါတယ်။

> အခုချိန်မှာနိုင်ငံကြီးဟာ လူသားစံတန်ဖိုး တွေ ပျောက်ဆုံးပြီးတော့မှ နိုင်ငံရေးဟာ ပျက်စီးသွားတာဖြစ်တယ်။ နိုင်ငံရေးဟာ *failed state* ဖြစ်သွားတာ ဖြစ်တယ်။





**မဖြိုးဖြိုးအောင်**

**Program Director**

**The Wings Institute**

**“ ဘယ်အမျိုးသမီးပဲဖြစ်ဖြစ် ရေခံမြေခံကောင်းကောင်းနဲ့ ရေလောင်းပေါင်းသင်ပေးမယ်၊ ခေါင်းဆောင်မှုစနစ်တွေလည်း ဖန်တီးပေးနိုင်တယ်ဆိုရင် ခေါင်းဆောင်ကောင်းအမျိုးသမီးတွေ လူငယ်တွေ ပေါ်ထွက်လာနိုင်တယ်လို့ မြင်ပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးဟာ ကျွန်မတို့ တိုင်းပြည်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ခဲ့ဖူးတဲ့ သာဓကရှိတဲ့ အကြောင်းအရာ တစ်ခု တဖန်ထပ်ဖြစ်လာတယ် မြင်ပါတယ်။ ကျွန်မတို့ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ခု ရှိခဲ့တယ်။ အဲအစိုးရနဲ့ ပြည်သူတွေကြားမှာ နိုင်ငံရေးသမားတွေကြားထဲမှာ နိုင်ငံရေးအရ ဒီမိုကရေစီနည်းကျ ပြန်ပြီးညှိနှိုင်းဆွေးနွေးပြီးတော့ အမျိုးသားတည်ဆောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖက်ဒရယ်နဲ့ ပတ်သက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ ကာလမှာပဲ မတရား စစ်အာဏာ သိမ်းခံလိုက်ရတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်တပ်ကိုတစ်စုံတစ်ရာ အုပ်ချုပ်ဖို့အတွက် အခွင့်အလမ်းပေးထားတာဖြစ်နေတဲ့ အတွက် အဲ့ဒီအောက်ကနေပဲ အာဏာသိမ်းခံလိုက်ရတယ်။ အဲအချိန်မှာ ပြည်သူအနေနဲ့ ဒီမိုကရေစီအစိုးရ တစ်ရပ်ကိုပဲ လိုလားတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကို အလိုမရှိဘူး။ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်မယ် အစရှိသဖြင့် ကျွန်မတို့ရဲ့ တကယ့်စစ်မှန်တဲ့ လိုလားချက်တွေ ပေါ်ပေါက်လာတယ်။ အရင်တော်လှန်ရေးတွေနဲ့ ယှဉ်ရင် NUCC ဖွဲ့စည်းနိုင်ခြင်းကတော့ ထူးထူးခြားခြားပဲသမိုင်းမှာ network ကြီးကြီးမားမားဖွဲ့စည်းနိုင်တာ ဖြစ်ပါတယ်။

တော်လှန်ရေးက ထင်သလောက် ခရီးမပေါက်တဲ့ကိစ္စရပ်တွေလည်း အများကြီး ရှိပါတယ်။ လက်တလောမှာလည်း ခေါင်းဆောင်မှုဆိုင်ရာ အခက်အခဲတွေ အများကြီးဖြစ်နေတာကိုလည်း တွေ့ရတယ်။ NUG နဲ့ NUCC ကြားထဲမှာ ခေါင်းဆောင်မှုအခက်အခဲတွေရှိနေတာ၊ ဆုံးဖြတ်ချချက်တဲ့အပိုင်းမှာ လေးကန်နေတာမျိုးတွေ ဒါမျိုးတွေကလည်း လက်တွေ့ကြုံနေရတဲ့ အမှန်တရားပေါ့။ ကျွန်မတို့အနေနဲ့ ပြောရရင်တော့ တော်လှန်ရေး ထဲမှာတော့ လက်နက်ကိုင်တော်လှန်ရေးကလည်း အနေအထားတစ်ခု ရရှိနေတယ်။ လူထုလှုပ်ရှားမှုကတော့ အရင်ကလောက် အားမကောင်းတော့တာကြောင့် ကျွန်မအမြင်ကတော့ လူထုလှုပ်ရှားမှုတွေ ထပ်ပြီးတော့ မြှင့်တင်ဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ လူထုလှုပ်ရှားမှုက တကယ့်နိုင်ငံရေးအရ အားသာမှု ပိုပြီးဖြစ်စေလိမ့်မယ်လို့ မြင်ပါတယ်။ ကျွန်မတို့ရဲ့အရမ်းကိုတန်ဖိုးထားရတဲ့အဖူးအပွင့်တွေ တိုင်းပြည်ရဲ့အနာဂတ် တိုင်းပြည်အတွက်ကိုစဉ်းစားပြီးတော့ လူထုလှုပ်ရှားမှုနည်းလမ်းတွေနဲ့ လက်နက်ကိုင်တော်လှန်တဲ့နည်းလမ်းနှစ်ခုလုံးက ဟန်ချက်ညီညီနဲ့ အချိတ်ဆက်မိမိ သွားနိုင်တယ်ဆိုရင် ကျွန်မတို့တကယ်ရှိနေတဲ့နေရာထက် အရှေ့ကို

ပိုရွှေ့လိမ့်မယ်လို့ ကျွန်မက မျှော်လင့်ပါတယ်။ အဲ့လိုဖြစ်လာဖို့လည်း ကျွန်မ မျှော်လင့်တယ်။ ကျွန်မတို့ တိုင်းပြည်ကအခုဆိုရင် တစ်ချို့နေရာတွေမှာလည်း အတိုင်းအတာတစ်ခုထိ စစ်ကောင်စီရဲ့အုပ်ချုပ်မှုက ကင်းလွတ်လာတဲ့နေရာတွေလည်း ရှိလာပြီ။ အဲနေရာတွေမှာလည်း နိုင်ငံရေးနည်းနာအရ အုပ်ချုပ်မှုပုံစံမျိုး တွေနဲ့ ပြင်ဆင်နိုင်မယ်ဆိုရင် ပြည်တွင်းထဲက ပြည်သူတွေကိုပါ ကျွန်မတို့အနေနဲ့ နမူနာပြပြီးသား ဖြစ်တယ်။ တကမ္ဘာလုံးကိုလည်း စစ်တပ်နဲ့ အရပ်သားအုပ်ချုပ်မှုနဲ့ ဘာကွာခြားလဲဆိုတာကို တိတိကျကျပြပြီးသား ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

ကျွန်မတို့အဖွဲ့အစည်းကိုယ်တိုင်က nation building ကို ဦးတည်တယ်။ ရုပ်ကော နာမ်ကော နှစ်ခုလုံးပါတဲ့ နိုင်ငံတော်တည်ဆောက်ရေးက အရေးကြီးပါတယ်။ အဲ့လိုတည်ဆောက်တဲ့နေရာမှာ ကျွန်မတို့ အဖွဲ့အစည်းရဲ့ စံတန်ဖိုး၊ version ဖြစ်သလို၊ နိုင်ငံတော်သီချင်းမှာလည်း အမြဲတမ်းပါတဲ့ Equality၊ freedom နဲ့ Justice ကို စံတန်ဖိုးအနေနဲ့ ထားဖို့လိုပါတယ်။ နောက်ပိုင်းမှာ equality ထက် equity နဲ့ Liberty ဆိုပြီး စဉ်းစားလာ ကြတယ်။ ကျွန်မတို့ အရင်တုန်းကကာတွန်းတစ်ခုရှိတယ်။ နံရံတစ်ခု ရှိတယ်။ နံရံရဲ့တစ်ဖက်မှာ ဘောလုံးပွဲ ရှိတယ်။ နံရံထက် ခေါင်းတစ်လုံးအရပ်မြင့်တဲ့သူက ဘောလုံးပွဲကို ကောင်းကောင်းမြင်ရတယ်။ ဒုတိယ တစ်ယောက်ကတော့ နံရံရဲ့တစ်ဝက်ပဲ မြင်ရတယ်။ နောက်ဆုံးတစ်ယောက်ကတော့ နံရံထက် နိမ့်တော့ လုံးဝ မမြင်ရဘူး။ ဒုတိယတစ်ယောက်မှာ ခုံအသေးခုပေးပြီးတော့ နောက်ဆုံးတစ်ယောက်မှာ ခုံနည်းနည်း ပိုကြီးတာ ခုပေးလိုက်တာကိုကျတော့ equity လို့ပြောတာ။ အားလုံးတန်းတူမြင်နိုင်ဖို့ ကာနေတဲ့ နံရံကိုဖြိုချလိုက်တာ ကတော့ Liberty ပါ။ ဒီတိုင်းပြည်ကိုဖက်ဒရယ်ပဲသွားသွား confederate ပဲ သွားသွား ငါတို့က ဒီတိုင်းပြည်ကိုတစ်နိုင်ငံထဲသားချင်း ငါတို့အတူတူပဲ ငါတို့အချင်းချင်း ဝိုင်းပြီးတော့ တည်ဆောက် ကြမယ်ဆိုတဲ့ nation building မျိုး မဖြစ်ပဲနဲ့ တစ်သက်လုံး equality တောင် မခံခဲ့ရတဲ့ပြည်သူပြည်သားတွေ ကို အားနာရပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

ဒီတိုင်းပြည်မှာရှိနေတဲ့သူတွေအတွက် ထည့်မစဉ်းစားတာမျိုး မရှိရအောင် အသံများများပါနိုင်လေ ပိုကောင်း လေပါ။ မပါနိုင်သေးတဲ့သူအတွက်လည်း ထည့်စဉ်းစားရမှာ ဖြစ်ပါတယ်။ နောက်တခုက ဒီမိုကရေစီအရေး လှုပ်ရှားမှုမျိုးစုံမှာ ဟိုးအရင်စပြီဆိုကတည်းက အမျိုးသမီးတွေက အများကြီး ပါဝင်ခဲ့ကြတယ်။ အနီးဆုံး စစ်အာဏာသိမ်းမှုကို ဆန့်ပြရာမှာလည်း အမျိုးသမီးတွေ ရှေ့တန်းကပါခဲ့တယ်၊ CDMဖြစ်လာတော့လည်း ပါခဲ့ကြတယ်။ နောက်ဆုံးလက်နက်ကိုင်တော်လှန်ရေးထဲမှာ အမျိုးသမီးတွေ ရှေ့တန်းက ပါခဲ့ကြတာ တွေ့ရ

တယ်။ ပထမဆုံးပစ်သတ်ခံရတာတောင်မှ အမျိုးသမီးအများစု ဖြစ်တယ်။ ကိုယ့်ရဲ့မိသားစုပတ်ဝန်းကျင်၊ ပိုင်ဆိုင်မှုတွေ စွန့်လွှတ်ပြီးတော့ ဒီနေရာမှာပါဝင်နေကြတဲ့ အမျိုးသမီးတွေကို အများကြီးအလေးပြုရတယ်။

တချိန်တည်းမှာ ခေါင်းဆောင်မှုအပိုင်းတွေ၊ ဆွေးနွေးငြင်းခုန်ရမယ့်အပိုင်းတွေမှာရော ကျွန်မတို့အမျိုးသမီးတွေ မပါသင့်ဘူးလား။ နေရာစုံမှာ ပါကိုပါရမယ်။ ဒီအမျိုးသမီးတွေက စွန့်လွှတ်ခဲ့တယ်။ ဒီအမျိုးသမီးတွေမှာ အဲ့ဒီနေရာဒေသ အဲ့ဒီလုပ်ငန်း၊ အဲ့ဒီဆောင်ရွက်မှုတွေနဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေ၊ အမြင်တွေ အများကြီး ရှိတယ်။ အဲ့ဒီအမြင်တွေအပေါ်မှာ ကိုယ်စားပြုခွင့်တွေ ထုတ်ဖော်ပြောခွင့်တွေဆွေးနွေးခွင့်တွေရှိတယ်။ အဲ့အတွက်ကြောင့် သူတို့ပါရမယ်။ ခေါင်းဆောင်မှုအပိုင်းမှာလည်း မဖြစ်မနေပါကိုပါရမယ်။ သူတို့ဆုံးဖြတ်ချက်ကလည်း ခုနပြောသလို တကယ်ကို လိုအပ်တဲ့ဆုံးဖြတ်ချက်တွေ ဖြစ်တယ်။ အဲ့လိုနေရာမှာ ခြွင်းချက်တွေထည့်ပြီးပြောရမယ်ဆိုရင် အမျိုးသမီးခေါင်းဆောင်တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်က မှားနိုင်တယ်၊ လူငယ်ကို ဆုံးဖြတ်ချက်ချတဲ့နေရာပေးလိုက်ရင် မှားနိုင်တယ်လို့ ပြောရင် သာမန်ရိုးကျ လူကြီးအမျိုးသားရဲ့ ခေါင်းဆောင်မှုတွေကရော ဆုံးဖြတ်ချက်တွေကရော မမှားနိုင်ဘူးလား။ အမျိုးသမီးဖြစ်ခြင်း၊ လူငယ်ဖြစ်ခြင်း အသက်အရွယ်ကန့်သတ်ခြင်းအပေါ်မှာ အကြုံးမဝင်ဘူး။ ခေါင်းဆောင်မှုဆိုတာက သတင်းအချက်အလက်တွေအပေါ် ဘယ်လောက်မျှော်မြင်သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိလဲဆိုတာ ဖြစ်ပါတယ်။ အဲ့တော့ ခေါင်းဆောင်မှုကို ဂျဲန်ဒါ၊ အသက်အရွယ်၊ လူမျိုး တခုခုနဲ့ ကန့်သတ်တာ မှားယွင်းတဲ့အယူအဆလို့ ကျွန်မက မြင်ပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အခုလက်ရှိမှာတော့ မြေပြင်သပိတ်အဖွဲ့တွေကအစ အဖွဲ့အစည်းအသီးသီးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုတွေ၊ ဦးဆောင်မှုတွေကိုတော့ မြင်တွေ့နေရတယ်။ တစ်ဦးချင်းစီမြေပြင်လှုပ်ရှားတဲ့ သပိတ်အဖွဲ့တွေနေစပြီး နိုင်ငံရေးဦးဆောင်တဲ့လူတွေကိုပံ့ပိုးတဲ့ ပညာရှင်ကဏ္ဍတွေမှာပါ အမျိုးသမီးတွေကို တော်တော်တွေ့ရပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေရဲ့ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်ရလဲဆိုတဲ့အပေါ်မှာတော့ နောက်ထပ် မေးခွန်းထုတ်စရာဖြစ်ပါတယ်။ NUG အစိုးရအဖွဲ့တစ်ခုလုံးအနေနဲ့ အမျိုးသမီးတွေ ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်ရှိလဲဆိုတာတော့ ကျွန်မတို့ တိတိကျကျသိဖို့ ခက်ခဲတယ်။ ဝန်ကြီးဌာနတွေ အစည်းအဝေးတွေမှာတော့ သေသေချာချာမသိရပေမယ့် NUG ဆိုရင်တော့ မဇင်မာအောင်ရဲ့လှုပ်ရှားမှုတော်တော်များများ ကျွန်မတို့မြင်ရတယ်။ သူကနိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်တယ်။ လက်ရှိ NUG ရဲ့မူဝါဒတွေ လုပ်ဆောင်မှု အောင်မြင်မှုဒါတွေ ကိုယ်စားပြုနေရတဲ့သူဖြစ်တဲ့အခါကျတော့ သူ့ရဲ့အသံတွေ နိုင်ငံတကာအသံတွေနဲ့၊ နိုင်ငံတကာမှာရှိတဲ့အင်အားစုတွေ မြန်မာ့အရေးကို ကူညီဆောင်ရွက်နေတဲ့ အင်အားစုတွေနဲ့ တွေ့တဲ့နေရာမှာ တော်တော်ထဲထဲဝင်ဝင် တွေ့ဆုံနေတာတွေပြောဆိုနေတာတွေ ကျွန်မတို့မြင်ရတယ်။ အဲ့လိုမြင်ရတယ်ဆိုပေမယ့် NUG မှာဘယ်လောက်အထိ အမျိုးသမီးတွေရဲ့ဆုံးဖြတ်ပိုင်ခွင့်က ရာခိုင်နှုန်းများလဲ။ ထည့်သွင်းစဉ်းစားခြင်း ခံရလဲမရလဲဆိုတာတော့ ကျွန်မအနေနဲ့မသိနိုင်ဘူး။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

လူ့အဖွဲ့အစည်းမှာ ဦးဆောင်မှုအခန်းကဏ္ဍမှာ အမျိုးသမီးကို ထည့်စဉ်းစားတာ နည်းတယ်။ များသောအားဖြင့် supportive role မှာနေကြတာ များတယ်။ ကျွန်မရဲ့အမြင်ကတော့ အမျိုးသမီးနဲ့အမျိုးသားဆိုတာထက် ရှေ့တန်းထွက်ရမယ့်လူက အမျိုးသမီးပဲဖြစ်ဖြစ် အမျိုးသားပဲဖြစ်ဖြစ် ရှေ့တန်းထွက်မယ့်လူ ရှိကိုရှိတယ်။ လူတစ်ယောက်နဲ့တစ်ယောက်က အားသာချက်အားနည်းချက်က တယောက်နဲ့တစ်ယောက်မတူဘူး။ အမျိုးသမီးဖြစ်ခြင်း အမျိုးသားဖြစ်ခြင်းနဲ့မဆိုင်ဘူး။

တကယ်တမ်းက လူ့အဖွဲ့အစည်းမှာ အရိုးစွဲတဲ့အလေ့အထအကျင့်တွေကြောင့်ပါ။ အမျိုးသမီးကို ခေါင်းဆောင်တင်လို့ ရတယ်၊ ဒီအမျိုးသမီးလည်း ဆုံးဖြတ်နိုင်တယ်ဆိုတဲ့ အလေ့အထတွေကို အကျင့်မဖြစ်သေးဘူး။ အခုချိန်မှာတော့ ကမ္ဘာကြီးက ပြောင်းလာတယ်။ အိမ်အလုပ်ဆိုတာ အမျိုးသားတစ်ယောက်ထဲ လုပ်ရတာမဟုတ်ဘူး။ အမျိုးသမီး လည်း အလုပ်လုပ်တာမျိုး ကိုယ့်ကိုကိုယ် ရပ်တည်ရတာမျိုး အမျိုးသမီးလည်း ခေါင်းဆောင်ရတာမျိုး ဒါမျိုးတွေ မြင်လာတယ်။ ဒီခေတ်သစ်ရေစီးကြောင်းနဲ့အညီ လိုက်တော့စီးလာကြတယ်။ ဒါပေမယ့် အရိုးစွဲတဲ့ တချို့စီနီယာ citizen ခေါင်းဆောင်မှုအဟောင်းတွေကတော့ ဒါတွေကို အလေ့အထမဖြစ်သေးဘူး။ လုပ်နိုင်ပါ့မလားဆိုတဲ့ သံသယတွေ စိုးရိမ်မှုတွေကတော့ culture နဲ့အလေ့အထပေါ်မှာမူတည်ပြီးတော့ ဆက်ပြီးတော့ ရှိနေတုန်းပဲ။အဲ့ဟာက အဟန့်အတားဖြစ်နေတုန်းပဲလို့ မြင်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးတွေ ဝင်လာနိုင်ဖို့အတွက် ကိုတာစနစ်လိုမျိုးကနေတစ်ဆင့် နောက်မှာ ပံ့ပိုးကူညီမှုတွေ ရထားတဲ့ အမျိုးသမီးတွေကလည်း ဝင်လာမယ်။ အဲ့ကနေ နိုင်ငံရေးမှာ အမျိုးသမီး ပါဝင်မှုက အလေ့အထတွေ ဖြစ်လာမယ်ဆိုရင် တဖြေးဖြေးနဲ့ ပံ့ပိုးစရာမလိုပဲ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့် ဆုံးဖြတ်နိုင်မှုက အလိုအလျောက်ဖြစ်လာမယ်လို့ မြင်တယ်။ အာဏာမသိမ်းခင်ကအထိ ကျွန်မတို့တိုင်းပြည်ရဲ့ နံပါတ်တစ်ခေါင်းဆောင် က ဒေါ်အောင်ဆန်းစုကြည်လို့ လက်ခံထားပြီးသား ဖြစ်ပါတယ်။ အမျိုးသမီးခေါင်းဆောင်မှု အလေ့အကျင့်ဖြစ်ထားပြီးသားပေမယ့် ဒေါ်အောင်ဆန်းစုကြည်က တခြားအမျိုးသမီးနဲ့ မတူဘူး။ ဒေါ်စုမို့လိုလုပ်နိုင်တာ တခြားမိန်းမတွေဆို လုပ်နိုင်ချင်မှလုပ်နိုင်မှာဆိုတာမျိုး ကျွန်မတို့ရဲ့လူ့အဖွဲ့အစည်းက ဟိုဘက်စွန်း ဒီဘက်စွန်း ခုန်ကူးတက်တဲ့ အလေ့အကျင့်၊ သူရဲကောင်းကိုးကွယ်တဲ့စဉ်းစားချက်မျိုးကိုလည်း ကျွန်မတို့လူ့အဖွဲ့အစည်းက ရှိပါတယ်။ တကယ်တမ်းဆိုရင်တော့ အမျိုးသမီးဆိုတာ ဘယ်အမျိုးသမီးပဲဖြစ်ဖြစ် ရေခံမြေခံကောင်းကောင်းနဲ့ ရေလောင်းပေါင်းသင်နိုင်တယ်ဆိုရင် ခေါင်းဆောင်မှုစနစ်တွေလည်း ဖန်တီးနိုင်တယ်ဆိုရင် ခေါင်းဆောင်ကောင်းအမျိုးသမီးတွေ လူငယ်တွေ ပေါ်ထွက်လာနိုင်တယ်လို့ မြင်ပါတယ်။

*၇။ လူ့အခွင့်အရေးရှုထောင့် အရ တော်လှန်ရေးကာလအတွင်းမှာ အမျိုးသမီးတွေ ဘယ်လို ပုံစံနဲ့ ချိုးဖောက်ခံနေရတာတွေ ရှိပါသလဲ။ အနာဂတ်မှာ အမျိုးသမီးတွေ လူ့အခွင့်အရေးအပြည့်အဝရရှိဖို့ ဘယ်လို အစီအမံတွေ ဆောင်ရွက်သင့်ပါသလဲ။*

အခုကာလမှာ အမျိုးသမီးတွေ တရားမဲ့ဖမ်းဆီးခံရတာတွေ သတ်ဖြတ်ခံရသလို၊ ထပ်တိုးတာကတော့ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပန်းခံရတာ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရတဲ့အပိုင်းတွေ ပိုပြီးများတယ်။ တချို့ အမျိုးသားတွေလည်း ခံရတာရှိတယ်။ အမျိုးသမီးတွေကတော့ ပိုပြီးများများစားစား ခံရတယ်။ အဲ့ဒီအပိုင်းမှာလည်း ဒါက စစ်တမ်းသဘောမျိုးဖြစ်တဲ့အတွက် တချက်ထည့်ပြောချင်တာက စစ်အာဏာသိမ်းတဲ့ စစ်ကောင်စီက ကျူးလွန်တာမျိုးတွေ အများကြီးရှိသလိုပဲ တော်လှန်ရေးတပ်တွေဘက်မှာလည်း လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုတွေ ကြားနေရတာ၊ မြင်နေရတာရှိတယ်။ ဒီမိုကရေစီကို လိုလားတဲ့ တော်လှန်ရေးအင်အားစုတွေထဲမှာ ဒါတွေကို ရှောင်ရှားရမယ်လို့ မြင်ပါတယ်။ လူတွေ အတူတူရှိရင် ဖြစ်တာပဲလို့ သတ်မှတ်တာမျိုး မဟုတ်ပဲနဲ့ ဒါမျိုးမဖြစ်အောင် ကြိုတင်စီမံဖို့ လိုပါတယ်။ ပထမအဆင့်အနေနဲ့ သေချာတာက ဒီလိုကိစ္စရပ်မျိုးတွေက ဖြစ်နိုင်တဲ့အခါကျတော့ ကြိုတင်ကာကွယ်မှုတွေ မဖြစ်မနေ လုပ်သင့်တယ်။ ဖြစ်လာခဲ့ရင်လည်း ဘယ်လို အပြစ်ပေးအရေးယူမယ်ဆိုတာ ကြိုတင်ပြဌာန်းထားဖို့လိုတယ်။ တကယ်ဖြစ်လာခဲ့ရင်လည်း ပြဌာန်းထားမှုတွေနဲ့အညီ တကယ်အပြစ်ပေး အရေးယူမှုတွေကို ဆောင်ရွက်ကြဖို့လိုတယ်။ Transitional justice သဘောတရားအရဆို စနစ်ကိုပါ ပြင်ရမယ်။ အပြစ်ပေးအရေးယူတာ တင်မကပဲနဲ့ အပြစ်ပေးအရေးယူတဲ့နောက်ပိုင်းမှာ ဒီစနစ်မှာ ဘာတွေ ချို့ယွင်းလဲ။ ပြန်ပြီး ပြင်ဆင်တဲ့ပုံစံမျိုးတွေ လုပ်သင့်တယ်။ ဒီလိုကိစ္စမျိုးတွေ မပေါ်အောင် ကျွန်မတို့က တကယ်ကို စံနမူနာပြအနေနဲ့ ပြင်ဆင်တာတွေ ထိန်းသိမ်းတာတွေကို မဖြစ်မနေလုပ်ရလိမ့်မယ်လို့ ယူဆပါတယ်။ အဲ့ဒါမှလည်း ကျွန်မတို့ယုံကြည်တဲ့တန်ဖိုးထားမှုက တကယ်ကိုအမှန်တရားဖြစ်မှာဖြစ်တယ်။ တဖက်မှာက ဘာစိုးရိမ်စိတ်ပူရလဲဆိုတော့ နစ်နာဆုံးရှုံးတဲ့သူတွေက စနစ်ကြီးတစ်ခုလုံးကို အယုံအကြည် မရှိတော့တာ၊ တော်လှန်ရေးတခုလုံးကို အယုံအကြည်မရှိတော့တာတွေ ဖြစ်လာရင် တော်လှန်ရေးတခုလုံးကိုပါ နစ်နာစေတယ်လို့ ကျွန်မယူဆတယ်။

*၈။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အစုအဖွဲ့ပေါင်းစုံကနေ ပါဝင်ပြီး စဥ်းစားအုပ်ချုပ်တဲ့စနစ်မျိုးဖြစ်မှလည်း တကယ်ကိုငြိမ်းချမ်းတဲ့ တိုင်းပြည်ဖြစ်လာမှာဖြစ်ပါတယ်။ အဲ့လိုမှမဟုတ်ရင် လူတစ်စုအတွက် လူနည်းစုတစ်စုအတွက် တခြားအုပ်ချုပ်မှုတစ်စုအတွက် ကန့်သတ်ထားတဲ့နိုင်ငံဖြစ်ရင် အဲ့နိုင်ငံရေးက ငြိမ်းချမ်းမှာ မဟုတ်ဘူး။ နိုင်ငံရေးပန်းတိုင်ကို ရောက်ဖို့ဆို ဘယ်သူဘယ်ဝါကန့်သတ်တာ မဟုတ်ပဲနဲ့ အမျိုးသမီးတွေရော အမျိုးသားတွေရော ကျားမ လူငယ်၊ လူမျိုးစုတွေ အားလုံးပါဝင်တဲ့စနစ်မျိုး အားလုံးကိုကိုယ်စားပြုနိုင်တဲ့ အားလုံးနိုင်ငံရေးထဲမှာပါဝင်တဲ့ စနစ်မျိုးဖြစ်မှသာလျှင် ကျွန်မတို့သွားချင်တဲ့ တိုင်းပြည်တစ်ခု တန်းတူညီမျှတဲ့တိုင်းပြည်တစ်ခု ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

*၉။ ဖြည့်စွက်ချက်။*

ကျွန်မတို့ကိုဒီလူ့အဖွဲ့အစည်းမှာ ဒီအုပ်စုမှာပါဝင်ဖို့အတွက် အဟန့်အတားအကန့်အသတ်တွေ မိသားစု လူ့အဖွဲ့အစည်းကနောက်ပြန်ဆွဲတဲ့ အဟန့်အတားအကန့်အသတ်တွေရှိသလို ကျွန်မတို့ကိုယ်တိုင်လည်း တစ်သက်လုံး ဖိုဝါဒကြီးစိုးတဲ့ စနစ်ထဲမှာ လူ့အဖွဲ့အစည်းထဲမှာလည်ပတ်ခဲ့တာဆိုတော့ ကျွန်မတို့ကိုယ်တိုင် လည်း ကိုယ့်ဟာကို ခပ်လျှိုလျှိုလေးနောက်မှာဆုတ်နေတာ အလေ့အကျင့် အလေ့အထဖြစ်နေတယ်။ အမျိုးသမီးဖြစ်လို့ အိမ်တွင်းရေးနဲ့သက်ဆိုင်သလို တချိန်မှာ အပြင်ကကိစ္စတွေက ကျွန်မတို့မိသားစုအရေးကို လာပြီး ပတ်သက်လာမှာဖြစ်တဲ့အတွက် အားလုံးကို မျက်စိဖွင့်နားကိုစွင့်ပြီးတော့ ရလာတဲ့အချက်အလက်တွေ လေ့လာဆည်းပူးမှုတွေနဲ့ ဖြည့်ဆည်းနိုင်မယ်ဆို ဒီထက်ပိုပြီး အဆင့်တွေကို မြင့်လို့ရမယ်။ ဒီထက်ပိုပြီး စိတ်ဝင်စားတာတွေ များလာမယ်။ ကိုယ်ကိုကိုလည်း ယုံကြည်မှုရှိလာမယ်၊ ပိုပြီးတော့ ရှေ့ကိုရောက်လာမယ်။ ရှိရင်းစွဲခေါင်းဆောင်မှုအလေ့အထကို အပြင်မှာ လေ့ကျင့်မယ်။ ပြီးတော့ ကိုယ့်တာဝန်ကို ခွဲယူတဲ့အလေ့အထတွေကို ကျွန်မတို့အိမ်တွေမှာ လေ့ကျင့်မယ်။ ဒါဆိုရင် အမျိုးသမီးခေါင်းဆောင်တွေ အမျိုးသမီးဦးဆောင်မှုတွေ အများကြီးမြင်တွေ့လာမှာ အသေအချာပါပဲ။

> စစ်ကောင်စီအုပ်ချုပ်ရေးနဲ့ ကင်းလွတ်တဲ့နေရာတွေမှာ
> နိုင်ငံရေးနည်းနာ အရ အုပ်ချုပ်မှုပုံစံမျိုးနဲ့ နမူနာပြ
> အုပ်ချုပ်ပြနိုင်မယ်ဆိုရင် တကမ္ဘာလုံး ကိုလည်း စစ်တပ်နဲ့
> အရပ်သားအုပ်ချုပ်မှုနဲ့ ဘာကွာခြားလဲဆိုတာကို တိတိကျကျ
> ပြပြီးသား ဖြစ်ပါလိမ့်မယ်





**ဟန်နီနွေဦး**

**ဘဏ္ဍာရေးတာဝန်ခံ**

**ကျောင်းသားလက်ရုံးတပ်တော်**

**"စစ်အာဏာရှင်စနစ်နဲ့အတူ အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံတဲ့ အတွေးအခေါ်ဟောင်းကို တိုက်ထုတ်နိုင်မယ်ဆိုရင် တန်းတူအခွင့်အရေးတွေ ရရှိဖို့ကြိုးစားရမဲ့ အချိန်ကာလ အပိုင်းအခြားတွေကို ထပ်ပြီးတော့ ရင်ဆိုင်တွေ့ကြုံဖို့ မလိုတော့ဘူး"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေး စတင်ခဲ့တဲ့အချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကနေ အခုဆို ၂၀၂၄ ဖေဖော်ဝါရီအထိဆို သုံးနှစ်ပြည့်ခဲ့ပြီ။ သုံးနှစ်တာကာလအတွင်းမှာ နိုင်ငံရေးအရ ပြောင်းလဲမှုဖြစ်စဉ်တွေကလည်း အများကြီး ကြုံတွေ့ခဲ့ပြီးပြီ။ နောက်ဆုံးဒီရက်ပိုင်းအတွင်းမှာပဲ စစ်ကောင်စီဘက်ကနေထုတ်ပြန်လိုက်တဲ့ စစ်မှုမထမ်းမနေရ ဥပဒေထုတ်ပြန်ချက်ကို ကျွန်တော်တို့အနေနဲ့ကြည့်မယ်ဆိုရင် စစ်ကောင်စီအနေနဲ့ အများကြီးထိုးနှက်ခံထားရတယ်၊ အားနည်းလာတယ်ဆိုတဲ့ အချက်ကိုပိုပြီးတော့ လှစ်ဟာပြလိုက်တဲ့ပုံစံမျိုး ဖြစ်ပါတယ်။ ဆိုးတဲ့အချက်ကတော့ လူထုကိုအများကြီးပိုခက်ခဲတဲ့၊ အခက်ခဲဆုံးလို့ ပြောလို့ရနိုင်မယ့် အခြေအနေတရပ်ကို တွန်းပို့လိုက်တယ်လို့ မြင်မိပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတစ်ခုတည်ဆောက်တဲ့အချိန်မှာ စံနှုန်းအရဆိုရင်တော့ ဒီမိုကရေစီစံနှုန်းနဲ့အညီ၊ ကျား၊ မ၊ ကြီးငယ်၊ ယုတ်၊ လတ်၊ အမြတ် မရွေး အားလုံးမှာ လူ့ဂုဏ်သိက္ခာနဲ့အညီ လူကိုလူလိုပဲ မြင်ကြတဲ့ ဆက်ဆံကြတဲ့ ပတ်ဝန်းကျင်တစ်ခု အဲ့ဒီလိုပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်သင့်တယ်လို့မြင်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလ။*

နိုင်ငံရေးမှာ အမြင်ပေါင်းစုံ စုံလင်ကွဲပြားမှုနဲ့ပတ်သက်ပြီး ဘယ်လောက်အထိအရေးပါလဲဆိုတော့ ကျွန်တော်တို့ ပြဿနာတစ်ခု ဖြေရှင်းမယ်ဆိုရင်တောင်မှ ရှု့ထောင့်တစ်ခုထဲကနေပဲ ကြည့်လို့မရပါဘူး။ ကဏ္ဍပေါင်းစုံက ထည့်သွင်းစဉ်းစားရတယ်။ ရှု့ထောင့် ပေါင်းစုံကနေကြည့်မှလည်း ဒီပြဿနာတစ်ခုကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်။

အဲ့လိုမျိုးပဲ နိုင်ငံရေးမှာဆိုရင်လည်း အမျိုးသားမရွေး၊ အမျိုးသမီးမရွေး၊ အားလုံးရဲ့ အမြင်တွေအတွေး အခေါ်တွေ သေချာပေါင်းစပ်နိုင်မှလည်း ပိုပြီးတော့အဆင်ပြေမယ်။ ရှေ့ကိုပိုပြီးသွားနိုင်မယ်လို့ မြင်ပါတယ်။ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုတာထက် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ လူတစ်ဦး တစ်ယောက်အနေနဲ့ ကြည့်မယ်ဆိုရင် ကိုယ့်ရဲ့ပင်ကိုယ်စွမ်းရည်၊ ဗီဇတွေနဲ့ ကိုက်ညီမယ့် အခုလျှောက် လှမ်းနေတဲ့ လမ်းကိုလည်း အကျိုးပြုနိုင်မယ်၊ အလုပ်လည်းသေချာလုပ်နိုင်မယ့် ကဏ္ဍတွေ၊ နေရာတွေမှာ ပိုပြီးတော့ ပါဝင်စေချင်ပါတယ်။ အဲ့လိုမျိုးပါဝင်နေတဲ့သူ တစ်ဦးတစ်ယောက်အနေနဲ့လည်း ကိုယ့်ရဲ့လုပ်နိုင် စွမ်းကို တိုးမြင့်ရင်းနဲ့ တော်လှန်ရေးမှာဆက်ပြီးတော့ ပါဝင်လုပ်သင့်တယ်လို့ မြင်ပါတယ်။ မဖြစ်မနေ ပါဝင်ဖို့ လိုတယ်ဆိုတာထက် ကျွန်တော်တို့နဲ့ ပိုပြီးတော့ကိုက်ညီမယ့် ပတ်ဝန်းကျင်တစ်ခု၊ ကဏ္ဍတွေမှာရှိနေဖို့က ပိုအရေးကြီးမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ နိုင်ငံရေးထဲမှာ ဘာကြောင့် ထဲထဲဝင်ဝင်ပါဝင်ဖို့ အရေးကြီး လဲဆိုရင် အမျိုးသားဖြစ်နေလို့ရယ် မဟုတ်ဘူး။ အမျိုးသမီးဖြစ်နေလို့ရယ် မဟုတ်ဘူး။ ဒါက နိုင်ငံသားတိုင်းရဲ့ အရေး ဖြစ်နေတဲ့အတွက်ကြောင့်မို့ နိုင်ငံ့အရေးက အားလုံးနဲ့လွတ်ကင်းလို့ မရဘူး။ ဒါကျွန်တော်တို့အားလုံးနဲ့ သက်ဆိုင်တယ်ဆိုတဲ့ အသိတစ်ခုရှိဖို့လည်း လိုအပ်ပါတယ်။ အဲ့ဒါကြောင့် အားလုံးအနေနဲ့ ထဲထဲဝင်ဝင် ပါဝင်ဖို့အရေးကြီးပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

လက်ရှိနွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရှိနေပြီလဲဆိုရင် အရေအတွက်အားဖြင့်တော့ ပမာဏအများကြီးတော့ မရှိသေးဘူး။ သို့ပေမယ့် အမျိုးသမီးတွေ ရဲ့ကဏ္ဍတွေမှာ ပါဝင်မှုနှုန်းထားကတော့ ပိုပြီးတိုးမြင့်လာတာကို တွေ့ရတယ်။ အမျိုးသမီးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်လိုကဏ္ဍတွေမှာ ထင်ထင်ရှားရှားတွေ့မြင်နိုင်လဲဆိုရင် အရင်တုန်းက စစ်မှုထမ်းရမယ် ဆိုတာက အမျိုးသားတွေပဲ လုပ်ရမယ်ဆိုတဲ့ ဖိုဝါဒကြီးစိုးတဲ့ အမြင်တစ်ခုရှိခဲ့တယ်။ အခုနွေဦး တော်လှန်ရေး ကာလမှာဆိုရင် အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့ဆုံးဖြတ်ချက်၊ ကိုယ့်ရဲ့စိတ်ပိုင်းဖြတ်မှုတစ်ခုနဲ့ ရှေ့တန်း စစ်မြေပြင်မှာရော၊ နောက်တန်းမှာရော ကျရာတာဝန် ထမ်းဆောင်နေကြတယ်။ ဒါတွေက သိသာထင်ရှားတဲ့ သက်သေတွေပါပဲ။ နောက်ထပ်အကောင်းဆုံးဥပမာရပ်တွေအနေနဲ့ စီမံခန့်ခွဲမှုဆိုင်ရာမှာဆို အမျိုးသမီး ဝန်ကြီးတွေ ထွက်ပေါ်လာကြတယ်။ ပြီးတော့ စစ်ရေးအမြင်အရ ကြည့်မယ်ဆို ခုနကရှေ့တန်းမှာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေတဲ့ စစ်မေတွေ အပါအဝင် ဆေးတပ်ဖွဲ့ဝင် ညီမငယ်တွေ၊ အမတွေ နောက်တန်းမှာဆိုရင်လည်း ဘဏ္ဍာရေးထောက်ပို့ အစရှိသဖြင့် တာဝန်ထမ်းဆောင်နေတဲ့ စစ်မေတွေရှိတယ်။ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းအကြီးတွေမှာ ဆိုရင်လည်း ရှေ့တန်းမှာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေတဲ့ အမျိုးသမီးတပ်ကြပ်ကြီးတွေ နိုင်ငံရေးအရ အဆုံးအဖြတ်ပေးနိုင်တဲ့ အမျိုးသမီး ဗဟိုကော်မတီအဖွဲ့ဝင်တွေက အစတွေ့လာရတယ်။ ဒါက တကယ့်ကို အပြောင်းအလဲကြီးတစ်ခု စတင်လာနိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နွေဦးတော်လှန်ရေးမတိုင်ခင် ဟိုးလွန်ခဲ့တဲ့နှစ်တွေထဲက စစ်အာဏာရှင်စနစ်နဲ့ အတူတည်ရှိနေခဲ့တဲ့ ဖိုဝါဒကြီးစိုးမှုတွေ၊ တခြားသော ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေအပေါ်မှာ ရှိခဲ့တဲ့ အခြေပြုခဲ့တဲ့ ရှေးရိုးစွဲတဲ့ အတွေးအခေါ်ဟောင်းတွေက နှစ်ပေါင်းများစွာ သန္ဓေတည်ခဲ့တာဖြစ်တယ်။ ဒါတွေက အဟန့်အတား ဖြစ်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ဒါကြောင့်မို့လို့ အမျိုးသမီးတွေရဲ့ဆုံးဖြတ်ပိုင်ခွင့်တွေ၊ လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုပြီးတော့ ပါဝင်နိုင်ဖို့အတွက်ဆိုရင် အမျိုးသားတွေရော အမျိုးသမီးတွေရာ စစ်အာဏာရှင်ပပျောက်ရေးအတွက် တိုက်ပွဲဝင်နေကြသလို ဒီလိုမျိုး အတွေးအခေါ်ဟောင်းတွေ စနစ်ဆိုးတွေကိုလည်း အတွေးအခေါ်တော်လှန်ရေး တစ်ရပ်အနေနဲ့ အင်တိုက်အားတိုက် တိုက်ထုတ်ဖို့လိုပါတယ်။ စစ်အာဏာရှင်စနစ်နဲ့အတူ ဒီအတွေးအခေါ် ဆိုးတွေကိုလည်း ဆွဲခေါ်ယူသွားနိုင်ဖို့ အပြီးသတ်ပပျောက်ချေမှုန်းနိုင်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

နိုင်ငံရေးမှာအမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိအရေးကြီးလဲဆိုတဲ့ အဖြေနဲ့ ဆက်စပ်ပြီး ဖြေကြားချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ခုနပြောသလိုရှုထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကနေ ပါဝင်လာမှာ ဖြစ်တဲ့ အတွက်ကြောင့် အရောင်အသွေးစုံလင်တဲ့ အတွေးအခေါ်သစ်တွေ၊ အတွေးအခေါ်ကောင်းတွေ၊ ပေါင်းစပ်မှု စုံလင်ကွဲပြားမှု ပိုပြီးတော့ ရှိလာနိုင်မယ်လို့လည်း မြင်တယ်။ ဘယ်လို အကျိုးများလာနိုင်မလဲဆိုရင် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုး စစ်အာဏာရှင်စနစ်နဲ့အတူ ဒီလိုမျိုး အတွေးအခေါ်ဟောင်းတွေကို တိုက်ထုတ်နိုင်ခဲ့တယ်ဆိုရင်တော့ အမျိုးသမီးတွေအနေနဲ့လည်း တန်းတူအခွင့်အရေးတွေ ရရှိဖို့ကြိုးစားခဲ့ရတဲ့ အချိန်ကာလ အပိုင်းအခြားတွေကို ထပ်ပြီးတော့ ရင်ဆိုင်တွေ့ကြုံဖို့ မလိုတော့ဘူး။ အမျိုးသားမရွေး၊ အမျိုးသမီးမရွေး လူကိုလူကိုမြင်နိုင်မယ့် ပတ်ဝန်းကျင်ရပ်ဝန်းတစ်ခု တည်ဆောက်လာနိုင်မယ်။ ဒီမိုကရေစီစံနှုန်းတွေနဲ့ ပြည့်ဝတဲ့ နိုင်ငံတော်သစ်တစ်ခုကိုလည်း မြင်တွေ့လာနိုင်မယ်လို့ မြင်မိပါတယ်။



**ဒေါ်ခင်ဥမ္မာ**

**ဥက္ကဋ္ဌ၊ တည်ထောင်သူ**

**ရှေ့ပြေးအသံ** (Progressive Voice)

**"စစ်တပ်က ချထားတဲ့ ခြစားနေတဲ့ ဥပဒေ၊ သူတို့ကို ကာကွယ်ဖို့ ချထားတဲ့ ဥပဒေက ပြည်သူကို ဘယ်တုန်းကမှ မကာကွယ်ပေးတဲ့အပြင် ပြည်သူထဲမှာမှ ဒုတိယတန်းစား အထားခံရတဲ့ အမျိုးသမီးတွေက တရားမျှတမှုကိုလည်း တစ်ခါမှ မရခဲ့သလို နိုင်ငံရေးမှာ ပါဝင်နိုင်ဖို့ဆိုတာ အဝေးကြီးပါပဲ"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

ကျွန်မတို့နိုင်ငံက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြစ်တဲ့အတွက် တိုင်းပြည်ကို လွတ်လပ်ရေးယူစဉ်ကတည်းက တိုင်းရင်းသားတန်းတူရေးနဲ့ ဖယ်ဒရယ်ပြည်ထောင်စု ထူထောင်ဖို့ဆိုတဲ့ အခြေခံနိုင်ငံရေးသဘောတူညီချက်၊ မူ၊ အခြေခံအုတ်မြစ်ပေါ်မှာ အခြေခံပြီး စုစည်းနေထိုင်လာခဲ့ကြပေမဲ့ တကယ်တမ်းက ဒီတိုင်းပြည်ထဲမှာ မီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံဟာ နိုင်ငံရေးဖြစ်စဉ်မှာ ဘယ်တုန်းကမှ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်၊ တန်းတူအခွင့်အရေး မရခဲ့ကြဘူး။ ဒါကြောင့် ၁၉၄၇-၄၈ နောက်ပိုင်းကတည်းက ဒီတိုင်းပြည်က Community အသီးသီး၊ တိုင်းရင်းသားလူမျိုးစုအသီးသီးက သူ့ကံကြမ္မာသူဖန်တီးခွင့်ရရေး အတွက်ကို မျိုးဆက်နဲ့ချီပြီး တော်လှန်ခဲ့ကြရတယ်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အားလုံးကို မတရားအုပ်ချုပ်ဖိနှိပ်ထားတဲ့ ဘုံရန်သူက ဒီအာဏာရှင်တစ်ခုပဲ ဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ စစ်တပ်ပေါ့နော်။

ဖက်ဆစ်စစ်တပ်သည် ဗမာမဟုတ်တဲ့ တခြားလူမျိုးတွေအပေါ်မှာ လူမျိုးရေးအရ၊ ဘာသာရေးအရ ဖိနှိပ်ခွဲခြားမှုတွေလုပ်တယ် ဆိုပေမယ့် ဗမာလူမျိုးတွေအပေါ်မှာတော့ အာဏာရှင်စနစ်ကို အာခံတယ်ဆိုရင်တော့ ဖိနှိပ်တာပါဘဲ။ ပြောချင်တာက ကျွန်မတို့နိုင်ငံရဲ့နိုင်ငံရေးသည် ဘုံရန်သူ တူတယ်ဆိုပေမယ့် ဖြတ်သန်းကြရတဲ့ တော်လှန်ရေးဖြတ်သန်းမှုတွေ၊ နိုင်ငံရေး ရည်မှန်းချက်တွေ၊ ကြိုးစားရတဲ့ဖြစ်စဉ်တွေက မတူကြဘူး။ ဒါပေမယ့် ဘယ်ပြည်သူမှ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုကို မရခဲ့ကြဘူး။ ဒီအကြမ်းဖက်စစ်အုပ်စုက ခေါင်းဆောင်သာ ပြောင်းသွားတယ်၊ ဒီစစ်တပ်သည် တိုင်းရင်းသားလူမျိုးစုတွေ၊ ဘာသာမတူညီကြတဲ့ လူမျိုးစုတွေ အားလုံးကြားထဲမှာ အမုန်းတရားတွေ ဖန်တီးပြီးတော့ ခွဲခြားအုပ်ချုပ်မှုကို ကျင့်သုံးတယ်။ ဒီခွဲခြားအုပ်ချုပ်ချုပ်နဲ့ပဲ ပြည်သူတွေကြားထဲမှာ အချင်းချင်းလက်ချင်း မချိတ်မိအောင် နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်တဲ့အတွက် အတူတူဖန်တီးနိုင်မယ့်၊ လက်ချင်းချိတ်နိုင်မယ့် အခြေအနေတစ်ရပ်ကို မရခဲ့ကြဘူး။

ကျွန်မတို့က ၈၈မျိုးဆက်တွေ ဖြစ်တယ်။ ၈၈မျိုးဆက်က တစ်ပါတီအာဏာရှင်စနစ်ကို မကြိုက်လို့တိုက်တာ။ ဒါပေမယ့် ကျွန်မတို့တိုက်တဲ့အချိန်မှာ စစ်တပ်အချင်းချင်း အာဏာသိမ်းလိုက်တော့ တစ်တိုင်းပြည်လုံးနီးပါးက

ပြန်ငြိမ်ကျသွားတယ်။ ပါတီစုံဒီမိုကရေစီပေးပါမယ်လို့ ကတိပေးလိုက်တဲ့အပေါ်မှာလည်း နိုင်ငံရေးဦးဆောင်သူတွေက အဲဒီနောက်ကို မျှော်ပြီးတော့ ပါသွားတယ်။ နှစ်ပေါင်းများစွာတိုက်ပွဲဝင်လာတဲ့ တော်လှန်ရေးအင်အားစုတွေကို ဘယ်လိုမျိုး ငါတို့ချိတ်ဆက်ပြီးတော့ ပင်လုံစာချုပ်ကနေ လမ်းဖွင့်ပေး၊ အုတ်မြစ်ချပြီး စစ်မှန်တဲ့ဖယ်ဒရယ်ဒီမိုကရေစီကို ဘယ်လိုသွားမလဲ၊ ပြည်မထဲမှာရှိနေတဲ့ ရှိနေတဲ့ နိုင်ငံရေး အင်အားစုတွေနဲ့ နယ်စပ်ဒေသက ထိန်းချုပ်နယ်မြေတွေရှိနေတဲ့ တော်လှန်ရေးအင်အားစုတွေကို ဘယ်လိုချိတ်ဆက်ပူးပေါင်းမလဲဆိုတဲ့ စဉ်းစားချက်တွေက မရှိခဲ့ဘူးပေါ့နော်။ မြို့ပေါ်မှာနေတဲ့ နိုင်ငံရေးဦးဆောင်သူတွေကလည်း နိုင်ငံရေးအရ ရွေးကောက်ပွဲကိုပဲ စဉ်းစားတယ်။ ၈၈မျိုးဆက် ကျောင်းသားလူငယ်တွေတောထဲဝင်လက်နက်ကိုင်တိုက်ပွဲဝင်တာကိုလည်း နိုင်ငံရေးခေါင်းဆောင်တွေ အကုန်လုံးက လက်မခံကြဘူးပေါ့နော်။ လက်မခံဘဲနဲ့ ကျွန်မတို့ကလက်နက်ကိုင်သွားသူပုန်တွေပုံစံမျိုး အဝေးရောက်သွားကြတယ်။ ရှင်းရှင်းပြောရရင် ၉၀ရွေးကောက်ပွဲရလာဒ်ကို စစ်အုပ်စုက အသိအမှတ်မပြုဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးတို့လို ရွေးကောက်ခံလူကြီးတွေအကုန်လုံးကို ထောင်ထဲပို့လိုက်တယ်။ အဲဒီလိုဖြစ်တော့မှ ကျွန်မတို့နိုင်ငံမှာ မြေပြန့်မှာရှိနေတဲ့နိုင်ငံရေးပါတီနိုင်ငံရေးနဲ့ တောထဲမှာရှိနေတဲ့ လက်နက်ကိုင်လမ်းစဉ်နိုင်ငံရေးက အချိတ်အဆက်ပိုမိုသွားတော့တာ။ ဒါက ၁၉၉၀နောက်ပိုင်းမှာ ဖြစ်လာတာပေါ့နော်။

ဒါပေမယ့် အခုနွေဦးတော်လှန်ရေးရဲ့ အားသာချက်က အရမ်းကြီးပါတယ်။ စစ်အုပ်စုအနေနဲ့ ခွဲခြားအုပ်ချုပ်လို့မရတော့တဲ့ အနေအထားမျိုးဖြစ်သွားတယ်။ အရင် မျိုးဆက်သစ်တွေနဲ့ မျိုးဆက်ဟောင်းတွေ ပေါင်းစပ်သွားတယ်။ ဆင်းရဲချမ်းသာမရွေး ပြည်သူအားလုံးကြားမှာ လိုချင်တဲ့ဆန္ဒတွေက ပေါင်းသွားတယ်။ အထူးခြားဆုံးက ဘယ်နိုင်ငံမှာမှလည်း မရှိတဲ့ CDM ပါပဲ။ စစ်အုပ်စုအာဏာသိမ်းတာ ဒီအချိန်ထိ မအောင်မြင်သေးတာ တိုင်းပြည်ရဲ့ ယန္တရားတွေကို ထမ်းထားရတဲ့လုပ်သားတွေက မင်းတို့အောက်တော့ မလုပ်ဘူးဆိုတာကြောင့် တိုင်းပြည်ကိုအုပ်ချုပ်လို့မရဘဲ ပထမဆုံးဖောက်ထိုးကျစေတဲ့ အရာပဲ။ ဒါဟာ ငါတို့ကို မင်းတို့ဘယ်တော့မှအုပ်ချုပ်ခွင့်မရစေရဆိုတဲ့ ကြွေးကြော်သံတွေရဲ့ လက်တွေ့လုပ်ဆောင်မှုဟာ ဒီဖက်ဆစ်စစ်တပ်ကျရှုံးစေတဲ့ လုပ်ရပ်လို့ ကျွန်မမြင်ပါတယ်။ ပြီးတော့ ထူးခြားမှုအနေနဲ့ ထမီတော်လှန်ရေး ဖြစ်လာပြီးတော့ အမျိုးသားကြီးစိုးတဲ့ ဖိုဝါဒကို Ideologyအရ တိုက်ဖျက်တာ ဖြစ်တယ်။ အနာဂါတ်မှာ ဘယ်လိုတိုင်းပြည်မျိုးတည်ဆောက်မယ်ဆိုတာကို နွေဦးတော်လှန်ရေးက အုတ်မြစ် စချလိုက်တာဖြစ်တယ်။

၁၀၂၇စစ်ဆင်ရေးမှာဆိုရင် စစ်ရေးဆိုင်ရာအရ အောင်မြင်မှုက ပိုများလာတယ်။ နိုင်ငံတကာကလည်း အမြင်တွေအများကြီးပြောင်းလာတယ်၊ သူတို့တစ်သက်လုံး ဘယ်တော့မှ ပြိုကျမှာမဟုတ်ဘူးလို့ ထင်ထားတဲ့ မြန်မာ့တပ်မတော်ဆိုတာ တကယ်တမ်းကြတော့ ပြိုကျနေပြီ၊ ဖြိုလို့ ရနေပြီ၊ ဖြိုလည်းဖြိုနေကြတယ်ဆိုတာ မြင်လာကြတယ်။ ဒီတော်လှန်ရေး ခေါင်းဆောင်လူကြီးတွေအားလုံးကို မေးခွန်း ထုတ်တယ်၊ အကြံလည်းပြုတယ်။ တကယ်တည်ဆောက်မယ့် အနာဂါတ်ဖယ်ဒရယ် ဒီမိုကရေစီပြည်ထောင်စုဟာ ဘယ်လိုပုံစံမျိုးနဲ့ တည်ဆောက်မှာလဲ၊ ဘယ်လိုနိုင်ငံရေးဦးဆောင်မှုမျိုးလဲဆိုတာ ၂၀၂၄ ထဲဝင်လာတဲ့ အချိန်မှာ အားလုံးအတူတူပိုင်းဝန်း အမြန်ဆုံး ကြိုးစားအဖြေထုတ်ရမယ့် စိန်ခေါ်ချက်ကြီးလို့ပဲ ပြောချင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိ တည်ဆောက် သင့်ပါသလဲ။*

အဓိကလိုအပ်တာက လူ့အဖွဲ့အစည်းထဲမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအားလုံးအတွက် ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုပါ။ လူ့အဖွဲ့အစည်းတိုင်းမှာ လူသားနဲ့ ပဋိပက္ခဆိုတာက ခွဲခြားလို့ရတယ်လို့ ကျွန်မမမြင်ဘူး။ ဒါပေမယ့် အဲဒီပဋိပက္ခကို လက်နက်ကိုင်စစ်ပွဲတွေ မဖြစ်အောင်၊ လက်နက်နဲ့ကိုင်ပြီးတော့မှ ဖြေရှင်းရတဲ့အဆင့်မျိုး မရောက်အောင် ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ အရေးကြီးပါတယ်။ ဖယ်ဒရယ်ဒီမိုကရေစီကို တည်ဆောက်တဲ့ အချိန်မှာ အားလုံးကြားထဲမှာ အခြေခံစံတန်ဖိုးတူနေရင် တည်ဆောက်မှုတွေက ပိုပြီးမြန်ဆန်အဆင်ပြေ သွားလိမ့်မယ်။ နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်မြစ်က လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု နှင့် တရားဥပဒေစိုးမိုးမှု ဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

အမြင်စုံလင်ကွဲပြားမှုကို မဖန်တီးပေးနိုင်တဲ့အခါ၊ ရေလောင်းပေါင်းသင်ပြီး ရှင်သန်ခွင့်မပေးတဲ့အခါ စစ်အာဏာရှင် သက်ဆိုးစေဖို့၊ တစ်ကျော့ပြန်ဖို့အတွက် ထားထားပေးလိုက်သလို ဖြစ်သွားလိမ့်မယ်။ အဲဒီတော့ နိုင်ငံရေးမှာ အမြင်စုံလင်မှုကို အကောင်းဆုံးညှိနှိုင်းနိုင်ရင် ပိုပြီးတော့မှ အားကောင်းတဲ့အဖြေတွေကို ရရှိလာမှာ ဖြစ်ပါတယ်။ အဲဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲ။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ရဲ့ တကယ့်အနှစ်သာရက အမြင်စုံလင်ကွဲပြားမှုကို တန်ဖိုးထားပြီး မြေတောင်မြှောက်ပေးခြင်း ဖြစ်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ ဥပဒေပြုရေးမှာဆိုရင်လည်း အနည်းဆုံး ၃၀ ရာခိုင်နှုန်း၊ အစိုးရအုပ်ချုပ်ရေး ဆိုရင်လည်း ထိပ်ပိုင်း ဆုံးဖြတ်ချက် ချတဲ့ နေရာတွေမှာ၊ ဥပဒေပြုရေး လွှတ်တော်တွေမှာ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါကိုပါရမယ်။ ထို့နည်းလည်းကောင်းပဲ လုံခြုံရေးတပ်တွေမှာ အမျိုးသမီးတွေ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါရမယ်။ ဒါမှသာ ထက်ဝက်ကျော်သော အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုတွေက၊ ငြိမ်းချမ်းမှုတွေက ပိုပြီးတော့ မှန်မှန်ကန်ကန်နဲ့၊ ထိထိရောက်ရောက်နဲ့ ပိုလုပ်လာနိုင်မယ်လို့ မြင်ပါတယ်။

နောက်တခုက Sex အရမှာတော့ အမျိုးသမီးတွေ ကျားနဲ့ မ နှစ်မျိုးထဲဆိုပေမဲ့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ သူ့ရဲ့ Sexual Preference ဘာပဲဖြစ်နေဖြစ်နေ သူ့ဆုံးဖြတ်ပိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်ကို ကန့်သတ်လို့ မရဘူး။ အဲဒီတော့ ပညာပေးမှုတွေ သေသေချာချာ လုပ်ပြီးတော့မှ လူမှုပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်ကြီးကို သေချာလုပ်ရမယ်လို့ မြင်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ၂ နှစ်ကာလမှာ မျှော်လင့်ချက် ပိုကြီးတယ်။ ဒါပေမဲ့ ၃ နှစ် ကာလကို ရောက်လာပြီးတဲ့အခါမှာ အမျိုးသမီးတွေရဲ့ ထိပ်ပိုင်းဦးဆောင်မှု၊ ဆုံးဖြတ်ပိုင်ခွင့်ဆိုင်ရာတွေနဲ့ ပတ်သက်လို့

ကျွန်မ နည်းနည်းလေး အားမရဘူးလို့ပဲ ပြောရမလား၊ စိတ်ပူတယ်လို့ပဲ ပြောရမလားပေါ့။ တော်တော်များများ နေရာတွေမှာ အရမ်းထင်ထင်ရှားရှားကြီး တွေ့မနေရဘူးပေါ့။ ဥပမာ NUG မှာ အကောင်းဆုံး ကြိုးစားထားတာ ကျွန်မတို့ တွေ့ပါတယ်။ အမျိုးသမီးဝန်ကြီးတွေ ရှိတယ်။ နိုင်ငံခြားရေးဝန်ကြီးဆိုရင် အမျိုးသမီးဖြစ်တယ်။ အင်မတန်မှ အားရစရာကောင်းတဲ့ ကိစ္စဖြစ်တယ်။ နိုင်ငံခြားရေးဝန်ကြီးသည် တော်လှန်ရေးအတွက် နိုင်ငံတကာ ကိစ္စတွေမှာ အများကြီး ဦးဆောင်ပြီးလုပ်နိုင်တယ်။ အမျိုးသမီး၊ ကလေးသူငယ်ဝန်ကြီးဌာနမှာ ဆိုရင် ဝန်ကြီး၊ ဒုဝန်ကြီး ၂ ယောက်လုံးက အမျိုးသမီးတွေဖြစ်တယ်။ တခြားနေရာတွေမှာလည်း အမျိုးသမီးဝန်ကြီးတွေရှိတယ်။ ဒါပေမဲ့ တကယ့်ထိပ်ဆုံး ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ နိုင်ငံခြားရေးဝန်ကြီးကလွဲလို့ ကျန်တဲ့နေရာတွေမှာက အမျိုးသမီးတွေ အများကြီးမတွေ့ရဘူးလို့ မြင်တယ်။ ပြီးတော့ ထိပ်ဆုံး ဦးဆောင်သူတွေက အမြဲတမ်း အမျိုးသားတွေပဲဖြစ်တယ်။ ဒါကလည်း တော်တော်ကြီးကို အချိန်ယူပြီး ကျော်လွှားရမယ့် နိုင်ငံရေး ထုံးတမ်းစဉ်လာကြီးလို့ မြင်တယ်။ ဒါပေမဲ့ သတိထားမိတဲ့တစ်ခုကတော့ အမျိုးသမီးတွေ နိုင်ငံရေးဦးဆောင်သူလို့ ပြောလိုက်တဲ့ကိစ္စတိုင်းမှာ တချို့သူတွေ ပြန်ပြောလေ့ရှိတာက ဒေါ်အောင်ဆန်းစုကြည် ရှိနေပြီပဲ။ တော်ပြီပေါ့။ ဒါမျိုးတွေ လွန်ခဲ့တဲ့ ၁၀ စုနှစ်လောက်က ကြားခဲ့ရတယ်။ ပြောချင်တာက ကျွန်မတို့ နိုင်ငံရေး ယဉ်ကျေးမှုမှာ အမျိုးသမီးတွေရဲ့ ထိပ်ပိုင်းဦးဆောင်မှု၊ ဆုံးဖြတ်ချက်ချမှုတွေနဲ့ ပတ်သက်ရင် အများကြီး လိုနေသေးတယ်။ စိန်ခေါ်ချက် ရှိနေသေးတယ် ဆိုတာကို ပြတာပဲ။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အဓိက ကတော့ မဟာဖိုဝါဒပေါ့။ ဒါက တခြားနိုင်ငံတွေမှာလည်း ရှိပါတယ်။ သို့သော် မဟာဖိုဝါဒ ရဲ့ ကြီးစိုးမှု နဲ့ စစ်တပ်ကြီးစိုးမှုအောက်မှာ နှစ် ၇၀ ကျော် ရှိလိုက်တော့ အမျိုးသမီးတွေအပေါ်မှာ ထားရှိတဲ့ သဘောထားက လူတစ်ဦးချင်းစီ၊ လူမျိုးစုထဲမှာ Internalization က အရမ်းကြီးသွားတယ်။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးပါဝင် ဆုံးဖြတ်ခွင့်ဆိုတာက အဝေးကြီးပဲ။ စစ်တပ်က ချထားတဲ့ ခြစားနေတဲ့ ဥပဒေ၊ သူတို့ကို ကာကွယ်ဖို့ ချထားတဲ့ ဥပဒေက ပြည်သူကို ဘယ်တုန်းကမှ မကာကွယ်ပေးတဲ့အပြင် ပြည်သူထဲမှာမှ ဒုတိယတန်းစား အထားခံရတဲ့ အမျိုးသမီးတွေက ဘယ်တုန်းကမှ တရားမျှတမှုကိုလည်း တခါမှ မရခဲ့သလို နိုင်ငံရေးမှာ ပါဝင်ဖို့ဆိုတာက အဝေးကြီးပါပဲ။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

လူငယ်မျိုးဆက်အမျိုးသမီးတွေဆိုရင် တော်လှန်ရေးမှာ ကျရာနေရာကနေ အမျိုးမျိုးကို မညည်းမညူဘဲနဲ့ ဒုက္ခ၊ သုက္ခ တောထဲမှာ အမျိုးသားတွေထက် ပိုဆိုးတဲ့၊ အမျိုးသမီးဖြစ်ရခြင်းအပေါ်မှာရှိတဲ့ လိုအပ်ချက်တွေကို ကြံ့ကြံ့ခံလက်ခံပြီးတော့မှ သူတို့ကြိုးစားနေတယ်။ သူတို့ရဲ့ ဘဝပေးအသိ၊ ဘဝဖြတ်သန်းမှုနဲ့ ဘဝပေး အခြေအနေက သူတို့ဦးဆောင်လာတဲ့အပေါ်မှာ သူတို့သည် နိုင်ငံရေး အခြေခံရှိပြီးဖြစ်တယ်။ ဒါပေမဲ့ လာမယ့်

အနာဂတ်နိုင်ငံတော်အသစ်အတွက် ပြင်ဆင်မှုကို လက်ရှိ အမျိုးသမီးအဖွဲ့အစည်းတွေက တက်ညီလက်ညီနဲ့ လက်ချင်းချိတ်ပြီး သေသေချာချာလုပ်ဆောင်ဖို့ လိုတယ်လို့ မြင်ပါတယ်။ အဲဒီအတွက်ကို အရင်းအမြစ်တွေက သေချာပေါက်လိုတယ်။ အဲဒီအရင်းအမြစ်တွေကိုလည်း အခုကျွန်မတို့နိုင်ငံက အမျိုးသမီး တွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေက သေသေချာချာ လက်ချင်းချိတ်နိုင်မယ်ဆိုရင် ဒီလို အရင်းအမြစ်တွေကို ကျွန်မတို့ ကောင်းကောင်းဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

### *၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေပါမှပဲ ကျွန်မတို့နိုင်ငံရေးက ချိန်ခွင်လျှာညီမယ်။ လူ့အသိုင်းအဝိုင်းတစ်ခု၊ နိုင်ငံတစ်ခု တည်ဆောက်တဲ့အခါမှာ ချိန်ခွင်လျှာ မညီရင် ဒီအသိုင်းအဝိုင်း၊ ဒီနိုင်ငံသည် ဘယ်တော့မှ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုဆိုတာ ဘယ်လိုမှ မရနိုင်ဘူး။ နိုင်ငံတည်ဆောက်တယ်ဆိုတာ နိုင်ငံရေးက အခြေခံဖြစ်တယ်။ နိုင်ငံရေးဆုံးဖြတ်ချက်ချတဲ့ နေရာမှာ၊ မူဝါဒ ချမှတ်တဲ့နေရာမှာ အမျိုးသမီးတွေ တန်းတူပါဝင်မှု၊ တင်းပြည့်ကျပ်ပြည့် ပါဝင်မှုရှိမှသာလျှင် တိုင်းပြည်ရဲ့ ထက်ဝက်နဲ့ ထက်ဝက်ကျော်သော လူဦးရေရဲ့ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပြီဆိုရင် အမျိုးသားတွေ ကြိုက်သလောက် ကြိုးစားပါစေ၊ အမျိုး သမီးမပါဘဲနဲ့ သူတို့သီးသန့် ဦးဆောင်တဲ့ တိုင်းပြည်၊ လူ့အဖွဲ့အစည်းသည် ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက်လာစရာ၊ ငြိမ်းချမ်းလာစရာ မရှိဘူးလို့ပဲ မြင်ပါတယ်။ ။

အနာဂတ်နိုင်ငံတော်အသစ်အတွက် ပြင်ဆင်မှုကို လက်ရှိ
အမျိုးသမီးအဖွဲ့အစည်းတွေက တက်ညီလက်ညီနဲ့ လက်ချင်းချိတ်ပြီး
သေသေချာချာလုပ်ဆောင်ဖို့ လိုတယ်လို့ မြင်ပါတယ်။





**ဂျာထွယ်ပန်**

**ဒုတိယပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**“ကိုယ့်လမ်း ကိုယ်ဖောက်ပြီး ရေဆန်ခရီးကို သွားကြရတဲ့ တော်လှန်ရေးဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စည်းလုံးညီညွတ်ဖို့က အင်မတန်အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုရဖို့ နားလည်မှု၊ သည်းခံနိုင်မှုက အင်မတန်မှ အရေးကြီးပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးက တောင်တက်ခရီး၊ ရေဆန်ခရီးလို့လည်း ပြောလို့ရပါတယ်။ သမ္မတက ပြည်သူ့ခုခံတော်လှန်စစ် စတင်ကြေညာတုန်းကလည်း ထည့်ပြောခဲ့တယ်။ ကျွန်မတို့ လိုအပ်လို့ တော်လှန်ရေးလုပ်ရတဲ့အတွက် ဘယ်သူမှကြိုတင်ပြင်ဆင်ပြီး လုပ်ရတာ မဟုတ်ပါဘူး။ တော်လှန်ရေး၊ နိုင်ငံရေးကို အားလုံးတွန်းနေတဲ့အပေါ်မှာမူတည်ပြီး ပုံဖော်ကြရတာ ဖြစ်ပါတယ်။ အားလုံးရဲ့အသံကို အခြေတည်ပြီး အားလုံးဦးဆောင်မှုနဲ့ သွားနေတာ ဖြစ်တယ်။ အမျိုးသားညီညွတ်ရေးအစိုးရက တပ်ဦးအနေနဲ့သွားတာဖြစ်ပါတယ်။ တပ်ဦးရဲ့တာဝန်ကတော့ သူတာဝန်ခံထားတဲ့အတိုင်း ရှေ့ကိုရွှေ့အောင် လုပ်ရတာ ဖြစ်ပါတယ်။ စိတ်ခတ်တွေကို အရင်းပြုပြီးတော့ သွားရတဲ့ ခရီးရှည်လည်း ဖြစ်ပါတယ်။ ဒီမှာပါတဲ့သူတွေအားလုံးက စွန့်လွှတ်စွန့်စားလုပ်ထားကြရပါတယ်။ ဆုံးရှုံးမှုတွေ အများကြီးနဲ့ပဲစပြီး တည်ဆောက်ရတဲ့တော်လှန်ရေး ဖြစ်သလို၊ အခုကိုယ့်လမ်း ကိုယ်ဖောက်ပြီး ရေဆန်ခရီးကို သွားနေကြတာ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စည်းလုံးညီညွတ်ဖို့က အင်မတန်အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုရဖို့ နားလည်မှုက အင်မတန်မှ အရေးကြီးတယ်။ မတူညီတဲ့အဖွဲ့အစည်းတွေအနေနဲ့ အသိအမြင်တွေကို၊ သဘောတွေကို သဘောထားမျှအောင်ကြိုးစားယူရင်းနဲ့ ရှေ့ကိုသွားဖို့ လုပ်ရတာဖြစ်တော့ ပွတ်တိုက်မှုတွေလည်း ရှိပါတယ်။ ဒါတွေကိုကျော်လွှားနိုင်ဖို့က နားလည်မှု၊ သည်းခံနိုင်ဖို့က အရေးကြီးပါတယ်။ အားလုံးရဲ့ပေးဆပ်မှုတွေက အဓိပ္ပာယ်ရှိဖို့အတွက် တော်လှန်ရေး ရှေ့တိုးဖို့အတွက် ခြုံပြီးပြောမယ်ဆိုရင် နားလည်မှုတွေ စိတ်ရှည်သည်းခံမှုတွေနဲ့သွားဖို့လိုပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ထဲမှာလည်း ပါပါတယ်။ အခန်း(၄) အပိုင်း (၁) မှာပေါ့။ ပြည်ထောင်စု မျှော်ရည်ချက်နဲ့ စံတန်ဖိုးတွေမှာ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူနည်းစုအခွင့်အရေး၊ တန်းတူရေးနဲ့

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ပါတယ်။ နောက်စုပေါင်းခေါင်းဆောင်မှု၊ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း၊ သဟဇာတဖြစ်ခြင်းနဲ့ မတူကွဲပြားမှုကို လက်ခံညီညွတ်ခြင်းဆိုတာ ပါတယ်။ ဂျန်ဒါ တန်းတူညီရေး၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူမျိုး၊ ကိုးကွယ်ယဉ်ကျေးမှုဘာသာစကား၊ ကျား၊ မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု အပေါ် ခွဲခြားဆက်ဆံမှုမရှိခြင်း ဖြစ်ပါတယ်။ စံတန်ဖိုးတွေကို ကြည့်လိုက်ရင်တော့ တဖက်မှာ တလျှောက်လုံး ကြီးပြင်းလာတဲ့ စစ်အာဏာရှင်စနစ်အောက်က နိုင်ငံရဲ့စံတန်ဖိုးတွေထက် အများကြီး ပိုပြီးကောင်းသွားတယ်။ ရှေ့ကို မျှော်တဲ့စံတန်ဖိုးတွေ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်မတို့ လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ပဲ အရေးကြီးပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

မတူကွဲပြားမှုကို အားနည်းချက်အနေနဲ့ မမြင်ဘဲ မတူကွဲပြားမှုကို အားသာချက်အနေနဲ့ ကြည့်ရမှာဖြစ်ပါတယ်။ ကိုယ်ဖြစ်စေချင်တာကိုပဲ ဖြစ်တာမျိုးမဟုတ်ပဲနဲ့ အားလုံးရဲ့သဘောထားတွေကို လေးစားတတ်တဲ့ စိတ်ဓာတ်တွေ အားလုံးရဲ့အမြင်တွေ၊ ပါဝင်မှုတွေကို လေးစားတတ်တဲ့စိတ်ဓာတ်တွေစပြီး မွေးမြူဖို့လိုပါတယ်။ အစပိုင်းမှာတော့ ခက်ခဲ့မယ့်ဟာတွေ ရှိရင်ရှိမှာပါ။ ကိုယ်နားလည်နေတဲ့ ပုံစံတွေနဲ့ မကိုက်တာတွေ ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ ဗဟုလူ့အဖွဲ့အစည်းကို သွားဖို့အတွက် ဒီအမြင်တွေ တကယ်မွေးမြူသွားဖို့ လိုပါတယ်။ အမျိုးသမီးတွေ ပါဝင်ခြင်းနဲ့ ပတ်သက်ရင်တော့ အမျိုးသမီးတွေနိုင်ငံရေးမှာ အများကြီးဆက်လက်ပါဝင်ဖို့ လိုတယ်။ ၃၀ ရာခိုင်နှုန်း ပြည့်ဖို့ကတော့ ကြိုးစားနေဆဲဖြစ်ပါတယ်။ နိုင်ငံရေးဦးဆောင်မှုကတော့ ဒေါ်အောင်ဆန်းစုကြည်က နှစ်ပေါင်းတော်တော်များများ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်ပြယုဂ် တစ်ခုဖြစ်ခဲ့ပါတယ်။ အဲ့ဒါကလည်း ကောင်းတဲ့ အချက်တခုပါပဲ။ တော်တော်များများက အမြင်တွေရှိကြတယ်။ အမျိုးသမီး ပါတော့ပါတယ်။ leadership နေရာမှာမထားချင်ကြဘူး။ first decision မှာ မထားချင်ကြဘူး။ အမျိုးသမီးတွေက များသောအားဖြင့် လူမှုကူညီရေးလုပ်ငန်းတွေ CSO၊ NGO တွေမှာ ပါဝင်ကြတာ များတယ်။ နိုင်ငံရေးမှာ အများကြီးပါဝင်ဖို့ လိုပါသေးတယ်။ အမျိုးသမီးတွေ ကိုယ်တိုင်ကလည်း အများကြီးလက်တွဲခေါ်ဖို့ လိုတယ်။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ တိုင်းရေးပြည်ရေးတွေမှာ၊ လူမှုရေးရာတင်မကဘူး။ စီးပွားရေးကဏ္ဍ အသီးသီးမှာ လည်း အမျိုးသမီးတွေ ဦးဆောင် ပါဝင်ဖို့ လိုအပ်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

လူမှုရေးကဏ္ဍတို့၊ တက်ကြွလှုပ်ရှားသူတို့မှာ အမျိုးသမီးတွေအများကြီး ထွက်ပေါ်လာပါတယ်။ နိုင်ငံရေးကဏ္ဍမှာလည်း တော်တဲ့အမျိုးသမီးတွေက အများကြီး ပါဝင်လာပါတယ်။ အမျိုးသမီးခေါင်းဆောင်တွေအနေနဲ့ ဒေါ်ဇင်မာအောင်တို့ မအိသဥ္စာမောင်တို့ကလည်း ဒါတွေက အားတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့အမျိုးသမီးထု

အတွက် နိုင်ငံအတွက်လည်း အားတစ်ခုဖြစ်ပါတယ်။ သူတို့လည်း အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချလို့ရတဲ့ နေရာတွေကနေ ပါဝင်နေတာဖြစ်ပါတယ်။ လွှတ်တော်ထဲမှာလည်း အမျိုးသမီးတွေပါတာ ရှိတယ်။ နောက်တခုက ဖက်ဒရယ်အဆင့်ရော၊ ဒေသန္တရအဆင့်မှာရော အမျိုးသမီးတွေကို တော်တော်တော့ နေရာပေးလာတာကို မြင်ရတယ်။ ဒါပေမယ့် အများကြီးဆက်ပြီး လုပ်ဖို့လိုတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေထဲမှာလည်း အမျိုးသမီးတွေပါဝင်နေရာပေးဖို့ လိုအပ်တယ်။ တချို့တိုင်းရင်းသားအဖွဲ့အစည်းတွေကတော့ အမျိုးသမီးတွေ နေရာပေးတာတွေရှိတယ်။ တချို့ကတော့ အမျိုးသမီးခေါင်းဆောင်တွေကို သိပ်ပြီးမတွေ့ရသေးပါဘူး။

*၅။အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အမျိုးသမီးတွေ နိုင်ငံရေးမှာ ဦးဆောင်နိုင်ဖို့အတွက် လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ဆိုင်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ အနေအထားတစ်ခုလုံးနဲ့ ဆိုင်တယ်။ ကျွန်မတို့ လူ့အဖွဲ့အစည်းတစ်ခုလုံး နားလည်လက်ခံလာဖို့ လိုတယ်။ ဒီအလေ့အကျင့်ကို အိမ်ကနေ စတင်ရမှာ ဖြစ်ပါတယ်။ ကိုယ်ရဲ့မိသားစုမှာ ကိုယ့်ရဲ့သမီးနဲ့သားကို ဆက်ဆံတာ တူတူပဲလားဆိုတာကနေ စရမှာဖြစ်ပါတယ်။ ကျွန်မတို့ကစပြီးမှ သဘောထားတွေ တဖြေးဖြေးပြောင်းလဲလာရမှာ ဖြစ်ပါတယ်။ ဒီလိုကနေ နေရာပေါင်းစုံ ဘက်ပေါင်းစုံကနေ တွန်းရမယ့် သဘောရှိပါတယ်။ ခုန ပြောသလို နိုင်ငံရေးထဲမှာပါဝင်ဖို့ လူတွေ လေးစားအားကျရတဲ့ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်တွေလည်း လူတွေများများ မြင်ကြဖို့ လိုတာပေါ့။ အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချတဲ့ ပုံရိပ်တွေကို အများကြီး မြင်ရဖို့ လိုတယ်။ အဲ့ဒါတွေလည်း အရေးကြီးပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးနဲ့ပတ်သက်တဲ့ ရေးရာကိစ္စတွေကတော့ မြန်မာနိုင်ငံမှာတင် မဟုတ်ဘူး။ တခြားနိုင်ငံတွေမှာလည်း တော်တော်များများ ရှိနေတယ်။ အခု နွေဦးတော်လှန်ရေးအောင်မြင်ဖို့အတွက်ရော နိုင်ငံသစ်တည်ဆောက်ဖို့ အတွက်ရော အမျိုးသမီးအင်အားတွေ အများကြီးလိုပါတယ်။ တကယ်တော်တဲ့ လုပ်ရည်ကိုင်ရည်ရှိတဲ့ သူတွေကို အများကြီးလိုတယ်။ အဲ့အတွက်အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ အရည်အချင်းရှိတဲ့သူတွေကို များများလည်း ပါဝင်စေဖို့လိုတယ်။ အမျိုးသမီးတွေကို အဟန့်အတားဖြစ်စေတဲ့အရာတွေ ဆိုတဲ့ အရာမှာတော့ မိသားစုတွင်းကျင့်သုံးတဲ့စံနှုန်းတွေလည်း ပါဝင်ပါတယ်။ အမျိုးသမီးဖြစ်တော့ မိသားစုနဲ့ ကလေးငယ်တွေရှိရင် သူလုပ်လို့ မရတော့ဘူး။ အဲ့ဒါကိုမကောင်းဘူး ပြောတာမဟုတ်ဘူး။ သူ့ရဲ့ nature barrier ပေါ့နော်။ သဘောဝအလျှောက်ပါလို့မရတဲ့ နေရာမျိုးတွေလည်း ရှိနိုင်ပါတယ်။ အဟန့်အတားလို့ပဲ ပြောရမှာပေါ့။ နောက်တခုက ဥပမာ စစ်ရေးအရ ရှေ့တန်းသွားဖို့အတွက်တွေ အဟန့်အတားတွေ ဖြစ်နိုင်ပါတယ်။ အရမ်းတော်တဲ့၊ အရမ်းသန်မာတဲ့ အမျိုးသမီးတိုက်ခိုက်ရေးသမားတွေ အများကြီးရှိတယ်။ သူတို့ကို ရှေ့တန်း သွားနိုင်အောင် သူတို့ရဲ့အရည်အချင်းတွေ အစွမ်းတွေပြနိုင်အောင် စီမံဆောင်ရွက်ပေးဖို့ လိုပါတယ်။ တပ်ထဲမှာ

ဆိုရင်လည်း အမျိုးသမီးတွေအတွက် ပိုအဆင်ပြေမဲ့ အစီအမံတွေ လိုအပ်ပါတယ်။ ဥပမာ- အမျိုးသမီးနေဖို့ လုပ်ပေးတာက အစပေါ့နော်။ အမျိုးသမီးက နိုင်ငံရေးလုပ်ငန်းတွေ အင်တိုက်အားတိုက်ပါဝင်ချင်ပေမယ့်လည်း သူ့မှာနို့စို့ကလေးရှိတယ်ဆိုရင် သူ့ကိုဘယ်လိုကူညီပေးမလဲဆိုတာမျိုး အိမ်မှာရှိတဲ့အမျိုးသား၊ ဆွေမျိုးသားချင်းတွေက ဘယ်လိုကူညီပေးမလဲဆိုတာမျိုး စဉ်းစားသင့်တယ်။ အဲ့လိုမျိုးဝိုင်းကူညီပေးသင့်တယ်။ နင်က ကလေးအမေပဲနင်ကတခြားဟာတွေမလုပ်နဲ့ ကလေးနဲ့ပဲနေဆိုတာမျိုးထက် သူလည်း ကလေးတဖက်နဲ့ ကြိုးစားရမယ်။ ကြိုးစားရှာတယ်။ သူ့ကို ဝိုင်းပံ့ပိုးပေးရမယ်ဆိုတာမျိုး ဖြစ်သင့်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

ဂျဲန်ဒါမခွဲဘဲခေါင်းဆောင်ကောင်းဖြစ်သင့်ဖြစ်ထိုက်တဲ့သူတွေ တကယ်တော်တဲ့သူတွေ ခေါင်းဆောင်ဖြစ်ရင်တော့ အားလုံးကပျော်ရတာပဲပေါ့။ အမျိုးသမီးဖြစ်လို့ဆိုတာမျိုးမဟုတ်ပဲနဲ့ ဘယ်သူမဆို အမျိုးသားရော အမျိုးသမီးရော တန်းတူအခွင့်အရေးပေးရမှာ ဖြစ်ပါတယ်။ မျှတတန်းတူတဲ့အခွင့်အရေးရှိမယ်ဆိုရင် တိုင်းပြည်က ပိုပြီး တိုးတက်မှာ ဖြစ်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

ဒီတော်လှန်ရေးမှာ တကယ်ပဲ ထူးချွန်ပြောင်မြောက်စွာနဲ့ ရဲရဲတောက်ပါဝင်ခဲ့တဲ့ အမျိုးသမီးတွေ အများကြီးရှိပါတယ်။ ထဘီအလံတွေ တော်လှန်ရေးလုပ်ခဲ့ကြတဲ့ဖြစ်ရပ်က သမိုင်းဝင်အဖြစ်အပျက်တစ်ခု ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးတွေရဲ့သမိုင်းမှာ အဲ့လိုမျိုးလည်း ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးမှ လည်း အမျိုးသမီးတွေကတော့ community ကို အမြဲတမ်းပါဝင်လှုပ်ရှားတယ်။ အဲ့ဒါနဲ့ဆက်စပ်နေတဲ့ CSO, NGO, INGO တို့မှာ အမျိုးသမီးတွေက အများကြီးပါဝင်ကြတယ်။ အဲ့ဒါနဲ့အတူတူပဲ စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်တွေမှာလည်း အများကြီးဆက်လက်ပြီးမှ ဒီထက်ပိုပြီးပါဝင်သင့်ပါတယ်။ ဒီလိုပါဝင်နိုင်ဖို့အတွက်လည်း ကိုယ့်ရဲ့မိသားစု ကိုယ့်ရဲ့ပတ်ဝန်းကျင်က လူတွေအားလုံး ဝိုင်းဝန်းပံ့ပိုးပေးဖို့ လိုပါတယ်။ အမျိုးသမီးဖြစ်တယ်ဆိုပြီးမှ ကန့်သတ်ထားတာမျိုးမဟုတ်ပဲ သူ့ကိုဝိုင်းဝန်းမြေတောင်မြှောက် ပံ့ပိုးပေးဖို့လည်း လိုပါတယ်လို့ ပြောချင်ပါတယ်။

**ကိုယ်ရဲ့မိသားစုမှာ ကိုယ့်ရဲ့သမီးနဲ့သားကို ဆက်ဆံတာ တူတူပဲလားဆိုတာကနေ စရမှာဖြစ်ပါတယ်။ ကျွန်မတို့ကစပြီးမှ သဘောထားတွေ တဖြေးဖြေးပြောင်းလဲလာရမှာ ဖြစ်ပါတယ်။ ဒီလိုကနေ နေရာပေါင်းစုံ ဘက်ပေါင်းစုံကနေ တွန်းရပါမယ်။**



**သဉ္ဇာရွှန်းလဲ့ရည်**

**ဦးဆောင်ကော်မတီအဖွဲ့ဝင်** (Sisters to Sisters)

**လှုံ့ဆော်စည်းရုံးရေးမှူး**

**ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ**-ACDD

**“အတင်းမတူတူအောင် အတင်းစုစည်းစရာလည်းမလိုသလို မတူတူအောင်လည်း လိုက်လုပ်စရာမလိုဘူး။ စုစည်းမှုတွေကတဆင့် နိုင်ငံတည်ဆောက်ရေးမှာ မတူညီတဲ့ အသွင်လက္ခဏာတွေ၊ စနစ်တွေရဲ့ ပြဌာန်းချက်တွေက အားလုံးကို တပြေးညီသက်ရောက်မှုတဲ့တွေ ဖြစ်အောင် လုပ်ပေးဖို့ပဲ လိုပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးက ဒီနေ့ချိန်ထိ ရက်ပေါင်း (၁၀၀၀) ကျော် ပြည်သူအားလုံး လူထုလူတန်းစားအားလုံး စုစည်းပါဝင်နိုင်တယ်ဆိုတာက လွန်ခဲ့သောနှစ်ပေါင်း (၇၀) ကျော်ကတည်းက ကိုယ့်ရဲ့ရပ်တည်ချက် ခံယူချက်တွေကို မယိမ်းမယိုင်ပဲနဲ့ ရပ်ခံဆောင်ရွက်ခဲ့ကြတဲ့ အလုပ်သမား၊ လယ်သမား၊ တောင်သူလယ်သမား တပ်ပေါင်းစုတွေ၊ အစုအဖွဲ့တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ တိုင်းရင်းသားတော်လှန်ရေးအစုအဖွဲ့တွေရဲ့ စံနမူနာကောင်းတွေကြောင့်သာလျှင် ဖြစ်ပါတယ်။ နောက်ဆက်တွဲ လူငယ်ထုတွေရဲ့ သွေးစည်းညီညွတ်မှုတွေကြောင့် အခုနွေဦးတော်လှန်ရေးက တကယ့်ကိုခေတ်နဲ့အညီ ပြောင်းလဲတိုးတက်လာတာ ဖြစ်ပါတယ်။ လက်ရှိမြန်မာ့နိုင်ငံရေးမှာ နွေဦးတော်လှန်ရေးရဲ့ တောင်းဆိုမှုတွေကို ကြည့်မယ်ဆို ၁၉၆၂၊ ၁၉၈၈၊ ၂၀၀၇၊ စတဲ့တော်လှန်ရေး၊ လူထုအုံကြွမှုအသီးသီးရဲ့ နောက်ဆက်တွဲရည်မှန်းချက်တွေထက်တဆင့် မြင့်လာတာကို မြင်ရပါတယ်။ အရင်ကဆို ဒီမိုကရေစီကို မနည်းအသက်နဲ့ရင်းလို့တောင်းခဲ့ရတာကနေ ဖက်ဒရယ်ဒီမိုကရေစီဆိုတာတွေ စံနှုန်းတန်ဖိုးတွေ အခြေခံတဲ့ တော်လှန်ရေးရည်မှန်းချက်တွေ ဖြစ်လာတယ်။ တန်ဖိုးထားမှုတွေ ဖြစ်လာတယ်။ တန်ဖိုးထားမှုတွေဆိုတာက လုပ်ရပ်ကို ဖော်ပေါ်တဲ့အတွေးအခေါ်တွေ ဖြစ်တယ်။ လက်ရှိမှာတော့ ဒါအတွက် ကိုယ်တွင်းအလုပ်တွေ အများကြီးလုပ်ပြီး အတွေးအမြင်တွေ ခံယူချက်တွေ ပိုပြီး ခိုင်ကြည်အောင် ဆောင်ရွက်ဖို့ လိုနေပါသေးတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နွေဦးတော်လှန်ရေးမှာ လက်သုံးချောင်ထောင်ပြီးတော့ အာဏာရှင်ကို ဆန့်ကျင်တယ်ဆိုတာလူတိုင်းသိတယ်။ ပထမလက်ကတော့ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်တွေအားလုံးကိုတိုက်ဖျက်ရေးဖြစ်တယ်။ ဒုတိယလက်ကတော့ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင်စစ်အုပ်စုရဲ့ကြီးစိုးမှုကို တိုက်ဖျက်ရေးဖြစ်တယ်။ နောက်ဆုံးလက်ကတော့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်စနစ်ကို တည်ဆောက်ရေးဖြစ်တယ်။ အဲ့မှာကြည့်ရင်

ကိုပဲ အဲ့သုံးချက်နဲ့တင် ကျွန်မတို့ရဲ့စံနှုန်းတန်ဖိုးတွေက ဘာဖြစ်ရမလဲဆိုတာ ထပ်မံချဲ့ထွင်ပြီး တွေးကြည့်လို့ရတယ်။ ပထမဆုံးအချက်ဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရေးအပြင် အာဏာရှင်စနစ်တွေအားလုံး တိုက်ဖျက်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် ဖိုဝါဒ၊ လူမျိုးကြီးဝါဒ၊ မဟာဗမာလူမျိုးကြီးဝါဒ စတာတွေကို အမြစ်ပြတ် ဖြိုချရမှာ ဖြစ်ပါတယ်။ စစ်တပ်က သူတို့ကသာလျှင်အဖ သူတို့ကသာလျှင် အမိဆိုတဲ့ ပြည်သူတွေအပေါ်မှာ တက်ထိုင်ပြီးတော့ ဂုတ်ခွစီးချင်တဲ့ အတွေးအခေါ်အပေါ် အခြေခံပြီး တိုင်းပြည်ကို ချယ်လှယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့မကြိုက်နေတဲ့ အကြောင်းအရာတွေက ထပ်မလုပ်ရမယ့် အရာတွေ ဖြစ်တယ်။ ဒါတွေက ကျွန်မတို့ရဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေ ဖြစ်လာတယ်။ အဲ့မှာ ဖက်ဒရယ်ဒီမိုကရေစီ၊ လူ့အခွင့်အရေး အခြေခံစံနှုန်းတွေက အသစ်တွေပြန်ပြီး ဖန်တီးနေစရာမလိုအောင် နိုင်ငံတကာမှာစံတွေ၊ တန်ဖိုးတွေက သက်မှတ်ထားတာရှိသလို ကိုယ့်နိုင်ငံ၊ ဒေသနဲ့ကိုက်ညီတဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေကိုလည်း ပြောင်းလဲထည့်သွင်းပြီးတော့ တော်လှန်ရေးရဲ့ပန်းတိုင်အနေနဲ့ သွားလို့ရပါတယ်။ အဲ့မှာလည်း ဘုံအနေနဲ့ဆိုရင် ဖက်ဒရယ်ဒီမိုကရေစီဆိုပြီး အများစုက လက်ခံထားတယ်။ သို့သော် အခြားသော ကိုယ့်ဒေသအလိုက် လိုအပ်နေတဲ့စံနှုန်းတန်ဖိုးတွေကလည်း ပြုပြင်ပြောင်းလဲပြီးတော့ ကျွန်မတို့အားလုံးက အသိအမှတ်ပြုရမယ်။ အသိအမှတ်ပြုခြင်းအားဖြင့် ရှေ့ဆက်ရမှာ ဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

စုံလင်ကွဲပြားမှုဆိုပြီး သုံးထားတာသဘောကျတယ်။ တော်တော်များများက မတူကွဲပြားမှု၊ ကွဲခြားမှု၊ ကွဲပြားမှု စသဖြင့် သုံးကြတာများတယ်။ အဲ့လိုသုံးလိုက်ရင်ကို သူ့ရဲ့အနှစ်သာရကို ပျောက်သွားစေတယ်။ ကျွန်မတို့က တူနေတာကို ကြိုက်တယ်။ ပြီးရင် တူတူပဲ လုပ်တာ ကြိုက်တယ်။ တခြားစဉ်းစားချက်တွေ တွေးခေါ်ချက်တွေကို သိပ်ပြီးလက်မခံချင်တော့ဘူး။ အဲ့တော့ အဲ့ဒီမှာ diversity ကို ထည့်သွင်းစဉ်းစားတာက ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်သလို ရှိပြီးသားယဉ်ကျေးမှုကို တွန်းကန်ဖို့အတွက် diversity သည် အကောင်းဆုံး ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံမှာလည်း စုံလင်ကွဲပြားတဲ့စဉ်းစားချက်တွေ အတွေးအခေါ်တွေကြားထဲကနေမှ ဘုံသဘောတူညီချက်တွေ စဉ်းစားချက်တွေကို စုစည်းလို့ရပါတယ်။ အတင်းမတူတူအောင် အတင်းစုစည်းစရာလည်းမလိုသလို မတူတူအောင်လည်း လိုက်လုပ်စရာမလိုဘူး။ စုစည်းမှုတွေကတဆင့် နိုင်ငံတည်ဆောက်ရေးမှာ မတူညီတဲ့ အသွင်လက္ခဏာတွေ စနစ်တွေရဲ့ ပြဋ္ဌာန်းချက်တွေကလည်း အားလုံးကို တပြေးညီသက်ရောက်မှုတဲ့ဟာတွေ ဖြစ်လာအောင် စုံလင်ကွဲပြားမှုကိုလည်း အသိအမှတ်ပြုလေးစားတတ်အောင် အခြေခံကလေးငယ်တွေကအစ သင်ကြားပေးဖို့လိုတယ်။ အမျိုးသမီးတွေဟာ အများစုသော အင်အားစုဖြစ်တဲ့ ၅၀ ရာခိုင်နှုန်းတောင် ကျော်တယ်။ အများစုသောအင်အားစုရဲ့ပါဝင်မှုကို အလဟဿမဖြစ်အောင် စနစ်တကျတန်းတူပါဝင်ခွင့်ကို ဖန်တီးပေးဖို့လိုတယ်။ တန်းတူပါဝင်ခွင့်လို့ပြောတာက လျော့နေလို့ပြောနေရတဲ့ အနေအထားဖြစ်ပါတယ်။ တန်းတူထက်ကျော်လို့ တော်ရင်တော်သလို ယောကျာ်းဖြစ်ဖြစ် အမျိုးသားဖြစ်ဖြစ် အခြား LGBT တွေပဲဖြစ်ဖြစ်

တော်ရင်တော်သလို သင့်တော်ရင်တော်သလို ပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိလာရမယ်။ သို့သော် တန်းတူမဖြစ်အောင် ခွဲခြားထားတဲ့အရာတွေကို ကျွန်မတို့တိုက်ဖျက်ရမယ်။ ဒီအနေအထားနဲ့ရှေ့ဆက်ရမယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အမျိုးသမီးတွေက နှစ်ပေါင်းများစွာကတည်းက တော်လှန်ရေးတွေမှာ မားမားမတ်မတ်ရပ်တည်တယ်။ ပြည်သူထဲကပြည်သူတွေဖြစ်သလို စစ်အာဏာရှင်စနစ်ရဲ့ဆိုးကျိုးကို တော်တော်လေးကို ထဲထဲဝင်ဝင်သိနေတာလည်း အမျိုးသမီးတွေ ဖြစ်တယ်။ ဒါကြောင့် ဒီတော်လှန်ရေးတွေမှာ အမျိုးသမီးတွေက ထိပ်ကပါဝင်ကြပါတယ်။ သို့သော် ကျွန်မမြင်ရတဲ့အခင်းအကျင်းမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုကို သိပ်ပြီးအားမပေးတာရှိတယ်။ လုံခြုံရေးအကြောင်းပြချက်တွေမျိုးစုံနဲ့ ကိုယ့်ကိုကိုယ် censor လုပ်တာလည်းရှိသလို ပတ်ဝန်းကျင်ကလည်း သိပ်ပြီးတော့အလေးမထားဘူး။ သတင်းမီဒီယာတွေရဲ့ဦးဆောင်မှုကို ကြည့်ရင် အမျိုးသားတွေများတယ်။ အမျိုးသားတွေဆိုတာ သူ့သဘောသဘာဝကိုက အမျိုးသားကိုပဲ ပိုပြီးဦးစားပေးတတ်တယ်။ ဒီလိုဖြစ်နေတဲ့ အခါကျတော့ သူ့ရဲ့ highlight လုပ်တဲ့မီဒီယာမီးမောင်းထိုးမှုတွေကလည်း အမျိုးသားတွေကို ဖြစ်လာခဲ့တယ်။ ဒါကြောင့် အမျိုးသမီးတွေနည်းတယ်လို့ မြင်ခဲ့တာပေါ့။

ဒီဘက်ကာလကမ္ဘာအရှေ့မှာလည်း အမျိုးသမီးတွေရဲ့ ပါဝင်မှုကို တမင်တကာကို ခုတုံးလုပ်ပေးရတဲ့ အနေအထားတွေ ဖြစ်လာတယ်။ ဖြစ်လာတဲ့အခါမှာ မီဒီယာတွေ အနေနဲ့လည်း မဖြစ်မနေ အမျိုးသမီးကို ရှာဖွေလာရတယ်။ အမျိုးသမီးခေါင်းဆောင်တွေကို highlight လုပ်ပေးဖို့ကြိုးစားလာရတယ်။ အဲ့နောက်ဆက်တွဲမှာတော့ ၂၀၂၁ နွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုက ပိုပြီးများတယ်လို့ မြင်လာတယ်။ အမှန်ကတော့ အရင်ထဲကလည်းဒီအတိုင်းပါပဲ အခုလည်းဒီအတိုင်းပါပဲလို့ ကျွန်မတော့တွေးတယ်။ ကျွန်မတို့ဆုံးဖြတ်ပိုင်ခွင့်အခန်းကဏ္ဍကို ကြည့်မယ်ဆိုရင် ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ၊ နိုင်ငံရေးစနစ်တွေအရ ယနေ့အချိန်ထိ ဆုံးဖြတ်ပိုင်ခွင့်နဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍကို မယူနိုင်ကြသေးဘူး။ အခုနွေဦးတော်လှန်ရေးမှာဆို NUG မှာဆိုအမျိုးသမီးပါဝင်မှုက မကြုံစဖူး တိုးတက်လာတယ်။ ပါဝင်မှုတွေ အများကြီးရှိတယ်ဆိုသော်ငြား ခေါင်းဆောင်မှုနေရာတွေကို ကြည့်ရင် အမျိုးသမီးတွေနည်းတယ်။ အမျိုးသမီးတွေ နောက်ကွယ်မှာပဲနေရတဲ့ အနေအထားတွေကို ပြင်ဆင်ဖို့လိုပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု အပါအဝင် နိုင်ငံရေးစနစ်တွေကြောင့် ဖြစ်ပါတယ်။ စနစ်တွေထဲမှာ စဉ်ဆက်မပြတ်ပြောတာ အနည်းဆုံး ၃၀ ရာခိုင်နှုန်း အမျိုးသမီး ထည့်ကိုထည့်ရမယ်။ အမျိုးသမီးတွေ ပါဝင်ရမယ်လို့ ပြောတော့ တွေ့တဲ့အမျိုးသမီးကို ကောက်ထည့်တာမျိုးလည်း အားမပေးဘူး။ အဲ့ဒီအနေအထားမှာ ကျွန်မတို့နှစ်မျိုးကို ကြည့်ရမယ်။ ဒီနိုင်ငံရေးစနစ်တွေနဲ့ ပြုပြင်ပြောင်းလဲလာတဲ့ ဥပဒေတွေမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု အခန်းကဏ္ဍ ဘယ်လောက်အထိအလေးပေးထားလဲ ဦးစားပေးထားလဲဆိုတဲ့

အကြောင်းအရာနဲ့ နောက်တခုက ပါဝင်ဆောင်ရွက်နေတဲ့ သူတွေရဲ့ခေါင်းဆောင်တွေရဲ့ အမျိုးသမီးအရေး၊ မတူကွဲပြားစုံလင်မှုအပေါ် ဘယ်လောက်နားလည်ထားသလဲဆိုတဲ့ သူတို့ရဲ့နိုင်ငံရေးနားလည်မှု နိုင်ငံရေးအရ လက်ခံထားမှု ကြည့်ရမယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ခေါင်းဆောင်ပိုင်းတွေရဲ့ အမျိုးသမီးတွေရဲ့ ပါဝင်မှုတန်ဖိုးကို နားလည်အောင် လုပ်ရမယ်။ အမျိုးသမီးတွေကို အရင်းအမြစ်တွေ ပေးရမယ်။ ပံ့ပိုးမှုတွေလုပ်ရမယ်ဆိုတဲ့အပိုင်းမှာလည်း နီးစပ်ရာအစုအဖွဲ့တွေကို ပေးလိုက်တာမဟုတ်ပဲနဲ့ လူတန်းစားအလွှာစုံက အမျိုးသမီးတွေရဲ့ပါဝင်မှုကို ဘယ်လောက်ထည့်သွင်း စဉ်းစားလဲ။ Intersectional feminism ပေါ့။ လုံးဝမတူနေတဲ့အစုအဖွဲ့အသီးသီးမှာ အမျိုးသမီးတွေက ကဏ္ဍအစုံမှာ ရုန်းကန်နေရတယ်။ အမျိုးသမီးလို့ ပြောရင် နိုင်ငံရေးနားလည်တယ်ဆို ဘွဲ့ရတွေကိုပဲ အရင်း အမြစ်တွေပေးမှာလား။ လယ်သမား၊ အလုပ်သမားအမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကိုရော ဘယ်လိုထည့်သွင်း စဉ်းစားမှာလဲ။ လူနည်းစုတိုင်းရင်းသားတွေကို ကျွန်မတို့ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ နှစ်ထပ်ကွမ်း သုံးထပ် ကွမ်း လူနည်းစုကို ပိုပြီးဦးစားပေးသင့်ပါတယ်။ ရိုဟင်ဂျာအမျိုးသမီးတွေလို မျိုးစဉ်ဆက်မပြတ် ဖိနှိပ်ခံနေရတဲ့ အသိုင်းအဝိုင်းထဲက အမျိုးသမီးတွေကိုရော ဖိတ်ခေါ်နေပြီလား။ ထပ်ပြီးတော့ အရင်းအမြစ်တွေကို လက်လှမ်း မှီအောင် ဘယ်လောက်အထိ လုပ်ထားနိုင်လဲ။ နိုင်ငံတော်အဆင့်စဉ်းစားတဲ့သူတွေအနေနဲ့က ကဏ္ဍအစုံကို လွှမ်းခြုံမိအောင်သွားနိုင်မှသာလျှင် တပြေးညီမြင့်တက်လာမယ်။ မဟုတ်လို့ကတော့ အသိုင်းအဝိုင်း တစ်ခုမဟုတ်တစ်ခုက ကျန်နေခဲ့သရွေ့ လူထုလူတန်းစားအစုံရဲ့တော်လှန်ရေးက အရှေ့မရောက်ဘူး။ လူတစ်မျိုး အစုအဖွဲ့တစ်စုံပဲ လွတ်မြောက်သွားလိမ့်မယ်။ အားလုံးလွတ်မြောက်ဖို့ဆိုတာမဖြစ်နိုင်ဘူး။

အဲအတွက် လက်ရှိခေါင်းဆောင်တွေရဲ့ political will ကို အမြဲတမ်းစဉ်ဆက်မပြတ် ကြည့်နေရမယ်။ အမြဲတမ်း ထောက်ပြ ပြောဆိုနေရမယ်။ နားလည်မှုတွေ တက်အောင်လုပ်ရမယ်။ အမျိုးသမီးတွေက အရင်းအမြစ်တွေ မျိုးစုံကို လိုနေတာဖြစ်တယ်။ ဘဏ္ဍာရေးဆိုင်ရာအပြင်၊ နည်းပညာ၊ စိတ်ပိုင်းရုပ်ပိုင်းပံ့ပိုးထောက်ပံ့မှုတွေ အရေးကြီးဆုံးအချက်က အမျိုးသမီးတွေ စစ်ဘေးရှောင်နေရတယ်။ အမျိုးသမီးတွေ ထောင်ထဲရောက်နေ တယ်။ ပိုက်ဆံဘယ်လောက်ဆိုပြီးသတ်မှတ်လိုက်တာထက် ပိုအရေးကြီးတာက သူတို့နစ်နာနေတဲ့အချိန်၊ သူတို့ထိခိုက်နေတဲ့အချိန်မှာ ဘယ်လောက်အထိ အတူရပ်တည်ပေးလဲဆိုတာက အရေးကြီးဆုံးဖြစ်တယ်။ အဲ့လိုမျိုးနစ်နာနေရတဲ့ဟာမှာ သူတို့နဲ့အတူရပ်တည်ပြီးတော့ သူတို့နဲ့ကာကွယ်ပြောဆိုပေးတယ်။ သူတို့ အကြောင်းကို ဖလှယ်ပေးတယ်။ ပြောပေးတယ်ဆိုတာကလည်း သိပ်ကိုတန်ဖိုးရှိတဲ့ အရင်းအမြစ်တွေ ဖြစ်တယ်။ ဒီလိုအရင်းအမြစ်က အရေးကြီးဆုံးဖြစ်မယ်လို့လည်း မြင်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

ဘယ်လူသားမှ သူတို့ရဲ့ မွေးဖွားလာတဲ့ လိင်အင်္ဂါအပေါ် မူတည်ပြီးတော့ ခွဲခြားမခံရဘူးဆိုတဲ့ လုံခြုံတဲ့ဝန်းကျင် တစ်ခုကို ရောက်သွားတဲ့အချိန်မှာ လူထုလူတန်းစားအစုံ၊ ဂျဲန်ဒါအစုံပါအဝင် ဆောင်ရွက်လာနိုင်တဲ့အခင်း အကျင်းမှာ ဘယ်လူသားမဆို မွေးဖွားလာကတည်းက သူတို့ဘယ်လိုနည်းနဲ့ မွေးဖွားသည်ဖြစ်စေ၊ ဘယ်လို မိသားစုမှာမွေးဖွား သည်ဖြစ်စေ သူတို့ရဲ့မွေးဖွားကြီးပြင်းလာရတဲ့ ဖြစ်တည်မှုတွေအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှုမရှိဘူးဆိုတဲ့ ခံစားချက်က အဲ့လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးလိုက်တာ ဖြစ်တယ်။ လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအပြည့်နဲ့ ရှင်သန်ခွင့်ရှိမယ်ဆိုရင် ကြိုးစားချင်စိတ် ရှိတဲ့သူ ဖြစ်လာမယ်။ အဲ့လိုအနေအထားမှာ အဓိကအကျဆုံးကတော့ ဘယ်လူသားမဆို သူတို့ရဲ့စိတ်ဆန္ဒအတိုင်း လုပ်တာရှိမယ်၊ မလုပ်တာရှိမယ်။ သူတို့က ဂုဏ်သိက္ခာအပြည့်နဲ့ ရှင်သန်ရပ်တည် သေဆုံးခွင့် ရှိလာမယ်။ အမျိုးသမီးတွေက နိုင်ငံရေးမှာ တင်းပြည့်ကြပ်ပြည့်ပါဝင်ချင်ရင် ပါဝင်ခွင့်ရမယ်ဆိုလို့ကတော့ သေချာတာ ကတော့ စစ်ပွဲတွေချုပ်ငြိမ်းဖို့ အနီးစပ်ဆုံးဖြစ်မယ်။ တဖြေးဖြေးနဲ့ အသိုင်းအဝိုင်းတစ်ခုလုံး တစ်စုံလုံးစာ တိုးတက်လာဖို့အတွက် အမျိုးသမီးတွေက အများကြီးစွမ်းဆောင်လာနိုင်မှာ ဖြစ်တယ်။ ဒါကတော့ ကျွန်မတို့ မျိုးဆက်အသီးသီးအတွက် အကျိုးအများဆုံး စဉ်းစားချက် ဖြစ်လာမယ်လို့ ထင်တယ်။

*၈။ ဖြည့်စွက်ချက်။*

ကျွန်မတို့အမျိုးသမီးတွေ ကဏ္ဍအစုံမှာ ကျရာကဏ္ဍက ပါဝင်နေကြတာဖြစ်တယ်။ နိုင်ငံရေးလို့ပြောရင်လည်း ကျရာ ကဏ္ဍမှာ ကိုယ်နိုင်ရာကိုဆောင်ရွက်နေရတယ်။ အမျိုးသမီးတွေက အိမ်တွင်းမှာလည်း ဖိနှိပ်မှုခံရတယ်။ stereotype ပတ်ဝန်းကျင်မှာ သတ်မှတ်ထားတဲ့ပုံသေကားချပ် စဉ်းစားချက်တွေကြားမှာ ရုန်းကန်ရတယ်။ ကိုယ်ဖြစ်ချင်တာတောင်မှ အဲ့ရုန်းကန်မှုတွေကို အိမ်မှာအရင်တိုက်ရတယ်။ အိမ်မှာတိုက်ပြီး လမ်းပေါ်မှာ တိုက်ရတယ်။ အလုပ်ခွင်တွေမှာ တိုက်ရတယ်။ ပြီးရင် နိုင်ငံရေးကဏ္ဍတွေမှာ တိုက်ရတယ်။ ဆန္ဒပြပွဲလုပ်ရင် တောင် အမျိုးသမီးတွေနောက်မှာနေ၊ တခုခုဖြစ်မှာစိုးလို့။ ဒါပေမယ့် အဲ့လိုတခုခုဖြစ်မှာစိုးလို့ လို့ပြောလိုက်တာ က သူ့ရဲ့ရုပ်ခန္ဓာဗေဒဖြစ်တည်မှုပေါ်မှာ စိုးရိမ်တယ်ဆိုသော်ငြား အမျိုးသမီးတွေက ရှေ့တန်းမှာ ပါဝင်နေတယ် ဆိုတဲ့ပုံရိပ်ကို ကျသွားစေတယ်။ အဲ့ကြားထဲမှာမှ အမျိုးသမီးတွေကရုန်းနေရတယ်ဆိုတော့ ကိုယ့်အချင်းချင်း ကြားမှာ ဖေးမပေးပါ။ စာနာပေးပါ။ ဂရုစိုက်ပေးပါ။ သူများထက်ပိုပြီး နားလည်ပေးဖို့လိုတယ်။ အချင်းချင်း အပြိုင်အဆိုင်တွေရှိတာက ပြဿနာမဟုတ်ဘူး။ သို့သော် ကျွန်မတို့က အမျိုးသမီးဖြစ်တည်မှုပေါ် မူတည်ပြီး ရုန်းကန်နေရတဲ့ စိတ်ပိုင်း၊ ခန္ဓာကိုယ်ပိုင်း ရုန်းကန်ရမှုတွေကို အချင်းချင်းစာနာပြီး သွေးစည်းညီညွတ်မှု ပြဖို့က ဒီတော်လှန်ရေးမှာ အထက်မြက်ဆုံးလက်နက်တစ်ခုဖြစ်တယ်လို့ ကျွန်မကမြင်ပါတယ်။



Sayar Ma Junia

**မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

**ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။**

**“နိုင်ငံရေးအရ တက်လာသည့်အစိုးရတိုင်းဟာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းအား ဖယ်ရှားရေး အတွက် ဥပဒေပိုင်း၊ မူဝါဒပိုင်း၊ စီမံကိန်းတွေ၊ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းအစီအစဉ်တွေမှာ ကျောထောက် နောက်ခံပေးဖို့ လိုပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

မြန်မာနိုင်ငံရေးဖြစ်စဉ်ကဆိုရင် အရင်ကအာဏာသိမ်းမှုနဲ့ ယခုအာဏာသိမ်းမှုက မတူပါဘူး။ အရင်ကဆိုရင် ပြည်သူတွေဆူပူအောင်သူတို့ကပဲ လုပ်ပြီး အာဏာသိမ်းတယ်။ အခုအာဏာသိမ်းမှုကတော့ လူထုက တင်မြှောက်ထားတဲ့ရွေးကောက်ခံအစိုးရ နှင့် သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံနှင့် အခြားနိုင်ငံရေး ခေါင်းဆောင်တွေကိုပါ ဖမ်းဆီးပြီး လူထုကပေးအပ်ထားတဲ့ အာဏာကိုပါစစ်တပ်ကနေပြီး သိမ်းလိုက်တာ ဖြစ်လို့ လူထုကနေပြီးတော့ ပြန်တော်လှန်တာမျိုးပါ။ နိုင်ငံရေးပါတီတွေအနေနဲ့ဆိုရင်လည်း မြန်မာနိုင်ငံမှာ အင်အားကြီးပါတီက ၂ခုပဲ ရှိတယ်။ NLD ပါတီနဲ့ ကြံ့ခိုင်ရေးပါတီ ပေါ့။ ပြည်ထောင်စုကြံ့ခိုင်ရေးပါတီရဲ့ သန္ဓေဟာဆိုရင် စစ်တပ်က မွေးထုတ်ပေးထားသော အရင်းမြစ်တစ်ခုပဲ ဖြစ်ပါတယ်။ စစ်တပ်မှာလည်း လက်နက်ကိုင်တပ်ဖွဲ့နဲ့ ရှိနေတယ်။ သူက သန္ဓေတည်ပြီးတော့ မွေးဖွားထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေး ပါတီကလည်း သူ့ရဲ့နိုင်ငံရေးအင်အားတစ်ရပ်အနေနဲ့ ရှိနေသေးတယ်။ တချိန်တည်းမှာ အလုံးစုံ ပြီးပြည့်စုံခြင်း မရှိသော ပင်လုံစာချုပ်ထဲမှကိုက တိုင်းရင်းသားတွေရဲ့ မကျေနပ်မှုများစွာက ရှိနေပြီးသား ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရေးဟာ ဟိုးအရင်ကတည်းမှာကိုက ပဋိပက္ခပေါင်းများစွာ ရှိနှင့်ပြီးသား ဖြစ်ပါတယ်။ အဲထဲကနေပြီးတော့ ဆယ်စုနှစ်မက စစ်ကောင်စီ၏ လက်ဝါးကြီးအုပ်မှုကို တော်လှန်နေရတာ ဖြစ်တဲ့အတွက်၊ အခက်အခဲများစွာ ရှိနေတဲ့ကြားထဲကနေ ကျွန်မတို့သည် နွေဦးတော်လှန် ရေးဟာ စိန်ခေါ်မှုများစွာ ရှိနေပါတယ်။ အဲဒီအတွက် ပြည်သူတွေကတော့ စစ်ကောင်စီကို အမြစ်ပြတ်အောင်တိုက်မယ် ဆိုတဲ့ ဘုံဆန္ဒကတော့ တူကြတယ်။ အခြား မတူကွဲပြားမှုတွေ၊ အမြင်တွေ၊ ရှုထောင့်တွေ၊ ချဉ်းကပ်မှုတွေ အမျိုးမျိုးအဖုံဖုံရှိနေကြတဲ့အပေါ်မှာပဲ ကျွန်မတို့အနေနဲ့ကတော့ ဒီနွေဦးတော်လှန်ရေးက မပြတ်ယွင်းသော ပန်းတိုင်ဆီကို တစိုက်မတ်မတ်သွားနေကြပါတာ ဖြစ်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိ တည်ဆောက် သင့်ပါသလဲ။*

နိုင်ငံတော်သစ်ကို တည်ဆောက်တဲ့အခါ လူ့အခွင့်အရေးကို အခြေခံမူအနေနဲ့ ထားဖို့ လိုပါတယ်။ လူတစ်ယောက်ရယ်လို့ဖြစ်လာရင် လူဂုဏ်သိက္ခာရှိရှိ နေထိုင်မှု၊ ရှင်သန်မှု၊ လွတ်လပ်မှု၊ လုံခြုံမှု၊ လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်တွေရှိမယ်၊ လွတ်လပ်စွာရေးသားခွင့်တွေရှိမယ်၊ ကြွေးကြော်မှုတွေ ရှိနေမယ်ပေါ့။ ဒီလိုအခြေခံလူ့အခွင့်အရေးတွေကိုလည်း ကျွန်မတို့က စည်းတွေ၊ ဘောင်တွေထားရမယ်။ ဒါတွေကို ပါးစပ်ကနေပဲ ပြောနေလို့မရဘူး။ အသက်သွင်းဖို့ဆိုရင်တော့ ကောင်းမွန်တဲ့ဥပဒေတစ်ရပ်ရှိဖို့ လိုတယ်။ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတော်ကို ဖွဲ့စည်းမယ်၊ အခြေခံဥပဒေကို ရေးဆွဲမယ်ဆိုရင် ပြည်သူတွေ ထံကနေ ဆင်းသက်လာတဲ့ သဘောဆန္ဒတွေ ပါတဲ့ အခြေခံဥပဒေမျိုးတွေဖြစ်နေဖို့ လိုအပ်ပါတယ်။ တဖန် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ လူသားတိုင်း ကျား၊ မတန်းတူ အခွင့်အရေးတွေ ရှိနေဖို့ လိုအပ်တယ်။ ပြည်နယ်တွေအနေနဲ့လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရှိနေရမယ်။ အဲဒီလိုကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တွေရှိနေတဲ့ ပြည်နယ်တွေကို စုဖွဲ့ပြီးတော့မှ ကျွန်မတို့က ပြည်ထောင်စု တစ်ရပ်ဖွဲ့စည်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့ပြင် တိုင်းရင်းသားအနည်းစုတွေကို အားလုံးနဲ့ သာတူညီမျှဖြစ်အောင် ထူးကဲတဲ့အခွင့်အရေးမျိုးတွေ ပေးအပ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမိုကရေစီဆိုတာဟာ လူအများကအုပ်ချုပ်ခွင့်ရပြီး၊ လူအနည်းစုရဲ့ အခွင့်အရေးကိုလည်း ကာကွယ်ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီအခွင့်အရေးအရ ကျား၊ မဆိုင်ရာ လိင်စိတ် ခံစားမှုတွေကို ခွဲခြားမှုမရှိဖို့လည်း လိုအပ်တယ်။ ပါတီစုံဒီမိုကရေစီကို အခြေခံထားပြီးတော့ လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့် ဒါမျိုးတွေလည်း ရှိနေဖို့ လိုအပ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံရေးအမြင်နဲ့ ချဉ်းကပ်တဲ့အခါမှာ ရှုထောင့်တွေမျိုးစုံရှိပါတယ်။ အဲဒီမတူကွဲပြားမှုတွေကို အပေါ်ယံနဲ့သာ ကြည့်မယ်ဆိုရင် ရှုပ်ထွေးပါတယ်။ ဒါပေမဲ့ အောင်မြင်မှုကိုလိုချင်တယ်ဆိုရင်တော့ သည်မတူကွဲပြားမှုတွေကို တစ်ယောက်နဲ့ တစ်ယောက် အမြင်စုံဖလှယ်ပြီးတော့ ဖေးဖေးမမနဲ့ သွားရပါမယ်၊ထိန်းကျောင်းရပါမယ်။ အဲဒီလိုပဲ အခြေခံမူတွေကို ရေးဆွဲတဲ့အခါကြရင် မတူကွဲပြားမှုတွေအပေါ်မှာပဲ ကျွန်မတို့က သူ့ရဲ့လိုအပ်ချက်၊ ကိုယ့်ရဲ့လိုအပ်ချက်တွေကို နားလည်ပေးဖို့၊ ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ အဲဒီအပေါ်မှာပဲ ကျွန်မတို့က မတူကွဲပြားမှုကို စိန်ခေါ်မှုလို့ မသတ်မှတ်ဘဲ အဲဒီအပေါ်မှာပဲ အခြေခံပြီးတော့ ရှုထောင့်ပေါင်းစုံ၊ အမြင်ပေါင်းစုံ ကို ခြေကုပ်ယူပြီးတော့မှ အောင်မြင်မှုဆီကို သွားရမှာ ဖြစ်ပါတယ်။ ဒါကိုစိန်ခေါ်မှုလို့ခေါ်သလိုပဲ အောင်မြင်မှုလို့လည်း မြင်မိပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အမျိုးသမီးတွေဆိုတာ တစ်ယောက်ချင်းစီအနေနဲ့ကြည့်လိုက်မယ်ဆိုရင် အရေးမပါသူ ဘာမှ မဟုတ်သူတွေလို့ မြင်ကောင်းမြင်နိုင်ပါမယ်။ သို့သော် ကျွန်မတို့က တစ်နိုင်ငံလုံးဆိုင်ရာအနေအထား၊ တစ်ကမ္ဘာလုံး ဆိုင်ရာ အနေအထားနဲ့ ကြည့်လိုက်မယ်ဆိုရင်တော့ အမျိုးသမီးထုတွေရဲ့ အခန်းကဏ္ဍက တကယ်ကိုကြီးမြတ်တဲ့၊ တကယ်ကို လေးလေးနက်နက်နဲ့ စဉ်းစားရမယ့်ကိစ္စတစ်ရပ်လို့ မြင်ပါတယ်။ အမျိုးသားထုတွေရဲ့ လုပ်ပိုင်ခွင့်၊ အမျိုးသမီးတွေရဲ့လုပ်ပိုင်ခွင့်ဆိုပြီးတော့ ခွဲခြားနေစရာမလိုဘူး။ အားလုံးဟာ အမျိုးသားရေးတစ်ရပ်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ သူလည်း တစ်ကျပ်၊ ကိုယ်လည်း တစ်ကျပ်လို့ဆိုတဲ့ ကျား-မ တန်းတူညီမျှဖို့ လိုပါတယ်။

နောက်ပြီးတော့ တချို့ဌာနဆိုင်ရာတွေမှာဆိုရင် ရာထူးကြီးတဲ့နေရာတွေကို အမျိုးသမီးတွေကို မပေးတာ များတယ်။ ငြိမ်းချမ်းရေးဆိုင်ရာအကြီးအကဲတွေ၊ တကယ့်ခေါင်းဆောင်ပိုင်း တွေမှာဆိုရင်လည်း အမျိုးသမီး တွေကို ဖယ်ကျဉ်ထားတာတွေ ရှိတယ်။ ဒီလိုကိစ္စမျိုးတွေက လုံးဝမဖြစ်သင့်ဘူး။ ဒါကြောင့်မလို့ အမျိုးသမီး တွေအနေနဲ့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသန္တရအရေး ဘယ်ကိစ္စမှာမဆို ထဲထဲဝင်ဝင် ပါဝင်နေဖို့ လိုအပ်တယ်။ ကျွန်မတို့ ၂၀၁၅ လောက်ကထိ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးပါဝင်ဆောင်ရွက်မှု၊ ဆုံးဖြတ်နိုင်မှုအားက နည်းသေးတယ်လို့ ကျွန်မအနေနဲ့ ထင်တယ်။ ၂၀၁၆ ခုနှစ်လောက် ကတောင်မှ ပြည်ထောင်စု လွှတ်တော်မှာ ဆိုရင် အမျိုးသားက (၄၂၄) ဦးရှိပြီးတော့မှ အမျိုးသမီးက (၆၇) ဦးပဲ ရှိတယ်။ ရာခိုင်နှုန်းအရဆိုရင် ၁၀ရာခိုင်နှုန်းကျော်ကျော်ပဲ ရှိတယ်။ တိုင်းရင်းသားဒေသတွေမှာဆိုရင် ဝန်ကြီး (၂၄) ဦးမှာမှ အမျိုးသမီးက (၅) ဦးလောက်ပဲ ရှိတယ်။ အဲဒီတော့ နိုင်ငံရေးအခန်းကဏ္ဍမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုအားက အင်မတန်ကို နည်းနေတယ်။ ဒါကြောင့်မလို့ ကျွန်မတို့တွေက အားမရသေးဘူးလို့ပဲပြောရမှာပေါ့၊ ကော်မတီတွေဖွဲ့တဲ့အခါကြရင်လည်း အဲဒီကော်မတီတွေမှာ အမျိုးသမီးတွေရဲ့ ဥက္ကဋ္ဌဖြစ်ခွင့်က အင်မတန်ကို နည်းနေသေးတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နိုင်ငံရဲ့ယဉ်ကျေးမှုတွေကလည်း တခါတလေကြရင် ကျွန်မတိုအတွက် အဟန့်အတား ဖြစ်စေတယ်။ ရိုးရာ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ကိုးကွယ်မှုတွေကလည်း အဟန့်အတားဖြစ်စေတယ်။ အခုလက်ရှိ နွေဦး တော်လှန်ရေးမှာရော၊ ယခင်ကရော ဆုံးဖြတ်ပိုင်ခွင့်မှာ အမျိုးသမီးတွေက ရာခိုင်နှုန်းအားဖြင့် နည်းတယ်။ ဒီမိုကရေစီနည်းကျကျနဲ့ မဲခွဲတဲ့အခါ အမျိုးသမီးတွေ၏ လုပ်ပိုင်ခွင့်က ပိုပြီး အားနည်းပါတယ်။ ဒါကြောင့်မလို့ ကျွန်မတို့လိုအပ်တာက တန်းတူအခွင့်အရေးပါ။ နောက်ပြီးတော့ အမျိုးသားဖိုဝါဒီတွေကနေပြီးတော့လည်း ဖယ်ကျဉ်ထားတာတွေကြောင့် ကျွန်မတို့အမျိုးသမီးတွေကပြောဆိုခွင့်၊ ခေါင်းဆောင်ခွင့်ရဖို့တွေအတွက် အဟန့်အတားဖြစ်စေပါတယ်။ လက်ရှိတော်လှန်ရေးကာလအရဆိုရင်တော့ နိုင်ငံရေးဆိုင်ရာတွေနဲ့ တွေးခေါ် မယ်ဆိုရင် အမြင်မတူမှုတွေရှိမယ်၊ နောက်ပြီး ဘာသာရေးအလေ့အထတွေ၊ ဓလေ့ထုံးတမ်း တွေ၊ ယဉ်ကျေးမှု

တွေရှိမယ်။ ဒါတွေက ထိန်းချုပ်မှုတွေ၊ အဟန့်အတားတွေဖြစ်နေတယ်လို့ မြင်ပါတယ်။ ဒါ့ပြင် ပညာရေးနဲ့ လုပ်ငန်းပိုင်းမှာလည်း ကန့်သတ်မှုတွေ ရှိနေတယ်။ ဒါတွေက ကျွန်မတို့အမျိုးသမီးတွေရဲ့ နေရာရမှုတွေ၊ အောင်မြင်မှုတွေနဲ့ ခေါင်းဆောင်မှု၊ လွတ်လပ်စွာပြောဆိုမှုတွေအတွက် အကန့်အသတ်၊ အဟန့်အတား ဖြစ်စေ စေတယ်ပေါ့နော်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ဖွဲ့စည်းပုံဥပဒေသစ်ရေးဆွဲတဲ့အခါမှာ ကျား- မ တန်းတူညီမျှရေးကို အမျိုးသားရေး လိုအပ်ချက်တစ်ရပ်အနေနဲ့ မြင်သင့်တယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင်၊ အစိုးရပိုင်းဆိုင်ရာ၊ ဌာနပိုင်းဆိုင်ရာတွေ၊ နိုင်ငံရေးပိုင်းဆိုင်ရာ၊ လွှတ်တော်ပိုင်းဆိုင်ရာတွေမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ထဲထဲဝင်ဝင်သတ်မှတ်ထားပြီးတော့ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ အမျိုးသမီးတွေပါဝင်မှုအားကောင်းလာဖို့ဆိုရင် နိုင်ငံတော် အစိုးရအနေနဲ့ ဗျူဟာကောင်းကောင်းတွေနဲ့ စီမံချက်ရေးဖို့လိုသလို၊ အမျိုးသမီးစွမ်းရည်တွေကိုလည်း မြှင့်တင်ပေးဖို့ လိုပါတယ်။ အဲဒီလိုပေးပြီးတော့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို အကျယ်တဝင့်ထုတ်ဖော် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီအပေါ်မှာ မတူကွဲပြားမှုတွေကို ကျွန်မတို့က ဒီမိုကရေစီနည်းကျကျနဲ့ စီမံခန့်ခွဲမှုကောင်းကောင်း လုပ်ပေးမယ်ဆိုရင်တော့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက ပိုပြီးတော့ ပေါ်လွင်လာမယ်လို့ ထင်ပါတယ်။ နိုင်ငံရေးဖြစ်စဉ်တွေမှာ ပါဝင်စုဖွဲ့လာဖို့အတွက်ကိုလည်း နိုင်ငံတော်ကနေပြီးတော့ ထောက်ပံ့ပေးဖို့၊ စီမံပေးဖို့ လိုပါတယ်။ ဒါမှသာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက အမျိုးသားတွေနဲ့ ရင်ဘောင်တန်းတူလုပ်ပိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

ကျွန်မတို့ကအနာဂါတ်နိုင်ငံမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေ မြင်နိုင်မလဲဆိုတာမျိုးက လက်ရှိနွေဦး တော်လှန်ရေးကတော့ သာဓကပြစရာ ဖြစ်ပါတယ်။ ဒီအာဏာသိမ်းလိုက်ကတည်းကိုက အမျိုးသမီးခေါင်း ဆောင်တွေက ပေါ်ထွက်လာခဲ့တယ်။ လက်ရှိအမျိုးသားညီညွတ်ရေးအစိုးရမှာ ဒေါ်ဇင်မာအောင်ဆိုရင်လည်း အမျိုးသားတွေနဲ့ တန်းတူနိုင်ငံတကာကို သွားလာဆက်ဆံနေတယ်။ နောက်ပြီးတော့ ကျွန်မတို့ CRPHတို့၊ CRYHတို့မှာဆိုရင်လည်း အမျိုးသမီးတွေရဲ့အခန်းကဏ္ဍက အရင်ကထက် ပါဝင်မှုအား ပိုကောင်းလာပါတယ်။ အဲဒီတော့ ကျွန်မတို့အမြင်အရဆိုရင် နိုင်ငံရေးထဲမှာ အမျိုးသမီးတွေရဲ့ စုဖွဲ့မှုအားက ပိုကောင်းလာတယ်။ အဲဒီလိုစုဖွဲ့မှုအား ပိုကောင်းလာလေလေ နိုင်ငံရေးဖြစ်စဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းတွေက ပိုပြီးတော့ ချောမွေ့လာလေလေ ဖြစ်ပါတယ်။ အမျိုးသားထုက အမျိုးသမီးရယ်လို့ ခွဲခြားဆက်ဆံနေသမျှကာလဟာ အမျိုးသမီးများအတွက် ခေါင်းဆောင်မှုရော၊အခွင့်အရေးရရှိမှုရော အဟန့်အတားဖြစ်နေမှာပဲ ဆိုတာ သတိချပ် သင့်ပါတယ်။

နိုင်ငံရေးအရ တက်လာသည့်အစိုးရတိုင်းဟာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းအား ဖယ်ရှားရေး အတွက် ဥပဒေပိုင်း၊ မူဝါဒပိုင်း၊ စီမံကိန်းတွေ၊ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းအစီအစဉ်တွေမှာ ကျောထောက် နောက်ခံရှိနေပြီး၊ အာမခံမှု အပြည့်အဝ ပေးထားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်ရှင့် ကျေးဇူးတင်ပါတယ်။





**Spring**

## ပြည်သူ့စစ်သားဇနီးများ

*“နိုင်ငံရေးမှာ များသောအားဖြင့်က မွေးရာပါအခွင့်အရေးနဲ့ ဦးစားပေးခံရတဲ့သူတွေ ကပဲ ဆုံးဖြတ်တဲ့အခါ လူနည်းစုတွေ ခွဲခြားဆက်ဆံခံရတဲ့သူတွေအတွက်ကို ထည့်သွင်းစဉ်းစားတယ်ဆိုရင်တောင် အလုံးစုံပြည့်ပြည့် ဝဝမဖြစ်နိုင်ဘူး။ ဘာလို့ဆို ခွဲခြားဆက်ဆံခံရတယ်ဆိုတာ ကိုယ်ခံစားရတာကိုယ်ပဲ သိတယ်”*

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်က စပြီးတော့ တန်းတူညီမျှအခွင့်အရေးကို မရကြတဲ့ လူနည်းစု၊ တိုင်းရင်းသား လူမျိုးတွေက စတင်ပြီး အခွင့်အရေးကို တောင်းဆိုတာကနေ လက်နက်ကိုင်ပြီး တော်လှန်ကြတယ်။ နိုင်ငံပြည်တွင်းစစ် အကြာရှည်ဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့တယ်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာဆို ပြောရရင် ၁၉၆၂ မှာ စစ်တပ်က အာဏာစသိမ်းတယ်။ အဲ့အချိန်ကနေစပြီးနောက်ပိုင်း ၇၄ တို့ ၈၈တို့မှာ နိုင်ငံရေးအပြောင်းအလဲ တော်လှန်ရေးတွေ ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ကို အသက်သွင်းနေတဲ့ စစ်တပ်ဆိုတဲ့ institution ကြီးကို အမြစ်ဖြတ်နိုင်ခဲ့ခြင်း မရှိဘူး။ အရင်တုန်းကဆိုရင်လည်း ပြည်မနဲ့ တိုင်းရင်းသားဒေသဆိုပြီး ခွဲခြားလိုက်သလို၊ ဝါဒဖြန့်တဲ့အခါကျတော့ တိုင်းပြည်ချောက်ထဲကျွန်မယ့်အချိန်မှာ စစ်တပ်က အမြဲကယ်လိုက်တာ။ တိုင်းပြည်ကို တခြား တရုတ်ဖြူတွေ၊ ကုမင်တန်တွေ၊ ဗကပတို့၊ သူပုန်တွေ ရန်ကနေ ငါတို့က ပြည်သူကိုကာကွယ်ပေးထားတာ၊ ကယ်တင်ပေးထားတာဆိုပြီး ခေတ်အဆက်ဆက်မှာ သူရဲကောင်းအယောင်ဆောင်ပြီး၊ သူတို့အာဏာတည်မြဲဖို့အတွက်၊ သက်ဆိုးရှည်ဖို့အတွက်ကိုပဲ နည်းမျိုးစုံနဲ့ လှည့်ဖြားပြီး လုပ်ခဲ့ကြတယ်။

အဲ့ခေတ်မှာက နည်းပညာတွေမပေါ်သေးဘူး။ သူတို့ပြောသမျှကိုပဲ ယုံရတယ်။ စစ်တပ်က နိုင်ငံမှာရှိသမျှ နေရာဒေသ၊ ကဏ္ဍအသီးသီးမှာ သူတို့ကပဲ လက်ဝါးကြီးအုပ်ထားတယ်။ အဲ့လိုနဲ့ ၂၀၁၁ ဒီမိုကရေစီစနစ်မရခင် အထိ ပြည်မမှာရှိတဲ့ပြည်သူလူထုက စစ်တပ်ရဲ့စနစ်အောက်၊ ယန္တရားအောက်မှာပဲ နေသားကျလာတယ်။ ကျလာတဲ့အခါမှာ သူတို့အနေနဲ့က တိုင်းရင်းသားတွေရဲ့ မညီမျှမှုတွေ၊ တိုင်းရင်းသားဒေသတွေမှာ ဘယ်လိုတွေ လုပ်ခံနေရတယ်ဆိုတာမျိုးတွေကို ပိုပြီးတော့ မေ့လျော့လာကြတယ်။ နောက်တခုက စစ်တပ်ကပညာရေးတင် မကဘူး၊ စီးပွားရေးတွေ လူမှုရေးတွေမှာလည်း ခက်ခဲကြပ်တည်းနေအောင်လုပ်တဲ့အခါကျတော့ ပြည်သူလူထုက သူတို့ရဲ့အသက်ရှင်ရပ်တည်ရေးအတွက် လုံးပန်းနေရတာနဲ့တင် တခြားနိုင်ငံရေးတွေ၊ တခြားလူနည်းစုတွေရဲ့အခွင့်အရေးတွေ ညီမျှနေလား။ မညီမျှနေလားဆိုတာကိုလည်း သူတို့မှာစဉ်းစားချိန်မရှိတော့ဘူး။ အဲ့လိုမျိုးနဲ့ပဲစစ်တပ်က အခုချိန်ထိကို ချုပ်ကိုင်လာတယ်။

အခုလက်ရှိ ၂၀၂၁ အာဏာသိမ်းတဲ့အခါမှာ ဒါကမဖြစ်သင့်ဘူး။ ငါတို့ရဲ့အခွင့်အရေးကိုသူတို့က မတရား ချိုးဖောက်နေတာ၊ မတရားလုပ်ယူလိုက်တာဆိုမျိုးတွေက လူငယ်တိုင်း၊ ပြည်သူလူထုတိုင်း ရင်ထဲမှာ ရောက်လာတယ်။ အဲ့အတွက်ကိုလည်း နွေဦးတော်လှန်ရေးကပေါ်ပေါက်လာခဲ့တာဖြစ်တယ်။ နောက်တစ်ခုက အရင်တုန်းကကျတော့ စစ်တပ်ပြောတဲ့ဟာကိုပဲ နားထောင်ပြီးတော့ ယုံကြည်ခဲ့တာ။ အခုလက်ရှိကကြတော့ စစ်တပ်ကလုပ်တာမဟုတ်ဘူးလို့ လိမ်နေလိုက်ရင် လိမ်လိုက်ပြီးတာနဲ့ သိပ်မကြာဘူး သက်သေက ပေါ်လာရော။ လိုင်းပေါ်ကနေပြီးတော့ ပြည်သူလူထုက အမှန်တရားကဘာလဲ သိလာရတယ်။ အဲ့အခါ ဟိုအရင်တုန်းက တိုင်းရင်းသားဒေသတွေမှာ စစ်တပ်က မတရားဖမ်းဆီးနှိက်စက်တာမျိုးတွေ မီးရှို့တာတို့၊ အမျိုးသမီးတွေအပေါ်မှာ အဲ့လိုမျိုး အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားတာမျိုးတွေက တကယ်ဖြစ်ခဲ့တာပါလား။ အခုပြည်တွင်းမှာ မြို့ကြီးပြကြီးတွေမှာတောင်မှ သူတို့ကတကယ်လုပ်နေတာ ပါလား ဆိုတာမျိုးတွေ သိလာရတယ်။ ကျွန်မအနေနဲ့ မြင်မိတာက အခုနွေဦးတော်လှန်ရေးက အရင်တုန်းက အဖြစ်အပျက်တွေနဲ့မတူပဲနဲ့ တကယ့်ကို မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကြီးမားတဲ့ အပြောင်းအလဲတွေကို ယူဆောင်လာပေးမယ်လို့လည်း မြင်တယ်။ ပြီးတော့နွေဦးတော်လှန်ရေးက စစ်အာဏာရှင်နဲ့ စစ်တပ် အဖွဲ့အစည်းတစ်ခုလုံးကို အမြစ်ဖြတ် ခြေမှုန်းနိုင်လိမ့်မယ်လို့လည်း မြင်ပါတယ်။

## *၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတော်သစ်တည်ဆောက်တဲ့အခါ နိုင်ငံမှာရှိနေတဲ့ နိုင်ငံသားတိုင်းရဲ့ရပိုင်ခွင့်ကို အဓိကတန်ဖိုးထား အလေးထားသင့်တယ်လို့ မြင်တယ်။ နိုင်ငံသားဆိုတဲ့နေရာမှာလည်း လူမျိုးကြီးတစ်ခုကို အမြဲအားသာနေတဲ့ အရာတစ်ခုပေါ်မှာ အခြေခံတာမဟုတ်ပဲနဲ့ မတူညီတဲ့ကွဲပြားနေတဲ့ လူနည်းစုတွေရော၊ လူနည်းစုတွေမှာရှိတဲ့ လူနည်းစုတွေကလည်း ကျွန်မတို့နိုင်ငံသားဖြစ်တယ်။ သူတို့တွေရဲ့အခက်အခဲ သူတို့တွေအတွက်ကိုလည်း ထည့်သွင်းစဉ်းစားရတယ်။ ကျွန်မတို့လည်း ငယ်ငယ်တုန်းကတော့မသိဘူး။ ဒီတိုင်းပဲ ဗမာအဖေအမေဆီကပဲ မွေးဖွားလာတယ်။ ပြည်မမှာ မြို့ပေါ်မှာပဲ ကြီးပြင်းလာတယ်။ အဲ့ဒီအခါကျတော့ ပစားပေးထားတဲ့စနစ်ထဲမှာပဲ အသားတကျပဲ စီးဆင်းသွားခဲ့တယ်။ ပညာရေးစနစ်ဆိုလည်း ဘယ်လောက်ပဲမကောင်းဘူးပြောပြော ဒီနိုင်ငံမှာ ရှိနေတဲ့ပညာရေးစနစ်ထဲမှာ ကျွန်မတို့ကသက်တောင့်သက်သာနဲ့ ပညာသင်ခွင့်ရတယ်။ အဲ့ဒီအချိန်မှာ တိုင်းရင်းသားဒေသတွေမှာကြတော့ သူတို့အနေနဲ့ကြရင်သူတို့မှာ ဘာသာစကားအခက်အခဲရှိမယ်။ သူတို့ရဲ့ နေရာဒေသပေါ်မူတည်ပြီး ရာသီဥတုကွဲပြားသွားတဲ့ အချက်အလက်တွေအပေါ်မှာ သူတို့အနေနဲ့ ကျောင်းသွား ရတာအခက်အခဲဖြစ်မယ်။ တိုင်းရင်းသားဒေသတွေ၊ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ဒေသတွေမှာ မိုးတွင်းမှာ ကျောင်းတက်ခြင်းကသူတို့အတွက် အခက်အခဲတစ်ခုဖြစ်တယ်။ ဒါပေမယ့်လည်း သူတို့အနေနဲ့က ပညာသင်ချင်တယ်ဆို အခက်အခဲရှိရှိနဲ့ပဲ သွားပြီးတက်ရတာပဲ။ အဲ့လိုမှမတက်ဘူးဆိုရင် သူတို့မှာ ပညာသင် မယ့်အခွင့်အရေး ဆုံးရှုံးသွားတယ်။ နိုင်ငံတော်သစ် တည်ဆောက်တဲ့အခါမှာကျရင် အဲ့လိုမျိုးမဖြစ်စေချင်ဘူး။ နိုင်ငံသားဆိုတဲ့နေရာမှာ လူနည်းစုပဲဖြစ်ပါစေ သူတို့ရဲ့အခွင့်အရေး သူတို့အဆင်ပြေလား မပြေလား။ သူတို့

အနေနဲ့ ဘယ်လိုအခွင့်အရေးမျိုးက သူတို့အတွက် ပိုပြီးတော့ အားသာချက်ဖြစ်မလဲ သူတို့အတွက် အဆင်ပြေမလဲဆိုတဲ့ အဲ့လိုအရာမျိုးတွေကို ထည့်သွင်းစဥ်းစား စေချင်တယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

စစ်အာဏာရှင်ကို သက်ဆိုးရှည်စေတာလည်း ဖိုဝါဒပဲ ဖြစ်ပါတယ်။ ကျွန်မတို့ကလည်း ကျွန်မတို့နိုင်ငံမှာက မွေးဖွားလာတဲ့အချိန်ထဲက ယောကျာ်းလေးဆိုရင် ဘုန်းကံမြင့်တယ်။ ဒါကဘာသာရေး၊ ယဥ်ကျေးမှု ဓလေ့ထုံးတမ်းတွေအရ မွေးကတည်းက ယောကျာ်လေးက အခွင့်အရေး ပိုပြီးရနေပြီးသား ဖြစ်ပါတယ်။ မွေးဖွားစဥ်ကတည်းက ဘာမှမလုပ်ရသေးခင်တောင် ခွဲခြားသတ်မှတ် ထားပြီးသားပေါ့နော်။ အဲ့လိုအချိန်မှာ ဒီလိုသေးငယ်တဲ့အရာတွေ ဘာမှမဖြစ်နိုင်ဘူးလို့ ထင်တဲ့အရာတွေကနေပဲ အမျိုးသားတွေက ပညာတက်သွားတယ်။ အချိန်တန်တော့ စီးပွားရေး၊ နိုင်ငံရေး၊ နယ်ပယ်အသီးသီးမှာ ဝင်ပြီးတော့ တာဝန်ယူထမ်းဆောင်တယ်။ တာဝန်ယူလိုက်ကြတယ်။ သူတို့က အသာစီးရနေပြီးသား ဖြစ်တဲ့အတွက် သူတို့စဥ်းစားဆုံးဖြတ်တဲ့အခါမှာလည်း အသာစီးကနေဘဲ လွယ်လွယ် ကူကူ ဆုံးဖြတ်လိုက်ကြတယ်။ ငါတို့ကအခွင့်အရေးရနေတာလို့ မတွေးပဲနဲ့ ငါတို့ကတော့ ဒီလိုဆိုရင် အဆင်ပြေတယ်ဆိုပြီးတော့ တွေးလိုက်မယ်။

နိုင်ငံရေးမှာ များသောအားဖြင့်က မွေးရာပါအခွင့်အရေးနဲ့ ဦးစားပေးခံရတဲ့သူတွေကပဲ ဆုံးဖြတ်တဲ့အခါ လူနည်းစုတွေ ခွဲခြားဆက်ဆံခံရတဲ့သူတွေအတွက်ကို ထည့်သွင်းစဥ်းစားတယ်ဆိုရင်တောင် အလုံးစုံပြည့်ပြည့်ဝဝမဖြစ်နိုင်ဘူး။ ဘာလို့ဆို ခွဲခြားဆက်ဆံခံရတယ်ဆိုတာ ကိုယ်ခံစားရတာကိုယ်ပဲ သိတယ်။ ကိုယ့်အဆင်မပြေမှုကို ကိုယ်ကိုတိုင်ကထုတ်ဖော်ပြီး ပြောရမယ်။ ပြီးရင်ထုတ်ဖော်ပြီး ဆွေးနွေးရမယ်။ အဲ့လိုမျိုးလုပ်ပိုင်ခွင့်မရှိဘူးဆို တခြားသူကကိုယ်ချင်းစာတယ်ဆိုတာက ပြည့်ပြည့်ဝဝ မဖြစ်နိုင်ဘူး။ အဲ့အတွက်ကို နိုင်ငံရေးမှ မဟုတ်ဘူး။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကဏ္ဍပေါင်းစုံမှာက စုံလင်ကွဲပြားမှုက လိုအပ်ပါတယ်။

အမျိုးသမီးတွေကိုတကယ့်ဦးဆောင်ဆုံးဖြတ်ရမယ့်နေရာမျိုးတွေ တကယ့်အချက်အချာ နေရာမျိုးတွေမှာ အမျိုးသမီးတွေကို နေရာထားတာမျိုးမရှိဘူး။ လက်ရှိနွေဦးတော်လှန်ရေးမှာဆိုလည်း အမျိုးသမီးတွေက ကဏ္ဍ အသီးသီးမှာပါဝင်နေတယ်။ အခုနောက်ပိုင်းဆိုရင် အမျိုးသမီးအခွင့်အရေးတို့ ထုတ်ဖော်ပြောတဲ့ သူများလာတဲ့အခါမှာ အမျိုးသမီးတွေကို သုံးတော့သုံးတယ်။ ဒါပေမယ့်အိမ်ဖြည့်အနေနဲ့ သဘောမျိုးပဲ သုံးတာရှိတယ်။ တကယ့်ဆုံးဖြတ်ရမယ့် decision maker နေရာမျိုးကျတော့ အမျိုးသားတွေကိုထားကြတယ်။ အမျိုးသမီးတွေကို သူတို့ရှေ့ကနေပြောသွားတာတွေကို နောက်ကနေ တောက်တိုမယ်ရ အဲ့လိုလိုက်ပြီးတော့ သူတို့လမ်းကြောင်းဆွဲထားတဲ့အပေါ်မှာ လိုက်ပြီးလုပ်ပေးရတဲ့နေရာမျိုးမှာပဲ အမျိုးသမီးတွေကို ထားတာမျိုး ဘဲ ရှိနေသေးပါတယ်။

*၄။လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အခုလက်ရှိအမျိုးသမီးတွေတွေ့ဆုံတဲ့ ဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ ကျွန်မတို့ တက်တယ်။ ကဏ္ဍအသီးသီးက အမျိုးသမီးတွေ ပါဝင်ကြတယ်။ သူတို့တွေကလည်းပြန်ပြောတယ်။ လက်ရှိဆိုလည်း အမျိုးသမီးတွေ မဖြစ်မနေ (၃၀)ရာခိုင်နှုန်းပါရမယ်ဆိုလို့သာ အမျိုးသမီးတွေကိုပါဝင်ပြီးတော့ ထည့်ထားကြတယ်။ ဒါပေမယ့် တကယ့်ဆုံးဖြတ်ပိုင်ခွင့်ပေးတဲ့နေရာမျိုးတွေ တကယ့်ဆုံးဖြတ်ချက် ကြီးကြီးမားမားချရမယ့် နေရာမျိုးတွေမှာ အမျိုးသမီးတွေက မပါဘူး။ တကယ်လို့အမျိုးသမီးတွေကပါခဲ့ရင်လည်း အမျိုးသမီးတွေရဲ့အသံကို သူတို့က နားတော့ထောင်လိုက်တယ်။ ဒါပေမယ့် လိုက်လုပ်လားဆို မလုပ်ဘူးပေါ့။ အမျိုးသမီးရဲ့အသံကို အသိအမှတ် မပြုဘူးပေါ့။ အဲ့လိုမျိုးတွေက အခုလက်ရှိအချိန်ထိ တော်လှန်ရေးမှာလည်း ဖြစ်နေတုန်းပဲ။ ဒါပေမယ့် တချို့သောအစုအဖွဲ့တွေ အမျိုးသမီးအခွင့်အရေးကို တန်ဖိုးထားတဲ့ ကျား၊ မတန်းတူညီမျှမှုကို တန်ဖိုးထား တယ်ဆိုတဲ့ အဖွဲ့တွေမှာတော့ အမျိုးသမီးတွေက ဦးဆောင်နေတဲ့နေရာတွေမှာ ပါဝင်နေတာ တွေ့ရတယ်။ ဒီမြေပြင်အဖွဲ့တွေမှာလိုမျိုး သပိတ်ကော်မတီလို နေရာတွေမှာလည်း အမျိုးသမီးတွေ ဦးဆောင်နေတာကို အများကြီးမြင်တွေ့လာရတယ်။ အရင်တုန်းကအခြေအနေနဲ့စာရင်တော့ ဒီနွေဦးတော်လှန်ရေး (၃) နှစ်တာ ကာလအတွင်းမှာ အမျိုးသမီးတွေက ပိုပိုပြီးတော့ပါဝင်လာနိုင်တယ်။ ဦးဆောင် လာနိုင်ကြတယ်လို့ မြင်တယ်။ ဒီထက်တော့ပိုပြီးတော့ အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်ကို အသိအမှတ်ပြု ပြီးတော့ အမျိုးသမီးအခွင့်အရေး ဆိုတာကို ပါးစပ်ထဲတွေ၊ စာအုပ်ထဲတွေ၊ မူတွေထဲမှာ တင်မဟုတ်ပဲနဲ့ တကယ့်လက်တွေမှာကို အမျိုးသမီး အခွင့်အရေးကို တန်ဖိုးထားစေချင်တယ်။ အမျိုးသမီးတွေ၊ လူနည်းစုတွေ ကို တန်းတူအခွင့်အရေး ပေးနိုင်တဲ့အချိန်ကမှ တကယ်ကိုပဲ အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးကို တန်ဖိုးထားတဲ့အချိန်ဖြစ်မှာလို့ ကျွန်မကသုံးသပ်ပါတယ်။

*၅။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးအခွင့်အရေးဆိုတာဘာလဲ။ အမျိုးသမီးတွေက ဘာရပိုင်ခွင့်ရှိတယ်။ အမျိုးသမီးအခွင့်အရေးထဲမှာ ဘာတွေပါတယ်ဆိုတာမျိုး ကျွန်မတို့ကများသောအားဖြင့်က အမျိုးသမီးအချင်းချင်းမှာကိုပဲ အရင်ဆုံး share ပေးလေ့ရှိတယ်။ ဒါ့ပြင် အမျိုးသမီးတွေသာမကပဲနဲ့ အမျိုးသားတွေကိုလည်း အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ အမျိုးသမီးတွေကို ဘယ်လိုတန်ဖိုးထားရမယ်ဆိုတာ အသိပညာပေးသင့် ပါတယ်။ ဘာလို့ဆို ယောကျာ်းလေးတွေကိုယ်တိုင်က အမျိုးသမီးတွေကလည်း လူပဲ။ ငါတို့နဲ့တူတူပဲ။ သူတို့မှာ လည်း ဆုံးဖြတ်နိုင်တဲ့အသိဉာဏ်ရှိတယ်။ လုပ်နိုင်စွမ်းရှိတယ် ဆိုတာမျိုးတွေကို အသိအမှတ်ပြုလာဖို့ အတွက်က သူတို့အနေနဲ့ အမျိုးသမီးအခွင့်ရေးကို သိရမယ်။ ကျား၊မတန်းတူညီမျှရေးကို သူတို့အနေနဲ့က တကယ်သိရှိနားလည်ပြီးတော့ လက်ခံအသိအမှတ်ပြုရမယ်။ အဲ့လိုဖြစ်ဖို့အတွက်လည်း ကျွန်မတို့ အများကြီး တိုက်တွန်း လှုံ့ဆော်စည်းရုံးသင့်ပါတယ်။ ကျောင်းသင်ခန်းစာတွေမှာလည်း ကျား၊မတန်းတူညီမျှမှုတွေ

အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ သင်ကြားပေးတာတွေ၊ ပညာပေးသင်တန်း၊ ဟောပြောတာပဲဖြစ်ဖြစ်၊ ဆွေးနွေးပွဲလေးတွေ လုပ်သင့်တယ်လို့မြင်ပါတယ်။

*၆။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေလည်း အသိဉာဏ်ပညာတွေရှိတယ်။ ဆုံးဖြတ်နိုင်စွမ်းလည်း ရှိတယ်။ ဒါ့ပြင် အမျိုးသားတွေထက်ပိုပြီး ပိုပြီးစေ့စေ့စပ်စပ်လုပ်နိုင်စွမ်း ရှိတယ်။ ကိုယ့်မှာ လုပ်နိုင်စွမ်းရှိတယ်ဆိုရင်တောင် လုပ်နိုင်စွမ်းကို ထုတ်ပြခွင့်မရကြဘူး။ တကယ့်လို့သာ အမျိုးသမီးတွေအနေနဲ့ သူတို့ရဲ့လုပ်နိုင်စွမ်းတွေ စွမ်းဆောင်ရည်တွေကို ပြည့်ပြည့်ဝဝသာလုပ်နိုင်မယ်ဆိုရင် နိုင်ငံကလည်း ပိုပြီးတော့ ကောင်းမွန်လာမယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခန်းကဏ္ဍအသီးသီးမှာလည်း အိုင်ဒီယာတစ်ခုထဲသွားတာ မဟုတ်တော့ဘူးပေါ့။ မတူညီတဲ့ အိုင်ဒီယာမျိုးစုံရတဲ့အတွက်ကို ပိုပြီးတော့ ကောင်းမွန်တဲ့အဖွဲ့အစည်း စနစ်တစ်ခုကိုပိုပြီး ဖွဲ့စည်းဖော်ဆောင်လာနိုင်မယ်လို့ထင်မြင်မိပါတယ်။

*၇။တခြားဖြည့်စွက်ပြောချင်တာရှိရင်ပြောပေးပါဦး။*

အမျိုးသမီးတွေကလည်း တကယ်လူသားတစ်ယောက်ပဲ ဖြစ်တယ်။ အမျိုးသမီးဖြစ်နေလို့ မလုပ်နိုင်ဘူးဆိုတာ မရှိဘူး။ ဒီစနစ်ကြီးကြောင့်သာ အမျိုးသမီးတွေက ရှေ့ထွက်ခွင့်မရတာပေါ့။ အဲ့လိုမျိုးအခြေအနေမှာ အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့အရည်အချင်း၊ ကိုယ့်ရဲ့ စွမ်းဆောင်ရည်ကို ကိုယ်ကိုတိုင်က အသိအမှတ်ပြုဖို့လိုတယ်။ ကိုယ်ကိုကိုယ် ချစ်ဖို့လိုတယ်။ ကိုယ့်ရဲ့ရပ်တည်မှုက ကိုယ့်ကိုကိုယ်အတွက်ပဲဖြစ်သင့်တယ်။ ငါက မိန်းကလေးဖြစ်လို့ ရပါ့မလား ဖြစ်ပါ့မလား ဆိုပြီး တွေးပူမနေစေချင်ဘူး။ အရာအားလုံးကို ခက်ခဲတယ်ဆိုလည်း အမျိုးသမီးတွေက ပိုပြီးအခက်အခဲတွေ ကြုံတွေ့လာရင်တောင် အမျိုးသမီးတွေက ပိုပြီးကြံ့ကြံ့ခံ ရင်ဆိုင်နိုင်တယ်။ အဲ့တော့ ကိုယ့်ကိုကိုယ်ချစ်ပါ ကိုယ့်ရဲ့ဖြစ်တည်မှုကို တန်ဖိုးထားပါ။ အမျိုးသမီးတွေကလည်း ဦးဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို အားပေးစကားပြောချင်ပါတယ်။

**ငါက မိန်းကလေးဖြစ်လို့ ရပါ့မလား ဖြစ်ပါ့မလား ဆိုပြီး တွေးပူမနေစေချင်ဘူး။ အရာအားလုံးကို ခက်ခဲတယ် ဆိုလည်း အမျိုးသမီးတွေက ပိုပြီးအခက်အခဲတွေ ကြုံတွေ့လာရင်တောင် အမျိုးသမီးတွေက ပိုပြီးကြံ့ကြံ့ခံ ရင်ဆိုင်နိုင်တယ်။**



Ying Mwe Lyan

**ဦးဆောင်ကော်မတီဝင် (Tai Student Union)**

**ရှမ်းလူငယ်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ**

**"မိန်းမတစ်ယောက် ဘာမှမလုပ်နိုင်ဘူးဆိုတဲ့အချိန်က လက်သည်းနီဆိုးထားပြီး မခြောက်သေးတဲ့အချိန်ပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ အမျိုးသမီးတွေ ကိုယ်တိုင်က ကိုယ့်အရည်အချင်းကို ကိုယ်တိုင်သိပြီး ကိုယ်ကျရာ အခန်းကဏ္ဍကနေ ပါဝင်စေချင်ပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိ နွေဦးတော်လှန်ရေးက လမ်းစတစ်ခုကိုရောက်နေပြီလို့ မြင်ပါတယ်။ ၂၀၂၁ အာဏာသိမ်းတော့ လမ်းတွေပေါ်မှာ ဆန္ဒပြကြတယ်။ လက်နက်ကိုင်ပြီး တော်လှန်တဲ့သူတွေက တော်လှန်ကြတယ်။ နည်းမျိုးစုံနဲ့ နိုင်ငံတဝန်းလုံးမှာ ဆက်လက် တော်လှန်နေကြတယ်။ လက်ရှိမှာတော့ နိုင်ငံရေးအပြောင်းအလဲ အများကြီး ရှိလာတယ်လို့ မြင်တွေ့နေရပါတယ်။။ ဒါပေမယ့် စစ်ကောင်စီဖက်ကလည်း စစ်မှုထမ်းဥပဒေတွေ၊ ဖိနှိပ်မှုတွေကို အများကြီးလုပ်လာတယ်။ အဲ့ဒီလို လုပ်နေတာရှိနေတဲ့ ကြားထဲကကိုမှ ကျွန်မတို့ လူငယ်တွေ၊ ပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခံပြီးတော့မှ ဆက်လက် တော်လှန်နေကြဆဲဖြစ်တဲ့အတွက်ကြောင့် မဝေးတော့တဲ့ ကာလတစ်ခုမှာ နွေဦး တော်လှန်ရေးရဲ့ ရောင်နီကို မြင်နေကြရပြီလို့ ပြောလို့ရပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့် ပါသလဲ။*

အရေးကြီးဆုံးကတော့ လာမယ့် နိုင်ငံတော်သစ်မှာ လူမျိုး၊ ဘာသာ တိမ်းညွတ်မှုမရှိတဲ့၊ လူမျိုးစွဲ၊ ဘာသာစွဲကင်းတဲ့ နိုင်ငံတော်သစ်တစ်ခု ဖြစ်လာဖို့ လိုတယ်။ နောက်တစ်ခုကတော့ တန်းတူညီမျှမှုရှိရမယ်။ တန်းတူညီမျှမှုဆိုတာ ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေ၊ လူမျိုးစုတွေအားလုံး အလွှာမရွေး တန်းတူညီမျှမှုရှိတဲ့ နိုင်ငံ၊ လူ့အခွင့်အရေးကို လေးစားလိုက်နာတဲ့ နိုင်ငံတစ်ခုဖြစ်ဖို့ လိုတယ်။ နောက်တစ်ခုကတော့ ကျား၊ မတန်းတူညီမျှရေးကလည်း အရေးကြီးတဲ့ အချက်တစ်ခုပေါ့။ ဒီအချက်တွေကို စနစ်တကျ အခြေခံထားရှိပြီး တည်ဆောက်ဖို့ လိုတယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။

*၄။ နိုင်ငံရေးမှာ အခြေမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေး နဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

အဓိကကတော့ နိုင်ငံရေးမှာ အမျိုးသမီးတွေအနေနဲ့ မဖြစ်မနေ ဘယ်လို ကဏ္ဍက ပါဝင်ဖို့ လိုအပ်သလဲဆိုရင် ကျွန်မအနေနဲ့ကတော့ နိုင်ငံရေး၊ စစ်ရေးစတဲ့ ဘယ်ကဏ္ဍမဆို ကဏ္ဍပေါင်းစုံမှာ အမျိုးသမီးတွေအနေနဲ့ ပါဝင်သင့်တယ်လို့ အရင်ဆုံးပြောချင်ပါတယ်။ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ တခြား လူမှုရေးလုပ်ငန်းတွေမှာပဲဖြစ်ဖြစ်၊ လူ့အခွင့်အရေးကဏ္ဍမှာပဲဖြစ်ဖြစ် ဘယ်ကဏ္ဍမှာမဆို အမျိုးသမီးတွေရဲ့ အသံက အရေးကြီးပါတယ်။ အမျိုးသမီးတွေရဲ့ အမြင်ဒွိက တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူး။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေ အကြားမှာလည်း မတူနိုင်ဘူးပေါ့နော်။ ဒါကြောင့် အဲဒီလိုမတူညီနိုင်တဲ့ နေရာတွေမှာ အမျိုးသမီးတွေရဲ့ အသံက ဆိတ်သုဉ်းသွားမယ်ဆိုရင် အမျိုးသမီးတွေရဲ့ အခွင့်အရေးက ပိုပြီးတော့ နစ်နာမယ်၊ ပိုပြီးတော့ ဆုံးရှုံးတာတွေ ရှိလာနိုင်မယ်။ ဒါကြောင့်မလို့ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ တခြားဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် အမြင်စုံလင်ကွဲပြားမှုမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုက အရမ်းအရေးကြီးပါတယ်။ အမျိုးသမီးတွေရဲ့ လုပ်နိုင်စွမ်းသည်လည်း အမျိုးသားတွေနဲ့ တန်းတူရှိတယ်။ ဒါ့အပြင် ပိုပြီးတော့ တော်တဲ့နေရာတွေလည်းရှိနေတဲ့အတွက် အမျိုးသမီးတွေရဲ့ ပါဝင်ခြင်းသည် ပိုပြီးတော့ ကောင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခု၊ ပိုပြီးတော့ ကောင်းတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို ရှေ့ရှုသွားနိုင်တယ်လို့ မြင်ပါတယ်။

*၅။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

နွေဦးတော်လှန်ရေးကာလ သပိတ်ကော်မတီအများစုမှာ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုတွေ၊ အခန်းကဏ္ဍတွေ သီးသန့်ပါဝင်ထားတာကို တွေ့ရပါတယ်။ အမျိုးသမီးခေါင်းဆောင် တင်မြှောက်ပြီး လုပ်ဆောင်နေကြတာတွေကိုလည်း တွေ့ရတယ်။ ဒါပေမယ့် အားနည်းနေတာကတော့ စစ်ရေး၊ နိုင်ငံရေးဖက်ကမှာတော့ အမျိုးသမီးပါဝင်ဆုံးဖြတ်ပိုင်ခွင့် အားနည်းနေတာကို တွေ့နေရသေးတယ်။ ဒါပေမယ့် သပိတ်ကော်မတီ တော်တော်များများမှာ အထူးသဖြင့် နိုင်ငံရေးကိစ္စ တော်တော်များများ အမျိုးသမီးအသံတွေ တွေ့နေရပြီလို့ ပြောလို့ရပါတယ်ရှင့်။

*၆။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အဓိကကတော့ ကျွန်မ ထင်တာကတော့ အမျိုးသမီးတွေကို မြင်တဲ့ ထင်မြင်ယူဆချက်တွေပေါ့နော်။ ဥပမာ-စစ်ရေးကဏ္ဍတွေမှာဆိုရင် အမျိုးသမီးတွေက အကြမ်းမခံနိုင်ဘူး၊ မလုပ်နိုင်ဘူးလို့ မြင်ကြတာတွေ ရှိတယ်။

နောက်တစ်ခုကတော့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အမျိုးသမီးတွေမှာဆိုရင် ကျွန်မတို့ မြန်မာလူမှု အသိုင်းအဝိုင်းနဲ့ တိုင်းရင်းသားဒေသတွေမှာဆိုရင်လည်း ရှေးကတည်းကပါလာတဲ့ ရှေးရိုးစွဲအမြင်၊ ယဉ်ကျေးမှု ဘောင်တွေက အကန့်အသတ်ဖြစ်နေတယ်လို့ ကျွန်မအနေနဲ့ မြင်မိတယ်။ ဥပမာပြောရမယ်ဆိုရင် နိုင်ငံရေး ကိစ္စတွေမှာ အမျိုးသမီးတွေ ပါဝင်နိုင်မှုတွေ၊ နောက်တစ်ခုကတော့ sexual harassment လို ကိစ္စမျိုးတွေမှာ တချို့အမျိုးသမီးတွေဆိုရင် ပါဝင်ချင်တယ်၊ လုပ်ချင်ကြတယ်။ ဒါပေမယ့် Gender ခွဲခြားပြီး လုပ်နေကြတဲ့ ကိစ္စမျိုးတွေက အဟန့်အတားဖြစ်နေတယ်။ အဲဒီတော့ ခြုံငုံပြီးတော့ ပြောရမယ်ဆိုရင် အဓိကကတော့ ရှေးရိုးစွဲယဉ်ကျေးမှုနဲ့ ဘာသာရေးဓလေ့ထုံးတမ်းတွေရယ် sexual harassment လို ကိစ္စမျိုးတွေအကုန်လုံး လည်း ပါပါတယ်။ ဒါတွေက အဟန့်အတားဖြစ်နေစေပါတယ်။

*၇။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ဒီမေးခွန်းကို ကျွန်မအနေနဲ့ နှစ်ပိုင်းခွဲပြီး ပြောချင်ပါတယ်။ ပထမတစ်ပိုင်းကတော့ ဘယ်လိုအရင်းအမြစ်တွေ ကို ဖြည့်ဆည်းပေးသင့်လဲဆိုတော့ လက်ရှိတော်လှန်ရေးကာလမှာ အောက်ခြေမှာ ပါဝင်နေတဲ့ လူတစ်ယောက် ချင်းကစလို့ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်၊ တန်းတူညီမျှခွင့်၊ အမျိုးသမီးတွေကိုယ်တိုင် ဘာတွေကိုရနိုင်တယ် ဆိုတာကို ကျွန်မတို့ အမျိုးသမီးတွေရော၊ အမျိုးသားတွေရော ဘယ်သူမဆို အသိပေးတာ၊ သင်တန်းပေးတာ အဲ့ဒီလိုကိစ္စမျိုးတွေကို အခုကတည်းက စတင်သင့်ပြီ၊ လုပ်သင့်ပြီ။ နောက်တစ်ခုကကြတော့ ခေါင်းဆောင်ပိုင်း တွေအနေနဲ့လည်း သွားပြီးတော့ ဘယ်လို ရှိသင့်တယ်၊ ဘယ်လို လုပ်သင့်တယ်ဆိုတာ လေ့လာထားဖို့ လိုပြီလို့ ကျွန်မအနေနဲ့ ထင်ပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတော်သစ်တည်ဆောက်တဲ့အချိန်မှာ ကျွန်မတို့ လုပ်ရမယ့် အလုပ်ကကျတော့ အခြေခံဥပဒေမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်ကို သီးသန့်တစ်ခါတည်း ထည့်သွင်းရေးသားရမယ်၊ ထည့်သွင်းပြောဆိုရမယ်လို့ ကျွန်မအနေနဲ့ ထင်မိပါတယ်။

*၈။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

တကယ်လို့ အမျိုးသမီးတွေရဲ့အမြင်သည် တခြားအမျိုးသားတွေနဲ့ မတူဘူး။ ကျွန်မတို့ အမျိုးသမီးတွေ ကိုယ်တိုင်ကလည်း လုပ်နိုင်စွမ်းရှိတဲ့ အမျိုးသမီးတွေ အများကြီးရှိပါတယ်။ အနာဂါတ်နိုင်ငံရေးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုများလာရင် အမျိုးသမီးတွေကြုံတွေ့နေရတဲ့ အိမ်တွင်းအကြမ်းဖက်ခံရမှုတွေကနေ ကာကွယ်နိုင်မယ်။ နောက်တစ်ခုကတော့ အမျိုးသမီးတွေအနေနဲ့ ငြိမ်းချမ်းမှုကို ပိုပြီးတော့ ကြိုက်တယ် ဆိုတော့ ငြိမ်းချမ်းရေးမှာ ပဋိပက္ခတွေကို ပိုပြီးတော့ လျော့နည်းသွားစေနိုင်လိမ့်မယ်လို့ ကျွန်မအနေနဲ့ ထင်ပါတယ်။

### *၉။ ဖြည့်စွက်ချက်။*

ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ကိုယ်ရပိုင်ခွင့်ကို ကိုယ် ကိုယ်တိုင်သိဖို့ လိုတယ်။ ကိုယ် ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို ကာကွယ်ဖို့လိုတယ်။ နောက်တစ်ခုကကြတော့ ကျွန်မ ဖတ်ဖူးတဲ့စာသားပေါ့နော်။ ဘယ်သူ ရေးခဲ့တာ လည်းတော့ ကျွန်မ မမှတ်မိဘူး။ အဲ့ဒါကတော့ မိန်းမတစ်ယောက် ဘာမှမလုပ်နိုင်ဘူး ဆိုတဲ့အချိန်က လက်သည်းနီဆိုးထားလို့ လက်သည်းနီ မခြောက်သေးတဲ့အချိန်ပဲ ရှိတယ်တဲ့။ အဲဒီတော့ ကျွန်မတို့ အမျိုးသမီးတွေကိုယ်တိုင်က ကိုယ့်အရည်အချင်းကို ကိုယ်ကိုယ်တိုင်သိပြီး နိုင်ငံရေးမှာ ဖြစ်ဖြစ်၊ တော်လှန်ရေး မှာ ဖြစ်ဖြစ် ကိုယ်ကျရာ အခန်းကဏ္ဍကနေ ပါဝင်စေချင်တယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။

**အနာဂါတ်နိုင်ငံရေးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု များလာရင် အမျိုးသမီးတွေကြုံတွေ့နေရတဲ့ အိမ်တွင်းအကြမ်းဖက်ခံရမှု တွေကနေ ကာကွယ်လာနိုင်မှာ ဖြစ်သလို နိုင်ငံတွင်းပဋိပက္ခတွေကို ပိုပြီးတော့ လျော့နည်းသွားစေမှာ ဖြစ်ပါတယ်**





**ဆရာမဆန်းဆန်း**

**ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားပြုကော်မတီ**

**အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက်**

**“အမျိုးသမီးအခွင့်အရေးကို မြှင့်တင်ခြင်းဟာ အမျိုးသမီးတွေရဲ့ လုံခြုံစိတ်ချရမှု၊ ရပ်တည်နိုင်မှု၊ ရှင်သန်နိုင်မှုတင်မဟုတ်ပဲနဲ့ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်အထိပါ အကျိုးသက်ရောက်မှု ရှိလာမယ်လို့ ယုံကြည်ပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိနွေဦးတော်လှန်ရေးနဲ့ပတ်သက်ပြီးတော့ ပြောမယ်ဆိုရင် ကျွန်မတို့ အခု နိုင်ငံရဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေကို နွေဦးတော်လှန်ရေး (Spring Revolution) လို့ ခေါ်ကြတယ်။ ဒါပေမယ့် ကျွန်မရဲ့ အမြင်ကတော့ ကျွန်မတို့ နိုင်ငံမှာ နိုင်ငံရေးလှုပ်ရှားမှု၊ စနစ်ပြောင်းတဲ့ လှုပ်ရှားမှုတွေကတော့ အမျိုးမျိုး ဖြစ်လာခဲ့ကြတယ်။ ၁၉၈၈ အရေးအခင်းနောက်ပိုင်း လှုပ်ရှားမှုတွေ ဆက်တိုက်ကို ဖြစ်လာတာ။ အဲ့ဒါတွေကို တော်လှန်ရေးလို့ နာမည်မတပ်ခဲ့ဘူး။ ဒီ ၂၀၂၀ လူထုလှုပ်ရှားမှုကို အခြားနိုင်ငံအချို့က နိုင်ငံရေးလှုပ်ရှားတဲ့ နာမည်ကို နမူနာယူပြီး နွေဦးတော်လှန်ရေးလို့ နာမည်တပ်လိုက်တယ်။ ဒီနိုင်ငံရဲ့နွေဦးတော်လှန်ရေး ထူးခြားချက်ကတော့ နိုင်ငံရေးရော စစ်ရေးရော တွဲပါနေတာပါပဲ ဖြစ်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

ဒီမိုကရေစီစံတန်ဖိုးတွေ အပါအဝင် နိုင်ငံတစ်ခုပေါ် မူတည်ပြီးတော့ သူ့ရဲ့ နိုင်ငံအလိုက် စံတန်ဖိုးတွေ ရှိရမယ်လို့ မြင်ပါတယ်။ နိုင်ငံတစ်ခုဟာ ဒီမိုကရေစီကို အခြေတည်ပြီး တည်ဆောက်မယ်ဆိုရင် အဆင်ပြေ နိုင်တယ်လို့ ကျွန်မ အယူအဆရှိခဲ့တယ်။ ဒါပေမယ့် အခု နွေဦးတော်လှန်ရေးဖြစ်ပြီးတဲ့ နောက်ပိုင်း နိုင်ငံ အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရတဲ့အခါ နိုင်ငံတစ်ခုမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း မှာပါတဲ့ လူသားအခြေခံမှုတွေကို ကျွန်မတို့ မဖြစ်မနေ အခြေခံရမယ်လို့ ကျွန်မကတော့ ယူဆတယ်။ ဒါမှ သာလျှင် ကျွန်မတို့က မတူကွဲပြားတဲ့ လူတွေကြားထဲမှာ ဘုံသဘောတူညီချက်ကို ဘုံခံစားချက်၊ ဘုံခံယူချက်၊ ဘုံသာတူညီမျှမှု ရနိုင်မယ်လို့ ထင်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

ဖက်ဒရယ်ဒီမိုကရေစီလို့ ပြောလိုက်ရင် မတူကွဲပြားမှုကို အခြေခံထားတာ ဖြစ်ပါတယ်။ အမြင်စုံလင်ကွဲပြားမှုက မပါမဖြစ်လောက်အောင်ကို အရေးပါတယ်။ လက်ရှိ တော်လှန်ရေးနဲ့ တော်လှန်ရေးအလွန် ကာလတွေမှာ အမျိုးသမီးတွေဟာ မိမိတာဝန်ယူနိုင်ရင် ယူနိုင်သလောက် အခန်းကဏ္ဍစုံမှာ မဖြစ်မနေ ပါဝင်ဖို့ လိုအပ်တယ်၊ ကမ္ဘာနဲ့ အမြဲတမ်း ယှဉ်ထိုးကြည့်လိုက်ရင် ကြာလေလေ ကျွန်မတို့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ ပိုပြီးတော့ အရေးပါလာတယ်ဆိုတာ မြင်တွေ့ရပါတယ်။ နိုင်ငံရေးဆိုတာ ကျား ၊ မ မရွေး လူအားလုံးနဲ့ဆိုင်ပါတယ်၊ လူအားလုံးအတွက်အရေးကြီးတယ်၊ ဒါ့ကြောင့် အမျိုးသမီးတွေဟာလဲ နိုင်ငံရေးမှာ ထဲထဲဝင်ဝင်ပါဝင်ဖို့ မဖြစ်မနေ အရေးကြီးတယ်လို့ ပြောချင်ပါတယ်၊

*၄။လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မ အမြင်ပြောရရင်တော့ ထင်သာမြင်သာတော့ မရှိသေးဘူး။ ကျွန်မတို့ နိုင်ငံမှာ အမျိုးသမီးအခွင့်အရေးရှုထောင့်က ကြည့်ရင် အခွင့်အရေးရှိနေတယ်လို့ ယူဆရပါတယ်။ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် အမျိုးသမီးအခွင့်အရေးအပေါ် ဖိနှိပ်ချုပ်ချယ်ထားတာ မရှိဘူးလို့ မြင်ရပေမယ့် တကယ်တမ်း ထဲထဲဝင်ဝင် လုပ်ကြည့်တဲ့အခါမှာ အခွင့်အရေးအပြည့်အဝ မရနေဘူး။ တကယ်တမ်း လုပ်ကြည့်ရင် အခက်အခဲတွေ အများကြီးရှိတယ်။ အခု နွေဦးတော်လှန်ရေးကာလမှာလည်း ကျွန်မတို့ မြင်နေရတယ်။ အပြင်က ကြည့်ရင် နိုင်ငံရေးမှာ အမျိုးသမီးတွေ ပါလို့ရတယ်မြင်ရတယ်။ နာမည်အရတော့ ဟုတ်တယ်။ တကယ်တမ်းကျတော့ အခက်အခဲတွေ အများကြီး ရှိနေသေးတယ်။ ဥပမာပေးဖို့ ကျွန်မတော့ လောလောဆယ် သိပ်တောင် မတွေ့ဘူး။ ဘာလို့ဆို ကျွန်မတို့ ကိုယ်တိုင်ပါနေရတဲ့အခါမှာ တော်တော်လေးကို ရုန်းကန်နေရပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

တော်လှန်ရေးမတိုင်ခင်ကာလတုန်းက ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးအခွင့်အရေးက တကယ်တမ်း လုပ်ကြည့်ရင် မရှိဘူး။ ကျွန်မတို့မှာ နဂိုရှိပြီးသား အမျိုးသမီးတွေရဲ့ ရရှိရမယ့် လုပ်ပိုင်ခွင့်တွေတောင်မှ ယဉ်ကျေးမှုအရ ကန့်သတ်တာ၊ လူမှုရေးအရ၊ စီးပွားရေးအရ ကန့်သတ်ထားတာ ရှိပါတယ်။ နိုင်ငံရေးဆို ပိုတောင် အဟန့်အတား များနေသေးတယ်၊ ဒါက အရင်ကာလ အခြေအနေပါ။ အခုလို တော်လှန်ရေးကာလမှာ ပိုတောင်မှ အခက်အခဲက များလာနေတယ်။ အထူးသဖြင့် စစ်ပွဲဖြစ်ပြီဆို အရင်ဆုံး ထိခိုက်နစ်နာတာ အမျိုးသမီးတွေ၊ ကလေးတွေဖြစ်ပါတယ်။ တဖက်မှာ ပြန်ကြည့်ရင် ဒီစစ်ပွဲကို ဖန်တီးတာလည်း အမျိုးသမီးတွေ မဟုတ်ဘူး။ အမျိုးသမီးတွေ ဦးဆောင်ပြီးဖြစ်တဲ့ စစ်ပွဲဆိုတာလည်း မရှိသေးဘူး။ ပြဿနာအများစုက

အမျိုးသားတွေကပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ပုံစံနဲ့ ကျွန်မတို့က သူတို့ရဲ့ နောက်ကလိုက်ပြီး သူတို့ရဲ့ ပြဿနာကို နဖူးတွေ့ဒူးတွေ့ ခံစားရတာဆိုတော့ အမျိုးသမီးတွေအတွက် အဲ့ဒီအရာတွေက နိုင်ငံရေးမှာ ပါဝင်နိုင်ဖို့ ဆုံးဖြတ်နိုင်ဖို့ အခက်အခဲဖြစ်စေတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

လူ့အခွင့်အရေးကြေညာစာတမ်းမှာပါတဲ့ အချက်တွေကို နိုင်ငံသစ်အတွက် အခြေခံမူတွေမှာ ပါနိုင်သလောက် ထည့်ရမယ်၊ တစ်ဖက်ကလည်း အထူးသဖြင့် အမျိုးသမီးအချင်းချင်းတွေ ကြားထဲမှာရော၊ အမျိုးသမီးရော အမျိုးသားရော ကြားမှာပါ လူ့အခွင့်အရေး ရပိုင်ခွင့်တွေကို သိရှိနားလည်လာအောင် မျှဝေရပါမယ်။ လက်ရှိအချိန်မှာ ကတည်းက  လူ့အခွင့်အရေးဆိုတာ ဘာလဲ။ သာတူညီမျှဆိုတာဘာလဲ။ ကျားမတန်းတူ ညီမျှမှုဆိုတာဘာလဲ စတဲ့ အခွင့်အရေးနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို အခုကတည်းက ကြိုတင်ပြင်ဆင်ထားပြီး အသိပညာပေးမှု ပြုလုပ်ထားရမှာ ဖြစ်ပါတယ်။ တချိန်ချိန်မှာ ဖက်ဒရယ်ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီပဲ ဖြစ်ဖြစ် တစ်ခုခုကိုတည်ဆောက်တဲ့အချိန်မှာ ဒီအချက်တွေကို သိပြီးပြီဆိုရင် ကျွန်မတို့အတွက် အမျိုးသမီး အခွင့်အရေးဆိုတာ သီးခြားလိုက်လုပ်နေစရာ မလိုတော့ဘူး။ ကျွန်မတို့က ကွဲကူးရေပါ တခါတည်းပါ ပြီးသားဖြစ်နေတဲ့ အနေအထားလို့ ကျွန်မက ယူဆပါတယ်။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုအရေးအရ အပြောင်းအလဲဖြစ်ပြီဆို အရင်ဆုံးထိခိုက်ခံစားရတာ အမျိုးသမီးတွေ ဖြစ်ပါတယ်။ အဲ့ဒါကို ဘယ်လို ကြိုတင်ကာကွယ်မလဲ။ အမျိုးသမီးတွေ အခန်းကဏ္ဍကို ဘယ်လို တိုးမြှင့်မလဲ။ အမျိုးသမီး တစ်ယောက်ချင်းစီ သော်လည်းကောင်း၊ အစုအဖွဲ့လိုက်ချင်းသော်လည်းကောင်း၊ သူတို့ရဲ့ ကိုယ်ပိုင်အရည်အချင်းကို တိုးတက်အောင် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ၊ အစိုးရကရော၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေကရော ကူညီပြီး အစီအစဉ်တွေ ဆွဲရမယ်။ မဖြစ်မနေ ဆွဲရမယ်။ ဦးစားပေးအနေနဲ့ အမျိုးသမီးတွေရဲ့ ပညာရေးပေါ့။ အမျိုးသမီးတစ်ယောက်ဟာဆိုရင် အနည်းဆုံး အလယ်တန်းပညာအဆင့် မဖြစ်မနေတတ်အောင် စီမံချက်ချပြီး အရင်ဆုံးဆောင်ရွက်ဖို့ လိုကိုလိုတယ်။ အဲ့လိုမျိုး ပညာရေး အဆင့်တစ်ခု ရောက်မှသာလျှင် သူတို့ရဲ့အတွေးအခေါ်အယူအဆ၊ သူတို့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပါဝင်တဲ့ အခန်းကဏ္ဍကို တိုးမြှင့်ပေးနိုင်မယ်။ အဲ့လိုမှ မဟုတ်ဘူးဆိုရင်၊ သူတို့မှာ ရှိသင့်ရှိထိုက်တဲ့ ပညာအရည်အချင်း မရှိရင် ဘယ်လောက်ပဲ သူတို့ကို အကူအညီပေးသည်ဖြစ်စေ ခဏတဖြုတ်ပဲရမယ်။ ရေရှည် သူတို့ဘာသာသူတို့ ရပ်တည်နိုင်ဖို့ ကူညီနိုင်မယ့် အခြေအနေမရှိဘူး။ ဒါ့ကြောင့် သူတို့ရဲ့ပညာရေးကို မဖြစ်မနေ ပံ့ပိုးပေးဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေသာ အနာဂတ်နိုင်ငံရေးမှာ တကယ့်ကို ယောကျာ်းတွေနဲ့ ရင်ဘောင်တန်းနိုင်မယ်၊ ဦးဆောင်မှုရနိုင်မယ်ဆိုရင် စစ်ပွဲတွေတောင် ဖြစ်လာမှာမဟုတ်တော့ဘူး။ အဲ့လောက်ကို လွန်လွန်ကျူးကျူး ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ အမျိုးသမီးဆိုတာက မိခင်စိတ်ရှိတယ်။ အရာရာကို စဉ်းစားပုံက ဘယ်သောအခါမှ အမျိုးသားတွေနဲ့မတူဘူး။ အဲ့တော့ အမျိုးသမီးတွေက အထိအခိုက်အပျက်အစီးနဲ့ အကျိုးကျေးဇူး နှိုင်းယှဉ်ကြည့်လေ့ရှိတယ်။ တဖက်မှာလည်း အမျိုးသမီးဆိုတာ တွေဝေတယ်။ သူတို့လို ရဲရဲဝင့်ဝင့် မရှိဘူးလို့ ယူဆမယ်။ တဖက်ကလည်း ဒါဟာ အန္တရာယ်ကင်းနိုင်တဲ့ အနေအထားတစ်ခုကို ရွေးချယ်တယ်လို့ ယူဆတယ်။ အမျိုးသမီးတွေက အမျိုးသားတွေနဲ့ယှဉ်ပြီး တကယ်ဦးဆောင်တဲ့ အခန်းကဏ္ဍမှာ မှာပါရမယ် ဆိုရင် ဒီထက်ပိုပြီး လုံခြုံစိတ်ချတဲ့ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်တစ်ခု ရကိုရမယ်လို့ ယုံကြည်ပါတယ်။

### *၈။ ဖြည့်စွက်ချက်။*

ခေတ်အဆက်ဆက် အမျိုးသမီးတွေက သူတို့နည်း သူတို့ဟန်နဲ့ သူတို့အခွင့်အရေးတွေကို ရဖို့ ကြိုးစားခဲ့ကြတယ်။ အခု လက်ရှိမှာလည်း ကျွန်မတို့ ကြိုးစားနေတယ်။ ကြိုးစားမှုက လက်ရှိ ကျွန်မတို့အတွက် အခွင့်အရေးရရုံတင် မကဘူး။ နောင်လာမယ့် မျိုးဆက်၊ အမျိုးသမီးငယ်လေးတွေ၊ သားစဉ်မြေးဆက်အတွက် ကျွန်မတို့က လမ်းခင်းပေးတဲ့ ကြိုးစားမှုတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသမီး အချင်းချင်း လက်တွဲချိတ်ဆက်ပြီးတော့ ဒီအလုပ်ကို မဖြစ်မနေ ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဒါက အမျိုးသမီးတွေရဲ့ လုံခြုံစိတ်ချရမှု၊ ရပ်တည်နိုင်မှုမှု၊ ရှင်သန်နိုင်မှုတင်မဟုတ်ပဲနဲ့ လူမျိုးတစ်မျိုးမှ နိုင်ငံတနိုင်ငံရဲ့ အနာဂတ်အထိပါ ကျွန်မတို့ရဲ့ ကြိုးစားမှုက အကျိုးသက်ရောက်မှု ရှိလာမယ်လို့ ယုံကြည်ပါတယ်။





**Elena**

**ဥက္ကဋ္ဌ**

**အလုပ်မှုဆောင်ကော်မတီ**

**လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ**

**“ဒီမိုကရေစီအရေးတို့၊ ဖက်ဒရယ်အရေးတို့ လူဦးရေတစ်ဝက်ကျော်တဲ့ အမျိုးသမီးတွေရဲ့ တွေးခေါ်မှု၊ သူတို့ရဲ့ လိုအပ်ချက်တွေ၊ စဉ်းစားချက်တွေကို ထည့်သွင်း မတည်ဆောက်ဘူးဆိုရင် ကျွန်မတို့ လိုချင်တဲ့နိုင်ငံက လူဦးရေတစ်ဝက်ရဲ့ နိုင်ငံတည်ဆောက်ရေး ဖြစ်လိမ့်မယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးက သုံးနှစ်ကျော်လာပြီဆိုတဲ့အခါမှာ နိုင်ငံရေးအတက်အကျတွေ အပြောင်းအလဲတွေ အများကြီးရှိတယ်။ တစ်စုတစ်ဖွဲ့လူငယ်ဆိုတဲ့ ရှုထောင့်ကနေ တွန်းလှန်ကြတဲ့ တော်လှန်ရေးတွေထက် မတူကွဲပြားတဲ့ အလွှာပေါင်းစုံပါဝင်တဲ့ တော်လှန်ရေး ဖြစ်ပါတယ်။ တော်လှန်ရေးတစ်ရပ်ဆိုတာ အနိမ့်အမြင့် အတက်အကျ ရှိပါတယ်။ အမျိုးသမီးအရေးနဲ့ ပြောရမယ်ဆိုရင် NUCC Charter လိုမျိုးမှာ အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါရမယ်ဆိုတဲ့ဟာမျိုးကို သတ်မှတ်ထားခဲ့တယ်။ အမျိုးသမီးတွေ ပိုပြီးပါဝင်ခွင့် ရလာတယ်။ တော်လှန်လူထုကြီးက ဖိုဝါဒီတွေ၊ လိင်ခွဲခြားမှုစနစ်တွေကို တခဲနက် တွန်းလှန်ခဲ့ကြတယ်။ လူထုထဲမှာ အမြစ်တွယ်နေတဲ့ စစ်ဝါဒီကြောင့်ရော ယဉ်ကျေးမှု လူ့အဖွဲ့အစည်း အသိုက်အဝန်းကြောင့်ရော ဖြစ်နေတဲ့ဟာတွေက တခါတည်းနဲ့ ပျက်သွားတာ မဟုတ်ဘူး။ ပြန် ပြန်ပေါ်လာတယ်။ ပြန်ပေါ်လာတဲ့အခါတွေမှာ ကျွန်မတို့က ဒါတွေကို ပြန်ပြောရတယ်။ တော်လှန်ရေးမှာ စစ်ရေးအင်အား ကြီးလာတဲ့ တပြိုင်နက်တည်းမှာပဲ နိုင်ငံရေးပြောဆိုဆွေးနွေးမှု၊ နိုင်ငံရေးအင်အားစုတွေက ကောင်းနေဖို့ အရေးကြီးတယ်။ မဟုတ်ရင် လက်နက်မကိုင်ဘဲနဲ့ တော်လှန်ရေးထဲမှာ ပါဝင်နေတဲ့ အင်အားစုတွေရဲ့ အသံတွေက တဖြေးဖြေး နည်းလာပြီး တဖြေးဖြေး ပြန်ပျောက်လာလိမ့်မယ်။ နိုင်ငံရေးအကြောင်းအရာတွေကို စဉ်ဆက်မပြတ် ပြောနေဖို့ အရေးကြီးပါတယ်။ ဒီတော်လှန်ရေးကြီးဟာ စနစ်ပြောင်းတော်လှန်ရေး ဖြစ်တယ်။ ဒီစနစ်ကို ပြောင်းဖို့အတွက် ဆို ဆက်သွားရမယ်။ ဆက်ပြောရမယ်ဆိုတာ ယုံကြည်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

လူအချင်းချင်းခွဲခြားခြင်း မရှိဘဲနဲ့ လူ့ဂုဏ်သိက္ခာတွေကို တန်ဖိုးထားတဲ့ နိုင်ငံမှာပဲ အသက်ရှင်ချင်တယ်။ ကြီးပြင်းချင်တယ်။ အခုတော့ ကျွန်မတို့က အဲ့လို အခင်းအကျင်းတော့ မရသေးဘူးပေါ့။ ဒါမယ့် လာမယ့် တခြား

မျိုးဆက်တွေမှာ အဲ့လိုမျိုးသော နိုင်ငံကို ဘာလို့မဖန်တီးနိုင်ရမှာလဲ။ အဲ့လိုမျိုး နိုင်ငံကို တန်ဖိုးထားပြီး တည်ဆောက်နိုင်ဖို့ အရေးကြီးတယ်။ လူ့အခွင့်အရေးလို့ ပြောလိုက်ပြီဆိုရင် တစ်ဦးတယောက်ချင်းစီရဲ့ အခွင့်အရေးနဲ့ အစုအဖွဲ့ရဲ့ အခွင့်အရေးဆိုတာ ရှိပါတယ်။ ကျွန်မတို့ ပြောနေတဲ့ နိုင်ငံရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတရားမျှတမှု နိုင်ငံရေးမှာ အချင်းချင်းအပြန်အလှန်လေးစား တန်ဖိုးထားမှု တွေဟာ အစုအဖွဲ့ အခွင့်အရေး ဖြစ်ပါတယ်။ အစုအဖွဲ့အခွင့်အရေးကို ကြိုးစားတဲ့အခါမှာ တဖက်မှာက တစ်ဦးတစ်ယောက် ချင်းစီရဲ့ အခွင့်အရေးတွေကို မထိခိုက်ဘဲနဲ့ ဘယ်လိုမျိုးသွားလို့ရလဲဆိုတဲ့ နည်းလမ်းကို ရှာနိုင်ရင် အားလုံးအတွက် နိုင်ငံကောင်းတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့တော့ နိုင်ငံတစ်ခု ဖန်တီးတဲ့အခါမှာ လူတိုင်းလွတ်လပ်မှု ရှိရမယ်။ လူတိုင်း တရားမျှတမှု ရှိရမယ်။ လူတိုင်း တန်းတူညီမျှမှု ရှိရမယ်။ ဒါတွေက အရေးကြီးပါတယ်။ ကိုယ် မဖြစ်ချင်တာတွေလည်း ပြောရင်းနဲ့ ကိုယ် ဖြစ်ချင်တာတွေလည်း ရအောင် တည်ဆောက်တဲ့ နိုင်ငံဖြစ်ဖို့ လိုပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

ကျွန်မတို့က မတူကွဲပြားမှုတွေကို အဓိက ပြဿနာတက်နေရတဲ့ အကြောင်းအရင်းက စုံလင်ကွဲပြားတဲ့သူတွေ၊ စုံလင်ကွဲပြားမှုတွေကို ဘယ်လိုထည့်သွင်းစဉ်းစားမလဲဆိုတာကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး။ မစဉ်းစားခဲ့တဲ့ အခါမှာ ငါတို့တွေက ဒီနိုင်ငံမှာနေမယ်ဆိုရင် အကုန်လုံးက ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား ဆိုပြီးတော့ ကျွန်မတို့ နယ်ချဲ့လက်ကနေ လွတ်ပြီးနောက်မှာ ဒီဟာတွေကို တွန်းကြတယ်။ ပြုကြတယ်။ အကုန်လုံး ဒီခေါင်းစဉ်တခုကြီးအောက်မှာ လာရမယ်။ ပြုရမယ်။ ကျန်တာတွေ မေ့ထားလိုက်ရမယ်ဆိုတဲ့ ဖြစ်နေတယ်။ အဲ့တော့ ဘာဖြစ်လဲဆိုတော့ နံပါတ်တစ်က ကျွန်မတို့ သမိုင်းကြောင်းတွေ၊ ရှင်သန်ခဲ့ရတဲ့ ဓလေ့တွေ နိုင်ငံရေးအခင်းအကျင်းတွေက မတူဘူး။ အဲ့လိုမျိုး မတူတဲ့ဟာတွေကို ထည့်သွင်းမစဉ်းစားဘဲနဲ့ ကျန်တာအကုန်လုံး ဖျောက်ဖျက်ခံလိုက်ရတယ်။ ဖျက်သိမ်းခံလိုက်ရတော့ ဒီနိုင်ငံသည် ငါတို့နဲ့ မသက်ဆိုင်ဘူး လို့ ခံစားလာရတယ်။ ကြာလာတဲ့အခါမှာ ကိုယ်တွေ ပြောတဲ့ မိခင်ဘာသာစကားကနေအစ သမိုင်းတွေ၊ ယဉ်ကျေးမှုတွေက ဘာတစ်ခုမှ ဖော်ပြနေခြင်း မခံရတဲ့အခါမှာ ငါတို့ အတူတူရှိနေတယ်ဆိုတာ ဒီနေရာကို ငါတို့ အတူတူ ပိုင်ကြတယ်ဆိုတဲ့ ခံစားချက်က ပျောက်လာတယ်။ စုံလင်ကွဲပြားမှုကို ထည့်သွင်းမစဉ်းစားဘူး ဆိုရင် တဦးချင်း၊ တစ်ဖွဲ့ချင်းရဲ့ အကျိုးစီးပွားကို ပိုပြီးတော့ကျင့်သုံးလို့ရနိုင်တဲ့ အခင်းအကျင်းဖြစ်အောင် ငါတို့ဘာလုပ်ကြမလဲဆိုတာ တွေးတော့တယ်။ အဲ့ဒါမျိုးတွေသည် ကျွန်မတို့ ခုနတုန်းက စုံလင်ကွဲပြားမှုတွေကို ထည့်သွင်း မစဉ်းစားခဲ့လို့ ဖြစ်လာတဲ့ ပြဿနာတွေပဲ ဖြစ်တယ်။ အဲ့ဒီဟာသည် လက်ရှိမြင်နေရတဲ့ ပြဿနာအရင်းခံဘဲ ဖြစ်ပါတယ်။

တကယ်တော့ ဒီလိုမျိုးအမြင်မတူတာ၊ အတွေးအခေါ်မတူတာတွေကို နိုင်ငံတည်ဆောက်ရေး ကိုယ့်ရဲ့ဒေသ တည်ဆောက်ရေးတွေမှာ အသုံးပြုနိုင်မယ်ဆိုရင် အားတွေအများကြီး ဖြစ်နိုင်တဲ့ အလားအလာတွေရှိပါတယ်။

ဂျဲန်ဒါသဘောအရ နိုင်ငံရေးစာအုပ်တွေ လှန်ကြည့်လိုက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွေပဲ ကြည့်ကြည့်၊ ဘယ်နေရာပဲ ကြည့်ကြည့်၊ မိန်းမတွေရဲ့ သမိုင်းက မပါဘူး။ သမိုင်းစာအုပ်တွေမှာ အရေးပေးပြီး ဖော်ပြခြင်း မခံရတဲ့ဟာမျိုးတွေ ဖြစ်တယ်ပေါ့နော်။ ဒီမိုကရေစီအရေးတို့၊ ဖက်ဒရယ်အရေးတို့ ပြောတယ်။ အားလုံးပါဝင်မှု တွေ ရှိရမယ်။ ကိုယ်စားပြုမှုတွေ ရှိရမယ်လို့ ပြောပြီးတော့မှ လူဦးရေတစ်ဝက်ကျော်တဲ့ အမျိုးသမီးတွေရဲ့ တွေးခေါ်မှု၊ သူတို့ရဲ့ လိုအပ်ချက်တွေ၊ သူတို့ရဲ့ စဉ်းစားချက်တွေကို ထည့်သွင်း မတည်ဆောက်ဘူးဆိုရင် ကျွန်မတို့ လိုချင်တဲ့နိုင်ငံက လူဦးရေတစ်ဝက်ရဲ့ နိုင်ငံတည်ဆောက်ရေး ဖြစ်လိမ့်မယ်။ စစ်ရေးကဏ္ဍ၊ တရားစီရင်ရေး ကဏ္ဍတွေမှာ အမျိုးသမီးတွေပါဝင်နိုင်မှသာလျှင် ကျူးလွန်ခံရတဲ့လူအမျိုးသမီးတွေအတွက် အပြည့်အဝ တရားမျှတမှုပေးနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် လူမျိုးစုအရရော၊ ဂျဲန်ဒါအရရော ကျွန်မတို့က ဘယ်ဟာကိုမှ ချန်ခဲ့လို့ မရပါဘူးလို့ ဆွေးနွေးချင်ပါတယ်။

*၄။ လက်ရှိငြိမ်းချမ်းရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ခေတ်အဆက်ဆက်တော်လှန်ရေးတွေမှာ အမျိုးသမီးတွေပါဝင်ခဲ့ပေမဲ့ အသိအမှတ်ပြု မခံခဲ့ရဘူး။ သို့ပေမဲ့ လက်ရှိနွေဦးတော်လှန်ရေးမှာ အတိုင်းအတာတခုအထိ အသိအမှတ်ပြုလာကြတယ်။ အရင်တုန်းက အမျိုးသမီးလှုပ်ရှားတက်ကြွသူတွေကို အခွင့်အရေးတောင်းနေတဲ့ အမျိုးသမီးအုပ်စုကြီးလို့ပဲ အမြင်ခံရခဲ့တဲ့ ကာလတွေလည်း ရှိခဲ့တယ်။ မနည်းတွန်းကြ ပြုကြရတယ်။ ဒီကာလမှာကျတော့ စစ်ရေးမှာပဲ ကြည့်ကြည့်၊ နိုင်ငံရေးမှာပဲ ကြည့်ကြည့် ပါဝင်နေတဲ့အမျိုးသမီးတွေ အများကြီးပဲ။ ဒါကြောင့် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနေတဲ့အပိုင်းတွေ NUCC လိုမျိုး ကဏ္ဍတွေမှာ မူအားဖြင့် ကျွန်မတို့ ပါဝင်ခွင့်ရလာပြီ။ တကယ့်ကို ဆွေးနွေးချက်တွေ တန်းတူဖြစ်အောင် စဉ်းစားချက်တွေ တန်းတူဖြစ်အောင် ကြိုးစားရမှာတော့ အများကြီး ကျန်ပါသေးတယ်။ အခုထက်ထိက စစ်ရေးကဏ္ဍမှာဆိုရင် အမျိုးသမီးတွေရဲ့ ဦးဆောင်နိုင်မှု၊ ပါဝင်နိုင်မှုတွေမှာ နောက်ရောက်နေဆဲ ဖြစ်တယ်။ ရှိတော့ ရှိကြတယ်။ တဖက်မှာလည်း ERO တွေ၊ တော်လှန်ရေးအဖွဲ့အစည်း တွေမှာ အမျိုးသမီးပါဝင်မှုနှုန်း တိုးလာတာကို တွေ့ရပါတယ်။ အဲ့တော့ ဒီထက်ပိုပြီးတော့ ကျွန်မတို့ရဲ့ ဆွေးနွေးချက်တွေ ဘောင်ဝင်တန်းဝင်ဖြစ်အောင် နှစ်ဆ ကြိုးစားရတာ ဖြစ်တယ်။ အဲ့ဒါကတော့ ပေးထားတဲ့ အခင်းအကျင်းဖြစ်တယ်။ ကျွန်မတို့ စကားတစ်ခါ ပြောခါနီးကျရင် ဒီဟာက ဂျဲန်ဒါ issue လို့ ခေါင်းစဉ်တပ်လိုက်ပြီဆိုရင် အနောက်ပို့ခံရမှာစိုးတဲ့အတွက် ကျွန်မတို့မှာ ဗျူဟာပေါင်းစုံအမျိုးမျိုး သုံးပြီး ဆွေးနွေးပြောဆိုနေရတုန်းဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့ အားစိုက်မှု အားထုတ်မှုတွေကြောင့်ပဲ ဒီအခင်း အကျင်းအထိ ရောက်လာတယ်လို့ ပြောလို့ရပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

စနစ်ပြောင်းတော်လှန်ရေးမှာ မိန်းမတွေရော၊ ယောကျာ်းတွေရော လူငယ်တွေရော အကုန်ပါရမယ်လို့ ပြောတာ လွယ်တယ်။ တကယ်တမ်းကျတော့ လူ့အသိုက်အဝန်းထဲမှာ စွဲနေတဲ့ အတွေးအခေါ်အမြင်တွေက

မပြောင်းသေးဘူး။ မူဝါဒရေးရာအားဖြင့် NUCC ရဲ့ဖက်ဒရယ်ချာတာမှာ လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်းတိုင်းက အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဖို့အတွက်ကို အာမခံပေးရမှာ ဖြစ်ပေမဲ့ လက်ရှိ အချိန်အထိ မမြင်ရသေးဘူး။ အမျိုးသမီးတွေက ဒီနေရာမှာ ပါဝင်ဖို့အတွက် အခွင့်အလမ်းဖြစ်အောင် ဘယ်လိုတွေ ဖန်တီးပေးရမလဲ။ ဒီနေရာမှာ ပါဝင်ခွင့် ပိုပြီးတော့ သင့်တင့်လျှောက်ပတ်အောင် ဘာတွေကို လုပ်ပေးရမလဲ။ စီမံဆောင်ရွက်ပေးရမလဲ။ ထပ်ဆင့် မူဝါဒနောက်ဆက်တွဲ အကောင်အထည်ဖော်ပေးရမယ့်ဟာတွေကို အမျိုးသမီး မရှိဘူးဆိုတဲ့ ခေါင်းစဉ်အောက်ကပဲ ရပ်သွားတယ်။ အဲ့တော့ ဒါမျိုးတွေဆိုရင်လည်း စိန်ခေါ်ချက် ထဲမှာ ရှိနေတယ်။

နောက်တခုကကျတော့ ယောကျာ်းတစ်ယောက် နိုင်ငံရေးလုပ်တော့ နိုင်ငံရေး၊ ရိုးရိုးသာမာန်အဖွဲ့အစည်း တစ်ခုက နိုင်ငံရေးလုပ်ရင် နိုင်ငံရေး၊ အမျိုးသမီးနိုင်ငံရေးအဖွဲ့က နိုင်ငံရေးလုပ်ရင် အမျိုးသမီး အရေး အဲ့လိုမျိုး တွေ ခွဲခြားဆက်ဆံတာကလည်း ကျွန်မတို့က နိုင်ငံရေးအရ ပြောဆိုဆွေးနွေးတဲ့အခါမှာ ခွဲခြားဆက်ဆံမှုတွေ ကို ဖြစ်စေတယ်။ အဲ့လိုမျိုး နာမည်တပ်တဲ့ဟာတွေကလည်းပဲ ကျွန်မတို့ရဲ့ နိုင်ငံရေးမှာ နိုင်ငံရေးတန်းတူ ညီမျှစွာ ဆွေးနွေးခွင့်မရအောင် လုပ်နေတဲ့ စိန်ခေါ်ချက်တစ်ခုဖြစ်တယ်လို့ ဆွေးနွေးချင်ပါတယ်။ နံပါတ်လေး အနေနဲ့ကတော့ ကျွန်မတို့ရဲ့ အသက်ငယ်သော အမျိုးသမီးများအပေါ်မှာ ကျွန်မတို့ရဲ့ နိုင်ငံရေးမှာ ရှိနေသော Gate keeper နေရာဦးထားသူများဖြစ်တဲ့ အမျိုးသားတွေ ဖြစ်နေတယ်။ အဲ့လိုမျိုး အမျိုးသား friendly ဖြစ်တဲ့ space မှာ အမျိုးသမီးတွေ ပါဝင်ဖို့အတွက်ဆိုရင် အမျိုးသမီးတွေအတွက် အဆင်ပြေတဲ့ အခင်းအကျင်း အသိုက်အဝန်း မဖြစ်နေဘူး။ အဲ့ဒါတွေကို မသိသလိုလုပ်ပြီး၊ မတုံ့ပြန်၊ မခေါ်လိုက်တဲ့ဟာတွေ စကားမပြောလိုက်တဲ့ဟာတွေဆိုလည်း ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးမှုကို လျော့သွားစေတယ်ပေါ့နော်။ ဒါကလည်း စိန်ခေါ်မှုဖြစ်ပါတယ်။

### *၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

နံပါတ်တစ်က ခွဲခြားဆက်ဆံတဲ့ဥပဒေတွေ၊ ခွဲခြားဆက်ဆံနေတဲ့အခင်းအကျင်း၊ မူဝါဒတွေရှိတယ်ဆိုရင် အဲ့ဒါတွေ ဖျက်ကို ဖျက်ရမယ်။ နံပါတ်နှစ်က ဂျဲန်ဒါဆိုလည်း ဂျဲန်ဒါမူဝါဒတွေ၊ ဂျဲန်ဒါအခင်းအကျင်းတွေကို ဖန်တီးပေးထားတဲ့ဟာမျိုးတွေကို ဥပဒေတွေ ရှိရမယ်။ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတဲ့ဟာတွေ မရှိရဆိုတဲ့ သတ်မှတ်ချက်တွေ ဒါမျိုးသတ်မှတ်ချက်တွေ ပြဋ္ဌာန်းပေးဖို့ လိုတယ်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုနဲ့ ပတ်သက်တယ်ဆိုရင်လည်း ဒါမျိုးတွေက လုံးဝကို zero tolerance ဆိုတဲ့ သတ်မှတ်ချက်မျိုးတွေ အဖွဲ့အစည်းတိုင်းမှာ ရှိရမယ်။ မူဝါဒရှိတိုင်းလည်း လူ့အဖွဲ့အစည်းက မပြောင်းလဲဘူးဆိုရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ အဲ့အတွက် လူထုကို ပြန်ပြီး အသိပညာပေးတဲ့ အစီအစဉ်တွေ လုပ်ဖို့ လိုပါတယ်။

ဂျဲန်ဒါမှာဆို ပြောတဲ့ အသုံးအနှုန်းတစ်ခု ရှိပါတယ်။ ကျွန်မတို့ မိသားစုတွေသည် မိသားစုကိုယ့်အသိုက်အဝန်း ကိုယ့်ပတ်ဝန်းကျင်တွေက ကျွန်မတို့ရဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ဂျဲန်ဒါအုပ်ချုပ်မှုပုံစံတွေကို ဖန်တီးပေးတယ်ပေါ့။ တည်ဆောက်မဲ့ institution တွေမှာ ဂျဲန်ဒါခွဲခြားမှုတွေ မရှိဖို့ဆိုရင် မူဝါဒတွေအပြင် institution ထဲမှာ

ရှိနေတဲ့လူတွေကိုလည်းပဲ ဂျဲန်ဒါအတွေးအခေါ် ပြောင်းလဲဖို့ လုပ်ပေးဖို့လိုတယ်။ ဆုံးဖြတ်ချက်ချတဲ့ နေရာတွေမှာ ခေါင်းဆောင်မှုကဏ္ဍတွေမှာ နိုင်ငံရေးကဏ္ဍတွေမှာ အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါတဲ့ ကိုတာစနစ်ကို ယာယီစီမံချက်အနေနဲ့ သုံးသင့်တယ်။ နောက်တခုက ဒီလို မျိုးအမျိုးသမီးတွေရဲ့ ဆုံးဖြတ်ချက်ချတဲ့ ကဏ္ဍတွေမှာ ပါဝင်လာနိုင်မှုအပေါ်မှာ အမျိုးသမီးအချင်းချင်း၊ အမျိုးသမီးအစုအဖွဲ့အချင်းချင်း နိုင်ငံရေးမှာပါနေတဲ့ အဖွဲ့အစည်းတွေအချင်းချင်း ပိုပြီးချိတ်ဆက်မှု အားကောင်းကောင်းနဲ့ ကျွန်မတို့ တွန်းနိုင်ဖို့ အရေးကြီးတယ်။ အမျိုးသမီးခွဲခြားဆက်ဆံမှုတွေကြုံရင် ဒါ ကိုယ့်ဒေသ၊ ကိုယ့်နေရာ မဟုတ်လို့ ဆိုပြီး အသံမထွက်ဘဲ နေလို့ မရဘူး။ ကျွန်မတို့ အတူတူ အသံထွက်ဖို့ အရေးကြီးတယ်။ အတူတူ တိုက်တွန်းနိုးဆော်မှုတွေ လုပ်ဖို့ အရေးကြီးပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် ဦးဆောင်မှုကဏ္ဍ၊ ဆုံးဖြတ်ချက်ချတဲ့ကဏ္ဍမှာ သူတို့ရဲ့ခေါင်းဆောင်မှု အရည်အသွေးပေါ်မှာမူတည်ပြီးတော့ အများကြီး စကားပြောပါလိမ့်မယ်။ အမျိုးသမီးတွေ အုပ်ချုပ်တိုင်းလည်း ကောင်းသွားမှာ မဟုတ်ဘူး။ အမျိုးသားတွေအုပ်ချုပ်တိုင်းလည်း ကောင်းသွားမှာမဟုတ်ဘူး။ အမျိုးသားဖြစ်ဖြစ် အမျိုးသမီးဖြစ်ဖြစ် LGBT ဖြစ်ဖြစ်သူတို့ရဲ့ ဂျဲန်ဒါအပေါ်မှာ မမူတည်ပဲနဲ့ သူတို့ရဲ့ ခေါင်းဆောင်မှုပေါ်မှာ မူတည်လိမ့်မယ်။ သို့သော် ဘာဖြစ်လာနိုင်မလဲဆိုတဲ့အခါမှာ ကျွန်မတို့ ငယ်ငယ်ကလေးထဲက ကြီးလာတဲ့အခါ အမျိုးသမီး ခေါင်းဆောင်ဆိုတာ မမြင်ဖူးဘူး။ အဲ့တော့ နံပါတ်တစ်က ကျွန်မ ရုပ်ရှင်တွေ၊ သမိုင်းတွေမှာ အကုန်လုံး အမျိုးသားတွေချည်းပဲ မြင်တော့ ကျွန်မ စိတ်ထဲမှာ ဘာတွေးလိုက်လဲဆိုတော့ ငါသည် ခေါင်းဆောင်ဖြစ်ခွင့်မရှိတဲ့ လူတစ်ယောက်လို့ အလိုလို သတ်မှတ်လိုက်တယ်။ နိုင်ငံရေး role model အမျိုးသမီးခေါင်းဆောင်တွေ အများကြီး မရှိဘူး။ လက်ချိုးရေလို့ ရတယ်။ အဲ့ဒီဟာက ကျွန်မတို့ရဲ့ အိပ်မက်တွေ အနာဂတ်တွေကို အများကြီးပျက်သွားစေတယ်။ အမျိုးသမီးခေါင်းဆောင်တွေ အများကြီး ပေါ်ထွက်လာတယ်၊ သူတို့ရဲ့ လုပ်နိုင်စွမ်းတွေ ပြသနိုင်တယ်ဆိုရင် နောက်ဆက်တွဲအနေနဲ့ အမျိုးသမီးခေါင်းဆောင် အသစ်တွေကို အများကြီးလက်တွဲခေါ်ပေးနိုင်တယ်။ အမျိုးသမီးတွေ ပါဝင်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ပိုပြီး တည်ဆောက်နိုင်တယ်။ အခု နွေဦးတော်လှန်ရေး အောင်မြင်တဲ့ဟာလည်း အမျိုးသမီးတွေ အများကြီးပါလာတာကြောင့် ဖြစ်တယ်။ ဒါသည်လည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းမှာ တစ်စိတ်တစ်ပိုင်း အဖြေဖြစ်လာမယ်လို့လည်း မြင်ပါတယ်။ အမျိုးသားအတွေးအမြင်က strategy နဲ့ အမျိုးသမီးအမြင်နဲ့ စဉ်းစားတဲ့ strategy တူမှာမဟုတ်ဘူး။ အဲ့လို အမြင်ပေါင်းစုံ၊ ထောင့်ပေါင်းစုံကနေပြီးတော့ ကျွန်မတို့ အတူတူ ဆွေးနွေးနိုင်ကြတယ်။ အရှေ့ကို သွားနိုင်ကြတယ်ဆိုရင် သွားချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ အခင်းအကျင်း၊ လွတ်လပ်ပြီး တရားမျှတတဲ့ နိုင်ငံအခင်းအကျင်းက ပိုပြီး မြန်မြန်ရောက်မယ်။ အဖြေ စုံစုံလင်လင်ရမယ်လို့ ထင်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

အမျိုးသမီးတွေ နိုင်ငံရေးအခင်းအကျင်းမှာ ပါဝင်ဖို့အတွက် အရမ်းကြိုးစားရတယ်ဆိုတာ လက်ခံပါတယ်။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နဲ့ ကိုယ့်ပိုင်ရွေးချယ်ပိုင်ခွင့် ရှိတယ်။ ကိုယ်ယုံကြည်ရာ ကိုယ်ရပ်တည်ရာကို လုပ်ခွင့်ရှိတယ်။ ဒီတော်လှန်ရေးမှာ ပါကြရတဲ့အခါ အလုပ်လုပ်ကြရတဲ့အခါမှာ ကိုယ်ယုံကြည်ရာ ကိုယ်ရှင်သန်ရာကို လူ့အသိုက်အဝိုင်းရဲ့ ရှိနေတဲ့ ခွဲခြားဆက်ဆံမှုတွေကြောင့် မေးမှိန်သွားစရာ မလိုဘူး။ ကိုယ့်ယုံကြည်ချက်အတိုင်း ကိုယ်ဆက်သွားလို့ ရတယ်။ ယောကျာ်းဆန်တဲ့ မိန်းမဖြစ်မှ ယောကျာ်းလို မိန်းမ၊ ငါက သူများနဲ့ မတူတဲ့ မိန်းမဖြစ်တော့မှ ဒီနိုင်ငံရေးအခင်းအကျင်းကြီးမှာ ရင်ဘောင်တန်းပြီး ရပ်တည်နိုင်တယ်ဆိုတဲ့ ဟာမျိုးတွေလည်း တွေးစရာမလိုဘူး။ အမျိုးသမီးတစ်ဦးတစ်ယောက်ချင်းစီလည်း မတူဘူး။ ယောကျာ်းတစ်ယောက်ချင်းစီလည်း မတူဘူး။ အဲ့တော့ ကိုယ်မတူတဲ့ ကိုယ့်အရည်အသွေးနဲ့အတူတူ ကျရာကဏ္ဍမှာ ကိုယ်ပါလို့ ရတယ်။ ကိုယ်ကျရာကဏ္ဍမှာ ကိုယ်ပါတဲ့အခါမှာ ဘယ်သူကနေပဲဖြစ်ဖြစ် ခွဲခြားဆက်ဆံတယ်ဆိုရင် ကျွန်မတို့က အချင်းချင်း feminist အရေးကို ယုံကြည်တဲ့ လူအချင်းချင်း ကူညီပြီးတော့ ရှေ့ဆက်သွားဖို့ ပြောချင်ပါတယ်။





**ဒေါ်တင်တင်ညို**

Policy Board Member - **မြန်မာ့အမျိုးသမီးသမဂ္ဂ** (BWU)

**အကြံပေး - အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံ** (WLB)

**“မြန်မာပြည်ရဲ့မြေပုံက အစိတ်စိတ်အမွှာမွှာ မဖြစ်စေချင်ဘူးဆိုရင် အားလုံးအတွက် အကိုက်ညီဆုံး ဖြစ်နိုင်မယ့် ဖက်ဒရယ်ပုံစံမျိုးကိုတော့ ပိုစဉ်းစားရမယ်။ ဒါကြောင့် အရေးကြီးတာက လေးစားမှု၊ အသိအမှတ်ပြုမှု၊ သာတူညီမျှမှု ရှိဖို့ လိုပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိ အနေအထားအရတော့ ကျွန်မတို့နိုင်ငံမှာက နိုင်ငံရေးအရာထက် စစ်ရေးအရာမှာ တစုံတရာ တိုးတက်မှုရှိနေတာကို တွေ့နေရပါတယ်။ ပြီးခဲ့တဲ့နှစ် ၁၀၂၇ operation ကနေ စတယ်လို့ ပြောလို့ရတယ်။ ပြီးခဲ့တဲ့ ကရင်နီမှာ စတင်ခဲ့တဲ့ ၁၁၁၁ စစ်ဆင်ရေးကြောင့် စစ်ရေးအရှိန်အဟုန်ဟာ ထပ်ပြီး မြင့်တက်လာပါတယ်။ လွိုင်ကော်လို မြို့တော်ကိုတောင်မှ အတိုင်းအတာတစ်ခုထိ ထိန်းသိမ်းထားနိုင်တဲ့ အနေအထားဖြစ်တယ်ဆိုတော့ ကရင်နီအနေနဲ့ နိုင်ငံရေးအရလည်း တိုးတက်မှုတွေရှိသလို တဖက်ကလည်း စစ်ရေးအရလည်း တိုးတက်လာတဲ့ အနေအထား တွေ့ရတော့ ပြောမယ်ဆို အပြောင်းအလဲတစ်ခုကို ဦးတည်နေတယ်လို့ ပြောလို့ရမယ်။ ရခိုင်မှာဆိုရင်လည်း အကြမ်းဖျင်း ပြောမယ်ဆို ပြည်နယ်တစ်ခုလုံးရဲ့ ငါးဆယ်ရာခိုင်နှုန်းက ရခိုင့်တပ်တော်က ထိန်းချုပ်ထားတဲ့ အနေအထားဖြစ်တယ်။ ထပ်ပြီးတော့မှလည်း သိမ်းပိုက်နေတယ်။ တဖက်ကလည်း ကချင်၊ စစ်ကိုင်း၊ မကွေးဘက်အပါအဝင်ကတော့ တဖြေးဖြေးနဲ့ PDF တွေ၊ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေ အားလုံးပူးပေါင်းပြီးတော့မှ စစ်ရေးအရ အရှိန်မြင့်နေတာတွေ ရှိတယ်။ တဖက်ကလည်း နိုင်ငံရေးအရ တိုးတက်မှုလို့ ပြောမယ်ဆိုရင်တော့ ချင်းတို့ ဘာတို့မှာတော့ ကိုယ့်ရဲ့ ပြည်နယ်အလိုက် အုပ်ချုပ်ရေးတွေ ရှိလာဖို့ ကြိုးစားနေပါတယ်။ အတိုင်းအတာတစ်ခုအထိ နိုင်ငံရဲ့နိုင်ငံရေး အခြေအနေအရက ပိုမိုပြီးတော့မှ ကောင်းမွန်တဲ့ လမ်းကြောင်းတစ်ခုကို သွားနေတယ်လို့ မြင်ရတဲ့ ပုံစံမျိုးတော့ ရှိပါတယ်။ ဒါပေမယ့် တစ်စုံလုံးကို ခြုံငုံသုံးသပ်ကြည့်လိုက်မယ်ဆိုရင် တိုက်ပွဲတွေက နေ့စဉ်ရက်ဆက်ဖြစ်သလို စစ်ကောင်စီကလည်း လေယာဉ်နဲ့ ဗုံးကျဲတာတွေ လက်နက်ကြီးနဲ့ ပစ်တာတွေကလည်း နေ့စဉ်ရက်ဆက် လုပ်နေတဲ့အခါကျတော့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ပြည်သူတွေ ထိခိုက်နစ်နာဆုံးရှုံးမှုတွေကတော့ တော်တော်လေး ကြီးကြီးမားမားနဲ့ ဖြစ်နေပါတယ်။ နေအိမ်တွေ ပျက်စီးတာတွေ စားဝတ်နေရေးကအစ အရမ်းကိုခက်ခဲလာတဲ့ အနေအထားတွေနဲ့ IDP တွေကလည်း သန်းနဲ့ချီပေါ့။ ကျွန်မတို့ နိုင်ငံမှာ ရှိနေပြီးတော့မှ နိုင်ငံတကာရဲ့ အကူအညီတွေကလည်း မရတဲ့အနေအထားဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုအနေနဲ့ နိုင်ငံက ပြည်သူထက်ဝက်ကျော်က ဆင်းရဲမွဲတေမှုနဲ့ ခံနေရတယ်။ ဒီတိုင်း ဆက်သွားမယ်ဆို ဒီနိုင်ငံရဲ့အနေအထားက

failed state ကို ပိုမိုပြီးတော့ ဦးတည်သွားနိုင်ပါတယ်။ ကျရှုံးနိုင်ငံလို့ ပြောလို့မရသေးဘူးဆိုပေမဲ့ အဲ့ဘက်ကို တဖြေးဖြေးနဲ့ ဦးတည်နေတယ်။ အဲ့ဒါကို နိုင်ငံရေးအရ ဗျူဟာကျကျ ဟန်ချက်ညီတဲ့ တိုက်ခိုက်မှုတွေနဲ့သွားမှ အမြန်ဆုံး အောင်မြင်မှာ ဖြစ်ပါတယ်။ တဖက်မှာ စစ်မှုမထမ်းမနေရဆိုတဲ့ ဥပဒေကို ပြန်ပြီး အသက်သွင်းတဲ့ဟာ အခုဆိုရင်ပဲ ပေါ်တာတွေ ဆွဲတဲ့ဟာ တချို့နေရာတွေမှာ ရှိလာပြီဆိုတော့ အမျိုးသမီးရော အမျိုးသားရော စစ်မှုထမ်းရမယ့်ပုံစံမျိုးတွေဖြစ်တော့ အထူးသဖြင့် အမျိုးသမီးတွေအတွက်က လူကုန်ကူးခံရမှု ပိုများလာနိုင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

စစ်အာဏာရှင်စနစ်တစ်ခုကို ချုပ်ငြိမ်းလိုက်တာနဲ့ တခြားသော အာဏာရှင်တွေကလည်း မထွက်လာဘူးလို့ ပြောလို့ မရဘူး။ ဘယ်အာဏာရှင်မှ ကျွန်မတို့ မြေပေါ်မှာ မရှိရေးကို စနစ်တကျနဲ့ ဘယ်လိုပုံစံမျိုး နှိမ်နှင်းမလဲ ဖြုတ်ပစ်မလဲဆိုတာက အများကြီး စဉ်းစားရပါမယ်။ အားလုံးက စုပေါင်းဦးဆောင်မှုတွေနဲ့ ပိုမိုပြီးတော့မှ ချိတ်ဆက်မှုရှိရှိနဲ့ တွန်းလှန်မှလည်း ဒီအရာတွေက ဖြစ်မှာပါ။ နောက်ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ အိပ်မက်ကလည်း တော်တော်လေးတော့ စဉ်းစားရဦးမယ်။ ပြောချင်တာကတော့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ လူမျိုးတစ်မျိုးနဲ့ တစ်မျိုးထားတဲ့ စံတန်ဖိုးတွေက မတူဘူးပေါ့လေ။ ကျွန်မတို့ အခု ပြောနေကြတာ ဖက်ဒရယ်လို့ ပြောရင် သုံးမျိုးသုံးစားနဲ့ ပြောနေကြတာရှိတယ်။ တဖက်ကလည်း ဒီ confederation ဆိုပြီးသွားနေဖို့အတွက် ကိုယ့်ပြည်၊ ကိုယ့်ချင်း၊ ကိုယ့်မင်းနဲ့ သွားနိုင်ဖို့အတွက်ကို လုပ်နေကြတဲ့ အနေအထားတွေရှိတယ်။ တဖက်ကလည်းပဲ ပိုမိုပြီးတော့မှ centralize ဖြစ်တဲ့ ဖက်ဒရယ်တည်ဆောက်မှုပုံစံကို သွားဖို့အတွက် ကြိုးစားနေတဲ့ စစ်အာဏာရှင်အုပ်စုတွေ ရှိနေတယ်။ တစ်ဖက်ကလည်း တိုင်းရင်းသားတွေရဲ့တန်းတူရေးကို ရှေးရှုတဲ့ ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်မှုတစ်ခုကိုလည်း သွားဖို့အတွက် ကြိုးစားနေကြတာ ရှိတယ်။ ဒါပေမယ့် အားလုံးက အလျော့အတင်းတွေနဲ့ ညှိနှိုင်းလုပ်ဆောင်သွားမှု မရှိရင် ခုနက ထားနေတဲ့ စံတန်ဖိုးတစ်ခုချင်းစီက ဖြစ်လာမှာ မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံကို ပြည်ထောင်စုတစ်ခုအနေနဲ့ ဆက်ပြီးတော့မှ မြင်ချင်တယ်။ မြန်မာပြည် ရဲ့မြေပုံကလည်း အစိတ်စိတ်အမွှာမွှာဖြစ်သွားတာမျိုး မလိုချင်ဘူးဆိုရင်တော့ မြန်မာပြည်တစ်ခုလုံးအတွက် အကိုက်ညီဆုံးဖြစ်နိုင်မယ့် ဖက်ဒရယ်ပုံစံမျိုးကိုတော့ ပိုစဉ်းစားရမယ်။ ဒါကြောင့် အရေးကြီးတာက လေးစားမှု၊ အသိအမှတ်ပြုမှု၊ နောက်တဦးတစ်ဖွဲ့ တစ်စုတစ်ဖွဲ့အပေါ်မှာ အခြေမခံဘဲနဲ့ အားလုံးတစ်ဦးတစ်ယောက်ချင်းစီအတွက် သာတူညီမျှရှိနိုင်မယ့် အခွင့်အရေးတွေကို ဖန်တီးပေးနိုင်မယ့် ဖက်ဒရယ်စနစ်ကသာ ကျွန်မတို့ နိုင်ငံအတွက် အဆင်ပြေမယ်လို့ မြင်တယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ တည်ဆောက်ရေး ကဏ္ဍအသီးသီးမှာ အားလုံးက တန်းတူရည်တူပါဝင်ခွင့် ရှိရမယ်ဆိုတဲ့ အခြေအနေတစ်ခုဖြစ်ဖို့တော့ လိုပါတယ်။ စိတ်အားထက်သန်ရာ၊ ကျွမ်းကျင်ရာ၊ စွမ်းဆောင်ရည် အပေါ်မှာ မူတည်ပြီးတော့မှ မတူညီတဲ့ အခန်းကဏ္ဍ၊ မတူညီတဲ့ အခြေအနေမှာ တာဝန်ယူသွားရမှာ ဖြစ်ပါ တယ်။ အားလုံးကို လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ စိတ်ဝင်စားရာကိုရွေးချယ်ခွင့် အခွင့်အလမ်းကိုတော့ ပေးဖို့ လိုအပ်တယ်။ ဒီနေရာမှာ အရေးကြီးတာက ကန့်သတ်မှုတွေ၊ ခွဲခြားမှုတွေကို သိသာစေတဲ့ လုပ်ဆောင်မှုမျိုး တွေကတော့ မရှိဖို့လိုတယ်။ မတူညီတဲ့အနေအထားတစ်ခုကိုတော့ သိအောင်လုပ်ရမယ်။ မတူညီတဲ့အနေ အထားတစ်ခုကို တူညီတဲ့အခြေအနေတစ်ခုဖြစ်အောင် ဖန်တီးရမှာ ဖြစ်ပါတယ်။ လက်ရှိ အနေအထားအရ အမျိုးသားတွေရဲ့အမြင်တွေ၊ အမျိုးသားတွေရဲ့အတွေးအခေါ်နဲ့ပဲ ဆက်ပြီး ပုံဖော်ထုဆစ်နေတာကို တွေ့နေရ သေးတယ်။ နေရာတော်တော်များများမှာ အမျိုးသမီးတွေရဲ့ ပြောဆိုခွင့်တွေကို ပိတ်ပင် ကန့်သတ်ထားတာကို တွေ့ရတယ်။ အမျိုးသမီးရဲ့ အတွေးအမြင်တွေ အမျိုးသမီးတွေရဲ့ ခံယူချက်တွေနဲ့ ပတ်သက်ရင် အမျိုးသမီးတွေ နဲ့ သက်ဆိုင်တဲ့ကဏ္ဍတွေ၊ ကလေးတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာပိုင်းတွေ၊ IDP ကိစ္စတွေမှာပဲ အမျိုးသမီးတွေနဲ့ ပိုသက်ဆိုင်တယ်လို့ သတ်မှတ်ထားပြီးတော့ နိုင်ငံတစ်ခုကို ဘယ်လို ပုံစံမျိုးနဲ့ ပုံဖော်ထုဆစ်ကြမလဲဆိုတဲ့ ကဏ္ဍမှာတော့ အမျိုးသမီးတွေကို လုံးဝ မအပ်စပ်ဘူး၊ မသက်ဆိုင်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ သက်မှတ်တာကို လက်ရှိ နယ်ပယ်တိုင်းမှာ မြင်နေရတုန်းပဲ ဖြစ်ပါတယ်။ တချို့ နေရာတွေမှာဆိုရင် အမျိုးသမီးတွေက တစ်ခုခုပြောတော့မယ်ဆိုရင် “အမျိုးသမီးနိုင်ငံရေးပါဝင်မှုတွေ လာမပြောနဲ့။ အဲ့ဒါတွေက တနေ့တချိန်မှာ နိုင်ငံအေးချမ်းသွားရင် ဒီအရေးကိစ္စတွေ လာမယ်” ဆိုတဲ့ စဉ်းစားချက်မျိုးတွေ ကျွန်မတို့ လူမှုအသိုင်းအဝိုင်းနဲ့ နိုင်ငံရေးဦးဆောင်တဲ့သူတွေ ကြားထဲမှာ ရှိနေတုန်းပဲ။ ဥပမာဆိုရင် တော်လှန်ရေး အင်အားစုများလို့ နိုင်ငံရေးဘုံသဘောထားတစ်ခုကို ထုတ်မယ်ဆိုရင်တောင် ဒီနေရာမှာ အမျိုးသမီးတွေက မပါသေးဘူးဆိုတဲ့ စဉ်းစားချက်မျိုးတွေ မမြင်ရသေးပါဘူး။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

တချို့ အခြေအနေတစ်ခုချင်းစီလိုက်မှာတော့ အမျိုးသမီးတွေ ပါဝင်ပတ်သက်နေတာတွေ ဆုံးဖြတ်ချက်ချခွင့် တစ်စုံတစ်ရာရှိနေတဲ့ အနေအထားတော့ ရှိတယ်။ ဥပမာ ကရင်နီပြည် IEC မှာ အမျိုးသမီးတွေကို အတွင်း ရေးမှူးဆိုတဲ့ ဆုံးဖြတ်ချက်ချတဲ့နေရာမျိုးမှာအထိတော့ ပေးတာတော့ ရှိတယ်။ ဒါပေမဲ့ သေချာတာတစ်ခုက ဥက္ကဋ္ဌလို၊ ဒုဥက္ကဋ္ဌလို၊ အထွေထွေအတွင်းရေးမှူးလို နေရာမျိုးမှာတော့ အမျိုးသားတွေ ဖြစ်နေဆဲပေါ့။ ဒီလိုမျိုး အစုအဖွဲ့မှာ ပြောရေးဆိုခွင့်လို့ ပြောလိုက်ရင် ထိပ်ပိုင်းခေါင်းဆောင်တွေကပဲ ပိုပြောခွင့် ရှိတယ်။ ဒါက ကရင်နီ ပြည်ဆိုတာ အတိုးတက်ဆုံးနဲ့ အမျိုးသမီးတွေကို ဦးဆောင်မှုကဏ္ဍမှာ အပေးဆုံး၊ လက်ရှိ အနေအထားအရ ကျွန်မတို့ မြင်နိုင်တဲ့ နေရာ၊ နောက်တစ်ခုက NUG မှာဆိုရင် ဝန်ကြီး (၁၈) ဦးနဲ့ ဒုဝန်ကြီး (၁၇)ဦး ရှိတယ်။ ဝန်ကြီး (၁၈) ဦးနဲ့ ဒုဝန်ကြီး (၃)ဦးပဲ ပါတယ်။ အားလုံး အခြေအနေတစ်စုံလုံးကို ဆွေးနွေးကြလို့ ဆွေးနွေးဆုံးဖြတ်ပြီဆိုရင် အများစုရဲ့ မဲဆန္ဒနဲ့ပဲ သွားမယ်ဆို ဒီအမျိုးသမီးတွေက ရှုံးတယ်ပေါ့။ သူ့ရဲ့ ဌာနတစ်ခုချင်းစီမှာတော့ သူဆုံးဖြတ်ခွင့် အတိုင်းအတာတစ်ခုအထိတော့ ရလိမ့်မယ်။ ပြည်ထောင်စုအဆင့်

အုပ်ချုပ်မှုဆိုတဲ့ အပိုင်းလို့ ပြောလို့ရတယ်။ အားလုံးမှာ ခြုံကြည့်လိုက်မယ်ဆိုရင် အမျိုးသမီးတွေဦးဆောင်မှု ဆုံးဖြတ်ချက်ချတဲ့ ထိပ်ပိုင်းတွေမှာ မရှိပေမယ့် လက်တွေ့အကောင်အထည်ဖော်တဲ့ နေရာမှာတော့ ဦးဆောင် ဦးရွက်လုပ်တဲ့ နေရာတွေမှာ အမျိုးသမီးအများစုကိုတော့ တွေ့နေရပါတယ်။

*၅ ။အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အဓိကကတော့ အတွေးအခေါ်ပိုင်းနဲ့ ပိုဆိုင်မယ်လို့ ထင်ပါတယ်။ ကျွန်မတို့ နိုင်ငံတစ်ခုလုံး၊ လူမှုအသိုင်းအဝိုင်း တစ်ခုလုံးက ဖိုဝါဒကြီးစိုးမှုနဲ့ အသားကျနေတဲ့ လူမှုအသိုင်းအဝိုင်းတစ်ခု ဖြစ်တယ်။ အမျိုးသားတွေရဲ့ ဦးဆောင် မှုနောက်ကို အမျိုးသမီးတွေက ရိုရိုကျိုးကျိုးနဲ့ လိုက်ရမယ်ဆိုတဲ့ အတွေးအခေါ်နဲ့ အင်မတန်မှ အသားကျနေတဲ့ လူမှုအသိုင်းအဝိုင်းဖြစ်နေတာက အဓိကလို့ ပြောလို့ရပါတယ်။ ဒီအတွေးအခေါ်တွေကို ပြောင်းပြန်လှန်လို့ ရနိုင်တဲ့ အနေအထားတစ်ခု ဖြစ်မှ အမျိုးသမီးတွေရဲ့ နိုင်ငံရေးပါဝင်မှု၊ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုတွေက ပိုပြီးတော့ တပြေးညီ တက်နိုင်မယ်။ ဒါအတွက် ကျွန်မတို့ လူထုတွေကို အများကြီး ပညာပေးတွေ လုပ်ရမယ်။ နောက်ပြီးတော့လည်း လူထုကို ပညာပေးတာနဲ့ တစ်ပြိုင်နက်တည်း ပေါ်လစီအရ ပြောင်းလဲနိုင်ရမယ်။ ဥပဒေ အရလည်း ပြောင်းလဲနိုင်ရမယ်။ အားလုံး တစ်ပြိုင်နက်တည်း အပြောင်းအလဲတစ်ခု ဖြစ်နိုင်မှာပါ။ အဲ့လိုမှ မဟုတ်ရင်တော့ ဒီအကန့်အသတ် အခက်အခဲကတော့ ဆက်ဖြစ်မယ်။ နောက်တစ်ခုက အရေးကြီးတာက တော့ အမျိုးသမီးတွေ ကိုယ်တိုင် လုပ်နိုင်တယ်။ ကိုယ်လုပ်လို့ ရတယ်။ ဒါ အခွင့်အလမ်းနဲ့ အခြေအနေပေါ်ပဲ မူတည်တယ်ဆိုတဲ့ဟာမျိုး အသိအမှတ်ပြုထားပြီးတော့ ကိုယ်ကိုယ်တိုင်က အသားကျနေတဲ့ စနစ်တခု အောက်ကနေ ရုန်းထွက်နိုင်တဲ့ အနေအထားတစ်ခုဖြစ်ဖို့ လိုတယ်။ ကိုယ်ကိုယ်တိုင်က ဖိုဝါဒကြီးစိုးမှုနဲ့ အသားကျနေတဲ့ စနစ်တစ်ခုကို ပိုပြီးတော့ အားကောင်းအောင် လိုက်လုပ်ပေးနေတဲ့ အနေအထားမျိုးဖြစ် နေရင် ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။ အမျိုးသမီးကိုယ်တိုင်က အတွေးအခေါ်ကအစ ပြောင်းရမယ်။ ကိုယ် တိုင် အတွေးအခေါ်ကို မပြောင်းနိုင်ဘူးဆို သူများကိုလည်း ပြောင်းဖို့ ကြိုးစားလို့ မရဘူး။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။ ဘယ်လိုအရင်းအမြစ်တွေ ဖြည့်ဆည်းပေးသင့်ပါလဲ။ ဘယ်လိုအစီအမံတွေ လုပ်ဆောင်ပေးသင့်ပါသလဲ။*

ကျွန်မတို့တွေက တစ်ဖက်က စွမ်းရည်မြင့်တင်ရေးတွေ အသိပညာပေးတွေက အများကြီးလုပ်ရမယ်။ ဒီအမျိုးသားတွေနဲ့ ပိုမို engagement တွေလုပ်ရမယ်။ ကိုယ်ရဲ့ စွမ်းဆောင်ရည်တွေ ပြနိုင်ဖို့ လိုအပ်တဲ့ အရည်အချင်းတွေ အသိပညာတွေ ဖြည့်ဖို့လည်း လိုတယ်။ တခုခုကိုလုပ်မယ်ဆို risk ယူရဲရမယ်။ ရှက်တယ်၊ ကြောက်တယ်၊ မပြောရဲဘူးဆိုတဲ့ အနေအထားကနေ ရုန်းထွက်ဖို့ လိုတယ်။ အမျိုးသမီးချင်း တစ်ယောက်နဲ့ တစ်ယောက်ကလည်း ကျွမ်းကျင်မှုချင်း တူချင်မှတူမယ်။ အကုန်လုံးတော်နေဖို့လည်း မလိုဘူး။ ကဏ္ဍအသီး သီးမှာ သေချာသုံးသပ်ပြောနိုင်တယ်ဆိုရင် နိုင်ငံရေးအရ အားကောင်းတယ်ဆိုတာ မြင်သွားပြီဆိုရင် ကိုယ့်မှာ

နေရာတစ်ခုရသွားပြီ။ ဒီအမျိုးသမီးတစ်ယောက်ချင်းစီက တည်ဆောက်လာရင် အချိန်တခုရောက်ရင် အမျိုးသမီးအသိုင်းအဝိုင်းတစ်ခုလုံးကို လူမှုအသိုင်းအဝိုင်းတစ်ခုလုံးက လက်ခံလာတဲ့ အနေအထားရှိလာမှာပဲ အဲ့လိုမျိုး လုပ်နိုင်ရမယ်။ ပါနိုင်မယ့်လမ်းကြောင်း ရှာရမယ်။ ပလက်ဖောင်းတွေ ရှိအောင် ဖန်တီးရမယ်။ တစ်ဦးတစ်ယောက်ချင်းစီက ပိုပြီးတော့မှ စိတ်အားကိုယ်အား ထည့်ဖို့ လိုတယ်။ ပိုပြီးတော့မှ စွန့်စားလိုတဲ့ စိတ်ရှိလာဖို့ လိုတယ်။ ပိုမို ကြိုးစားအားထုတ်ရမယ်။ အဲ့လိုမျိုးတွေ လွယ်လွယ်လေးနဲ့ စိတ်ဓာတ်ကို ကျလိုက်ပြီးတော့မှ အရှုံးပေးသွားတဲ့ပုံစံမျိုးတွေ မဖြစ်ရဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ကတော့ ပိုမိုပြီးတော့မှ ဆက်လက်မွေးထုတ်ရမယ်။ ဆက်ပြီး တွဲခေါ်ရမယ်။ အခင်းအကျင်းတွေကလည်း သူ့အတွက် ပိုပြီးတော့မှ ရှိလာအောင် ဖန်တီးပေးဖို့ လိုတယ်။ တဖက်ကလည်း မူဝါဒတွေ ဥပဒေတွေက အစ သေချာသတ်မှတ်ပြီးတော့ သူတို့တွေကို လိုအပ်တဲ့ ဖြည့်ဆည်းမှုတွေ၊ ကာကွယ်ပေးမှုတွေ တဖက်ကလည်း အခွင့်အလမ်းတွေ ပေးရမယ်။ တဖက်ကလည်း ကာကွယ်ပေးနိုင်တဲ့ အနေအထားမျိုးလေးတွေရှိနေဖို့ လိုတာပေါ့။ ဒါမှလည်း ဒီတော်လှန်ရေးကာလအလွန် အမျိုးသမီးတွေက ကဏ္ဍပေါင်းစုံမှာ ပိုမိုပြီးတော့ ဦးဆောင်တဲ့ နေရာတွေမှာ ပါဝင်လာမယ့် အနေအထားရှိလာမယ်ပေါ့လေ။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အဓိကကတော့အမျိုးသမီးတွေက အရမ်းကြီး super women တွေ ဖြစ်နေလို့ သူတို့ ပါလိုက်တာနဲ့ ဒီအခြေအနေလေးတစ်ခုက လုံးဝပြောင်းသွားမယ် ဆိုတာမျိုးထက် ကိုယ့်နိုင်ငံမှာ လူတစ်ရာရှိနေတဲ့အချိန်မှာ လူငါးဆယ်ရဲ့ အင်အားနဲ့ အစွမ်းအစနဲ့ စဉ်းစားချက်တွေကိုပဲ သုံးတာထက် လူတစ်ရာလုံးရဲ့ အားတွေကို သုံးကြမယ်ဆိုရင် ပိုမိုပြီးတော့မှ အားကောင်းသွားမယ်။ အပြောင်းအလဲတစ်ခုကို ကြီးကြီးမားမား လုပ်ဆောင်နိုင်မယ်ဆိုတဲ့ ပုံစံမျိုးတစ်ခုကိုပဲ ကျွန်မက ပိုပြောချင်တယ်။ တစ်ယောက်လုပ်တာထက် နှစ်ယောက်လုပ်တာ ပိုပြီး ရလဒ်ထွက်တယ်။ နှစ်ယောက်လုပ်တာထက် (၁၀)ယောက် လုပ်တာက ပိုမိုပြီးကောင်းမွန်တဲ့ ရလဒ်ထွက်တယ်။ အဲ့ဒီ သဘောတရားအတိုင်းပဲ ကျွန်မတို့ နိုင်ငံမှာ သန်းပေါင်းငါးဆယ် ရှိတယ်။ ဥပမာ အမျိုးသမီးတွေက (၂၅)သန်းအလွန်မှာ ရှိတယ်။ ဥပမာ သန်း(၃၀)ရှိနိုင်တယ်။ ဒီသန်း (၃၀)ရဲ့ အင်အားတွေ ကာယ၊ ဉာဏစွမ်းအားတွေ အကုန်လုံးကို လျစ်လျူရှု ဘေးဖယ်ပြီးတော့မှ ကျန်တဲ့ သန်း (၂၀) လောက်ရဲ့အားနဲ့ပဲ အလုပ်လုပ်မယ်ဆိုရင် အားလုံးကို ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လောက်အထိ လုပ်ပေးနိုင်မှာလဲပေါ့။ ဒါကြောင့် အမျိုးသမီးတွေ ကိုယ်တိုင်က နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်တွေမှာ သူတို့ရဲ့ ကာယ၊ ဉာဏစွမ်းအားတွေကို စွမ်းစွမ်းတမံ အသုံးပြုပြီး ပါဝင်လိုက်ခြင်းအားဖြင့် ကျွန်မတို့ နိုင်ငံက ပိုမိုပြီးတော့မှ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု၊ ဘက်ပေါင်းစုံ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ပြဿနာတွေ ဖြေရှင်းနိုင်မှု ဒါတွေ အကုန်လုံး လုပ်နိုင်မယ်။ ဒါကြောင့် ကျွန်မတို့ ပြောတာက အမျိုးသား၊ အမျိုးသမီး လက်တွဲပြီးတော့မှ ဟန်ချက်ညီညီနဲ့ ပြန်လည် တည်ဆောက်ရေးတွေကို လုပ်ဆောင်သွားဖို့ လိုတယ်။ မတူညီတဲ့ အားတွေ မတူညီတဲ့ အင်အားတွေ၊ မတူညီတဲ့ စွမ်းဆောင်ရည်တွေကို အသိအမှတ်ပြုပြီးတော့မှ အပြန်အလှန် complement ဖြည့်ဆည်းသွားမှုတွေနဲ့ သွားဖို့ လိုတယ်လို့ တိုက်တွန်းချင်ပါတယ်။

*၈။ တခြားဖြည့်စွက်ပြောချင်တာရှိရင်ပြောပေးပါဦး။*

တချို့ကိစ္စရပ်တွေမှာတော့ ပြောရတာ လွယ်ပေမယ့် လုပ်ရတာ ခက်ပါတယ်။ အမျိုးသမီးတွေက တစ်ယောက်နဲ့ တစ်ယောက် အခြေအနေချင်း မတူကြဘူး။ ဖြတ်သန်းလာတဲ့ အနေအထားတွေ အခွင့်အလမ်းတွေ မတူကြတဲ့အပေါ်မှာ သူတို့မှာ အကန့်အသတ်တွေက မတူညီကြဘူး။ တချို့က ပိုမိုပြီး အခွင့်အလမ်းရတယ်။ ပိုလုပ်နိုင်တယ်။ တချို့ကတော့ ပိုပြီးတော့မှ ခက်ခဲကြမ်းတမ်းဖြတ်သန်းရတဲ့ ဘဝအခြေအနေတွေ ဖြတ်သန်းရတာ ရှိတယ်။ ဘယ်လို အနေအထားပဲဖြစ်ဖြစ် ရထားတဲ့ လူ့ဘဝမှာ ကိုယ်တစ်ဦးတစ်ယောက်အတွက် သော်လည်းကောင်း၊ ကိုယ့်မိသားစုအတွက် သော်လည်းကောင်း၊ ကိုယ့်လူမှုအသိုင်းအဝိုင်းအတွက် သော်လည်းကောင်း ကိုယ်နိုင်တဲ့ဘက်ကနေပြီးတော့မှ ရအောင် လုပ်မယ်။ တခုခုတော့ ကိုယ့်ရဲ့ လူမှုအသိုင်းအဝိုင်းအတွက် တစ်စုံတစ်ရာ အကျိုးပြုနိုင်တဲ့ လူတစ်ယောက်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စဉ်းစားချက်လေးတွေကိုတော့ လူတိုင်းမှာ ဖြစ်လာစေချင်တယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကျိုးအတ္တဆိုတာ လူတိုင်းမှာရှိတယ်။ အဲ့ဒီကိုယ်ကျိုးအတ္တတွေက အများပြည်သူတွေအတွက်လည်း အကျိုးရှိစေမယ်ဆိုတဲ့ စဉ်းစားချက်လေးတစ်ခုသာ ထပ်ဖြည့်လိုက်မယ်ဆိုရင်တော့ ကျွန်မတို့ နိုင်ငံက ပိုမိုပြီးတော့မှ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ အနေးအမြန် ဖြစ်လာမယ်ဆိုတာ ယုံကြည်ပါတယ်။





**ဆရာလေး ဒေါ်ကေတုမာလာ**

**ဥပ္ပလဝဏ်အင်စတီကျု့**

**"ဘာသာရေးနယ်ပယ်ကထွက်လာတဲ့ အမျိုးသမီးမဝင်ရ ဆိုင်းဘုတ်တွေ ဒီလိုကန့်သတ်ချက်တွေက အမျိုးသမီးတွေကို တဆင့်နိမ့်တဲ့သူအဖြစ်ထားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ပိုပြီးအားကောင်းစေတယ်။ တကယ်တော့ ဒီကန့်သတ်ချက်တွေက ဗုဒ္ဓရဲ့ တရားတော်နဲ့လည်း ဆန့်ကျင်တယ်။ ဘာသာရေးနယ်ပယ်ကထွက်လာတဲ့ အစဉ်အလာဓလေ့ထုံးစံတွေကို ပြောင်းလဲဖို့ လိုအပ်တယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

ဒီနွေဦးတော်လှန်ရေးကို နိုင်ငံရေးစနစ်တစ်ခုကို ပြောင်းလဲဖို့တွန်းလှန်နေတဲ့ တော်လှန်ရေးထက်ကို နိုင်ငံရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အတွေးအခေါ်တွေကိုပါ ပြောင်းလဲမယ့်တော်လှန်ရေးတစ်ခုလို့ မြင်ပါတယ်။ ဒီနွေဦးတော်လှန်ရေးက ကာလလည်း ရှည်လာတယ်။ ပေးဆပ်ရတာကလည်း ကြီးတယ်။ အဲ့အတွက်ကြောင့် ပြောင်းလဲမှုကလည်း ပိုကြီးပါမယ်။ နိုင်ငံရေးစနစ်တစ်ခုတင် ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လူတွေရဲ့ အတွေးအခေါ်ပုံစံတွေပါ ပြောင်းလဲသွားပါလိမ့်မယ်။ ဒါကြောင့်မို့ နွေဦးတော်လှန်ရေးကို နိုင်ငံအုပ်ချုပ်ရေးစနစ်တစ်ခုကို တွန်းလှန်တဲ့တော်လှန်ရေး သာမကပဲ အတွေးအခေါ်တော်လှန်ရေးလို့ပါ သတ်မှတ်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

လူလူချင်း တန်ဖိုးထားတဲ့ဝန်းကျင်တစ်ခု၊ သာတူညီမျှမှုရှိတဲ့လူ့အဖွဲ့အစည်းတစ်ခု၊ တရားဥပဒေစိုးမိုးတဲ့ တိုင်းပြည် ဖြစ်စေချင်ပါတယ်။ ဒါကြောင့် သာတူညီမျှရှိမှု၊ လူလူချင်းတန်ဖိုးထားမှုတွေကို အခြေခံအချက်တွေအနေနဲ့ အုတ်မြစ်ချထားသင့်တယ်လို့ ယူဆတယ်။ ပြီးတော့နှစ်ပေါင်းများစွာ လွတ်လပ်ခွင့်တွေ မရခဲ့ဘူး။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်တွေ မရှိခဲ့တဲ့နှစ်တွေ အကြာကြီးဖြတ်သန်းခဲ့ရတဲ့အခါကျတော့ လွတ်လပ်ခွင့် အရသာတွေ အပြည့်အဝရတဲ့ လူ့အခွင့်အရေး အပြည့်အဝရရှိတဲ့ တိုင်းပြည်တစ်ခုအဖြစ် ပြန်မြင်ချင်ပါတယ်။ အဲ့လိုမျိုး နိုင်ငံသစ်တစ်ခု တည်ဆောက်နိုင်ဖို့လည်း မျှော်လင့်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက အင်မတန်အရေးကြီးပါတယ်။ ဘက်တစ်ဖက်ထဲက မြင်တာမဟုတ်ပဲနဲ့ ဘက်ပေါင်းစုံမြင်မှုက ပြည့်စုံမှုကို ဖြစ်စေတယ်။ ပြီးပြည့်စုံခြင်းကို ဖြစ်စေတယ်။ တော်တော်များများပေးလေ့ရှိတဲ့ ဥပမာလိုဘဲ မျက်မမြင်ပုဏ္ဏားခြောက်ယောက်နဲ့ ဆင်တစ်ကောင် ဥပမာလေ။ ဆင်တစ်ကောင်လုံးကို ပေါ်ဖို့အတွက် မျက်မမြင်ပုဏ္ဏားခြောက်ယောက်လုံးရဲ့အမြင် ပေါင်းစပ်လိုက်မှသာ ဒီဆင်တစ်ကောင်ဆိုတဲ့ အမြင်ကို ပေါ်နိုင်သလိုပေါ့။ ဒီလိုပဲ ဘက်ပေါင်းစုံက နေရာမတူတဲ့ထောင့်ပေါင်းစုံကရှုမြင်မှုက ပြီးပြည့်စုံမှုကို ဖြစ်စေပါတယ်။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ဆုံးဖြတ်ချက်ချရမယ့်အခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေ ဘာကြောင့်ပါဝင်ဖို့ အရေးကြီးသလဲဆိုတော့ နိုင်ငံလူဦးရေရဲ့တစ်ဝက်ကျော်ကျော်က အမျိုးသမီးတွေ ဖြစ်နေတယ်။ အဲ့တော့ အမျိုးသမီးတွေရဲ့အသံကို ပိုကြားနိုင်ဖို့၊ အမျိုးသမီးတွေ ခံစားတွေ့ကြုံနေရတာတွေကို ပိုပြီးသိနိုင်မြင်နိုင်ဖို့ အမျိုးသမီးတွေ ဒီနိုင်ငံရေးထဲမှာ ပါဝင်မှသာ အမျိုးသမီးတွေကိုကိုယ်စားပြုနိုင်တဲ့၊ အမျိုးသမီးတွေအတွက် တကယ်ထိရောက်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်မယ်။ အဲ့နိုင်ငံမှာ မှီတင်းနေထိုင်တဲ့ အမျိုးသမီးတွေအတွက်ကို ပြီးအကျိုးရှိတယ်။ ဒါကြောင့်နိုင်ငံရေးထဲမှာ အမျိုးသမီးတွေ ထဲထဲဝင်ဝင်ပါဝင်ဖို့ လိုအပ်တယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အမျိုးသမီးတွေဟာ နွေဦးတော်လှန်ရေးကာလအစ ဆန္ဒဖော်ထုတ်ပွဲအချိန်ကတည်းက အမျိုးသမီးတွေက ဆန္ဒပြပွဲတွေမှာ ဦးဆောင်ပါဝင်ခဲ့တယ်။ CDM လှုပ်ရှားမှုတွေမှာဆိုရင်လည်း ဦးဆောင်ပါဝင်ခဲ့တာ တွေ့ရတယ်။ အဲ့လိုကနေစပြီး အမျိုးသမီးတွေရဲ့ဦးဆောင်မှု ကဏ္ဍတွေကို တွေ့ရတယ်။ ခုခံတော်လှန်တဲ့ နေရာမှာ အမျိုးသမီးတွေက အမျိုးသားတွေလောက် ပါဝင်တာမျိုးမရှိပေမယ့် အခန်းကဏ္ဍတစ်ခုအနေနဲ့ပါဝင်တာလည်း အတိုင်းအတာတခုအထိ တွေ့ရပါတယ်။ ဆုံးဖြတ်ချက်ချပိုင်ခွင့် ကဏ္ဍတွေမှာတော့ အခုလက်ရှိအနေနဲ့ နိုင်ငံတကာဆက်ဆံရေးပိုင်းမှာ အမျိုးသမီးတွေ ထဲထဲဝင်ဝင်လှုပ်ရှားနေတယ်။ နွေဦးတော်လှန်ရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့ တော်လှန်ရေးလှုပ်ရှားမှုအကြောင်းတွေကို နိုင်ငံတကာက ပိုသိအောင်လုပ်ဆောင်တဲ့နေရာမှာဆို ဒေါ်ဇင်မာအောင်တို့လို ဦးဆောင်တဲ့အမျိုးသမီးတွေ ဦးဆောင်နေတာတွေ့ရတယ်။ တော်လှန်ရေးအတွက် အဓိကအထောက်အပံ့ပေးတဲ့ ရန်ပုံငွေရှာဖွေရေးမှာဆိုလည်း အဓိကကို fundraising လုပ်တဲ့ထဲမှာဆို အမျိုးသမီးတွေပါဝင်တာ တွေ့ရပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတားဖြစ်စေပါသလဲ။*

အမျိုးသမီးတွေကို အကြီးအကဲအဖြစ်၊ ခေါင်းဆောင်အဖြစ်ဦးထိပ်ထားလေ့မရှိတဲ့ အစဉ်အလာဓလေ့ထုံးစံတွေ မဟာဖိုဝါဒအားကောင်းတဲ့လူမှုအဖွဲ့အစည်းတွေ အမျိုးသမီးတွေကိုယ်တိုင် မဟာဖိုဝါဒီဖြစ်နေတဲ့ လူမှုအသိုင်း

အပိုင်းကြောင့်ပါ။ ဒီလိုမျိုးအရာတွေက အမျိုးသမီးတွေရဲ့နိုင်ငံရေးမှာပါဝင်မှုနဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို အဟန့်အတား ဖြစ်စေပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ စတဲ့ကဏ္ဍအသီးသီးမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိတဲ့နေရာတွေမှာ အမျိုးသမီးတွေပိုမိုရောက်ရှိလာဖို့ အမျိုးသမီးတွေတန်ဖိုးထားတဲ့ ဝန်းကျင်ဖြစ်ဖို့အတွက် အဓိကအရင်းအမြစ်မူလအကျဆုံးအရာက ဘာသာရေးနယ်ပယ်ကပေးနေတဲ့ အယူအဆ အတွေးအခေါ်တွေပါပဲ။ အဲ့ဒီဘာသာရေးနယ်ပယ်ကပေးနေတဲ့ အယူအဆအတွေးအခေါ်တွေ ပြောင်းလဲဖို့ကလည်းပဲ အဓိကလုပ်ဆောင်သင့်တဲ့ အချက်ထဲမှာ ပါပါတယ်။ ဒီအတွက် ဘာသာရေးနယ်ပယ်မှာ ဘာသာရေးနယ်ပယ်ကနေ ပေးနေတဲ့ မှားယွင်းတဲ့အယူအဆတွေ၊ အမျိုးသမီးကိုဖိနှိပ်ထားမှုတွေ အမျိုးသမီး ကိုခွဲခြားဆက်ဆံမှုတွေ၊ အမျိုးသမီးတွေကို ဘုန်းနိမ့်တဲ့သူအဖြစ်သတ်မှတ်တာတွေ အမျိုးသမီးတွေကို နိမ်ကျတဲ့သူအဖြစ် သတ်မှတ်တယ်။ ဘာသာရေးနယ်ပယ်ကထွက်လာတဲ့ အမျိုးသမီးမဝင်ရ ဆိုင်းဘုတ်တွေ ဒီလိုကန့်သတ်ချက်တွေက အမျိုးသမီးတွေကို တဆင့်နိမ့်တဲ့သူအဖြစ်ထားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ ကို ပိုပြီးအားကောင်းစေတယ်။ တကယ်တော့ ဒီကန့်သတ်ချက်တွေက ဗုဒ္ဓရဲ့တရားတော်မှာလည်း မပါဘူး။ ဗုဒ္ဓရဲ့ တရားတော်နဲ့လည်း ဆန့်ကျင်တယ်။ ဒီလိုမျိုးအရာတွေကို လူတွေပိုပြီးသိလာအောင် ဘာသာရေး နယ်ပယ်ကထွက်လာတဲ့ အစဉ်အလာဓလေ့ထုံးစံတွေကို ပြောင်းလဲဖို့လိုအပ်တယ်။ ပြုပြင်ဖို့ လိုအပ်ပါတယ်။ တကယ်စစ်မှန်တဲ့တရားတော်တွေကို ပိုမိုလေ့လာပြီးတော့ critical thinking လုပ်ပါ။ တခုခုပြောလိုက်တိုင်း မှာ ဘာသာရေးဆိုတာနဲ့ အကုန်လုံးကိုမျက်စိမှိတ်ပြီး ယုံတာမျိုးမဟုတ်ပဲနဲ့ ဘာသာရေးဆိုတဲ့စကားလုံး အောက်ကနေ ပြောလာပြီဆိုရင် အားလုံးမှန်တယ်ဆိုပြီးတော့ လိုက်နာနေတာမျိုး မဟုတ်ပဲနဲ့ တကယ် ဘုရားရှင်ရဲ့ တရားတော် အစစ်အမှန်ဟုတ်မဟုတ် တကယ်လိုက်နာ လုပ်သင့်လား မလုပ်သင့်လား ဆိုတာ ခွဲခြမ်း ပိုင်းခြားစိစစ်ဖို့လည်း အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ critical thinking ထွန်းကားဖို့ပိုပြီးတော့ လိုအပ်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကြပ်ပြည့်ပါဝင်ခွင့်ရမယ်ဆိုရင် အမျိုးသမီးတွေရဲ့အရည်အချင်းတွေ အမျိုးသမီးတွေရဲ့အားသာချက်တွေ အသုံးပြုခွင့်ရတဲ့အတွက်ကြောင့်မို့ ဒီနိုင်ငံရေးအင်အားစုတွေ ပိုပြီး အားကောင်းလာတယ်။အဲ့ဒါဆိုရင် အနာဂတ်နိုင်ငံရေးက ပိုပြီးအားကောင်းတဲ့ အနာဂတ်နိုင်ငံရေးလမ်း ကြောင်းပေါ်ကို သွားရတာဖြစ်လို့ အမျိုးသားတွေရဲ့ အင်အား၊ အမျိုးသမီးတွေရဲ့အင်အား နှစ်ခုလုံးကို အပြည့် အဝ အသုံးပြုလို့ ရသွားပါတယ်။ နိုင်ငံတည်ဆောက်ရေးမှာ အမျိုးသားတွေရဲ့စွမ်းဆောင်ရည်တွေ၊ ဉာဏ်ရည်

တွေ၊ ခွန်အားတွေကို အသုံးချနေတာတင်မကပဲနဲ့ အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်တွေ၊ အိုင်ဒီယာတွေ၊ လုပ်ရည်ကိုင်ရည်တွေကို ပေါင်းစပ်မယ်ဆို ပိုပြီးတော့ အင်အားကောင်းတဲ့နိုင်ငံကို တည်ဆောက်နိုင်လိမ့်မယ်။ အဲ့ဒါဆို အနာဂတ်နိုင်ငံကြီးက ပိုပြီးအားကောင်းတဲ့ အပြောင်းအလဲတွေကို မြင်တွေ့ရမယ်လို့ မျှော်လင့်ပါတယ်။





**မိဒေဝီချမ်း**

(Mon State Development Center)

**“စုံလင်ကွဲပြားမှုကို အပြန်အလှန် ရှိသေလက်ခံလေးစားတဲ့ စံတန်ဖိုးကို သတ်မှတ်သင့်ပါတယ်။ လူနည်းစုအခွင့်အရေးကို ချိုးဖောက်ရင်လည်း နိုင်ငံက ဒီမိုကရေစီကျတဲ့ နိုင်ငံ မဖြစ်နိုင်ပါဘူး”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးက မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ စစ်ရေးအရ၊ နိုင်ငံရေးအရ အများကြီးကို အရာရောက်စေခဲ့ပါတယ်။ စစ်ကောင်စီက အဘက်ဘက်ကနေကျဆုံးနေတယ်လို့ သုံးသပ်မိတယ်။ ၁၀၂၇၊ ၁၁၁၁ စစ်ဆင်ရေးရဲ့ ထိုးစစ်ကိုကြည့်ခြင်းအားဖြင့် မြင်နိုင်ပါတယ်။ နောက်ပြီးတော့ နွေဦးတော်လှန်ရေးမှာဆိုရင် တိုင်းရင်းသားသာမက ဗမာလူမျိုးတွေကလည်း အဓိကပါဝင်လာတယ်။ ဟိုးအရင်တုန်းကဆို တော်လှန်ရေးမှာ ဗမာလူမျိုးတွေ က မပါဝင်လာကြဘူး။ တိုင်းရင်းသားလူမျိုးအနည်းစုကပဲ တော်လှန်ရေးကို စတင်ကြတယ်။ အခုကတော့တိုင်းရင်းသားပေါင်းစုံ၊ ဗမာလူမျိုးအကုန်လုံး အင်အားပေါင်းစုံနဲ့ တိုက်ခိုက်တဲ့အတွက်ကြောင့် နွေဦးတော်လှန်ရေးက ဟိုးအရင်လက်ထက်ထဲက စတင်ခဲ့တဲ့တော်လှန်ရေးထက်ကို အများကြီးကောင်းတယ်လို့ သုံးသပ်မိတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

ပထမဦးဆုံးအချက်အနေနဲ့ဆိုရင် လူ့အခွင့်အရေးကို စံတန်ဖိုးအဖြစ် သတ်မှတ်ရမှာ ဖြစ်ပါတယ်။ နောက်တခု အနေနဲ့က ပြည်နယ်အလိုက် ကိုယ်ပိုင်ပြဌာန်းခွင့်ပေးတဲ့ဥပဒေကိုလည်း သတ်မှတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာဆိုရင် ပြည်နယ်ဥပဒေက မရှိဘူး။ မြန်မာနိုင်ငံက တိုင်းရင်းသားတွေရဲ့နိုင်ငံ ဖြစ်တယ်။ တိုင်းရင်းသားတွေနဲ့ပေါင်းဖွဲ့ထားတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသားတွေ အခွင့်အရေးမရရင် မြန်မာနိုင်ငံက မငြိမ်းချမ်းနိုင်ဘူး။ အဲ့အတွက်ကြောင့် သူ့ရဲ့ပြည်နယ်အလိုက် ကိုယ်ပိုင်ပြဌာန်းခွင့်ပေးမှ မြန်မာနိုင်ငံက သာယာအေးချမ်းတဲ့ နိုင်ငံကိုတည်ထောင်နိုင်မယ်။ နောက်တခုက လူနည်းစုကို အပြည့်အဝ အကာအကွယ်ပေးနိုင်တဲ့ အခွင့်အရေးဖြစ်ရမယ်။ စုံလင်ကွဲပြားမှုကိုလည်း အပြန်အလှန် လက်ခံလေးစားရမယ်။ စစ်ကောင်စီလိုမျိုး ဗုဒ္ဓဘာသာမှ ဗုဒ္ဓဘာသာ နိုင်ငံမဟုတ်ပဲ ခရစ်ယာန်တို့၊ အစ္စလာမ်တို့လို တခြားသော မတူညီကွဲပြားမှုကို လက်ခံပြီးတော့ အပြန်အလှန် ရှိသေလက်ခံလေးစားတဲ့ စံတန်ဖိုးကို သတ်မှတ်သင့်ပါတယ်။ လူနည်းစုအခွင့်အရေးကို ချိုးဖောက်ရင်လည်း နိုင်ငံက ဒီမိုကရေစီကျတဲ့ နိုင်ငံ မဖြစ်နိုင်ပါဘူး။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့လိုပါသလဲ။*

မြန်မာနိုင်ငံပဲဖြစ်ဖြစ် တခြားနိုင်ငံပဲဖြစ်ဖြစ် နိုင်ငံတိုင်းက လူတစ်မျိုးတစ်ခုထဲနဲ့ ဖွဲ့စည်းထားကြတာ မဟုတ်ဘူး။ လူပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံ ဖြစ်တယ်။ အဲ့ဒါကြောင့် လူတစ်စုကပဲ အာဏာကိုဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ လူတစ်မျိုးတည်းကဘဲ နေရာတိုင်းမှာ စီမံပိုင်ခွင့် မရှိဘူး။ လူအားလုံးမှာ စီမံပိုင်ခွင့်ရှိပါတယ်။ အကယ်၍လူတစ်ဦးတစ်ယောက်ထဲကပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်ဆိုရင် အဲ့ဒီနိုင်ငံက ဒီမိုကရေစီနိုင်ငံမဟုတ်ပဲနဲ့ အာဏာရှင်စနစ်ကို ဦးတည်နေတဲ့နိုင်ငံအဖြစ် သုံးသပ်လို့ရတယ်။ အခုမြန်မာနိုင်ငံရဲ့ အခြေအနေလိုမျိုးပေါ့။ နောက်ပြီးတော့ လူတစ်ဦးတစ်ယောက်၊လူတစ်စုကပဲ နိုင်ငံတခုလုံးရဲ့ အခြေအနေကို မခြုံပြီးတော့ မမြင်နိုင်ဘူး။ တခြားသောလူတွေရဲ့အမြင်ကိုနားထောင်ပြီးမှသာလျှင် အဲ့ဒီပြဿနာရဲ့ အကြောင်းအရင်းအမှန်ကို ဆန်းစစ်နိုင်တယ်။ ဝေဖန်နိုင်တယ်။ အဲ့ဒါကြောင့်မို့ စုံလင်ကွဲပြားမှုက အရေးကြီးပါတယ်။ အမျိုးသမီးတွေက ဦးဆောင်မှုနေရာမှာ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ဥပဒေရေးဆွဲတဲ့နေရာမှာ ပါဝင်ဖို့ လိုပါတယ်။ အမျိုးသမီးတွေကပဲ အမျိုးသမီးတွေရဲ့အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးနိုင်ပါတယ်။ အမျိုးသားတွေက အမျိုးသမီးတွေရဲ့ခံစားချက်ကို အပေါ်ယံလောက်ပဲမြင်နိုင်ပါတယ်။ အခုလက်ရှိအခြေအနေလိုမျိုး အမျိုးသမီးတွေရဲ့အသံက မပေါ်ထွက်လာဘူး။ အမျိုးသမီးတွေရဲ့ခေါင်းဆောင်မှုတွေက ပျောက်ဆုံးနေတယ်။ အဲ့ဒီအခြေအနေနဲ့ ကြုံတွေ့ရတယ်။ အဲ့ဒီအတွက်ကြောင့် လက်ရှိအမျိုးသမီးတွေ ခေါင်းဆောင်တွေအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ထဲထဲဝင်ဝင်နဲ့ပါဝင်ဖို့ လိုပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

နွေဦးတော်လှန်ရေးမှာဆိုရင် အမျိုးသမီးပါဝင်မှုက များတယ်လို့ သုံးသပ်လို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားနဲ့အမျိုးသမီး ပါဝင်မှုရာခိုင်နှုန်းမတူရင်တောင်မှ အင်တာဗျူးတခုထဲမှာဆိုရင် အမျိုးသား (၃) ယောက်လောက်ပါရင် အမျိုးသမီး (၂) ယောက်လောက်ပါလာခဲ့တယ်လို့ မြင်တွေ့နိုင်တယ်။ နောက်တခု အနေနဲ့က ကျွန်မရဲ့အတွေ့အကြုံအရဆိုရင် သင်တန်းတက်ခဲ့တဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ဆွေးနွေးပွဲမှာဆိုရင် သင်တန်းနည်းပြအများစုက အမျိုးသမီးဖြစ်တာကို တွေ့ရတယ်။ နောက်ထပ် ဥပမာတစ်ခုအနေနဲ့ NUG ရဲ့ နိုင်ငံခြားရေးဝန်ကြီးက အမျိုးသမီးဖြစ်တယ်။ ဟိုးအရင်တုန်း ဦးသိန်းစိန်ကာလမှာ အမျိုးသမီးခေါင်းဆောင်တို့ မရှိသလောက်ရှားခဲ့တယ်။ ဒါပေမယ့် အခုဆိုရင် နိုင်ငံရေးမှာပဲပြောပြော၊ ဆွေးနွေးပွဲမှာဘဲပြောပြော၊ အင်တာဗျူးတို့သုံးသပ်ချက်တို့၊ သင်တန်းနည်းပြတို့မှာပဲ ပြောပြော အမျိုးသမီးပါဝင်လာနှုန်းက များလာတာ တွေ့ရပါတယ်။

### *၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုတစ်ခုဖြစ်တဲ့ ဖိုဝါဒီလွှမ်းခြုံမှုက အဟန့်အတား ဖြစ်စေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာဆိုရင် အမျိုးသားတွေကပဲ အရာရာမှာ ဦးဆောင်နိုင်တယ်။ အမျိုးသားတွေက ဘုန်းတန်းခိုး

ရှိတယ်။ အမျိုးသားတွေက ဗဟုသုတတွေနဲ့ ပြည့်စုံတယ်။ နောက်ပြီးတော့ အမျိုးသမီးတွေကိုယ်တိုင်ကိုက ကိုယ့်ကိုကိုယ် အထင်သေးကြတယ်။ တချို့အမျိုးသမီးတွေအများစုက ကျွန်မတို့ကအမျိုးသားတွေလောက်ကို ဗဟုသုတတွေ မစုံကြဘူး။ လူအရှေ့မှာထွက်မပြောနိုင်ကြဘူး။ ကိုယ့်ကိုကိုယ် သိမ်ငယ်စိတ်တွေ ထားကြတယ်။ အဲ့ဒါကနိုင်ငံရေးမှာ အဟန့်အတားဖြစ်စေတယ်။ နောက်ထပ်တခုကလည်း အမျိုးသမီးတောင်မှ ရပ်ရွာထဲမှာဆိုရင် အမျိုးသမီးကြီးတွေက အမျိုးသမီးငယ်လေးတွေကို မထောက်ခံကြဘူး။ ဘယ်လိုဖြစ်လဲဆိုသူတို့ပြောတာက အမျိုးသမီးတွေက နိုင်ငံရေးနဲ့ မသက်ဆိုင်ဘူး။ ခေါင်းဆောင်လုပ်လို့ မရဘူး။ အမျိုးသားတွေကပဲ ခေါင်းဆောင်လုပ်လို့ရတယ်။ စသဖြင့် အမျိုးသမီးတောင်မှ အမျိုးသမီးအချင်းချင်းကို မထောက်ခံတဲ့အခါကျတော့ အမျိုးသားတွေကလည်း အမျိုးသမီးကိုထောက်ခံဖို့ဆိုတာ အဝေးကြီးလိုသေးတယ်။ အဲ့ဒါကလည်း အဟန့်အတားဖြစ်စေတယ်။ နောက်တစ်ခုက ပတ်ဝန်းကျင်ကလည်း အဟန့်အတားဖြစ်စေတယ်။ အကယ်၍ ကိုယ့်ရဲ့ပတ်ဝန်းကျင်က မြေတောင်မမြှောက်ပေးဘူး။ ကိုယ်ကဘယ်လောက်ပဲ ခေါင်းဆောင်လုပ်ချင်ချင် ကိုယ့်ရဲ့ပတ်ဝန်းကျင်က ကိုယ့်ကို တိုက်ဖျက်လိုက်တယ်။ နင်ကရနိုင်မှာ မဟုတ်ဘူး။ နင်ကလုပ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ အားမပေးတဲ့ ပတ်ဝန်းကျင်မှာရှိတဲ့အခါကျရင် ပတ်ဝန်းကျင်ရဲ့သတင်းစကားတွေကလည်း ကိုယ့်အတွက် ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ နိုင်ငံရေးထဲပါဝင်ဖို့က အဟန့်အတားဖြစ်စေပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ပထမဦးဆုံးအနေနဲ့က အဖွဲ့အစည်းအနေနဲ့ ကြည့်မယ်ဆိုရင် အမျိုးသမီး၊ အမျိုးသား၊ လူကြီးပိုင်းတွေကို လူငယ်တွေကိုလည်း advocacy လုပ်ရမယ်။ အမျိုးသမီးတွေကိုပဲ သင်တန်းပေးတာမျိုး မဟုတ်ပဲနဲ့ အမျိုးသမီးနဲ့ အမျိုးသားပါ ရောနှောပြီးတော့ advocacy ပေးရမယ်။ အမျိုးသမီးတွေအနေနဲ့ အမျိုးသားနဲ့ တန်းတူ ဦးဆောင်နိုင်တယ် သိလာမှာ ဖြစ်ပါတယ်။ နောက်တခုအနေနဲ့က နောက်လာမယ့်နိုင်ငံအတွက် အမျိုးသမီးတစ်ယောက်အနေနဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာတွေများများဖတ်ထားဖို့ အရေးကြီးတယ်။ လူကြီးတွေစကားဝိုင်းမှာ ပါဝင်နိုင်အောင် လုပ်ရမယ်။ အဲ့ဒါမှ အမျိုးသမီးတွေဆုံးဖြတ်ပိုင်ခွင့်က အရာရောက်မယ်။ အဲ့လိုမျိုး အမျိုးသမီးတစ်ယောက်အနေနဲ့ကိုယ်က လူကြီးဝိုင်းမှာ မသွားထားဘူး။ စာတွေမဖတ်ထားဘူးဆိုရင် အမျိုးသမီးတစ်ယောက်ရဲ့ အရည်အချင်းမရှိနိုင်ဘူး။ အကျိုးဆက်အနေနဲ့ တော်လှန်ရေးပြီးသွားတောင်မှ အမျိုးသမီးတွေရဲ့ပါဝင်မှုရာခိုင်နှုန်းက မများလာဘူး။ အမျိုးသမီး၊ အမျိုးသား ရာခိုင်နှုန်းကွာဟမှုကိုမဖြစ်စေပဲနဲ့ ကိုယ်ကအမျိုးသားတွေနဲ့တန်းတူ ယှဉ်ပြိုင်နိုင်အောင် ဗဟုသုတတွေကြွယ်ဝအောင် လုပ်သင့်ပါတယ်။ နောက်တခုက public speaking ကောင်းအောင် လေ့ကျင့်ရမယ်။ နိုင်ငံရေးမှာဆိုရင် public speaking ကအများကြီးအထောက်အကူပြုတယ်။ အဲ့ဒါကသူများတွေကို အများကြီး motivate ရအောင် လုပ်နိုင်တယ်။ public speaking ကြောင့်ပဲ နိုင်ငံရဲ့ပြည်သူလူထုတွေရဲ့ အာရုံစူးစိုက်မှု၊ ပြည်သူလူထုတွေရဲ့ ချစ်ခင်မှုမြတ်နိုးမှု ရရှိတယ်။ အဲ့ဒါကြောင့် အမျိုးသမီးတွေက သတ္တိရှိရှိနဲ့လူအရှေ့မှာ ယောကျာ်းလေးခေါင်းဆောင်လိုမျိုး သူများရဲ့စိတ်ဝင်စားမှုခံရအောင် အများရဲ့ရိုသေမှုခံရအောင် လုပ်ဆောင်သင့်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးလူငယ်တွေက နိုင်ငံရေးလို့ပြောလိုက်ရင် စိတ်မဝင်စားကြဘူး။ အမျိုးသမီးခေါင်းဆောင်တွေက အရှေ့ကနေ ဦးဆောင်လုပ်ပြတဲ့အတွက်ကြောင့် အပြောင်းအလဲနိုင်ငံရေးကလည်း သူတို့နဲ့သက်ဆိုင်တယ်။ အမျိုးသားနဲ့တန်းတူပဲဆိုတာကို အများက လက်ခံလာနိုင်ကြတယ်။ နောက်တခုက လွန်ခဲ့တဲ့ ၂၀၂၀ လွှတ်တော်မှာဆိုရင် အမျိုးသမီးပါဝင်မှုက အမျိုးသမီးခုံမှာဆိုရင် ရာခိုင်နှုန်းနည်းတယ်။ ဒါကို ပြောင်းလဲနိုင်မယ်ဆိုရင် အမျိုးသမီးနဲ့ အမျိုးသား ခုံဦးရေ တန်းတူရလာမယ်လို့ ထင်ပါတယ်။

*၈။ တခြားဖြည့်စွက်ချက်ချင်တာရှိရင်ပြောပေးပါဦး။*

ကျွန်မအနေနဲ့ပြောချင်တာကတော့ အမျိုးသမီးတွေအနေနဲ့ကိုယ့်ကိုကိုယ်ယုံကြည်မှ အခြားသူတွေပါ ယုံကြည်မှာ ဖြစ်ပါတယ်။ ကိုယ့်ခြေထောက်ပေါ်ကို ကိုယ်ရပ်တည်နိုင်တဲ့အမျိုးသမီးဖြစ်အောင် လုပ်ရမယ်။ အမျိုးသား တစ်ဦးတစ်ယောက်ရဲ့ အားကိုးမှုကိုမယူပဲနဲ့ ကိုယ့်ကိုကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရမယ်လို့ ပြောချင်ပါတယ်။





**မသီတာ(စမ်းချောင်း)**

(Chaiperson)

PEN International Writers and Prison Committee

(Fellow) PEN Germany Writers-in- Exile Programme

**"အမျိုးသမီးတွေဆိုလည်း လူဦးရေအားဖြင့် များပေမဲ့ ကျန်တဲ့သူတွေကို မျက်နှာကြည့်နေရမယ်။ ကျန်တဲ့သူတွေကိုပဲ အမြဲတမ်းဦးစားပေးနေရမယ်ဆိုရင် အဲ့ဒီလူ့အဖွဲ့အစည်းက ဘယ်နည်းနဲ့မှ ပျော်ရွှင်အေးချမ်းမှာ မဟုတ်တော့ဘူး။ သူတို့ချည်းပဲ မပျော်ရွှင်၊ မအေးချမ်းရမှာ မဟုတ်ဘူး။ အဲ့အဖွဲ့အစည်းမှာ နေတဲ့တခြားသူတွေပါ ပျော်ရွှင်အေးချမ်းမှာ မဟုတ်ဘူး"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

မြန်မာနိုင်ငံက တကယ့်ကိုမိုးထဲလေထဲ ဖြတ်သန်းနေရတဲ့အနေအထားလို့ မြင်ပါတယ်။ ရောင်နီရှိတယ်လို့ ပြောသည့်တိုင်အောင် မှုန်ပြပြအနေအထားမျိုးပဲ သွားဖြစ်နေတာပေါ့။ လက်ရှိဖြတ်သန်းနေတာ တကယ့်အမှောင်ထုကိုပဲ ဖြတ်သန်းနေတာပါ။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အဓိကပြသနာကတော့ စစ်တပ်က နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကနေ ပါဝင်သင့်တယ်။ ပါဝင်ရမယ်ဆိုတဲ့မူကိုကိုင်ဆွဲပြီးတော့ မြန်မာ့နိုင်ငံရေးအပေါ်မှာ သက်ရောက်မှုတွေ အများကြီးဖြစ်စေခဲ့တဲ့အတွက်ကြောင့်မို့ မြန်မာနိုင်ငံကို ပြန်ကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ကာလတစ်လျှောက်ထဲကနေပြီးတော့ ကမ္ဘာတောမတိုးတဲ့ပြသနာပေါ့။ အဓိကကတော့ စစ်ရေးနဲ့နိုင်ငံရေးကို ပိုင်းခြားပြီးတော့ ရှုမြင်တာမျိုး မရှိပဲနဲ့ စစ်ရေးက နိုင်ငံရေးအပေါ်မှာ လွှမ်းမိုးရမယ်ဆိုတဲ့အမြင်နဲ့ နိုင်ငံရေးကို ရွှေ့ခဲ့တာပေါ့နော်။ အဲကြောင့် ခုချိန်ထိ ကမ္ဘာတောမတိုးပဲကျန်ခဲ့တယ်လို့ပဲ မြင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

အဓိကကတော့ လူသားရပိုင်ခွင့် human right ကတော့ အဓိကအခြေခံသင့်တယ်။ တကယ့်တကယ်ကြတော့ democratic value တွေကလည်း သိပ်အရေးကြီးတယ်။ ဒီမိုကရေစီကို လုံးဝလျစ်လျူရှုသွားမယ်ဆိုရင် တစ်ဦးတစ်စုကနေပြီးတော့ အမြဲတမ်း နိုင်ငံကို စိတ်ကြိုက်စီမံခန့်ခွဲနိုင်တဲ့အနေအထားကို ပြန်ရောက်သွားမှာစိုးရတယ်။ ဒါကြောင့် ဒီစံတန်းဖိုးတွေက အရေးကြီးတယ်။ ဒီထက်အရေးကြီးတာက ပြည်သူပြည်သား လူအများရဲ့အကျိုးစီးပွားနဲ့ ငြိမ်းချမ်းစွာ လွတ်လပ်စွာ၊ လုံခြုံစွာ အသက်ရှင်ရပ်တည်ရေးက စံတန်ဖိုးဖြစ်ရပါမယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ်ဖြစ် တည်ဆဲဥပဒေပဲဖြစ်ဖြစ်၊ တခြားသော စည်းမျဉ်းစည်းကမ်းတွေပဲဖြစ်ဖြစ် ဘယ်ဟာကိုမဆို ဒီအခြေခံကျတဲ့အချက်ပေါ်မှာပဲ အခြေတည်ပြီးတော့မှ စဥ်းစားသင့်တယ်။

ပြီးတဲ့အခါကျတော့ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့လွတ်လပ်လုံခြုံစွာ ရပ်တည်ရှင်သန်ပိုင်ခွင့်ကို ထိခိုက်စေနိုင်မယ့် ဘယ်ဟာကိုမှ မလုပ်သင့်ဘူး။ လူထုရဲ့လွတ်လပ်လုံခြုံစွာ ရှင်သန်ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် စတဲ့ လူ့ရပိုင်ခွင့်အခြေခံတွေကို ထိခိုက်စေမယ့်အရာကို မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ ဘယ်ကမှ မလုပ်သင့်ပါဘူး။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

ကျွန်မတို့နိုင်ငံကို ကြည့်မယ်ဆို အမျိုးသမီးဆိုလည်း လူဦးရေအရ အမျိုးသားလူဦးရေထက် ပိုများနေတယ်။ ဒီမိုကရေစီမှာ အများရဲ့သဘောဆန္ဒဟာ အင်မတန် လေးစားသင့်တယ်။ လိုက်နာသင့်တယ်။ အရေးပေးသင့်တယ်ဆိုတဲ့ မူကလည်း ရှိပြီးသားပါ။ နောက်တခုကတော့ ကျွန်မတို့က လူမျိုးအရပဲဖြစ်ဖြစ်၊ ဘာသာတရားအရပဲဖြစ်ဖြစ် အင်မတန်မှ စုံလင်ကွဲပြားပါတယ်။ နောက်မြေမျက်နှာသွင်ပြင်အရကို ကျွန်မတို့မှာက တောင်ကုန်းတောင်တန်းတွေရှိသလို အင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေနားမှာ နေတဲ့သူတွေ ရှိတယ်။ ဒီပထဝီတောတောင်ရေမြေအနေအထားအရ လိုအပ်ချက်ကတော့ တခါကွဲပြန်တယ်။ ဒါကြောင့်မို့ အဲ့ဒီကွဲပြားမှုတွေအကုန်လုံးကို အသိအမှတ်ပြုနိုင်ဖို့ဆို စုံလင်ကွဲပြားတဲ့အတွေးအခေါ်က လိုကိုလိုတယ်။ လူဆိုတာက ကိုယ့်ရဲ့အတွေးအခေါ်၊ ကိုယ့်ရဲ့သွေးသားအရဖြစ်စေ၊ ကိုယ့်ရဲ့ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ ကိုယ်နေထိုင်ရှင်သန်ရတဲ့ ပတ်ဝန်းကျင်အနေအထားအရဖြစ်စေ၊ တွေးခေါ်ပုံ ကျင့်ကြံရပုံတွေ မတူကြဘူး။ ဒါကသေချာတယ်။ ဘယ်နိုင်ငံမှာမဆို အဲ့အတွက်ကြောင့် စုံလင်ကွဲပြားမှုတွေကို အသိအမှတ်ပြုဖို့လည်း သိပ်အရေးကြီးတယ်။ အဲ့လိုမှအသိအမှတ်မပြုနိုင်ဘူးဆိုရင် ကျွန်မတို့ကတစ်စုတစ်ဖွဲ့က စိတ်ချမ်းသာကောင်း စိတ်ချမ်းသာမယ်။ လွတ်လပ်ကောင်း လွတ်လပ်မယ်၊ လုံခြုံကောင်းလုံခြုံမယ်။ သို့သော် လွတ်လပ်မှု၊ လုံခြုံမှု၊ စိတ်ချရမှုမျိုး၊ လူတိုင်းမှာ မရှိနိုင်ဘူးဆိုရင် အဲ့ဒီတိုင်းနိုင်ငံက ဘယ်နည်းနဲ့မှ ငြိမ်းချမ်းမှာ မဟုတ်တော့ဘူး။ ဒါကြောင့် သိပ်အရေးကြီးတယ်။ အမျိုးသမီးတွေဆိုလည်း လူဦးရေအားဖြင့် များပေမဲ့ ကျန်တဲ့သူတွေကို မျက်နှာကြည့်နေရမယ်။ ကျန်တဲ့သူတွေကိုပဲ အမြဲတမ်းဦးစားပေးနေရမယ်ဆိုရင် အဲ့ဒီလူ့အဖွဲ့အစည်းက ဘယ်နည်းနဲ့မှ ပျော်ရွှင်အေးချမ်းမှာ မဟုတ်တော့ဘူး။ သူတို့ချည်းပဲ မပျော်ရွှင်၊ မအေးချမ်းရမှာ မဟုတ်ဘူး။ အဲ့အဖွဲ့အစည်းမှာ နေတဲ့တခြားသူတွေပါ ပျော်ရွှင်အေးချမ်းမှာ မဟုတ်ဘူး။ ဒါကြောင့်လည်း သိပ်အရေးကြီးပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

အမျိုးသမီးတွေအနေနဲ့ ရုန်းကန်နေရတဲ့အနေအထားပဲ ရှိတယ်လို့ ကျွန်မမြင်တယ်။ ဒီ၂၀၂၁ နောက်ပိုင်းမှာတော့ သူ့ရဲ့လုပ်နိုင်စွမ်းနဲ့ သူ့ရဲ့ပါဝင်ပတ်သက်မှုတွေက အခန်းကဏ္ဍပေါင်းများစွာမှာ တွေ့လာရတယ်။ စစ်ရေးတွေမှာတောင်မှ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍက လျစ်လျူရှုလို့မရတဲ့အနေအထားမျိုးကို ရောက်သွား

တယ်ပေါ့။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စ၊ လူမှုရေးနဲ့ပတ်သက်တဲ့ကိစ္စ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ ကိစ္စအားလုံးလိုလိုမှာတော့ သိသာထင်ရှားတဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ရရှိလာတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ တကယ့်ကိုလိုအပ်တဲ့ အတိုင်းအတာတစ်ခုထိရောက်သွားပြီလို့ ပြောဖို့ခက်ပါတယ်။ အမျိုးသမီးတွေအကုန်လုံးကလည်း အံ့သြဖို့ကောင်းလောက်အောင်ကို အရင်ထက်စာရင် တာဝန်ယူခွင့်ကို အသုံးချပြီးတော့ ပိုပြီးတော့ တာဝန်ယူနိုင်စွမ်းတွေကို ပြလာတယ်။ တာဝန်ကိုကျေပွန်နိုင်စွမ်းကိုလည်း ပြနိုင်ကြတယ်။ လူ့အဖွဲ့အစည်းက အမျိုးသမီးတွေအပေါ်မှာ လက်ခံတဲ့ဟာကတော့ အရင်ထက်စာရင် အများကြီးသိသိသာသာကြီး ပြောင်းစပြုလာပါပြီ။ အမျိုးသမီးနဲ့ကလေးသူငယ်ဝန်ကြီးဌာနလို ပေါ်လာတာမျိုးဆိုတာတော့ ဒါကတော့တိုးတက်မှုတစ်ခုလို့ ပြောလို့ရပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

လူ့အဖွဲ့အစည်းတလျှောက်လုံးမှာ အမျိုးသမီးတွေဘက်က ပြန်ပြီးစဉ်းစားမယ်ဆိုရင်လည်း များသောအားဖြင့်က အမျိုးသမီးအကုန်လုံးက သြဇာသက်ရောက်မှုကို ပိုပြီးလိုချင်ကြတယ်။ ကန့်လန့်ကာနောက်ကွယ်ကနေ၊ အာဏာကို ကျင့်သုံးနိုင်တဲ့သူတွေရဲ့ နောက်ကွယ်ကနေပြီးတော့မှ ဟိုလိုလုပ်လိုက်ပါလား။ ဒီလိုလုပ်လိုက်ပါလားဆိုတာမျိုးကို သက်ရောက်မှုတွေ သွားချင်ကြတယ်။ တကယ့်တကယ်အာဏာကိုကျင့်သုံးပြီး ရှေ့တန်းထွက်ရတော့မယ်ဆိုတဲ့အခါမျိုးမှာတော့ အမျိုးသမီးတွေကိုယ်တိုင်က တွန့်ဆုတ်မှုတွေ ရှိတယ်။ တစ်နည်းအားဖြင့်တော့ တသက်လုံးက ကျွန်မတို့အမျိုးသမီးတွေရဲ့ တစ်ခုခုတစ်နေရာရာမှာ ရှေ့တန်းထွက်မယ်ဆိုရင် အန္တရာယ်ရှိနိုင်တယ်ဆိုပြီး တုန့်ပြန်မှုတွေ ပြင်းထန်နိုင်တယ်။ ဆန့်ကျင်မှုတွေ ပြင်းထန်နိုင်တယ်။ နေရာမပေးပဲ တွန်းဖယ်ခံရနိုင်တယ်။ သူတို့အတွက်အာမခံထားတဲ့ သူတို့ရဲ့ပါဝင်မှုကို ရာခိုင်နှုန်း ဘယ်လောက်ဘယ်မျှနဲ့ အသိအမှတ်ပြုရမယ်ဆိုတဲ့ အာမခံထားတဲ့ဥပဒေမျိုး၊ စည်းမျဉ်းစည်းကမ်းမျိုးကလည်း ကျွန်မတို့နိုင်ငံမှာ မရှိခဲ့ဘူး။ ရာခိုင်နှုန်းနဲ့အာမခံထားတာမျိုး မရှိတဲ့အခါကျတော့ တူတူချင်းယှဉ်ရွေးရင် ဖယ်ခံရတာမျိုးတွေများတော့ ငါတို့ဘယ်လောက်အားထုတ်အားထုတ်၊ မျှော်လင့်ချက်သိပ်ပြီးမရှိဘူးဆိုတဲ့ အသိမျိုးတွေနဲ့ တာဝန်ယူရဲဖို့၊ စွန့်စားရဲဖို့ အမျိုးသမီးတွေမှာ အဟန့်အတားရှိတယ်။ အဲ့ဒီဟာကို ထည့်တွက်ပြီးတော့ သူတို့စိတ်ချလုံခြုံစွာ သူတို့ရဲ့အရည်အချင်းအားလျော်စွာ ကျင့်သုံးပါဝင်နိုင်မယ့်အရာကို အာမခံနိုင်မယ့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရင်တော့ ဒီကိစ္စက အဆင်ပြေသွားနိုင်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ မပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးတွေ ပိုမိုပါဝင်နိုင်ဖို့ဆိုရင် သူတို့ရဲ့သဘာဝအရ သီးခြားစဉ်းစားပေးရတာတွေ ရှိတယ်။ သူတို့ရဲ့ကျန်းမာရေးအခြေအနေအရ၊ လစဉ်လတိုင်းမှာ ဓမ္မတာကိစ္စမျိုးတွေ ရှိတယ်။ နောက်တခါ ကိုယ်ဝန်ဆောင်ကိစ္စမျိုး ရှိမယ်။ သားသည်မိခင်ကိစ္စမျိုးရှိမယ် ဆိုတော့ အများကြီး ထည့်သွင်းစဉ်းစားထားဖို့ လိုပါတယ်။

ဒါတွေကို သေချာမပြင်ဆင်ထားပဲနဲ့ အမျိုးသမီးတွေရဲ့ပါဝင်ပတ်သက်မှုကို တခြားသောအရည်အချင်းများကိုပဲ ဦးတည်ပြီး ဆုံးဖြတ်မယ်ဆိုရင် အဆင်မပြေနိုင်ဘူး။ တကယ်ကို အမျိုးသမီးတွေရဲ့ပူးပေါင်းပါဝင်မှုကို လိုလားတယ်ဆိုရင် သူတို့မှာ တခြားသောထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိတယ်ဆိုတာကို အသိမှတ်ပြုရမယ်။ အဲ့ဒါကို ဒီဇိုင်းလုပ်ပြီးတော့ အခြေအနေ ပေးကိုပေးရမယ်။ နောက် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေမှာလည်း တန်းတူဖြစ်အောင်လို့ ပေးရမယ်။ အမျိုးသမီးဖြစ်လို့ လုပ်ခလစာကို လျှော့နည်းတယ်ဆိုတာမျိုးတွေ ဒါမျိုးတွေ မဖြစ်အောင်လို့ သတိထားရမယ်။ ဒါ့ပြင် နိုင်ငံရေးက အမျိုးသမီးတွေရဲ့ အလုပ်အကိုင်မျိုးမဟုတ်ဘူးလို့ စဉ်းစားတာမျိုးရှိသလို၊ တခြားသောလုပ်ငန်းတွေမှာဆိုရင်လည်း ဒါ မိန်းမအလုပ် မဟုတ်ပါဘူးလို့ လူ့အဖွဲ့အစည်းက မြင်နေတဲ့အမြင်တွေကိုလည်း ပြောင်းပေးမှရမှာ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက် လုပ်နိုင်တယ်ဆိုတဲ့ အတိုင်းအတာကို ကိုယ့်ရဲ့အထင်အမြင်နဲ့ ကန့်သတ်တာမျိုးမဟုတ်ပဲနဲ့ အမျိုးသမီးတွေကိုယ်တိုင်က လွတ်လပ်စွာ ရွေးချယ်တာမျိုးပဲ ဖြစ်သင့်တယ်။ ဒီတာဝန်ဟာခဲယဥ်းနိုင်တယ်။ ပင်ပန်းနိုင်တယ်။ သူ့ရဲ့ကိုယ်ခန္ဓာရဲ့ တက်နိုင်စွမ်းနဲ့ မကိုက်ညီဘူးလို့ ထင်ဟပ်နိုင်ပေမယ့် သူကိုယ်တိုင် ကိုက်ညီတယ်။ လုပ်နိုင်တယ်လို့ ဆုံးဖြတ်ရင် အဲ့ဒါကိုအသိအမှတ်ပြုပြီး လုပ်ခွင့်ပေးတာမျိုး ဖြစ်သင့်တယ်။ သူတို့ရဲ့လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုပြီးတော့ သူတို့ရဲ့ရွေးချယ်မှုနဲ့အညီ ဘယ်ကိစ္စမှာမဆို ပံ့ပိုးပေးဖို့ လိုတယ်။ ဒါဆိုပိုပြီးတော့ တာဝန်ယူရဲတဲ့ အမျိုးသမီးတွေ ပေါ်လာမယ်။ ပိုပြီးတော့အရည်အချင်းကို ဖြည့်ဆည်းချင်တဲ့ အမျိုးသမီးတွေ ပေါ်လာမယ်။ များသောအားဖြင့် ဈေးများကြတာက ရာခိုင်နှုန်းနဲ့ ဇလုတ်တိုက်ပြီး အမျိုးသမီးတွေကို အခွင့်အရေးပေးလိုက်ရင် အရည်အချင်းမရှိရင် ဘယ်လိုလုပ်မလဲဆိုတာမျိုး ရှိပါတယ်။ အရည်အချင်းဆိုတာ ဖြည့်ဆည်းချင်ဖို့ အခွင့်အရေးပေးဖို့လည်း လိုသေးတယ်။ အရည်အချင်းရှိရှိမရှိရှိ ရတယ်ဆိုတဲ့ဟာမျိုး မဟုတ်ပဲနဲ့ အရည်အချင်းရှိမှဖြစ်မယ် ဆိုတဲ့ဟာမျိုးကိုတော့ အမျိုးသမီးတွေက သိပြီးသား ဖြစ်ပါတယ်။ သို့သော် သူတို့အရည်အချင်းဖြည့်ဆည်းလို့ ရအောင်လည်း အခြေအနေပေးရမှာ ဖြစ်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးအများစုမှာ မိခင်စိတ်ရှိတယ်။ ပိုပြီးတော့ နူးညံ့ပျော့ပျောင်းတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ မရှိရှိတာနဲ့ အဆင်ပြေအောင် လုပ်နိုင်တယ်။ အိမ်တွင်းရေးတွေကို စီမံနိုင်တယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ပိုပြီးတော့ အကြမ်းမဖက်နိုင်တဲ့ ပိုပြီးတော့နူးညံ့ပျော့ပျောင်းပြီးတော့ တီထွင်စိတ်ကူးမှုရှိတဲ့ လူ့အဖွဲ့အစည်းကို ဦးတည်လို့ရတယ်။ အမျိုးသမီးတွေကတစ်ဖက်မှာလည်း ပြောစမှတ်ဖြစ်ကြတာ အမျိုးသမီးတွေက အချင်းချင်းလည်း မတည့်ကြဘူး။ မနာလိုစိတ်ကြီးကြတယ်ဆိုတဲ့ ဟာမျိုးတော့ရှိတယ်။ ဒါကိုလည်း ကျွန်မတို့ ဇွတ်မဟုတ်ပါဘူးလို့ ပြောလို့မရဘူး။ အဲ့ဒီလိုမျိုးပိုပြီးတော့ လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့်ရလာခဲ့ရင်တော့ အချင်းချင်း မနာလိုဖြစ်တယ်။ အချင်းချင်းတိုက်ခိုက်တယ်ဆိုတဲ့ဟာတွေလည်း လျှော့သွားနိုင်တယ်။ အမျိုးသမီးတွေအတွက် ရပိုင်ခွင့်က တစ်ကနေ္ငါးအထိပဲ ရှိနေတဲ့အတွက်ကြောင့် အဲ့ဒီတစ်ကနေငါးအထိထဲမှာ ကိုယ်ရဖို့အတွက် အချင်းချင်းတတောင်တွက်ကြပေမယ့် အမျိုးသမီးတွေရဲ့ရပိုင်ခွင့်က တစ်ကနေ အကန့်အသတ်မဲ့ ဖြစ်သွားတဲ့ အခါ ဘယ်သူမှ တစ်တောင်တွက်စရာ အကြောင်းမရှိတော့ပါဘူး။

*၈။ တခြားဖြည့်စွက်ပြောချင်တာရှိရင်ပြောပေးပါဦး။*

အမျိုးသမီးတွေက ကိုယ့်ရဲ့အရည်အချင်းဖြည့်ဆည်းဖို့အတွက် အမြဲတမ်းအဆင့်သင့်ဖြစ်ဖို့လိုတယ်လို့ ကျွန်မမြင်တယ်။ အမျိုးသမီးမို့လို့ ဦးစားပေးခံရမယ်။ အမျိုးသမီးမို့လို့ ရပိုင်ခွင့်တွေကို သီးခြားရစေမယ်လို့ မဟုတ်ပဲနဲ့ ကိုယ့်ရဲ့အရည်အချင်းကို မူတည်ပြီးတော့ အဲ့ဒီအပေါ်မှာမှ အမျိုးသမီးဖြစ်တယ်ဆိုတာနဲ့ ပေါင်းပြီးတော့မှ ကျွန်မတို့ရဲ့လုပ်နိုင်စွမ်းတွေကို ပြသခွင့်ယူဖို့လို့အတွက် အဆင်သင့်ဖြစ်သင့်ပါတယ်။ နံပါတ်တစ်ကတော့ အရည်အချင်းတွေကို ဖြည့်ဆည်းဖို့ အမြဲတမ်း အဆင်သင့်ဖြစ်စေချင်တယ်။ နံပါတ်နှစ်ကတော့ ပိုပြီးတော့ နိုင်ငံရေးအရရော စီးပွားရေးအရရော လူမှုရေးအရရော ဘယ်ကိစ္စမှာမဆို ပိုပြီးတော့ သိမြင်နေစေချင်တယ်။ နောက်တစ်ခုကတော့ တာဝန်ယူရဲတဲ့ စိတ်ကို အခုထက်ပိုပြီးတော့ မွေးစေချင်တယ်။ များသောအားဖြင့် risk မယူရဲတဲ့အထဲမှာ အမျိုးသမီးတွေပါတယ်ဆိုတာလည်း သိသာတယ်။ အဲ့အတွက်ကြောင့် အမျိုးသားတွေကို တွန်းပို့လိုက်တယ်။ ကဲကဲကဲလုပ်ကြပေါ့။ အဲ့လိုမဟုတ်တော့ပဲနဲ့ ကျွန်မတို့က risk ယူရဲတယ်။ အခက်အခဲတွေကိုလည်း ရင်ဆိုင်ရဲတယ်။ ဖြစ်လာရင် ငါတို့လည်းခံမယ်။ ငါတို့ဟာငါတို့ ရင်ဆိုင်နိုင်တယ်။ ဖြတ်သန်းနိုင်တယ် ဆိုတဲ့စိတ်မျိုးနဲ့ တာဝန်ယူမှုနဲ့ အန္တရာယ်ယူရဲမှုကို တပြိုက်နက်ထဲယူရဲတဲ့ စိတ်ကိုလည်း မွေးကြစေချင်တယ်။ အဲ့လိုဆိုရင်တော့ ကျန်တဲ့အရာတွေ အကုန်လုံးက ပြောပလောက်စရာမရှိပဲနဲ့ ကျော်လွှားနိုင်မှာပါလို့ ပြောချင်ပါတယ်။

**နိုင်ငံရေးက အမျိုးသမီးတွေရဲ့ အလုပ်အကိုင်မျိုးမဟုတ်ဘူးလို့ စဉ်းစား တာမျိုးရှိသလို၊ တခြားသောလုပ်ငန်းတွေမှာဆိုရင်လည်း ဒါ မိန်းမအလုပ် မဟုတ်ပါဘူးလို့ လူ့အဖွဲ့အစည်းက မြင်နေတဲ့အမြင်တွေကိုလည်း ပြောင်းပေးမှရမှာ ဖြစ်ပါတယ်။**



**Ja Seng Ing**

**လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ**

## "အာဏာရှင်မရှိဖို့ဆို တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေး အပါအဝင် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဖြစ်နေတဲ့အနေအထားတွေ ထပ်မရှိဖို့ လိုပါတယ်"

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးအရွေ့ကတော့ နေရာစုံ၊လူစုံကနေရွေ့တဲ့ နိုင်ငံရေးအရွေ့တစ်ခုလို့ မြင်ပါတယ်။ သို့ပေမဲ့ ပါဝင်နေကြတဲ့အဖွဲ့အစည်းတွေအနေနဲ့ တစုတစည်းတည်း ရွေ့နေကြတာလား။ ကိုယ့်ရဲ့ဦးတည်ရာနဲ့ ကိုယ့်ဟာကိုယ်ရွေ့သွားမှာလားဆိုတဲ့ လားရာကတော့ သဲသဲကွဲကွဲမမြင်ရဘူးဆိုတာ တွေ့ရတယ်။ တော်လှန်ရေးပန်းတိုင်နဲ့ နိုင်ငံရေးအောင်မြင်မှုကို အခုလက်ရှိကာလမှာ စဉ်းစားကြည့်မယ်ဆိုရင် အာဏာရှင်ပြုတ်ကျရေးကိုပဲ သွားနေတာလား။ အာဏာရှင်ပြုတ်ကျရေးအလွန်မှာ ဘာဆက်ဖြစ်မှာလဲဆိုတာကို ကျွန်မတို့က သဲသဲကွဲကွဲမမြင်ရသေးဘူးလို့တော့ မြင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတစ်ခု တည်ဆောက်မယ်လို့ ပြောတဲ့အခါမှာ နိုင်ငံဆိုတာဘာလဲ ကစပြီး စဉ်းစားမိပါတယ်။ နိုင်ငံတစ်ခုဖြစ်လာတယ်ဆိုတာက သဘောတရားချင်း၊ လိုချင်တဲ့ပန်းတိုင်ချင်း၊ ရည်ရွယ်ချက်ချင်း၊ စိတ်ဆန္ဒချင်း တူညီတဲ့လူတွေ စုထားတဲ့ အစုအဝေးတစ်ခု ဖြစ်ပါတယ်။ ဒီအစုအဝေးထဲမှာ များသောအားဖြင့် ဖြစ်တည်မှု ဝိသေသလက္ခဏာတွေ တူကြပါတယ်။ အားလုံးမတူရင်တောင်မှ အနည်းဆုံးအခြေခံတူညီချက်က နိုင်ငံသားဖြစ်ခြင်းဖြစ်ပါတယ်။ လက်ရှိ Nation Building ဆိုတဲ့အခါမှာ rebuild ပြန်လုပ်ရတဲ့အနေအထား ဖြစ်နေပါတယ်။ ပြဿနာပေါင်းမျိုးစုံရှိနေတဲ့ကြားထဲက အဲ့ဒီပြဿနာတွေကို ကျော်လွန်ပြီးတော့မှ အာဏာရှင်ပြုတ်ကျရေးအတွက် လုပ်နေကြတယ်။ ဖက်ဒရယ်ဒီမိုကရေစီအတွက်ကို သွားနေကြတယ်လို့ သတ်မှတ်ထားတယ်ဆိုတော့ အရင်ဆုံးတော့ အာဏာရှင်မရှိဖို့ဆို တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေး အပါအဝင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြစ်နေတဲ့အနေအထားတွေ ထပ်မရှိဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ရဲ့စံတန်ဖိုးက သူလည်းလူပဲ ကိုယ်လည်းလူပဲဆိုတဲ့ လူဖြစ်ခြင်းဆိုတဲ့ အပေါ်မှာပဲ အခြေခံပြီးမှ အခွင့်အရေးတန်းတူညီမျှမှုရှိဖို့ လိုပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံလိုမျိုးအခြေအနေက တကယ့်ကိုစုံလင်ကွဲပြားတဲ့လူမျိုးစုတွေ၊ မတူညီတဲ့သမိုင်းကြောင်းက လာတဲ့အတွေးအခေါ်တွေက စုပေါင်းထားတာဖြစ်တဲ့အတွက် မှန်ကန်တဲ့သမိုင်းကြောင်းကို ပြန်ပြီးတော့ ချည်းကပ်ဖို့လိုပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီလို့ ပြောတဲ့အတွက်ကြောင့် ဒီမိုကရေစီစံတန်ဖိုးတွေကိုလည်း

အလေးထားဖို့ လိုပါတယ်။ လက်ရှိအချိန်အထိ နိုင်ငံရေးပဋိပက္ခကြီးတဲ့နိုင်ငံဖြစ်တဲ့အတွက် တစ်ယာက်နဲ့ တစ်ယောက် ဘယ်လိုဆက်ဆံမလဲ။ ဘယ်လိုမျိုး ယုံကြည်မှုတည်ဆောက်မလဲ။ ပြီးတော့ တကယ့်ကို တန်ဖိုးရှိတဲ့ မိတ်ဆွေရင်းချာ၊ partnership လို့ မပြောရင်တောင် မဟာမိတ်တည်ဆောက်မှုကို ဘယ်လို သွားမလဲဆိုတာကို အများကြီးစဉ်းစားဖို့ လိုပါတယ်။

နှစ် ၇၀ လောက် တင်ခဲ့တဲ့ တယောက်နဲ့တယောက်ရဲ့ နားမလည်မှုကို ချက်ချင်းလက်ငင်း သုံးရက်နဲ့ တစ်နှစ် ထဲနဲ့ ဖြေရှင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ ဘယ်လိုသွားနေတာလဲဆိုတာကို တစ်ထပ်ထဲမြင်နိုင်အောင် ပြနိုင်ဖို့ ဆိုတာ ကျွန်မတို့ကသေးငယ်တဲ့ ပြဿနာလေးကနေ စပြီးဖြေရှင်းပေးလို့ ရပါတယ်။ အာဏာရှင်ပြုတ်ကြပြီး တဲ့အခါမှာ တည်ငြိမ်အေးချမ်းတဲ့ အခြေအနေတစ်ခုကို ဘယ်လိုတည်ဆောက်မလဲ။ အဲ့ဒါကို ဘယ်လို အစွန့်ရှည်အောင် လုပ်မလဲဆိုတဲ့ ဆိုတာကို ရေရှည်အစီအမံတွေအပြင် ရေတိုမှာ ရလဒ်ထွက်မဲ့အစီအမံတွေကို ချပြနိုင်မှသာ အချင်းချင်းကြား၊ ပြည်သူနဲ့ အစိုးရကြား ဆက်ဆံရေးကောင်းမှာ ဖြစ်ပါတယ်။ အကောင်အဖော် တဲ့အခါမှာ စံတန်ဖိုးထားမှုတွေအကြောင်း ပြောနေရုံနဲ့မပြီးဘူး။ လူတိုင်းသည်ပါဝင်ခွင့်ရှိတယ် ဆိုတာကို ပြသနိုင်ရမယ်။ ဒါက အရေးအကြီးဆုံး အပိုင်းဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

မြန်မာနိုင်ငံဟာ အရမ်းကို စုံလင်ကွဲပြားတဲ့ နိုင်ငံ ဖြစ်တယ်။ စုံလင်ကွဲပြားတဲ့နိုင်ငံကို ခေတ်အဆက်ဆက်မှာ Divide and rule လို့ခေါ်တဲ့ ခွဲခြားပြီးအုပ်ချုပ်ခဲ့တယ်။ ကျွန်မတို့ရဲ့ဖြစ်တည်မှုတွေ ဝိသေသလက္ခဏာတွေ ဖြစ်တဲ့ လူမျိုး၊ အသားအရောင်၊ ဘာသာ ဆိုတဲ့ သုံးခုနဲ့ပဲ သူတို့ကအမြဲတမ်းနိုင်ငံရေးမှာ မရိုးနိုင်တဲ့လှည့်ကွက် အနေနဲ့သုံးပြီး အမြဲတမ်း အုပ်ချုပ်ခဲ့တာ။ နိုင်ငံတစ်နိုင်ငံမှာ တူနေတဲ့သဘောဆန္ဒရှိတဲ့ လူအုပ်စုအစုအဝေး တစ်ခုကို နိုင်ငံလို့ သတ်မှတ်လိုက်မယ်ဆိုရင် သူတို့ရဲ့ဖြစ်တည်မှုကို နိုင်ငံနဲ့ဘယ်လိုချိတ်ဆက်မလဲလို့ စဉ်းစားတဲ့အခါမှာ ခုနကပြောတဲ့ diversity က အရမ်းအရေးကြီးပါတယ်။ ငါတို့နဲ့တူတဲ့သူပဲ ငါ့နိုင်ငံမှာလာနေ။ ငါနဲ့မတူတဲ့သူတွေက တခြားနိုင်ငံထောင်နေဆိုတဲ့ပြီးတော့မှနေဆိုတဲ့ဟာက ဒါကလက်တွေ့မကြဘူး။ ဘာဖြစ် လို့လဲဆိုတော့ တောက်လျှောက်ကျွန်မတို့ကမ္ဘာမှာ ဖြစ်လာတဲ့ပုံစံအဆင့်ဆင့်အရဆို လူတွေကရွှေ့ပြောင်းသွား လာတဲ့ သတ္တဝါတွေဖြစ်တဲ့အတွက်ကြောင့် အမြဲတမ်း၊ တသမတ်တည်း တူညီနေတဲ့လူစုတွေဖြစ်နေမှာ မဟုတ်ဘူး။ နိုင်ငံသားဖြစ်ခြင်းကို လူမျိုး၊ ဘာသာ၊ အသားအရောင် နဲ့လုပ်တယ်ဆိုရင် အရင်တုန်းက အဲ့ဂျင်းကတော့ တော်တော်လေးတော့ ထိဦးမှာပဲ။ လက်ရှိကျွန်မတို့နိုင်ငံမှာ ethnic nationalism ကြီးက အရမ်းကို အင်အားကောင်းလာတယ်။ ethnic nationalism ကို တအားအခြေပြုမယ်ဆိုရင်တော့ ပြဿနာတွေ အများကြီးပေါ်လာနိုင်တဲ့ဟာကို ကြိုတင်မှန်းဆပြီးတော့ တွေးမြင်နိုင်တဲ့ ကောင်းမွန်တဲ့ ဦးဆောင်မှု၊ အစိုးရပုံစံကို စဉ်းစားဖို့လိုပါတယ်။ နောက်တခုကတော့ အမျိုးသမီးတွေရဲ့ ကဏ္ဍပေါ့။ အမျိုးသမီးတွေ မရှိမဖြစ်ကိုလိုတဲ့ ကဏ္ဍလို့ပြောမယ်ဆို ပထမဆုံးစတွေးရမှာက အမျိုးသမီးသည် လူဖြစ်တယ်။ လူတိုင်းရဲ့ အခွင့်အရေးသည် တန်းတူညီတူရှိတယ်လို့ ကျွန်မတို့စဉ်းစားလိုက်မယ်ဆိုရင် အဲ့လူတစ်ယောက်နဲ့သက်ဆိုင်

လာတဲ့ကိစ္စရပ်တိုင်းမှန်သမျှသည် အမျိုးသမီးဆိုတဲ့ လူတစ်ယောက်သည်လည်း ပါဝင်ခွင့်ရှိတယ်။ ပါလဲပါဝင်သင့်တယ်လို့ ကျွန်မတို့ကတွေးမြင်တယ်။ နောက်တပိုင်းအနေနဲ့ပြောရမယ်ဆို ဘယ်လိုနေရာတွေမှာ ပိုပြီးတော့မှ မပါမဖြစ်လဲလို့ပြောရမယ်ဆိုရင် အခုလက်ရှိအခင်းအကျင်းမှာဆိုရင် လူမျိုးစုလက်နက်ကိုင်တွေရဲ့ နေရာဒေသအသီးသီးနဲ့ မြန်မာနိုင်ငံရဲ့ political representation လို့ ပြောလိုက်ပြီဆို NUG ၊ NUCC ၊ CRPH အမျိုးသမီးတွေ seat နေရာရခြင်းကတော့ ကောင်းလာတယ်။ ဒါပေမယ့် တချိန်ထဲမှာ တကယ့်တကယ်ဆုံးဖြတ်ချက်ချတဲ့နေရာလို့ ပြောလိုက်မယ်ဆိုရင် အမျိုးသမီးပါဝင်မှုက တအားနည်းတယ်။ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ပိုင်ခွင့်နဲ့ ပတ်သက်တဲ့ကိစ္စ ပြီးသွားတဲ့အခါမှာ PDF မှာ army system group တွေမှာ ကြည့်လိုက်မယ်ဆိုရင် အရင်ကလည်းပြောတယ်။ လက်နက်ကိုင်တော်လှန်ရေးမှာ အမျိုးသမီးတွေ role က ဘဏ္ဍာထိန်းတို့၊ operation နဲ့ဆက်စပ်တဲ့အပိုင်းတွေ admin တို့ အဲ့လိုမျိုးအပိုင်းတွေမှာ ပိုပြီးထားတယ်။ ရည်ရွယ်ချက်ကအစဉ်အဆက်ကဖြစ်လာတဲ့ အမျိုးသမီးဆိုက ကာကွယ်ပေးရမယ်။ ကာကွယ်ဖို့ လိုအပ်တဲ့သတ္တဝါတွေဖြစ်တယ်။ လက်ရှိအချိန်အထိ တကယ့်စစ်ရေးဘက်မှာ ပါဝင်နိုင်မှုကလည်း အတိုင်းအတာတစ်ခုထိ အကန့်အသတ်တွေရှိနေတယ်။ ကျန်တဲ့ဟာတွေက အရေးမကြီးတာတော့ မဟုတ်ဘူး။ ကျွန်မပြောသလို အကုန်လုံးနေရာတိုင်းမှာ အမျိုးသမီးပါဝင်ဖို့အရေးကြီးပေမယ့် ဒီနေရာတွေကကြတော့ Nation building ဖြစ်ဖို့ဆိုအခုထဲကစပြီးတော့မှ နေရာယူထားဖို့ လိုအပ်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မတစ်ဦးထဲအမြင်နဲ့ စဉ်းစားကြည့်မယ်ဆို အမျိုးသမီးတွေရဲ့အခန်းကဏ္ဍပါဝင်မှုက တကယ့်ကို ထိရောက်တဲ့ပါဝင်မှုတစ်ခုအနေနဲ့ အများကြီးတော့ မမြင်ရသေးပါဘူး။ NUG မှာပြန်ကြည့်မယ်ဆိုရင်တောင် အမျိုးသမီးနဲ့ကလေးသူငယ်ဆိုတာကို တခါထဲတွဲထားတယ်။ အမျိုးသမီးနဲ့ကလေးသူငယ်လို့ စပြီးစဉ်းစားလိုက်ကတည်းက အမျိုးသမီးတွေသည် အမေပေါ့။ အမျိုးသမီးတွေကို တသတ်မှတ်တည်း stereotypes ထည့်ခြင်းအားဖြင့် အမျိုးသမီးထဲမှာ ဖြစ်နိုင်တဲ့ လုပ်နိုင်တဲ့ သူတို့ရဲ့စွမ်းအားနဲ့ potential agency ဖြစ်မှုကို အတိုင်းအတာတခုထိ limit လုပ်လိုက်သလို မြင်ရပါတယ်။ အမျိုးသမီးပါဝင်မှုက နံပါတ်အားဖြင့်ကောင်းလာတယ်ဆိုတဲ့ ဟာကလွဲရင်ကျန်တဲ့ဟာတော့ အရမ်းကြီးတော့မတွေ့နေရဘူး။ နောက်ဆုံးထွက်လာတဲ့ transitional justice ပေါ်လစီတို့ဘာတို့မှာဆိုရင်လည်း ဂျဲန်ဒါနဲ့ပတ်သက်တဲ့ issue တွေမှာတော်တော်လေးကို အထူးသဖြင့် tranditional culture value နဲ့ပတ်သက်တဲ့ transitional Justice system တွေက အဲ့မှာအမျိုးသမီးတွေပါဝင်ဖို့လိုတဲ့ဟာ အဲ့နေရာမှာရှိတဲ့ gap တွေကို fill up လုပ်တာတွေ မပါလာတာတွေ တွေ့ရတယ်။ ထပ်ပြီးတော့မှ အများကြီးလုပ်ဖို့တော့လိုဦးမယ်။ ဒါပေမယ့် အရွေ့တစ်ခုကတော့ ကောင်းတဲ့ဘက်ကို သွားတယ်လို့မြင်ပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

ဘယ်ဟာတွေက အဟန့်အတားဖြစ်စေတာလဲဆိုတော့ အရိုးအရင်းဆုံးကတော့ လူမျိုးစုဖြစ်ခြင်းဆိုတဲ့ identityတွေ၊ ဝိသေသလက္ခဏာတွေက စပြောရတော့မှာပဲ။ ဒီအစုအဖွဲ့တွေရဲ့ နှစ်ရှည်လများ ကျင့်သုံးလာတဲ့စနစ်တွေ အလေ့အကျင့်တွေက ကျွန်မတို့ရဲ့ ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့ထုံးတမ်းတွေ ဖြစ်သွားပါတယ်။ အဲ့ဒီကျင့်သုံးမှုစနစ်တွေတော်တော်များများကကျတော့ အမျိုးသားတွေကဦးဆောင်လာတဲ့အမြင်တစ်ခုနောက် အမျိုးသမီးဆိုတာ ကာကွယ်ပေးရမယ့် သတ္တဝါဆိုတဲ့ စဉ်းစားလာတဲ့ stereotypes တွေအများကြီး ရှိခဲ့ပြီးသားဖြစ်ပါတယ်။ အဲ့လိုဟာတွေက ကျွန်မတို့ကို အများကြီးပြန်ပြီးတော့မှ ပါဝင်ရတော့မယ်လို့ စဉ်းစားလာတဲ့အခါမှာ ကျွန်မတို့ကို ကာဆီးကာဆီးနဲ့ ဒါမလုပ်နဲ့ တွေရှိတယ်။ ဒါကတော့ မပြောမဖြစ် စဉ်းစားထားရတဲ့အရာပါ။ နောက်ဆုံးအမျိုးသားတစ်ယောက်နဲ့ ယှဉ်ပြီးစကားပြောရတယ်ဆိုရင် ဘယ်သူ့အသံကို ပိုပြီး နားထောင်မလဲ။ ဘယ်သူ့ဆုံးဖြတ်ချက်ကို လိုက်လုပ်ကြမလဲဆိုတာနဲ့ ပတ်သက်ပြီး အများကြီး ကွာခြားချက်ရှိပါတယ်။ အစွမ်းအစရှိရင် ပါလို့ရတာပဲလို့ပြောတဲ့အခါမှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်ပိုင်ခွင့်ကို ဘယ်အချိန်အထိ ပိတ်ပင်ထားပြီးတော့ ဘယ်လောက်ကြာမှ ပါဝင်ခဲ့ရသလဲ။ အမျိုးသမီးတွေအတွက် နိုင်ငံရေးပလက်ဖောင်းက အရမ်းကိုအကန့်အသတ်တွေ များနေတုန်းဘဲ။ အထူးသဖြင့် မတူညီသော background၊ စုံလင်ကွဲပြားတဲ့ background ကလာတဲ့ သရုပ်သကန်ကလာတဲ့ အမျိုးသမီးတွေအတွက်ဆို ပိုတောင်ခက်ပါတယ်။ ဒီအမျိုးသမီးက သူ့ရဲ့နေ့စဉ်ဘဝမှာ ဘယ်လိုမျိုး သူ့ရဲ့အသံနဲ့ ထုတ်ခွင့်မရှိမလဲဆိုတဲ့ ကျွန်မတို့က ပိုပြီးပြုစုပျိုးထောင်ခြင်းအားဖြင့် အမျိုးသမီးခေါင်းဆောင်တွေကို ပိုပြီးစွမ်းရည်မြှင့်တင်ပေးရင်းနဲ့ political life မှာ ပိုပြီးတော့မှ ပါလာနိုင်ဖို့လုပ်နိုင်ရင်တော့ အကောင်းဆုံး ဖြစ်လိမ့်မယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ဂျဲန်ဒါ inclusive ဖြစ်ဖို့ လိုပါတယ်။ Inclusion လို့ပြောလိုက်ပြီဆို နံပါတ်လေးပဲထည့်လိုက်ရုံနဲ့ ပြီးသွားတဲ့ကိစ္စမဟုတ်ဘူး။ တကယ့်ကို ပေါ်လစီတွေချမှတ်တဲ့နေရာမျိုးတို့ ဥပဒေရေးဆွဲရေးတွေမှာ ကိုယ်စားပြုခြင်းအပြင် နေ့စဉ်ဘဝတွေမှာပါ ဘယ်လောက်အထိ gender inclusion ကိုလုပ်ပေးနိုင်မလဲဆိုတဲ့ကိစ္စပါ။ ပတ်ဝန်းကျင်မှာလည်း စုံလင်ကွဲပြားတဲ့အမျိုးသမီးတွေ အသံပါလာဖို့လိုတယ်။ ဆိုလိုချင်တာ လက်တစ်ဆုပ်စာခွင့်ထူးခံ လူအုပ်စုတစ်ခုကိုပဲ ပေးထားလို့လည်းမရဘူး။ ကျွန်မတို့သာ ဖက်ဒရယ်ဒီမိုကရေစီကိုသွားမယ်ဆို ပဋိပက္ခအလွန်ကာလကို တွေးကြည့်ရတော့မှာပေါ့။ transitional justice ကနေ transformative Justice တစ်ခုကို သွားတဲ့အခါမှာ အမျိုးသမီးအခန်းကဏ္ဍကို ဘယ်ထဲမှာထည့်သွင်းမှာလဲ ဘယ်လောက်ထိသွားမှာလဲ ဆိုတဲ့ဟာတွေက gender inclusion၊ gender equality စဉ်းစားမှုတွေက ကျွန်မတို့အပေါ်မှာ အများကြီး အရေးကြီးတဲ့အထဲမှာပါတယ်။ ပြီးသွားတဲ့အခါမှာ နောက်တခုအရေးကြီးဆုံးက နိုင်ငံရေးဦးဆောင်မှုပေါ့။ အဲ့လိုမျိုးပြောပြီ အခုလိုမျိုးနံပါတ်နဲ့ပဲ ကျေနပ်လို့မရဘူး။ ကျွန်မတို့က တကယ့်ဆုံးဖြတ်ခွင့်ကို အစိုးရအဖွဲ့တွေ နံပါတ်အားဖြင့်ပါဝင်မှုပဲမဟုတ်ပဲနဲ့ တကယ်ပါဝင်နိုင်တဲ့ အနေအထားတခုကို ရောက်လာအောင် ကျွန်မတို့

ဘယ်လိုလုပ်မလဲလို့ စဉ်းစားတဲ့အခါမှာ ဥပဒေနဲ့ပတ်သက်တဲ့ဟာတွေ ချိတ်ဆက်ထားတဲ့ဟာတွေရှိတယ်ဆို ကျွန်မတို့တွေဖြုတ်ချဖို့လိုတယ်။ အရင်ကဖြစ်ခဲ့တဲ့ tranditioanl value တွေနဲ့ conservative ဖြစ်နေတဲ့ လူထုတစ်ခုကို အခုခေတ်စနစ်နဲ့ ချတ်ဆက်ပေးရမယ်။ တံတားကူးပေးရတယ်ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ အဲ့တံတား ကူးတဲ့အခါမှာ ဖြစ်ချင်တဲ့ ကမ်းဘက်ကိုကူးလာနိုင်အောင်ပြောတဲ့အခါမှာ တံတား အနိမ့်တွေအမြင့်တွေ အပေါက်ဖာစရာရှိတဲ့ နေရာတွေ အများကြီးရှိတယ်။ အဲ့တံတားကို ကျွန်မတို့ ဘယ်လို တည်ဆောက်ကြမလဲဆိုတော့ ဖြစ်ချင်တဲ့ လုပ်ချင်တဲ့လူတစ်စုကပဲ လုပ်ပေးနေတယ်လို့ ပြောနေလို့ အော်နေလို့ မရဘူး။ လူတိုင်းပါဝင်ပြီးတော့ ဆောက်တော့မှာပဲရမယ်။

အမျိုးသမီးအခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်သည်လို့ ပြောတဲ့အခါမှာ လူ့အခွင့်အရေးသည် လူလို့သတ်မှတ်ထားတဲ့သတ္တဝါအားလုံးနဲ့ သက်ဆိုင်တဲ့အခွင့်အရေး ဖြစ်တယ်။ ဒီအမျိုးသမီးတစ်ယောက်ရဲ့ အခွင့်အရေး ဆုံးရှုံးမှုသည် လူတွေရဲ့ အခွင့်အရေးဆုံးရှုံးမှု ဖြစ်တယ်ဆိုတာကို နားလည်လက်ခံလာဖို့ လိုတယ်လို့ စပြီး ပြောချင်တယ်။ အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု ဆိုတဲ့နေရာမှာ လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုတခုထဲပဲ အမျိုးသမီးအခွင့်အရေး ချိုးဖောက်တာမဟုတ်ဘူး။ ဂျဲန်ဒါသည် women issue တစ်ခုထဲကို ပြောတာမဟုတ်ဘူး။ gender သည် beyond women issues ကိုပြောတာဖြစ်ပါတယ်။ အမျိုးသမီးအခွင့်အရေးဆုံးရှုံးမှုက ထင်သာမြင်သာရှိတဲ့အခွင့်အရေးတွေပဲ ဆုံးရှုံးတာမဟုတ်ပဲနဲ့ မမြင်သာတဲ့ အလွှာတွေ အများကြီးရှိတယ်။ အဲ့ အလွှာတွေ အကုန်လုံးကိုလည်း မြင်တက်ဖို့လိုတယ်။ တချို့ကိစ္စတွေမှာ ထောက်ပြပြောဆိုတာတွေ လိုတယ်။ ဒါပေမယ့် တချိန်ထဲမှာ ကျွန်မတို့ရဲ့ ချဉ်းကပ်တဲ့ လမ်းတွေက ထိခိုက်မှုဘက်ကို မသွားဖို့လိုတယ်။ အပြောင်းအလဲက လူ့အဖွဲ့အစည်းကို ထိခိုက်တဲ့အမြင်တွေမဖြစ်သွားဖို့ ကျွန်မတို့ကပြန်ပြီးတော့ မျှခြေ ဖြစ်အောင် လုပ်ဖို့လိုတယ်။


*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေ ပါလာခြင်းအားဖြင့်က များသောအားဖြင့် အမျိုးသမီးတွေသည် sexualize objective အနေနဲ့မြင်ခံရတဲ့အခါမှာ conflict ဖြစ်လာပြီဆိုရင် အမျိုးသမီးတွေ အမြဲ target လုပ်ခံရတယ်။ ဒါကြောင့် အမျိုးသမီးတွေကိုယ်တိုင် ပါဝင်ခြင်းအားဖြင့် သူတို့ကိုယ်တိုင် ဒီဟာကို မလုပ်နိုင်အောင် မဖြစ်အောင် ဆိုတဲ့အမြင်တွေနဲ့ သူတို့က ဝင်ပြောပါလိမ့်မယ်။ အဲ့အခါမှာ violence ဖြစ်လာနိုင်တဲ့ human security ပတ်သက်တဲ့အပိုင်းတွေ၊ အရေးကြီးတဲ့ Justice ထဲမှာလည်းပါလာခြင်းအားဖြင့် အမျိုးသမီးတွေ တကယ် လိုအပ်တဲ့ Justice ကို ရဖို့အတွက် ဘယ်လိုလမ်းကြောင်းနဲ့သွားသင့်တယ်။ ဘယ်လိုမျိုး အခက်အခဲတွေ သူတို့မှာကြုံတွေ့နေရတယ်ဆိုတာကို သူတို့လောက်ပြောပြနိုင်မှာ သူတို့ပဲရှိလိမ့်မယ်။ နောက်ထပ်ကဏ္ဍ တစ်ခုကတော့ စီးပွားရေးပါ။ အမျိုးသမီးတွေကိုယ်တိုင် အခြားသော နိုင်ငံတည်ပြန်လည်ဆောက်တဲ့အခါမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ ပေါ်လစီ၊ အမြင်တွေ ပါလာခြင်း အားဖြင့်လည်း ပိုပြီးတော့ ကောင်းမွန်တဲ့စီးပွားရေး အခွင့်အလမ်းနဲ့ စီးပွားရေးဆက်စပ်မှုတွေ ပိုစဉ်းစားနိုင်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆို

ကမ္ဘာမှာဆိုရင်လည်း women partication ecomonic တို့ကို တအားပြောလာကြပါပြီ ဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍနဲ့ပါလာမယ်ဆိုရင်တော့ မတူညီတဲ့ကဏ္ဍတွေမှာ သူတို့ရဲ့အသံတွေကို ယူဆောင်လာနိုင်ခြင်းအားဖြင့် ကျွန်မတို့ကပိုပြီးတော့မှ တည်ငြိမ်အေးချမ်းမယ်၊ စီးပွားရေးအားဖြင့်လည်း ပိုပြီးကောင်းလာမှာ ဖြစ်သလို၊ အနာဂတ်မှာဆိုရင် အမျိုးသမီးတွေကို sexualize objective လုပ်တာတွေ ၊ violence ဖြစ်စေတဲ့ natureတစ်ခုကို အတက်နိုင်ဆုံး လျော့နိုင်လိမ့်မယ်လို့ မြင်ပါတယ်။

*၈။ ဖြည့်စွက်ချက်။*

အမျိုးသမီးတွေကလည်း လူထဲကလူတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့က လူသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ လူ့အခွင့်အရေးဆိုတာ ကျွန်မတို့မှာ အကုန်ရှိတယ်။ အဲ့ရှိတဲ့ဟာကို ဘယ်လိုရအောင်ယူမလဲ ဘယ်လိုနည်းလမ်းနဲ့ပိုပြီးတိုးချဲ့ပြီးတော့ ယူမလဲဆိုတာ ကျွန်မတို့ကိုယ်တိုင် အမျိုးသမီးဖြစ်ခြင်းသည် ဘာလဲဆိုတဲ့ဟာမျိုး ကိုယ့်ကိုကိုယ် define လုပ်ဖို့ အမြဲစဉ်းစားနေဖို့ပေါ့နော်။ အဲ့ဟာတစ်ခုကိုအားလုံးကို message ပေးရင်းနဲ့ အမျိုးသမီးတွေအတွက် အမျိုးသမီးတွေလည်း ရှိတယ်။ အမျိုးသမီးတွေက ပိုပြီးတော့မှ လူတစ်ယောက်အနေနဲ့ နိုင်ငံတည်ဆောက်တဲ့နေရာမှာ ဘယ်လိုအခန်းကဏ္ဍကပါဝင်သွားနိုင်မလဲဆိုတာ ဒီထက်ပိုပြီးတော့မှ စဉ်းစားနိုင်ဖို့အတွက်လည်း ဆုတောင်းမေတ္တာပို့သပါတယ်။





**မခိုင်လေး**

**ဘဏ္ဍာရေးတာဝန်ခံ (တမူးခရိုင်တပ်ရင်း)**

**တာဝန်ခံ- တမူးမြို့နယ်**

**အမျိုးသမီး၊ လူငယ်နဲ့ ကလေးသူငယ်ရေးရာဌာန**

**"ဒေါ်အောင်ဆန်းစုကြည်ရဲ့စတင်ဦးဆောင်တဲ့ အပြောင်းအလဲမှာပဲ အမျိုးသမီးတွေ တော်တော်များများက နိုင်ငံရေးကို စိတ်ဝင်စားလာကြတယ်။ နိုင်ငံရေးကို ပိုသဘောကျလာတယ်။ နိုင်ငံရေး မှာ ဘာတွေဖြစ်နေသလဲ ဆိုတာကို အမျိုးသမီးအချင်းချင်း ပိုဖလှယ်လာကြတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြ ပေးပါရှင့်။*

လက်ရှိနွေဦးတော်လှန်ရေးက ခါးဆစ်ချိုးတစ်ပါတ်လည်ကိုရောက်လာပြီလို့ မြင်တယ်။ တချို့နေရာတွေမှာဆို အုပ်ချုပ်ရေတွေ စနေကြပြီ။ NUG အနေနဲ့လည်း အုပ်ချုပ်ရေးတွေ စနိုင်တဲ့ နေရာတွေ ရှိလာပြီ။ အဲဒီနေရာတွေကိုလည်း ကျွန်မတို့အနေနဲ့ အများကြီး ထောက်ပံ့ပေးဖို့ လိုပါတယ်။ တဆက်တည်းမှာလည်း အုပ်ချုပ်သူတွေအနေနဲ့ နိုင်ငံရေးနဲ့ပါတ်သက်တဲ့ အမြင်တွေကို ဆက်လက်လက်ခံဖို့ လိုပါတယ်။ တချို့သော ဘောင်တွေက အရမ်းကျဉ်းသွားတဲ့အခြေအနေတွေ ရှိသလို၊ တကယ့်မြေပြင်မှာ အလုပ်လုပ်နိုင်တဲ့ကဏ္ဍတွေ ရှိတယ်။ နောက်ပြီး နိုင်ငံရေးကိုစိတ်ဝင်စားတဲ့လူငယ်တွေကို ဖိတ်ခေါ်ပြီးတော့မှ လုပ်ဆောင်ရမယ့် အပိုင်းတွေ ပိုရှိလာပြီလို့ မြင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

နိုင်ငံတစ်နိုင်ငံရဲ့ စံတန်ဖိုးဆိုရင် စည်းကမ်းရှိတဲ့လူမှုအဖွဲ့အစည်း ဖြစ်ဖို့ လိုပါတယ်။ စစ်တပ်ဆိုလည်း စစ်တပ် စည်းကမ်းရှိမှ၊ နိုင်ငံရေးဆိုလည်း နိုင်ငံရေးရဲ့စည်းကမ်း၊ ဦးဆောင်တဲ့သူတွေမှာဆိုရင် သူတို့ အလုပ်လုပ်နေတဲ့ ဘောင်တွေရဲ့ စည်းကမ်း အသီးသီးရှိဖို့ လိုပါတယ်။ တရားဥပဒေစိုးမိုးခြင်းကို အခြေခံမှုအနေနဲ့ တည်ဆောက်ဖို့ လိုပါတယ်။

*၄။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိ တော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေ ပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံသစ်ကို ဖက်ဒရယ်စနစ်နဲ့ တည်ဆောက်နိုင်ဖို့ မျှော်လင့်ပါတယ်။ ဖက်ဒရယ်ဆိုတာ အလွယ်ကူဆုံး ပြောရရင် အတွေးအမြင်ပေါင်းစုံ၊ နေရာဒေသပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံမှာရှိတဲ့ လူပေါင်းစုံရဲ့ အမြင်တွေ ပါဝင်ပြီး နိုင်ငံတော်တည်ဆောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးသလဲဆိုရင် ကျွန်မရဲ့အမြင်ကတော့ နိုင်ငံရေးကို အဖွင့်သဘောဖြစ်ဖို့ လိုပါတယ်။ ဒါမှသာ နိုင်ငံရေးကို လူတိုင်းက နားလည်မှု အခြေခံအဆင့် လူတန်းစားကအစ သူတို့ရဲ့နိုင်ငံရေးယူဆချက်တွေကို ပွင့်ပွင့်လင်းလင်းချပြဆွေးနွေးလို့ ရမှာဖြစ်ပါတယ်။ ကျွန်မတို့ရှိမှာက နိုင်ငံရေးဆိုတာကို အမှောင်ချထားခံခဲ့ရတာဆိုတော့ ကျွန်မတို့ကိုယ်တိုင်တောင်မှ ဒီနွေဦးတော်လှန်ရေးကို နဖူးတွေ့ဒူးတွေ့ကြုံတွေ့လာရမှသာလျှင် နိုင်ငံရေးဆိုတာကို စိတ်ဝင်စားလာကြတာပါ။ အဲဒီတော့ နိုင်ငံရေးမှာ အရမ်းကြီးအမြင်စုံဖို့လိုတယ်၊ ဒါမှလည်း နိုင်ငံတစ်ခုတည်ဆောက်ဖို့ အုတ်မြစ်ချတဲ့အခါကြရင် အလွှာပေါင်းစုံက အမြင်တွေပါတော့ ပိုမိုထိရောက်တဲ့ နိုင်ငံရေးနဲ့ပါတ်သက်တဲ့မူဝါဒတွေ ချမှတ်နိုင်မယ်လို့ ထင်ပါတယ်။

နောက်ပြီး လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍက ပါဝင်သင့်လဲဆိုရင် ကျွန်မအမြင်ကတော့ အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာကို ပါဝင်သင့်တယ်လို့ ထင်တယ်။ တကယ်လည်း ထွန်းထွန်းပေါက်ပေါက် ပါဝင်နေတဲ့အမျိုးသမီးတွေ ရှိပါတယ်။ အမျိုးသမီးတွေ ထဲထဲဝင်ဝင် ပါဝင်ဖို့အတွက်လည်း အရမ်းအရေးကြီးပါတယ်။ အမျိုးသမီးတွေပိုများတဲ့ နေရာမှာ အမျိုးသားတွေကပဲ ဦးဆောင်နေတော့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ဘယ်သူကဦးဆောင်မလဲပေါ့။ ဘယ်လိုပဲနေနေ ကိုယ်ကိုတိုင်ဖြစ်နေမှသာလျှင် တချို့ကိစ္စတွေက ပြောလို့ကောင်းတာပေါ့။ ကိုယ်ကိုတိုင်ခံစားကြည့်မှ ကိုယ်ကိုတိုင်သိမှ အဲဒီလိုကိစ္စတွေက ပြောလို့ကောင်းတာပေါ့။ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို အမျိုးသားတွေက တောင်းဆိုနေတယ်၊ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေကို အမျိုးသားတွေက လုပ်ပေးနေတဲ့ အနေအထားမှာ ကဏ္ဍပေါင်းစုံလုံး အဆင်မပြေနိုင်ဘူးပေါ့နော်။ ဆိုတော့ အမျိုးသမီးတွေရဲ့ကိစ္စကို အမျိုးသမီးတွေကပဲ ဦးဆောင်သင့်ပါတယ်။

*၅။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်လို ကဏ္ဍတွေမှာ ထင်ထင်ရှားရှား မြင်တွေ့နေရပြီလဲ။*

လက်ရှိနွေဦးတော်လှန်ရေးကာလမှာတော့ မြေပြင်အခြေအနေနဲ့ပဲ ဆုံးဖြတ်မယ်ဆိုရင် မြေပြင်မှာဆို အုပ်ချုပ်ရေးပိုင်းတွေလုပ်ကြတဲ့အခါမှာဆိုရင် အမျိုးသမီးတွေက ၃၀ရာခိုင်နှုန်း ပါဝင်ရမယ်ပေါ့နော်။ ဒါပေမဲ့ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ဆိုရင် လက်ရှိကျွန်မလုပ်နေတဲ့ အမျိုးသမီးကဏ္ဍမှာဆိုရင် အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်က ၁၀၀ ရာခိုင်နှုန်းပဲ ရှိပါတယ်။ သို့ပေမဲ့ ထင်ထင်ရှားရှားပြရမယ့် ဥပမာဆိုရင်တော့ ကိုယ့်အရေးကိစ္စမှာဆိုရင် ကိုယ်ကိုတိုင် အော်ခွင့်ရှိတယ်၊ အဲဒါကတော့ အထင်ရှားဆုံးဥပမာပေါ့။ အရင်တုန်းကဆိုရင် အမျိုးသမီးတွေရဲ့ ကိစ္စတော်တော်များများကို အမျိုးသားတွေကပဲ ဦးဆောင်တယ်၊ အမျိုးသားတွေကပဲ ဆုံးဖြတ်ချက် ချလိုက်ကြတယ်ပေါ့။ မင်းတို့ကတော့ ဘာလုပ်၊ အိမ်မှုကိစ္စလုပ်ဆိုပြီး

အဲဒီလိုပုံစံမျိုးဆုံးဖြတ်ချက်ချကြတယ်၊ အခုကျတော့ အဲဒီလိုမဟုတ်တော့ဘဲနဲ့ ဘာလုပ်ချင်သလဲဆိုတဲ့ အပြန်အလှန်ညှိနှိုင်းမှုမျိုးတွေ ဖြစ်လာပါတယ်။

*၆။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

နိုင်ငံရေးမှာ အမျိုးသမီးတွေအဓိကဦးဆောင်လာတာကတော့ ၂၀၁၆ခုနှစ်လောက်က စပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့စတင်ဦးဆောင်တဲ့ အပြောင်းအလဲမှာပဲ အမျိုးသမီးတွေ တော်တော်များများက နိုင်ငံရေးကို စိတ်ဝင်စားလာကြတယ်။ နိုင်ငံရေးကို ပိုသဘောကြလာတယ်။ နိုင်ငံရေးမှာပါဝင်ရတာ၊ နိုင်ငံရေးမှာ ဘာတွေဖြစ်နေသလဲ ဆိုတာကို အမျိုးသမီးချင်း ဖလှယ်လာကြတယ်။ လူငယ်ကဏ္ဍတွေ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာကြတယ်။ နောက်တော့ ဒီနွေဦးတော်လှန်ရေးဖြစ်လာတဲ့အချိန်မှာလည်း တချို့နေရာတွေမှာဆိုရင် ဆရာမအိသဥ္စာမောင်တို့လို တခြားတခြားသောဆရာမတွေလည်း အများကြီးပါဝင်လာကြတယ်။ ဒါပေမယ့် တကယ့်ကိုအရေးပါ အရာရောက်တဲ့ဆုံးဖြတ်ချက်တွေ၊ နိုင်ငံတစ်ခုရဲ့ အပြောင်းအလဲနဲ့ပတ်သက်တဲ့ဆုံးဖြတ်ချက်တွေကို ချတဲ့နေရာမှာတော့ အမျိုးသမီးတွေရဲ့ အဲဒီလောက်ကြီးထဲထဲဝင်ဝင် မဟုတ်သေးဘူး။ ဒါကတော့ လက်ရှိမှာလည်း ကြုံနေရတဲ့ကိစ္စပေါ့။ ဘယ်ကဏ္ဍမှာမဆို ကိစ္စတစ်ခုခုပြောလိုက်တယ်ဆိုရင် အမျိုးသားအင်အားက (၁၀၀) ဖြစ်နေပြီး အမျိုးသမီးအင်အားက ၁၀ ပဲ ဖြစ်နေသေးတယ်။ အမျိုးသမီးတွေရဲ့ အားစိုက်ထုတ်မှုက (၁၀၀) ဖြစ်နေတယ်ဆိုရင်တောင်မှ အင်အားကတော့ (၁၀) ပဲ။ ဆုံးဖြတ်ပိုင်ခွင့်တွေမှာဆိုရင်လည်း သိပ်ပြီးတော့ အဆင်မပြေသေးဘူးပေါ့နော်။

တချို့ကိစ္စတွေမှာဆိုရင် အဟန့်အတားတွေ ရှိနေသေးတယ်။ အဓိကကတော့ ရှေးရိုးစွဲ ဓလေ့ထုံးစံတွေပါ။ အမျိုးသားဆိုလို့ရှိရင် သူတို့စိတ်ထဲမှာ၊ ကျွန်မစိတ်ထဲမှာတော့ တစ်ခုခုလုပ်လိုက်မယ်ဆိုရင် ဘုန်းကံနိမ့်မယ်ဆိုတဲ့ ဟာမျိုးတွေရိုက်ထည့်ထားခံရတယ်။ ဘာကြောင့် ဒီကိစ္စတွေကို ထည့်ပြောရတာလည်းဆိုတော့ ဘာမှမဟုတ်လောက်ဘူးထင်ထားပေမယ့် ကိုယ်တွေရဲ့မသိစိတ်မှာ ရိုက်သွင်းခံထားရတာဆိုတော့ အလုပ်ကိစ္စတစ်ခုခုလုပ်တော့မယ်ဆိုရင်၊ အိမ်တစ်အိမ်မှာသန့်ရှင်းရေးလုပ်တော့မယ်ဆိုရင်တောင်မှ အမျိုးသားတွေဆီမှာခွင့်တောင်းနေရတဲ့ကိစ္စမျိုး ရှိပါတယ်။ စီးပွားရေးပဲဖြစ်ဖြစ် တစ်ခုခုလုပ်တော့မယ် ဆိုရင် ဆုံးဖြတ်ချက်ချတာက အမျိုးသားတွေပဲဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍတွေ၊ နိုင်ငံခြားရေးကဏ္ဍတွေစသဖြင့်အားလုံးမှာလည်း ကျွန်မတို့ကြည့်လိုက်မယ်ဆိုရင် Focal Person က အမျိုးသားတွေကိုပဲ ခန့်တာများတယ်။ အမျိုးသမီးတွေက ဘယ်လောက်ပဲကောင်းကောင်း၊ အမျိုးသမီးတွေက ဘယ်လောက်ပဲတော်နေ၊ တတ်နေပါစေ မိန်းကလေးမိုလို့ထားလိုက်ပါကွာဆိုတဲ့ကိစ္စတွေက သူတို့စိတ်ထဲမှာတော့ အလျှော့ပေးတာလို့ ဖြစ်နေမှာပဲ။ ဒါပေမယ့် တကယ့်တကယ်မှာတော့ ကဏ္ဍတွေအကုန်လုံးကို ရိုက်ချိုးထားလိုက်ပဲ။ ကိစ္စတစ်ခုခုသွားမယ်၊ လာမယ်ဆိုရင်တောင်မှ မိန်းကလေးမို့လို့ မသွားနဲ့ဆိုတဲ့ ကိစ္စတွေပေါ့။ ဒီကိစ္စတွေက တကယ့်တော့ဘာမှမဟုတ်ပေမယ့် ရေရှည်မှာတော့ အဲဒီမိန်းကလေးရဲ့ စိတ်ထဲမှာ

ငါမရပ်တည်နိုင်တော့ဘူးဆိုတဲ့ဟာမျိုးတွေ ထင်ရင်းထင်ရင်းနဲ့ပဲ ကျွန်မတို့ရဲ့ အဲဒီစိတ်တွေကပဲ အဟန့်အတား ဖြစ်သွားတယ်လို့ ကျွန်မတစ်ကိုယ်တည်းအရမြင်မိပါတယ်။

*၇။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေကို လုပ်ဆောင်မယ်ဆိုရင် အမျိုးသားတွေကကော၊ အမျိုးသမီးတွေ ကိုယ်တိုင်ကပါ သိပ်လက်မခံချင်ကြတာ ရှိပါတယ်။ အမျိုးသမီးတွေအတွက်ပဲ လုပ်ပေးမှာလား၊ အမျိုးသားတွေကကော အရေးမပါဘူးလားဆိုပြီး ပြောကြရင်းနဲ့ ပဋိပက္ခတွေဖြစ်ပြီး စကားမပြောကြတော့ တာမျိုးတွေလည်းရှိတယ်။ ဆိုတော့ ကျွန်မအနေနဲ့ပြောရမယ်ဆိုရင် မြေပြင်မှာ ဘာတွေလုပ်ဆောင်ပေးသင့် သလဲဆိုတော့ မြေပြင်မှာအမျိုးသမီးတွေကို ခဏခဏစကားပြောပေးတာ၊ အမျိုးသမီးတွေ ဘာလိုအပ်နေ သလဲဆိုတဲ့ စာစောင်လေးတွေ ထုတ်ပြီးတော့မှ ဒီဟာကတော့ လုပ်သင့်တယ် တစ်ကိုယ်ရည်သန့်ရှင်းရေး ကိစ္စတွေမျိုးမှ အစပေါ့။ စကားပြောပေးရင်းနဲ့ ယုံကြည်မှုတည်ဆောက်၊ ပြီးတော့မှ တခြားတခြားသော လုပ်ငန်းကိစ္စရပ်တွေကို ဆွဲခေါ်တာမျိုးတွေ လုပ်သင့်တယ်လို့ ထင်ပါတယ်။

အစိုးရဖက်ခြမ်းအနေနဲ့ပြောရမယ်ဆိုရင် အမျိုးသမီးတွေနဲ့ပါတ်သက်ပြီး စကားပြောကြတဲ့အခါမှာ အမျိုးသမီး တွေကို ဖိတ်ခေါ်ဖို့၊ အမျိုးသမီးထုတွေကို ကိုယ်စားပြုတဲ့အမျိုးသမီးတွေနဲ့ စကားပြောပြီး ခေါင်းဆောင်ပိုင်းမှာ လည်း အမျိုးသမီးတွေကို ထည့်သွင်းစဉ်းစားပေးဖို့ လိုပါတယ်။ ပုဂ္ဂိုလ်ရေးကိစ္စတွေ မပါဘဲနဲ့ တကယ်လုပ်နိုင် တဲ့အမျိုးသမီးတွေကို ရှေ့တန်းတင်ပြီးတော့မှ အလုပ်လုပ်ခွင့်ပေးတာမျိုးတွေ ပြီးတော့ အဲဒီအမျိုးသမီးတွေရဲ့ ဆုံးဖြတ်ချက်ကို လေးစားတာမျိုးတွေလုပ်သင့်တယ်။ နိုင်ငံတော်သစ် တည်ဆောက်တဲ့နေရာမှာ အမျိုးသမီး အခွင့်အရေးတွေ၊ အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေးတွေ ဆိုတဲ့ကိစ္စရပ်မျိုးတွေ ထည့်သွင်းစဉ်းစား ပေးစေချင်ပါတယ်။

*၈။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ လူငယ်တွေတိုးတက်လာမှာပေါ့။ နိုင်ငံရေးမှာလည်း အဲဒီလိုပဲ၊ ကျွန်မတို့မြင်ကြည့်လိုက်မယ်ဆိုရင် နိုင်ငံ တစ်နိုင်ငံရဲ့လိုအပ်တဲ့ အစိတ်အပိုင်းတွေရဲ့ စီမံခန့်ခွဲရမယ့်အပိုင်းတွေမှာ အမျိုးသမီးတွေက ဦးဆောင်မယ် ဆိုရင် သေချာတယ် ဟာကွက်ဆိုတာ အရမ်းနည်းသွားလိမ့်မယ်။ အိမ်ထဲမှာပဲနေပြီး အိမ်ထောင်မှုကိုပဲ ထိန်းသိမ်းရတဲ့ အမျိုးသမီးတွေတောင်မှ ဒီလောက်ဒေါင့်စေ့နေတယ်ဆိုလို့ရှိရင် နိုင်ငံရေးမှာ တင်းပြည့်

ကျပ်ပြည့် ပါဝင်လုပ်ဆောင်မယ့်အမျိုးသမီးတွေဆိုရင် ဒီထက်ပိုပြီးဉာဏ်ကောင်းမယ်။ နောက်ပြီး ဉာဏ်ကောင်း တဲ့အမျိုးသမီးတွေကနေ ဆင်းသက်လာမယ့် မျိုးဆက်သစ်တွေကလည်း သေချာပေါက် ကောင်းကောင်းမွန်မွန်လုပ်နိုင်တဲ့ စည်းကမ်းရှိတဲ့သူတွေ ဖြစ်လာမှာပေါ့နော်။

ဒါကြောင့် နိုင်ငံတော်အသစ်ပြန်လည်တည်ဆောက်ကြတော့မယ်ဆိုရင် အမျိုးသမီးအခန်းကဏ္ဍတွေကို အရင် တုန်းကအတိုင်းပဲ ထပ်ပြီးတော့ချိုးနှိမ်ထားအုံးမယ်ဆိုရင် အမျိုးသမီးအခွင့်အရေးတွေကို အရင်တုန်းက လိုပဲ မပေးဘူးဆိုရင် ဘာမှထူးမှာမဟုတ်တဲ့ နိုင်ငံ၊ ဘာမှပြောင်းလဲလာမှာမဟုတ်တဲ့နိုင်ငံကိုပဲ ရမှာပါ။ အဲဒီနေရာ မှာသာ အမျိုးသမီးတွေကို ထည့်သွင်းပေးခဲ့မယ်ဆိုရင်တော့ ကျွန်မတို့မျှော်လင့်ထားတာထက် ပိုကောင်းမွန်တဲ့ မူဝါဒတွေ၊ ဆုံးဖြတ်ချက်တွေချနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

*၉။ ဖြည့်စွက်ချက်။*

အဓိကပြောချင်တာကတော့ ကျွန်မတို့အမျိုးသမီးအချင်းချင်းကိုယ်တိုင်လည်း တစ်နေရာရာမှာ ရှေ့ထွက်ပြီး အလုပ်လုပ်ရတော့မယ်ဆိုရင် ယောက်ျားလေးတွေကိုပဲ တွန်းတင်ပေးတာမျိုးတွေ၊ အမျိုးသမီးတွေ ဦးဆောင် တာထက် အမျိုးသားတွေဦးဆောင်တာက ပိုကောင်းတယ်လို့ လုံးဝကိုလက်ခံထားကြတဲ့ ရှေးရိုးစွဲအမြင်တွေ ကလည်း ဒီဖက်ခေတ်မှာကျန်နေသေးတယ်။ ဒါကြောင့် အမျိုးသမီးအချင်းချင်းပဲအားပေးရမယ်ဆိုရင်တော့ သွားပါ၊ လုပ်ကိုင်ကြပါ၊ ရဲတင်းတဲ့ ဆုံးဖြတ်ချက်မျိုး တွေကို ကိုယ်တိုင်ချကြပါ။ နိုင်ငံရေးလမ်းကြောင်း မှာပဲဖြစ်ဖြစ်၊ တော်လှန်ရေးလမ်းကြောင်းမှာပဲ ဖြစ်ဖြစ် ပါဝင်နေတဲ့အမျိုးသမီးတစ်ဦးရဲ့နောက်မှာ အမျိုးသမီး ထုတရပ်လုံး ရပ်တည်နေတယ်ပေါ့နော်။ ဆိုတော့ လုပ်ရမယ့်အလုပ်တွေ၊ လုပ်ဆောင်ချက်တွေကို ပြည့်ပြည့် ဝဝ လုပ်ဆောင်ကြပါ။ စိတ်အားငယ်တာ၊ စိတ်ဓာတ်ကျတာတွေကို အမျိုးသမီးတွေအချင်းချင်း အများကြီး ဆွေးနွေးလို့ ရတယ်၊ ဖလှယ်လို့ရတယ်။ လုံးဝကိုစိတ်ဓါတ်ကျနေတဲ့အချိန်တွေမှာဆိုရင် အမျိုးသမီး အချင်းချင်းက ပေးတဲ့အကြံဉာဏ်တွေက ပိုပြီးတော့ အထောက်အကူဖြစ်တယ်။ အဲဒါလေးကို အမျိုးသမီးတွေ ရဲ့ စိတ်ထဲမှာ ထည့်ထားပေးကြဖို့ပဲ ပြောချင်ပါတယ်။





**ဒေါ်မေစပယ်ဖြူ**

**အမျိုးသမီးအခွင့်အရေးနဲ့ ဂျန်ဒါတန်းတူညီမျှရေး၊ ငြိမ်းချမ်းရေး**

**တက်ကြွလှုပ်ရှားသူ**

**"နွေဦးတော်လှန်ရေးပြီးတဲ့အခါမှာလည်း အမျိုးသမီးတွေရဲ့ တော်လှန်ရေးမှာ ပါဝင်ခဲ့မှုတွေ၊ စွမ်းဆောင်ခဲ့မှုတွေကို လျစ်လျူရှုမထားဘဲနဲ့ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဒီလို အမျိုးသမီးတွေရဲ့ လက်ရှိပါဝင်ဦးဆောင်မှုကို အဓိပ္ပာယ်ပြည့်ဝစွာ ဆက်လက်ပါဝင်နိုင်ဖို့ ပြည်သူတွေအနေနဲ့ ဆက်ပြီးတော့လိုလားဆန္ဒရှိဖို့၊ ထောက်ခံအားပေး အသိအမှတ်ပြုဖို့ မျှော်လင့်ပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိကျွန်မတို့အားလုံးပါဝင်ဆင်နွှဲနေတဲ့ နွေဦးတော်လှန်ရေးက စစ်အာဏာရှင်စနစ်နဲ့ စစ်တပ်မှာ အဓိက အုပ်ချုပ်နေတဲ့လူတွေပြောင်းသွားဖို့ပဲ ကျွန်မတို့ရည်ရွယ်ပြီးတော့ ဆင်နွှဲနေတဲ့တော်လှန်ရေး မဟုတ်ဘူးလို့ ပထမဦးဆုံးပြောချင်ပါတယ်။ နိုင်ငံကို ကာလရှည်ကြာ အဆိုးရွားဆုံး၊ အဆင်းရဲဆုံး၊ အစုတ်ပြတ်ဆုံး၊ အနေအထားတွေကိုဖြစ်စေတဲ့ တစ်ပါတီစနစ်၊ စစ်အာဏာရှင်စနစ်အပါအဝင် ဘယ်လိုအာဏာရှင်မျိုးကိုမဆို ပြောင်းလဲချင်တဲ့တော်လှန်ရေးဖြစ်တယ်။ အဆုံးသတ်မှာဒီတော်လှန်ရေးကို အောင်မြင်နိုင်တဲ့ တစ်ခုတည်းသောအင်အားကတော့ ပြည်သူပဲ ဖြစ်ပါတယ်။ တော်လှန်ရေးဟာ ပြည်သူ့ကို မျက်နှာမူတဲ့တော်လှန်ရေးပဲ ဖြစ်ရမယ်။ ပြည်သူ့အသံကို နားထောင်ပြီးတော့ ပြည်သူ့ဘက်က ရပ်တည်တဲ့တော်လှန်ရေးဖြစ်မှသာ ပြည်သူကလည်း အဆုံးထိဒီတော်လှန်ရေးကို အောင်တဲ့အထိ၊ နိုင်တဲ့အထိ ရပ်တည်ပြီးတာ့ ကြိုးစားအားထုတ်မှသာ ကျွန်မတို့လိုချင်တဲ့ မူပြောင်း၊ စနစ်ပြောင်းဖို့ ဒီနွေဦးတော်လှန်ရေးဟာ အောင်မြင်နိုင်မယ်လို့ ကျွန်မထင်တယ်။ ဒီတော်လှန်ရေးကို ဦးဆောင်နေတဲ့ အစုအဖွဲ့တွေဟာ သူတို့ကိုယ်စားပြုနေရတဲ့ ပါတီကိုပဲဖြစ်ဖြစ်၊ နိုင်ငံရေးအစုအဖွဲ့ကိုပဲဖြစ်ဖြစ် အဲ့ဒါတွေကိုဦးစားပေးကြည့်မယ့်အစား ဒီတော်လှန်ရေးတစ်လျှောက်လုံးမှာ အနစ်နာခံပြီးတော့ ပါဝင်နေကြတဲ့ ပြည်သူ့မျက်နှာကိုပဲ ကြည့်ဖို့လိုတယ်။ ကိုယ့်ရဲ့တစ်သီးပုဂ္ဂလစိတ်ခံစားမှုတွေ၊ ဆန္ဒတွေ ကိုယ်ပါဝင်ကိုယ်စားပြုနေရတဲ့နိုင်ငံရေးအစုအဖွဲ့တွေရဲ့အတ္တတွေ၊ ရယူလိုမှုတွေကိုဘေးဖယ်ပြီးတော့ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းနဲ့ပဲ ပြည်သူနဲ့အတူ ဒီနွေဦးတော်လှန်ရေးကိုအောင်နိုင်ဖို့ မျှော်လင့်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ တစ်ယောက်အနေနဲ့ နိုင်ငံတစ်ခုကိုတည်ဆောက်တဲ့နေရာမှာ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ ခွဲခြားဆက်ဆံမှုမပြုရေးဟာ အလေးထားရမယ့် အခြေခံမူ၊ စံတန်ဖိုးတွေဖြစ်တယ်လို့ ဒီနေရာကနေပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကတန်းတူညီမျှမှုလို့ပြောရင် သမားရိုးကျဖြစ်တဲ့ ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ်၊ ဗမာတစ်ကျပ်၊ ကရင်တစ်ကျပ် အဲ့လိုတန်းတူညီမျှမှုမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ Equality လို့ပြောရင် တစ်ညီမျှခြင်းတစ်လို့ သမားရိုးကျဆန်တဲ့တန်းတူညီမျှမှုထက် Equity လို့ခေါ်တဲ့ မျှတမှုရဲ့ဆိုလိုချက်က ရမှတ်တူရင် ရလာဒ်လည်း တူရမယ်ဆိုတာထက် ရှိနေတဲ့ မတူကွဲပြားတဲ့ အစုအဖွဲ့တွေ မတူကွဲပြားတဲ့နောက်ခံ background နဲ့ ခြားနားနေမှုတွေကို ထည့်သွင်းစဉ်းစားပြီးတော့ ရလာဒ်ကိုတူညီအောင် စဉ်းစားပေးတဲ့ တန်းတူညီမျှမှုမျိုးကို ဆိုလိုတယ်။ Substantive equality လို့သုံးနှုန်းတယ်။ ဒီ Substantive equality လိုမျိုး လိင်၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အသက်အရွယ်၊ မသန်စွမ်းဖြစ်မှု၊ လိင်စိတ်ခံယူမှု အစရှိတဲ့ မတူကွဲပြားမှုတွေကိုအခြေခံပြီးတော့ ခွဲခြားဆက်ဆံမှုတွေမရှိအောင် အလေးထားစဉ်းစားခြင်းကို စံတန်ဖိုးအနေနဲ့ တည်ဆောက်ဖို့ လိုပါတယ်။ အခြေခံမှုအနေနဲ့ ကျွန်မတို့ပြည်သူတွေက တောင်းဆိုနေတာ၊ လိုလားတောင်းတနေကြတာက ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နဲ့ အခွင့်အရေးတွေ၊ အခွင့်လမ်းတွေကို ဗဟိုကပဲ ချုပ်ကိုင်ထားမှုမရှိတဲ့ ဖက်ဒရယ်မူဖြစ်တယ်။ အာဏာပါဝါနဲ့ အရင်းအမြစ်တွေကို တန်းတူညီမျှ ခွဲဝေအသုံးချနိုင်တဲ့မူဝါဒနဲ့ ဒီမိုကရေစီစံချိန်စံနှုန်းတွေကို ဆိုလိုပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

မတူကွဲပြားမှုတွေကို ညှိနှိုင်းပေါင်းစပ်အဖြေရှာမှုမှာ အားနည်းခဲ့တဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံက ဒီနေ့ ဒီအချိန်ထိ ပြည်တွင်းစစ်ပဋိပက္ခတွေ၊ မငြိမ်သက်မှုတွေနဲ့ မငြိမ်းချမ်းမှုတွေရဲ့ဆိုးကျိုးကို ခံနေရတာဖြစ်တယ်။ တန်းတူညီမျှမှုမရှိသရွေ့ လူအုပ်စုတစ်စုကပဲဖြစ်ဖြစ် လူမျိုးစုတစ်စုကပဲဖြစ်ဖြစ် ဒေသတစ်ခုမှာပဲဖြစ်ဖြစ်၊ ဘာသာတစ်ခုခုကပဲဖြစ်ဖြစ် သူတို့အပေါ်မှာ ညီမျှမှုမရှိဘူး၊ သူတို့ဟာ ခွဲခြားဆက်ဆံခံနေရတယ်၊ သူတို့ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို မျှတစွာမရနေဘူးလို့ မြင်နေသရွေ့ကာလပတ်လုံး၊ ခံစားနေသရွေ့ကာလပတ်လုံး ကျွန်မတို့နိုင်ငံဟာ မငြိမ်းချမ်းပဲနဲ့ ပဋိပက္ခတွေကြားထဲမှာ အသက်ရှင်နေရဦးမှာပဲ။ ဒါကြောင့် အမြင်စုံလင်ကွဲပြားမှုကို ထည့်သွင်းစဉ်းစားမှသာ တကယ်ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ အေးချမ်းမှုနဲ့ နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်မှာ ဖြစ်တယ်။ အဲ့တော့ ဒီလိုနိုင်ငံတော်သစ်ကို တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍ မဖြစ်မနေပါဝင်ဖို့ လိုတယ်ဆိုတာကို အမျိုးသမီးအဖွဲ့တွေ၊ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတွေက စဉ်ဆက်မပြတ် ပြောလာခဲ့တယ်။ လူ့အဖွဲ့အစည်းမှာ နိုင်ငံတစ်နိုင်ငံမှာ၊ ရပ်ရွာတစ်ခုမှာနေထိုင်တဲ့အခါမှာ အမျိုးသားရော၊ အမျိုးသမီးရော လိင်စိတ်ခံယူမှုကွဲပြားတဲ့သူရော လူတိုင်းလူတိုင်းရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ နိုင်ငံ့အရေးဖြစ်တဲ့ နိုင်ငံရေးမှာ သူတို့အားလုံးရဲ့ပါဝင်မှု၊ သူတို့ရဲ့ အမြင်သဘောထားတွေ၊ သူတို့ရဲ့အတွေ့အကြုံတွေနဲ့ အသံ၊ သူတို့ရဲ့လိုအပ်ချက်တွေကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

### *၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

ကျွန်မတို့ နိုင်ငံသမိုင်းမှာ တကယ်တော့ အမျိုးသမီးတွေဟာ နိုင်ငံရေးမှာ ခေတ်အဆက်ဆက်က ပါဝင်ခဲ့ပါတယ်။ အခုမှ ပါလာတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ခေတ်ကစလို့ လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းခဲ့ကြတဲ့ သမိုင်းကာလတလျှောက်လုံးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုတွေ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေကို အသိအမှတ်ပြုခြင်း၊ သမိုင်းထက်အက္ခရာတင်ခြင်း မခံခဲ့ရပါဘူး။ ဒါပေမယ့် ဒီကနေ့နွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု၊ ဦးဆောင်မှုဟာ ဘယ်လိုမှဖုံးကွယ်ချန်လှပ်ထားလို့ မရလောက်အောင်ကို သိသာမြင်သာပါတယ်။ အကြမ်းဖက်စစ်ကောင်စီက မအောင်မြင်တဲ့ အာဏာသိမ်းမှုနောက်ပိုင်းမှာ စက်ရုံ၊ အလုပ်ရုံအလုပ်သမားတွေ၊ အလုပ်သမတွေနဲ့အတူတူ ပထမဦးဆုံးလမ်းပေါ်ကို ဦးဆောင်ပြီးထွက်ခဲ့တာ အိသဉ္ဇာမောင်တို့ အက်စတာဇေနောတို့လို ကမ္ဘာကတောင်အသိအမှတ်ပြုရတဲ့ အမျိုးသမီးလူငယ်ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ အာဏာဖီဆန်တဲ့အကြမ်းမဖက်လှုပ်ရှားမှုတွေနဲ့ CDM လှုပ်ရှားမှုမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုဟာ သိသာထင်ရှားစွာပဲ ကျွန်မတို့မြင်နိုင်တွေ့နိုင်တယ်။ နွေဦးတော်လှန်ရေးမှာ ပထမဦးဆုံးသွေးမြေခပြီး အသက်ပေးခဲ့ရတာဆိုရင်လည်း အမျိုးသမီးငယ်လေး မြသွဲ့သွဲ့ခိုင်ဖြစ်တယ်။ ဒီတော်လှန်ရေးမှာ အသက်စတေးပြီးတော့ ပါဝင်ခဲ့တဲ့အမျိုးသမီးသူရဲကောင်းတွေဟာ အသက် (၇) နှစ် အရွယ်ကနေ အသက် (၇၇) နှစ်အရွယ် အဖွားအိုအထိ ပါတယ်။ ဖမ်းဆီးထိမ်းသိမ်းခံရတာ၊ မတရားသဖြင့်စစ်ကြောရေးမှာ နှိပ်စက်ခံရတဲ့အတွက် သေဆုံးရတာ၊ မန္တလေးအိုးဘိုထောင်တို့ဘာတို့မှာ အစာငတ်ခံဆန္ဒပြပြီးတော့ အကျဉ်းထောင်ထဲအာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာ အမျိုးသမီးတွေအများကြီးပဲ ပါဝင်တယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။ ဒီကနေ့ထိလည်းပဲအကျဉ်းထောင်ထဲမှာ လွတ်မြောက်ခြင်း မရှိသေးဘဲနဲ့ အကျဉ်းကျခံနေရတဲ့ အမျိုးသမီးငါးထောင်ကျော်တောင် ရှိပါတယ်။ အဲ့တော့ ဒါတွေဟာ ဖျောက်ဖျက်လို့ မရတဲ့သမိုင်း ဖြစ်တယ်။ အမျိုးသမီးတွေရဲ့ နွေဦးတော်လှန်ရေးမှာပါဝင်မှုဟာ တကယ့်ကို ထင်ထင်ရှားရှားပဲ ဖြစ်ပါတယ်။

အဲ့လိုပဲတဖက်မှာ ပြည်သူ့အစိုးရ NUG မှာဆိုလဲ အမျိုးသမီးတွေဝန်ကြီး၊ ဒုဝန်ကြီးအနေနဲ့ ပါဝင် နေတာ ၁၈ ရာခိုင်နှုန်း ရှိပါတယ်။ ဒါဟာ အုပ်ချုပ်ရေးအခန်းကဏ္ဍမှာ အမျိုးသမီးတွေရဲ့ပါဝင်မှု၊ ရာခိုင်နှုန်း အားဖြင့် ကြည့်မယ်ဆိုရင် ကျွန်မတို့သမိုင်းမှာ အမြင့်ဆုံးလို့ပြောလို့ရပါတယ်။ NUG ဝန်ကြီးဌာနတွေမှာ နိုင်ငံခြားရေး ဝန်ကြီးဌာနဟာ ဝန်ကြီးဌာနတွေထဲမှာ ပါဝါအမြင့်ဆုံးဖြစ်တယ်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူထားတဲ့ သူကလည်း အမျိုးသမီးပဲဖြစ်တယ်။ ပြည်နယ်အတိုင်ပင်ခံကောင်စီတွေမှာ ကြည့်မယ်ဆိုရင် အမျိုးသမီးပါဝင်မှု ဟာ တချို့သောတိုင်းရင်းသားပြည်နယ်တွေမှာ ၃၆ ရာခိုင်နှုန်းနဲ့ တချို့နေရာတွေမှာ ၄၃ ရာခိုင်နှုန်းအထိတောင် အမျိုးသမီးတွေဟာ ဆုံးဖြတ်ချက်ချနိုင်ဖို့အရေးပါတဲ့ အခန်းကဏ္ဍတွေမှာ ပါဝင်နေတယ်ဆိုတာကို တွေ့ရတယ်။ ပြည်သူ့ရင်ခွင်အစီအစဉ်အားဖြင့် တဖက်က ပြည်သူ့စစ်သားတွေ၊ တပ်မတော်သားတွေ ပြည်သူ့ရင်ခွင်ကို ပြန်ခိုလှုံဖို့အတွက် ကိုယ့်ရဲ့ခင်ပွန်းသည်တွေ၊ ကိုယ့်ရဲ့တူ/သားတွေ၊ အစ်ကိုတွေ၊ မောင်တွေ၊ အဖေတွေကို တိုက်တွန်းအားပေးစည်းရုံးတဲ့နေရာမှာ ပြည်သူ့စစ်သားဇနီးများရဲ့ အခန်းကဏ္ဍပေါ့။ ဒါမျိုးကျွန်မတို့သမိုင်းမှာ

မရှိခဲ့ဖူးဘူး။ ဒါဟာလည်းကျွန်မတို့ရဲ့ တော်လှန်ရေးမှာ တကယ်ပဲထူးခြားတဲ့ဟာဖြစ်တယ်။ ဒီလောက် အကြမ်းဖက်စစ်ကောင်စီက မြေပြင်မှာရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွင်းနေတာတောင်မှ မြေပြင်သပိတ်တွေမှာ အမျိုးသမီးတွေဦးဆောင်မှုဟာ အံ့သြစရာကောင်းလောက်အောင် တွေ့ရတယ်။ မြေပြင်သပိတ်တွေ အပါအဝင်၊ အာဏာရှင်ကိုဆန့်ကျင်တော်လှန်တဲ့လုပ်ငန်းတွေကို ဒီနေ့ဒီအချိန်အထိ သုံးနှစ်ကျော်ကြာတဲ့အထိ အသက်အန္တရာယ်ထိခိုက်နိုင်တယ်ဆိုတာကိုသိသိကြီးနဲ့ အာဏာဖီဆန်မှုတွေ၊ တော်လှန်မှုတွေကို ဖော်ဆောင်နေတုန်းပဲ။ နောက်တခုကတော့ လက်နက်ကိုင်တော်လှန်ရေးမှာလည်း အမျိုးသမီးစစ်မေတွေ၊ စစ်သည်တွေဟာ အမျိုးသားတွေနဲ့ ရင်ဘောင်တန်းပြီးတော့ လက်နက်ကိုင်တော်လှန်ရေးမှာလည်း ပါဝင်နေကြတယ်။ ဒီနွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေမပါဝင်တဲ့ အခန်းကဏ္ဍရယ်လို့ ဘာရှိသေးလဲပေါ့။ အမျိုးသမီးတွေဟာ လက်နက်ကိုင်ပြီးတော်လှန်တာကစလို့ ထဘီအလံလွှင့်ထူပြီးတော့ အာဏာရှင်ကို ဖီဆန်တာ၊ အကြမ်းမဖက်တဲ့နည်းနဲ့တော်လှန်တဲ့ နည်းလမ်းတွေကို ဦးဆောင်နေကြတာဟာလည်း အမျိုးသမီးတွေပဲ ဖြစ်တယ်။ ဒီလိုမျိုးဆုံးဖြတ်ချက်ချနိုင်တဲ့နေရာတွေနဲ့ ဒီလိုမျိုးဦးဆောင်မှုအခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေဟာ လွယ်လွယ်ကူကူနဲ့ သူ့အလိုလိုရလာတာတော့ မဟုတ်ဘူး။ အဲ့လိုနေရာတွေမှာအမျိုးသမီးတွေ မားမားမတ်မတ်နဲ့ရပ်နိုင်ဖို့အတွက် သူတို့ရဲ့အစွမ်းသတ္တိတွေ လုပ်ကိုင်နိုင်စွမ်းတွေကို သူတို့အများကြီးဖော်ပြနိုင်ခဲ့တဲ့အတွက် သူတို့ရဲ့ပါဝင်မှုဟာ ဘယ်လိုမှ ဖုံးကွယ်ချိုးနှိမ်ထားဖို့မဖြစ်လို့သာ ဒီနွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍအသီးသီးမှာပါဝင်မှုဟာ ဒီလိုထင်ထင်ရှားရှားနဲ့ မြင်တွေ့လာရတာဖြစ်တယ်။ နွေဦးတော်လှန်ရေးပြီးတဲ့အခါမှာလည်း အမျိုးသမီးတွေရဲ့ တော်လှန်ရေးမှာ ပါဝင်ခဲ့မှုတွေ၊ စွမ်းဆောင်ခဲ့မှုတွေကို လျစ်လျူရှုမထားဘဲနဲ့ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဒီလို အမျိုးသမီးတွေရဲ့ လက်ရှိပါဝင်ဦးဆောင်မှုကို အဓိပ္ပာယ်ပြည့်ဝစွာ ဆက်လက်ပါဝင်နိုင်ဖို့ ပြည်သူတွေအနေနဲ့ ဆက်ပြီးတော့လိုလားဆန္ဒရှိဖို့၊ ထောက်ခံအားပေး အသိအမှတ်ပြုဖို့တော့ ကျွန်မမျှော်လင့်ပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

တကယ့်တကယ်တမ်းမှာ ဖိုဝါဒီ၊ ပတ်ထရီအာခီလို့ခေါ်တဲ့ အမျိုးသားကြီးစိုးတဲ့ဝါဒ ပေါ့နော်။ ဖမ်းနည်းစရာက အဲ့ဒါကို အခုလက်ရှိနွေဦးတော်လှန်ရေးထဲမှာပါဝင်နေတဲ့ အစုအဖွဲ့အသီးသီးမှာ တွေ့နေရတုန်းပဲ။ တစ်ခုခု လုပ်မယ်ဆို အမျိုးသမီးတွေရဲ့ပါဝင်မှု၊ ဦးဆောင်မှုအခန်းကဏ္ဍကို အလေးထားမစဉ်းစားချင်တဲ့ သဘောတရားတွေကတော့ ရှိနေတုန်းပဲ။ အရင်ခေတ်တုန်းကလောက် မဆိုးတော့ပေမယ့် အမျိုးသားကြီးစိုးတဲ့ဝါဒက လုံးဝမရှိတော့တာ၊ ပျောက်သွားတာတော့ မဟုတ်သေးဘူး။ ပြီးတော့ ကျွန်မတို့နိုင်ငံမှာ အဆိုးဝါးဆုံးကဘာလဲဆိုတော့ လက်နက်ရှိတဲ့သူ၊ လက်နက်ကိုင်ထားတဲ့ရာထူးအဆင့်ရှိတဲ့သူတွေကိုမှ အာဏာနဲ့နေရာပေးချင်တဲ့ အလေ့အထကိုလည်း ဒီနွေဦးတော်လှန်ရေးမှာ အာဏာရှင်စနစ်နဲ့အတူ အပြီးတိုင်ပျောက်ပျက်အောင် ကျွန်မတို့ အမျိုးသမီးတွေက တိုက်ဖျက်ရမှာ ဖြစ်တယ်။ လက်နက်ကိုင်တဲ့သူ အာဏာရှိတဲ့သူကပဲ အရာအားလုံးကို တစ်သွေးတစ်သံတစ်မိန့်နဲ့ ဆုံးဖြတ်စီမံချင်တဲ့ အကျင့်ဓလေ့ဆိုးဟာ ကျွန်မတို့ရဲ့လူထုထဲမှာ ကျွန်မတို့ရဲ့ တော်လှန်ရေးအင်အားစုတွေမှာပါ တကယ်တော့အမြစ်တွယ်နေတာဖြစ်တယ်။ လက်နက်ကိုင်တော်လှန်နိုင်ဖို့

အတွက် သူတို့ရဲ့အမေတွေ၊ ညီမတွေ၊ အစ်မတွေ၊ သူတို့ရဲ့ဇနီးသည်တွေက အိမ်ထောင့်တာဝန်တွေ၊ သားသမီးတာဝန်တွေ၊ စားဝတ်နေရေး တာဝန်အားလုံးကို အမျိုးသားတွေရဲ့ကိုယ်စား ထမ်းထားရတယ် ဆိုတာကို မမေ့သင့်ပါဘူး။ အဲ့ဒီလက်နက်ကိုင်ထားတဲ့သူတွေ၊ ထိုင်ခုံမှာအာဏာရပြီးထိုင်နေတဲ့သူတွေဟာ အမျိုးသမီးတွေရဲ့ပေးဆပ်မှုနဲ့ပါဝင်မှုကို အသိအမှတ်ပြုကိုပြုရမှာ ဖြစ်တယ်။ ဘယ်သူမှ မြေကြီးထဲက ပေါက်လာတာမဟုတ်သလို မိုးပေါ်ကကျလာတာလည်းမဟုတ်ဘူး။ အားလုံးဟာ အမေကမွေးပေးခဲ့လို့ လူရယ်လို့ဖြစ်လာတဲ့သူတွေကြီးပါပဲ။ ဆိုလိုတာက အမျိုးသမီးတွေရဲ့အထောက်အပံ့မပါပဲနဲ့ ဘယ်သူမှ လူမဖြစ်လာဘူးလို့ပြောချင်တာ။ အဲ့အတွက်ကြောင့် အခုတော်လှန်ရေးမှာ အမျိုးသားပဲတတ်နိုင်တယ်၊ အမျိုးသားတွေပဲ ဆုံးဖြတ်တတ်တယ်၊ အမျိုးသားတွေပဲ ဦးဆောင်နေရာယူရမယ်ဆိုတဲ့ အတွေးအခေါ်ဟောင်းတွေကိုလည်း ပြောင်းလဲအောင် တော်လှန်ရမှာဖြစ်တယ်။ အမျိုးသားတွေသာ ခေါင်းဆောင်နေရာယူကြေး၊ အာဏာရကြေး၊ လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ အမြစ်တွယ်နေတဲ့ စစ်ဝါဒစနစ်တစ်ခုလုံးကို ကျွန်မတို့က ပြောင်းလဲချင်တာဖြစ်တယ်။ အမျိုးသားတွအတွက် ကလေးမွေးပေးဖို့နဲ့ အိမ်မှုကိစ္စလုပ်ဖို့၊ ထမင်းဟင်းချက်လျှော်ဖွတ်ပေးဖို့ သက်သက်၊ ကန့်လန့်ကာနောက်ကွယ်ကနေပြီး သူတို့အာဏာယစ်မူးနိုင်ဖို့၊ သူတို့လက်နက်ကိုင်နိုင်ဖို့အတွက် အမျိုးသမီးတွေက ပံ့ပိုးသူနေရာကပဲနေရမယ်ဆိုတဲ့ အတွေးအခေါ်စနစ်ဟောင်းတွေဟာ အမျိုးသမီးတွေ နိုင်ငံရေးနဲ့ဆုံးဖြတ်ချက်ချနိုင်တဲ့နေရာတွေမှာ ပါဝင်နိုင်ဖို့ အကြီးမားဆုံးရှိနေသေးတဲ့ အဟန့်အတားတွေ ဖြစ်ပါတယ်။ အဲ့ဒီလိုအတွေးအခေါ်တွေက အကြမ်းဖက်စစ်ကောင်စီမှာပဲ ရှိနေတာမဟုတ်ဘူး။ ကျွန်မတို့ရဲ့ တော်လှန်ရေးအင်အားစုတွေမှာလည်း အဲ့လိုခံယူချက်ကရှိနေတုန်းပဲ။ ဒါကြောင့်လည်းအမျိုးသမီးအဖွဲ့တွေ အမျိုးသမီးအခွင့်အရေး၊ ဂျဲန်ဒါတန်းတူညီမျှရေးအတွက် တက်ကြွလှုပ်ရှားသူတွေက အဲ့ဒါကို စဉ်ဆက်မပြတ် ထောက်ပြဝေဖန်နေရတာ ဖြစ်တယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ မပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသမီးတွေ ပိုမိုပါဝင်နိုင်ဖို့အတွက် လာကြပါ၊ ပါကြပါလို့ ပါးစပ်ဖျားလေးနဲ့ပဲ ဖိတ်ခေါ်နေရုံနဲ့ မလုံလောက်ပါဘူး။ ကျွန်မတို့ အမျိုးသမီးအဖွဲ့တွေက ဂျဲန်ဒါပေါ်လစီတို့ အမျိုးသမီးတွေပိုမိုပါဝင်နိုင်ဖို့အတွက် အထောက်အကူဖြစ်စေမယ့်မူဝါဒတွေ၊ frame-work တွေ အမျိုးမျိုးကို ရေးဆွဲဖို့အတွက် အကြံပြုတိုက်တွန်းတယ် ဆိုပေမယ့်လည်း ရှိတဲ့မူဂါဒတွေကို ထိထိရောက်ရောက်နဲ့အလေးထား အကောင်အထည်ဖော်မှုရှိမှပဲ အမျိုးသမီးတွေ တန်းတူညီမျှပါဝင်မှုဆိုတာကလည်း ဖြစ်လာမှာ ဖြစ်တယ်။ တန်းတူညီမျှမှုလို့ပြောရင် အမျိုးသမီးတွေပါဝင်မှုအခန်းကဏ္ဍလည်းပါသလို မတူကွဲပြားတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ၊ မတူတဲ့ဘာသာ၊ လူမျိုးအားလုံးအတွက် ဆိုလိုတာဖြစ်တယ်။ အဲ့အတွက်ကြောင့် က မတူကွဲပြားစုံလင်မှုတွေကို ထည့်သွင်းစဉ်းစားပြီး လူတိုင်းအလုံးစုံပါဝင်ခွင့်ရဖို့အတွက် ဆောင်ရွက်ပေးတာတွေကို ကျွန်မတို့တွေ အလေးထားပြီးလုပ်မယ်ဆိုရင် အမျိုးသမီးတွေကိုလျစ်လျူရှုတာ၊ အမျိုးသမီးတွေအဓိပါယ်ပြည့်ဝစွာပါဝင်ခွင့် မရတာတွေမရှိအောင် လုပ်ဆောင်နိုင်၊ ကျော်လွှားနိုင်မှာ ဖြစ်တယ်။ အဓိကက ဥပဒေတွေ မူဝါဒတွေ၊ မူဘောင်တွေရှိဖို့ လိုပါတယ်။ တချိန်တည်းမှာ (political will) လို့ခေါ်တဲ့ နိုင်ငံရေးစိတ်ဆန္ဒလိုအပ်ပါတယ်။ အမျိုးသမီးတွေကို ပါဝင်စေချင်တယ်

ဆိုရင် အမျိုးသမီးတွေတကယ်ပဲပါဝင်လာနိုင်ဖို့အတွက် (enabling environment) လို့ခေါ်တဲ့ အမျိုးသမီးတွေကို ပိုမိုပါဝင်ခွင့်ရလာအောင်ပံ့ပိုးပေးတဲ့ ပတ်ဝန်းကျင်၊ အစီအမံတွေကိုလည်းလုပ်ပေးဖို့လိုတယ်။ လိုအပ်မယ့် အရင်းအမြစ်တွေကိုလည်း ဖန်တီးမတည်ပေးဖို့ လိုတယ်။ အိမ်မှုကိစ္စနဲ့ သားသမီးကိစ္စတွေ၊ ရပ်ရွာအရေးကိစ္စတွေကို အမျိုးသမီးတွေရဲ့ခေါင်းပေါ်၊ အမျိုးသမီးတွေရဲ့ ပုခုံးပေါ်မှာပဲ လုံးလုံးလျားလျားပုံချလွှဲထားတာမျိုး မဟုတ်ပဲ အိမ်ထောင်ဘက်နဲ့ အမျိုးသားမိသားစုဝင်တွေကလည်း ဒီတာဝန်တွေကို မျှဝေထမ်းဆောင်ခြင်းအားဖြင့်၊ ကူညီခြင်းအားဖြင့် အမျိုးသမီးတွေပိုပြီးတော့ နိုင်ငံရေးမှာ၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ရပ်ရွာအရေးတွေမှာ အချိန်ပေးပါဝင်လာနိုင်အောင် ပံ့ပိုးပေးရာရောက်မှာဖြစ်တယ်။

*၇။အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေပါပါဝင်မှ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကိုရမယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မယ်။ ဒါက အမျိုးသမီးတွေပါဝင်ခြင်းဖြင့် ချက်ချင်းလက်ငင်းခံစားရမယ့် အကျိုးကျေးဇူးတွေ ဖြစ်တယ်။ ကမ္ဘာ့မှာ ကြည့်မယ်ဆိုရင်လည်း ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေ၊ ချမ်းသာနေတဲ့နိုင်ငံတွေအားလုံးဟာ ဂျဲန်ဒါတန်းတူညီမျှမှုကို အလေးထားတဲ့နိုင်ငံတွေဖြစ်တယ်။ အမျိုးသမီးတွေရဲ့ပါဝင်မှုကို အသိအမှတ်ပြု တန်ဖိုးထားတဲ့နိုင်ငံတွေဖြစ်တယ်။ ဘယ်လူ့အဖွဲ့အစည်း၊ ဘယ်နိုင်ငံကိုမှ အမျိုးသားချည်းသီးသန့်၊ အမျိုးသမီးချည်းသီးသန့် တည်ဆောက်လို့မရပါဘူး။ အမျိုးသားရော၊ အမျိုးသမီးရော၊ လိင်စိတ်ခံယူမှုကွဲပြားတဲ့သူတွေရော ဒီနိုင်ငံ၊ ဒီလူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ လူတန်းစားအလွှာအသီးသီးက လူတွေကို အဓိပါယ်ပြည့်ဝစွာ တန်းတူညီမျှပါဝင်ခွင့်ပေးမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်။ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကိုရမှာဖြစ်တယ်။ ကျွန်မတို့ဟာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် လူဦးရေရဲ့ထက်ဝက်ကျော်ဖြစ်တဲ့ အမျိုးသမီးတွေရဲ့ပါဝင်မှု၊ ဒီအမျိုးသမီးတွေရဲ့လူ့စွမ်းအားအရင်းအမြစ်တွေကို ထိရောက်စွာအသုံးမပြုပဲနဲ့ နိုင်ငံကို တည်ဆောက်နေမယ်ဆိုရင် ဘယ်လိုလုပ်ပြီးသူများတွေနဲ့ ရင်ဘောင်တန်းဖို့ဖြစ်နိုင်မှာလဲ။ သူများထက်သာလွန်ဖို့နေနေသာသာ သူများနဲ့တန်းတူရင်ဘောင်တန်းနိုင်တဲ့ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတစ်ခုရယ်လို့ ဖြစ်လာမှာမဟုတ်ဘူး။ အခုတော့ကျွန်မတို့နိုင်ငံဟာ ကမ္ဘာနဲ့ချီပြီး မပြောသေးနဲ့ဦး။ ကိုယ့်ရဲ့ အရှေ့တောင်အာရှဒေသတွင်းက နိုင်ငံတွေကြားမှာတောင် ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးနဲ့ အဆင်းရဲဆုံးနိုင်ငံဖြစ်နေပြီ။ အဲ့လိုအခြေအနေကနေ ကိုယ့်နိုင်ငံပြန်လည်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်တည်တန့်မယ့် ငြိမ်းချမ်းရေးကို တည်ဆောက်တဲ့နေရာမှာ အမျိုးသမီးတွေအဓိပါယ်ပြည့်ဝစွာပါဝင်မှုနဲ့ အမျိုးသမီးတွေမှာရှိတဲ့စွမ်းအားတွေ၊ လူ့အရင်းအမြစ်တွေကိုအသုံးမပြုဘူးဆိုရင် နိုင်ငံက ဘယ်လိုကောင်းလာမှာလဲ၊ ပြန်လည်တည်ဆောက်ဖို့ဖြစ်နိုင်မှာလဲ ဆိုတာကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားစေချင်တယ်။ အမျိုးသမီးတွေ တန်းတူညီမျှပါဝင်ခြင်းအားဖြင့်ရမယ့် အကျိုးကျေးဇူးကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်တယ်လို့ ကျွန်မဖြေချင်တယ်။

*၈။ တခြားဖြည့်စွက်ပြောချင်တာရှိရင်ပြောပေးပါဦး။*

ကျွန်မအနေနဲ့ အမျိုးသမီးတွေကို ပြောချင်တာကတော့ ကျွန်မတို့မပါပဲ လူပြောင်း၊ စနစ်ပြောင်း၊ ခေတ်ပြောင်းဖို့ လုပ်ဆောင်နေကြတဲ့ ဒီတော်လှန်ရေးကြီး မအောင်မြင်ဘူးဆိုတာပဲ။ ဒါကြောင့် တော်လှန်ရေးမှာစွမ်းစွမ်းတမံ ပါဝင်နေကြတဲ့ အမျိုးသမီးတစ်ယောက်ချင်းစီတိုင်းနဲ့ ကိုယ်ရှိနေတဲ့နေရာ၊ စွမ်းဆောင်နိုင်တဲ့အခန်းကဏ္ဍအသီးသီးကနေ ဦးဆောင်မှုပေးနေကြတဲ့ အမျိုးသမီးတွေကို ကျေးဇူးအထူးတင်တယ်။ သူတို့တွေရဲ့ ရဲပုံ့စွန့်စားမှုတွေအတွက် ကျေနပ်ဂုဏ်ယူတယ်။ ဂျဲန်ဒါတန်းတူညီမျှမှုကို အလေးထားပြီး အမျိုးသမီးတွေရဲ့ ဦးဆောင်ပါဝင်မှုကို လေးစားအသိအမှတ်ပြုမှုရှိမှသာ ဒီတော်လှန်ရေးကြီး အောင်မြင်မယ်။ ကျွန်မတို့မြင်ချင်၊ လိုချင်တဲ့ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမျိုးသမီးတွေက နောက်ကျန်ရစ်မနေပဲ အမျိုးသားတွေနဲ့ တန်းတူကြိုးစားတိုက်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်။





Summer

**တရားရေး၊ပညာရေး တက်ကြွလှုပ်ရှားသူ**

**တမူးမြို့နယ်၊စစ်ကိုင်းတိုင်း**

**"အမျိုးသမီးတွေသာ ခေါင်းဆောင်နေရာမှာ ပိုများလာမယ်ဆိုရင် စံပြအနေနဲ့ ဒီအမျိုးသမီး တောင်မှလုပ်နိုင်တာ ငါတို့လည်း တချိန်ချိန်မှာ လုပ်လို့ရတယ်ဆိုတဲ့ အတွေးအခေါ်တွေ ရလာနိုင်တယ်။ တချိန်တည်းမှာ အမျိုးသမီးတွေကို တကယ်သင့်လျော်တဲ့အရည်အချင်းနဲ့ ကိုက်ညီတဲ့ နေရာတွေမှာ တကယ်နေရာပေးလာနိုင်ပြီဆိုရင် အမျိုးသမီးတွေလည်း တဖြည်းဖြည်းချင်း ကြိုးစားလာမှာ ဖြစ်ပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

အခုနွေဦးတော်လှန်ရေးကတော့ပြောရမယ်ဆိုရင် ဒီဂျစ်တယ်ကာလမှာ ဖြစ်သွားတာဖြစ်တဲ့အတွက် တော်တော်လေးကို ထိထိရောက်ရောက်နဲ့ အရင်ကတော်လှန်ရေးတွေထက် ပိုအားကောင်းတယ်ဆိုတဲ့ပုံစံ မြင်ရပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း ဖော်ဆောင်ခဲ့တဲ့ ၁၀၂၇ စစ်ဆင်ရေးကနေလည်း တော်တော်လေးကို ကောင်းတဲ့ ရလာဒ်တွေအတွက် အားတက်ရသလို၊ တခြားဘက်မှာရော အားတက်စရာတွေ အများကြီးရှိခဲ့ပါတယ်။ အခု လက်ရှိမှာကျတော့ စစ်ကောင်စီက ထုတ်ပြန်လိုက်တဲ့ စစ်မှုထမ်းဥပဒေကြောင့် လူငယ်တော်တော်များများကလည်း စိတ်ညစ်နေသလို၊ ပြည်သူလူထုကလည်း စိတ်ညစ်နေတာတွေ ရှိပါတယ်။ တဖက်မှာကလည်း ပြန်ပြီးအားကောင်းလာတာက ငါတို့ရေရှည် ဒီတိုင်းပဲသွားနေမယ်ဆိုရင် မဟုတ်တော့ဘူး။ ပြန်တော်လှန်မှ ရမယ်ဆိုပြီး တော်လှန်ရေးဘက်ထဲကို ဝင်လာကြတဲ့သူတွေလည်း တွေ့နေရပြီ ဒါကလည်းတဖက်ကတော့ စိတ်ညစ်စရာဆိုပေမယ့် တော်လှန်ရေးအတွက်လည်း တကျော့ပြန်အားကောင်းစရာလည်း ဖြစ်နိုင်တယ်လို့ မြင်ပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိ တည်ဆောက်သင့်ပါသလဲ။*

တန်းတူညီမျှမှုရှိရေးကို အခြေခံတည်ဆောက်သင့်ပါတယ်။ လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်မှု၊ လိင်စိတ်ခံယူမှု၊ ကျား၊မ၊ဖြစ်တည်မှု စတာတွေမှာ တန်းတူညီမျှမှုရှိဖို့ လိုနေတယ်လို့ မြင်ပါတယ်။ နိုင်ငံတစ်ခုတည်ဆောက်တဲ့ အခါမှာ အရင်တုန်းက တန်းတူညီမျှမှုတွေ မရှိခဲ့လို့လည်း အချင်းချင်းပြဿနာတွေနဲ့ မယုံကြည်မှုတွေရှိခဲ့ ဖြစ်ပါတယ်။ နောက်တခုက လွတ်လပ်ပြီး၊ တရားမျှတမှုရှိဖို့ လိုပါတယ်။ တရားမျှတမှုကို လိုချင်လို့လည်း ကျွန်မတို့

တော်လှန် နေကြတာဖြစ်ပါတယ်။ နိုင်ငံတစ်ခုတည်ထောင်တဲ့နေရာမှာလည်း ဒီလွတ်လပ်မှု၊ တရားမျှတမှုရှိမှ ဒီလိုမျိုးအာဏာရှင်တွေ ထပ်ပြီး မတက်နိုင်အောင် ကျွန်မတို့ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

မတူကွဲပြားမှု၊ စုံလင်ကွဲပြားမှုက တကယ်ကို အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံထဲကိုကြည့်မယ်ဆိုရင်ကို နိုင်ငံထဲမှာ စုံလင်ကွဲပြားမှုတွေ အများကြီးပဲ။ မတူညီတဲ့ နောက်ခံသမိုင်းကြောင်းတွေ၊ အတွေ့အကြုံတွေ၊ အမြင်တွေ၊ ခံယူချက်၊ စိတ်ခံစားမှုတွေ အများကြီးရှိတယ်။ ဒီလိုမတူကွဲပြားတဲ့လူတွေ နိုင်ငံရေးထဲမှာ ပါဝင်လာမှ၊ မတူကွဲပြားတဲ့နိုင်ငံကို အုပ်ချုပ်တဲ့အခါမှာ၊ ပြဿနာတွေဖြေရှင်းတဲ့အခါမှာ၊ အလုပ်လုပ်တဲ့အခါမှာ အမြင်ကျယ်ကျယ်နဲ့ ပိုပြီးလုပ်နိုင်မှာ ဖြစ်ပါတယ်။ ရေရှည်အနေနဲ့ အရှေ့ကို ဆက်လက်လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေက အရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာခုနပြောတဲ့ proportion နဲ့ပဲ ပြန်ပြောမယ်ဆိုရင် နိုင်ငံထဲမှာ အမျိုးသမီးက (၅၀) ရာခိုင်နှုန်းကျော် ရှိတယ်။ (၅၀) ရာခိုင်နှုန်းကျော်ရှိတဲ့ပြည်သူတွေကို အုပ်ချုပ်တဲ့လူတွေထဲမှာလည်း ဒီဟာတွေကို နားလည်စီမံခန့်ခွဲနိုင်တဲ့လူတွေ ဒီလို(၅၀)ရာခိုင်နှုန်းကျော်နီးပါး ထိကို ပါသင့်တယ်လို့ မြင်တယ်။ အချိုးကျအနေနဲ့ တွက်မယ်ဆိုရင်တောင်မှ အမျိုးသမီးတွေက အခုချိန်မှာ နေရာတိုင်း ကဏ္ဍတိုင်းမှာ ပါဝင်ဖို့လိုအပ်ပါတယ်။ ဘာလို့လဲဆို အမျိုးသမီးတိုင်းမှာကိုက မတူကွဲပြားတဲ့ ခံယူချက်တွေ ရှိနိုင်တယ်။ သူတို့နိုင်ရာနိုင်ရာ တာဝန်ကဏ္ဍပေါင်းစုံမှာ ကျွမ်းကျင်မှုတွေ ရှိနိုင်တယ်။ ဒီလိုပဲ ကဏ္ဍပေါင်းစုံ ဆုံးဖြတ်တဲ့နေရာမှာ ခေါင်းဆောင်နေရာ ဘယ်နေရာမဆို အမျိုးသမီးတွေက ပါဝင်ဖို့ လိုအပ်တယ်လို့ ကျွန်မမြင်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်လို ကဏ္ဍတွေမှာ ထင်ထင်ရှားရှား မြင်တွေ့နေရပြီလဲ။*

အမျိုးသမီးတွေရဲ့ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့နေရာက တော်တော်လေးကို ရှားတယ်လို့ပြောရမယ်။ အခုချိန် နိုင်ငံရေး အနေအထားကို ကြည့်မယ်ဆို စစ်ရေးက အဓိကဦးဆောင်နေတဲ့ အခန်းကဏ္ဍမှာ ရှိတယ်။ အဲ့ဒီစစ်ရေးထဲမှာ ရှိတဲ့ ခေါင်းဆောင်ထိပ်သီးပိုင်းမှာ ကျွန်မတို့အမျိုးသမီးတွေပါသလားဆို တော်တော်လေးကိုနည်းတဲ့ ရာခိုင်နှုန်း နဲ့ပဲ ပါဝင်နေတာကိုတွေ့ရတယ်။ နောက်ဆုံး ကျွန်မတို့ မြို့နယ်ရဲ့ပညာရေးမှာလည်းထိပ်ပိုင်းမှာလည်း အမျိုးသားတွေ များတယ်။ ကျွန်မတို့တရားရေးမှာတောင်မှ အမျိုးသမီးပါတယ်ဆိုပေမယ့် ခေါင်းဆောင်က အမျိုးသားဖြစ်နေတာပေါ့။ ပြောရမယ်ဆိုရင် ပါတယ်လို့ ပြောရုံလောက်ပဲ ရှိတယ်။ တကယ်တမ်း အဓိက ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပါနေလားဆို မပါနေပြန်ဘူး။ ဒီလိုမျိုးအခြေအနေမျိုးတော့ ရှိနေပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အခက်အခဲကတော့ အဓိကအမျိုးသမီးတွေကိုယ်တိုင်က ဒါကို လက်ခံကြတယ်။ ဥပမာ-ကျွန်မတရားရေး လုပ်တယ်ဆို တရားရေးမှာ ကျွန်မရဲ့အထက်စီနီယာအမျိုးသမီး က ပညာအရည်အချင်း၊ အတွေ့အကြုံ သူ့မှာ အများကြီး ရှိတယ်။ သူ့ဒီဥက္ကဋ္ဌရာထူးကို သူလက်ခံနိုင်တယ်။ ဒါပေမယ့် သူ လက်မခံဘဲ တယောက်ထဲပါတဲ့ အမျိုးသားကို ပေးလိုက်ပါ။ သူကယောကျာ်းလေးဆိုတော့ ပိုကောင်းတာပေါ့။ အဲ့လိုမျိုးတွေ သူတွေးတာပေါ့။ ကျွန်မအနီးကပ်ဆုံးအမြင်အရ အမျိုးသမီးတွေကိုယ်တိုင်က အမျိုးသားတွေကို ဦးစားပေးမယ်။ ဦးစားပေးဖို့ သင့်တော်တယ်ဆိုတာမျိုးတွေးကြတယ်။ ဒါတွေကို ပြောင်းလဲဖို့ လိုပါတယ်။ နောက်တခုက စစ်ရေးမှာလည်း အမျိုးသမီးတွေက ဒီနေရာမှာ မသင့်တော်ပါဘူးလေ။ အမျိုးသမီးတွေက အမျိုးသားအယောက် (၃၀)၊ (၄၀)ကို အုပ်ချုပ်ဖို့ သင့်တော်ပါ့မလားဆိုတဲ့ အတွေးအခေါ်တွေ ရှိတယ်။ ယောကျာ်းလေးတွေ ကိုယ်တိုင်က လည်း အမျိုးသမီးဆိုရင် နည်းနည်းခပ်တွန့်တွန့်ကလည်း ရှိနေပြန်ရော ဒီဟာတွေက အဟန့်အတားရှိတယ်။ နောက် တခု အမျိုးသမီးဖြစ်တဲ့အတွက် နိုင်ငံရေးမှာ အခက်အခဲရှိတယ်။ နိုင်ငံရေးအလုပ်က အမျိုးသားတွေနဲ့လည်း အများဆုံးဆက်ဆံရတယ်။ ကျွန်မကို ဘေးလူတွေက ဘယ်လိုမြင်လဲဆိုတော့ ဒီကောင်မလေးက နည်းနည်းရှု တယ်တို့ဘာတို့ အဲ့လိုမျိုးလေးတွေ စကားလေးတွေ ထိုးနှက်တာတွေ ရှိတယ်။ ဒါ အမျိုးသမီးဖြစ်နေတဲ့အတွက် ကြောင့်ဆိုပြီး ပြောတဲ့စကားလုံးတွေ အများကြီး ထိုးနှက်တာတွေရော တလျှောက်လုံးခံခဲ့ရတယ်။ ဒါတွေက လည်း အမျိုးသမီးတွေကို နေရာတစ်ခုရောက်စေဖို့ အဟန့်အတားဖြစ်နိုင်တယ်လို့ ကျွန်မထင်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက် ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ပထမဦးဆုံးတစ်ချက်က အမျိုးသမီးတွေကိုယ်တိုင်ကကိုယ်က ဒီအရည်အချင်းနဲ့ သင့်တော်တယ်ဆိုရင် ငါက လုပ်နိုင်ပါတယ်ဆိုတာမျိုး၊ ငါယောကျာ်းလေးတွေနဲ့ရင်ဘောင်တန်း ယှဉ်လို့ရပါတယ်ဆိုတဲ့ အတွေးအခေါ်မျိုး၊ စပြီးပြောင်းလဲလာဖို့ လိုပါတယ်။ အမျိုးသမီးတွေ နိုင်ငံရေးထဲ ဝင်လာနိုင်ဖို့အတွက်လည်း စွမ်းရည်မြှင့် သင်တန်းတွေ၊ ဆွေးနွေးပွဲတွေကို အမျိုးသမီးတွေတင်မကဘူး၊ အမျိုးသားတွေပါ လက်ခံလာဖို့အတွက် ဆွေးနွေးပြဖို့ လိုပါတယ်။ အမျိုးသမီးတွေရဲ့ ပညာရေးအရည်အချင်းက ပိုပြီးကောင်းလာလေလေ သူတို့ အနေနဲ့ ပြောရဲဆိုရဲ ဖြစ်လာမှာ ဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံမှာက ဖိုဝါဒကြီးစိုးတဲ့ ယဉ်ကျေးမှုက ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အစဦးခြေလှမ်းတွေမှာ အမျိုးသမီးတွေကလည်း အားကောင်းပါတယ်ဆိုတာ၊ အမျိုးသမီးတွေက ဒီလိုမျိုးနေရာမှာ လုပ်ဆောင်နေတယ်၊ ဆုံးဖြတ်ချက်ချတဲ့နေရာမှာလည်း တော်တယ် ဆိုတာကို ပြနိုင်တဲ့အရည်အချင်းမျိုး သွယ်ဝိုက်သောအားဖြင့် အမျိုးသားအပါအဝင် လူ့အဖွဲ့အစည်းကို ပြသဖို့၊ သတင်းစာပေးဖို့ လိုပါတယ်။ ဒီလိုနည်းနဲ့ပဲ ဖြည်းဖြည်းချင်း ပြောင်းလဲယူသွားရမှာ ဖြစ်ပါတယ်။

နောက်တခုက ဖက်ဒရယ်ဖြစ်လာပြီဆိုရင် ဒေသန္တရအုပ်ချုပ်ရေး ကနေတဆင့် တဖြည်းဖြည်းချင်းနဲ့ အမျိုး သမီးတွေရဲ့ခွန်အားကို ပြလို့ရပါတယ်။ နောက်တခုက အမျိုးသမီးတွေသာ ခေါင်းဆောင်နေရာမှာ ပိုများလာ

မယ်ဆိုရင် စံပြအနေနဲ့ ဒီအမျိုးသမီးတောင်မှလုပ်နိုင်တာ ငါတို့လည်း တချိန်ချိန်မှာ လုပ်လို့ရတယ်ဆိုတဲ့ အတွေးအခေါ်တွေ ရလာနိုင်တယ်။ တချိန်တည်းမှာ အမျိုးသမီးတွေကို တကယ်သင့်လျော် တဲ့အရည်အချင်းနဲ့ ကိုက်ညီတဲ့ နေရာတွေမှာ တကယ်နေရာပေးလာနိုင်ပြီဆိုရင် အမျိုးသမီးတွေလည်းတဖြည်း ဖြည်းချင်း ကြိုးစားလာမှာ ဖြစ်ပါတယ်။ နောက်ထပ်အနေနဲ့ အမျိုးသမီးတွေပါဝင်မှုကို ဆွဲခေါ်၊ ဆွဲခေါ်ရာကနေ တဆင့် ထက်တဆင့် ပိုပြီးမြင့်တဲ့ ခေါင်းဆောင်မှုနေရာကို ရောက်လာကြမယ်ဆိုရင် ပြည့်ပြည့်စုံစုံနဲ့ အားလုံးပါဝင် နိုင်တဲ့ နိုင်ငံရေး ရပ်ဝန်းတစ်ရပ် ပေါ်လာနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ် နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေက ပိုပြီးတော့ စေ့စေ့စပ်စပ်သိတယ်၊ စေ့စေ့စပ်စပ်လည်း မြင်တယ်။ တွေးတယ်။ အကယ်၍ အဲ့လိုမျိုးအမျိုးသမီးတွေသာ ကဏ္ဍအစုံမှာပါလာနိုင်ခဲ့ပြီဆိုရင် အခုလုပ်ဆောင်နေတဲ့ ပေါ်လစီတွေ၊ အခုသွား နေတဲ့ အရှိန်နှုန်းထက် အများကြီးပိုကောင်းတဲ့နိုင်ငံတစ်ခု ဖြစ်လာနိုင်မှာ ဖြစ်သလို၊ အုပ်ချုပ်တဲ့အစီအမံတွေ ပိုပြီးချလာနိုင်မယ်လို့ ထင်ပါတယ်။ အရင်တုန်းကလို အမျိုးသားတစု ကြီးစိုးပြီးတော့ သွားနေတဲ့နိုင်ငံရေးဟာ အမျိုးသားတွေရဲ့ခံစားချက်နဲ့ အမျိုးသားတွေရဲ့အတွေ့အကြုံတွေပေါ် မူတည်မှုများမယ်ဆို တခြမ်းပဲ့ နိုင်ငံရေး သာ ဖြစ်ပါလိမ့်မယ်။ သူတို့ဘယ်လောက်ပဲ အမျိုးသမီးတွေကို နားလည်ပါတယ်ပြောပြော အမျိုးသမီးတွေက သူတို့အချင်းချင်းကသာ ပိုပြီးအနားလည်ဆုံး ဖြစ်မှာပါ။ အမျိုးသမီးတွေပါဝင်လာတဲ့ နိုင်ငံရေးဦးဆောင်မှု တစ်ခုသာ ရှိလာမယ်ဆိုရင် အမြင်တွေလည်း ပိုပြီးကျယ်လာမယ်။ လူအများကိုလည်း နားလည်မှုရှိလာနိုင် တယ်လို့ ပိုခံစားရပြီးတော့ အစိုးရကနေမှတဆင့် ပြည်သူလူထုကို အုပ်ချုပ်တဲ့နေရာ စီမံတဲ့နေရာမှာလည်း ပိုပြီးတော့ကောင်းမွန်လာမယ်လို့ ထင်တယ်။

*၈။တခြားဖြည့်စွက်ပြောချင်တာရှိရင်ပြောပေးပါဦး။*

တက်ကြွတဲ့အမျိုးသမီးတွေကို အမျိုးသားတွေက ထိုးနှက်ကြတယ်။ အဲ့လိုထိုးနှက်တဲ့အချိန်မှာ ကျွန်မ စိတ်မကောင်းတာတွေ ဝမ်းနည်းတာတွေရှိခဲ့တယ်။ ငါဆက်လုပ်သင့်ပါ့မလားဆိုပြီး တွေးမိတာတွေရှိတယ်။ ဒါပေမယ့် ကိုယ့်ယုံကြည်ချက်ကို မစွန့်လွှတ်ပဲနဲ့ ရှေ့ဆက်သွားတယ်ဆိုရင် တချိန်ချိန်မှာ ကိုယ်နဲ့သင့်တော်တဲ့ နေရာတစ်ခုကို ရောက်လာမှာပါ။ အားမငယ်ပါနဲ့။ ဒုက္ခတွေ အခက်အခဲတွေက အခုချိန်မှာ လူတိုင်းကြုံနေရ ပါတယ်။ အချင်းချင်းဖေးမပြီးတော့ စည်းလုံးတဲ့အင်အားနဲ့သွားတယ်ဆိုရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် ရောက်နိုင်မှာပါ။ ကျွန်မတို့ကလည်း အမျိုးသမီးအားလုံးကို နွေးနွေးထွေးထွေးနဲ့ အမြဲတမ်းလက်ကမ်းကြိုနေပါတယ်။ တခုခုအခက်အခဲတွေရှိတယ်ဆိုရင်လည်း ဒီလိုအဖွဲ့အစည်းနဲ့ မျှဝေပြီး တော့ ဖြေရှင်းပြီးသွားကြမယ်ဆိုရင် ပြဿနာတွေကို အများကြီး ဖြေရှင်းသွားနိုင်မှာပါ။



**မဝေဝေနု**

**တည်ထောင်သူ**

**အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက်**

**"အခုအချိန် တော်လှန်ရေးကာလမှာ ကျွန်မတို့ဘာလုပ်နိုင်မလဲ။ အသွင်ကူးပြောင်းရေးကာလမှာ ဘယ်သူတွေက ဘယ်ဟာတွေကို တာဝန်ယူပြီးတော့ ဆက်လုပ်သွားမလဲ။ တကယ့်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ပြီးတဲ့အခါမှာ ဒီမှာရှိတဲ့စံတန်ဖိုးတွေနဲ့ အခွင့်အရေးတွေကို အာမခံချက် ပေးဖို့အတွက် ဘယ်သူတွေက ကတိတည်ပြီး လုပ်ဆောင်မလဲဆိုတဲ့အချက်တွေကလည်း အရေးကြီးပါတယ်။ ဒါမှသာလျှင် နိုင်ငံတော်အသစ် အနာဂတ်အသစ်ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်"**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

နွေဦးတော်လှန်ရေးကတော့ ကျွန်မတို့မြန်မာပြည်ရဲ့သမိုင်းမှာ အင်မတန်ထူးခြားတဲ့တော်လှန်ရေးလို့ ပြောလို့ရပါတယ်။ အထူးသဖြင့် လူငယ်တွေရဲ့ပါဝင်မှု အမျိုးသမီးတွေရဲ့ပါဝင်မှု ကျွန်မတို့လူ့အဖွဲ့အစည်း အယုတ်အလတ်အမြတ်မရွေးပါဝင်မှုနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှု အကုန်လုံးဟာ အင်မတန်ထူးခြားတဲ့ သွင်ပြင်လက္ခဏာတွေဖြစ်ပါတယ်။ ဒါ့ပြင် လူမျိုးတွေ၊ ဘာသာတွေ၊ လူနည်းစုတွေနဲ့ ဗမာလူမျိုးတွေကြားထဲမှာ ပေါင်းစည်းပေးတဲ့ တံတားတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ အရင်ခေတ်ကာလတွေနဲ့မတူတဲ့ ဘုံရန်သူကိုတိုက်ခိုက်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိလာတာကို တွေ့ရတယ်။ နောက်တစ်ချက်ကတော့ အခုတော်လှန်ရေးဟာဆိုရင် လူကြီးတွေဖြစ်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေက လက်ခံပြီးတော့မှ တော်လှန်ရေးကို လုပ်ဆောင်နေကြတာကလည်း ထူးခြားတဲ့သွင်ပြင်လက္ခဏာ ဖြစ်ပါတယ်။

လက်ရှိမှာ စစ်အာဏာရှင်တစ်ခုထဲ မဟုတ်ဘဲ အာဏာရှင်စနစ်မှန်သမျှကို တိုက်ဖျက်ဖို့ ဖြစ်ပါတယ်။ လူမျိုးကြီးဝါဒတွေကို တွန်းလှန်တယ်။ ဖိုဝါဒတွေကို တွန်းလှန်တယ်။ စစ်တပ်မဟုတ်ပေမယ့် အချင်းချင်းကြားထဲမှာ ဒီမိုကရေစီအမည်ခံပြီးတော့ အာဏာရှင်စနစ် ကို သုံးချင်တဲ့ သုံးလိုတဲ့အလားအလာတွေကိုပါ တွန်းလှန်နေတဲ့ တော်လှန်ရေးဖြစ်တယ်။ အယူဝါဒဆိုင်ရာ တော်လှန်ရေးဖြစ်တာကို တွေ့ရတယ်။ ဒီတော်လှန်ရေးဟာ နည်းပေါင်းစုံကနေ အင်မတန်မှ ထူးခြားတယ်လို့ ပြောလို့ရတယ်။ ကျွန်မတို့မိဘမောင်နှမတွေ မိသားစုတွေ မိတ်ဆွေတွေ အများကြီးပေးဆပ်ရတယ်ဆိုပေမယ့် အခုချိန်မှာကျွန်မတို့က မလုပ်ရင် ဘယ်သူလုပ်မလဲ။ ကိုယ်စီလုပ်နိုင်တဲ့ အခန်းကဏ္ဍကနေပြီးတော့မှ ပါဝင် လုပ်ဆောင်နိုင်နေတဲ့အတွက်လည်း ပါဝင်နေတဲ့ ပြည်သူတွေအားလုံးအတွက် ဂုဏ်ယူတယ်။ အာဏာသိမ်းပြီး တဲ့နောက်ပိုင်းမှာ ကျွန်မတို့ပြည်သူလူထုရဲ့ နိုင်ငံရေးစံချိန်မြင့်တင်လာမှု၊ အသိအမြင်ဖွံ့ဖြိုးလာမှုနဲ့ ကိုယ်တိုင်ကိုယ်ကျတော်လှန်ရေးမှာ ပါဝင်လာမှုနဲ့ အယူဝါဒဆိုင်ရာအမြင်ပွင့်လင်းလာမှုတွေဟာ အင်မတန် အားရစရာကောင်းပြီး ကျွန်မတို့အနေနဲ့ကလည်း

ဒီလိုပါဝင်ရတာ ပိုပြီးတော့မှ အားရှိလာတယ်။ ပိုပြီးတော့မှာ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်တဲ့အတွက်မို့လို့ ဘယ်လောက်ပဲပင်ပန်းပင်ပန်း တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတာကို ဂုဏ်ယူမိပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမူတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

ကျွန်မတို့လိုချင်တဲ့အနာဂတ်က ဘယ်သူ့အတွက်လဲ ဆိုတာကို ကျွန်မတို့က အဓိပ္ပာယ်ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ထဲမှာ ရှိနေတဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊အယုတ်အလတ်မရွေး အမျိုးသမီး၊ အမျိုးသား၊ လိင်မတူကွဲပြားသူတွေအားလုံးအတွက် အနာဂတ်ဖြစ်ဖို့လိုပါတယ်။ အားလုံးအတွက် နေရာရှိတဲ့ အနာဂတ်ဖြစ်ဖို့ လိုတယ်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာလည်း နိုင်ငံတော်ရဲ့စံတန်ဖိုးတွေနဲ့ ပတ်သက်ပြီး တော်တော်များများ ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက်ပါ အာမခံချက်ပေးနိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေကို မျှမျှတတနဲ့ ခွဲဝေပြီးတော့မှ အာဏာမျှဝေမှုတွေလုပ်နိုင်တဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ် ဆိုပြီး တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးကို အာမခံချက်ပေးတဲ့ တရားဥပဒေစိုးမိုးရေး၊ ခွဲခြားဆက်ဆံမှုမရှိတဲ့ လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာရေးက အခြေခံမူတွေ ဖြစ်ပါတယ်။ ဒါတွေကို တကယ့်လက်တွေ့မှာ အကောင်အထည်ဖော်နိုင်တဲ့အနာဂတ်ကို ဖန်တီးဖို့ လိုပါတယ်။ အကောင်အထည်ဖော်နိုင်တဲ့ မူဝါဒတွေနဲ့ အကောင်အထည်ဖော်နိုင်တဲ့လမ်းစဉ်တွေကို ချမှတ်သွားဖို့လိုသလို အကောင်အထည်ဖော်နိုင်တဲ့သူတွေကို တာဝန်ခွဲဝေပေးသွားဖို့ လိုပါတယ်။ အခုအချိန် တော်လှန်ရေးကာလမှာ ကျွန်မတို့ ဘာလုပ်နိုင်မလဲ။ တော်လှန်ရေးပြီးသွားရင် အသွင်ကူးပြောင်းရေးကာလမှာ ဘယ်သူတွေက ဘယ်ဟာတွေကို တာဝန်ယူပြီးတော့ ဆက်လုပ်သွားမလဲ။ တကယ်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ပြီးတဲ့အခါမှာ ဒီမှာရှိတဲ့ စံတန်ဖိုးတွေနဲ့ အခွင့်အရေးတွေကို အာမခံချက်ပေးဖို့အတွက် ဘယ်သူတွေက ကတိတည်ပြီး လုပ်ဆောင်မလဲ ဆိုတဲ့အချက်တွေကလည်း အရေးကြီးပါတယ်။ ဒါမှသာလျှင် နိုင်ငံတော်အသစ် အနာဂတ်အသစ်ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

နိုင်ငံတစ်နိုင်ငံကို တစ်သွေးတစ်သံတစ်မိန့်နဲ့ တည်ဆောက်တယ်ဆိုရင် အဲ့နိုင်ငံရဲ့ ဖွံ့ဖြိုးမှု၊ ကြီးထွားမှု၊ ကြွယ်ဝချမ်းသာမှုတွေက နှောင့်နှေးတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လည်း စစ်အာဏာရှင်စနစ်ကို တွန်းလှန်နေရတာ ဖြစ်ပါတယ်။ အဲ့လိုမဖြစ်အောင်လို့ အသံပေါင်းစုံ၊ ဘက်ပေါင်းစုံရဲ့ ပါဝင်မှုတွေက အင်မတန်အရေးကြီးတယ်။ မယုံကြည်မှုတွေ၊ မမျှတမှုတွေ ခံစားနေခဲ့ရတဲ့သမိုင်းကြောင်းရှိတဲ့ တိုင်းပြည်မှာ ဆိုရင် ယုံကြည်မှုတွေတည်ဆောက်လာနိုင်ဖို့ တိုင်းပြည်ထဲမှာ အကုန်လုံးဟာ ပါဝင်နေတယ် ဆိုတဲ့ စိတ်ခံစားတွေဖြစ်ဖို့ အခုချိန်မှာ လုံးဝမပါဝင်သေးတဲ့လူမျိုးစုတွေ၊ အစုအဖွဲ့တွေအကုန်လုံးကို မဖြစ်မနေ

ပါဝင်အောင် လုပ်ပေးနိုင်ဖို့ လိုပါတယ်။ ဒါမှသာလျှင် တိုင်းပြည်မှာရှိနေတဲ့ အခြေခံပဋိပက္ခတွေ ပြဿနာတွေကလည်း နိုင်ငံတော်သစ်တည်ဆောက်တာနဲ့ တပါတည်းပြေလည်သွားမှာ ဖြစ်ပါတယ်။ မဟုတ်ရင် ပြည်တွင်းထဲမှာပဋိပက္ခတွေကဆက်လက်ပြီးရှိနေပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးမှုတွေနောက်ကျမှာ ဖြစ်တယ်။ မြန်မာ့နိုင်ငံရေးတခုလုံးဟာ အမျိုးသားတွေ အများစုဦးဆောင်တဲ့ ဖိုဝါဒကိုလွှမ်းမိုးတဲ့ နိုင်ငံရေးစနစ် ဖြစ်တယ်။ အာဏာရှင်စနစ်တစ်ခု ဖြစ်တယ်။ ဒီလိုအာဏာရှင်ရဲ့အောက်မှာ အမျိုးသမီးတွေရဲ့ အသံတွေမရှိခဲ့တဲ့အခါကျတော့ ကျွန်မတို့လူ့အဖွဲ့အစည်းမှာလည်း ပဋိပက္ခတွေ အများကြီး ဖြစ်လာခဲ့တယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုနှောင့်နှေးတာကို တွေ့ရတယ်။ ဒါဖွံ့ဖြိုးရေးရှုထောင့်၊ စီးပွားရေးရှုထောင့်ကနေ ကြည့်တာပေါ့။ တချိန်ထဲမှာပဲ ကျွန်မတို့က လူမှုရေးရှုထောင့်ကနေပြီးတော့ ကြည့်မယ်ဆိုရင်လည်း အိမ်တွင်းအကြမ်းဖက်ခံရတာတွေ၊ အမျိုးသားတွေ မရှိတော့ရင် ဒုက္ခရောက်တာတို့ ကလေးတွေထိန်းကျောင်းတဲ့အခါမှာ ကျွေးမွေးပြုစုတဲ့အခါမှာ အခက်အခဲဖြစ်တာကို ကြုံရတယ်။ မိဘတွေက အမျိုးသမီးတွေကို တန်ဖိုးမထားတော့တဲ့အခါကျတော့ အားနည်းမှုတွေ အဖက်ဖက်ကဖြစ်လာပြီးတော့ နောက်ဆုံးမှာ လူကုန်ကူးခံရတာတွေဟာ အမျိုးသမီးတွေ အများဆုံးဖြစ်လာတာ တွေ့ရတယ်။

သို့သော်ငြားလည်း ကျွန်မတို့အမျိုးသမီးတွေဟာ တကယ်တမ်းကျတော့ နိုင်ငံရေးမှာပါဝင်မှုတွေ တောက်လျှောက် ရှိခဲ့ကြတယ်။ တကယ်တမ်း တော်လှန်ရေးတွေဖြစ်တဲ့ ဆန္ဒပြမှုတွေ လူထုလှုပ်ရှားမှုတွေကို ပြန်ကြည့်မယ်ဆိုရင် အမျိုးသမီးတွေရဲ့ဦးဆောင်တဲ့အခန်းကဏ္ဍတွေက နေပြီးတော့ အမြဲတမ်းပါဝင်တယ်။ ရှေ့ဆုံးကနေ ထွက်တယ်။ အ ခုနွေဦးတော်လှန်ရေးမှာဆိုရင်လည်း ရှေ့ဆုံးကနေစထွက်တာ အမျိုးသမီးတွေပဲ ဖြစ်တယ်။ နောက်ပြီးတော့ သံပုံးခေါက်တဲ့ကမ်ပိန်းကနေ စပြီးတော့ အလံထူတဲ့ကမ်ပိန်းတွေအထိ အမျိုးသမီးတွေက စကြတာတွေချည်းပဲ။ ပြောမယ်ဆို အမျိုးသမီးတွေ ဘယ်လောက်ပဲ ဖယ်ကျဉ်ခံထားခံထား၊ လူ့အဖွဲ့အစည်းမှာ အခက်အခဲတွေဘယ်လောက်ရှိရှိ အမျိုးသမီးတွေရဲ့ နိုင်ငံရေးစံချိန်က နိုင်ငံရေးနားလည်မှု၊ တက်ကြွမှုစံချိန်က အင်မတန်မြင့်မားပါတယ်။ တကယ်တမ်းကျတော့ အမျိုးသမီးတွေအနေနဲ့ လူ့အဖွဲ့အစည်းမှာ အရည်အချင်းရှိတဲ့အမျိုးသမီးတွေ ဘက်ပေါင်းစုံမှာ သူ့အနေအထားနဲ့သူ သက်ရောက်နေတဲ့အမျိုးသမီးတွေ အများကြီးရှိပါတယ်။ အဲ့အမျိုးသမီးတွေရဲ့အရည်အသွေးတွေကိုပဲ အသိအမှတ်ပြုပြီးတော့ သင့်တော်တဲ့နေရာ၊ ဦးဆောင်နိုင်တဲ့နေရာကို ပေးဖို့လိုပါတယ်။ အဲ့လိုမဟုတ်ပဲနဲ့ အမျိုးသမီးပါဝင်မှုဆိုပြီးတော့ ကိုယ့်အမျိုး၊ ကိုယ်နဲ့သိတဲ့အမျိုးသမီးတွေ၊ ထည့်လိုက်မယ်ဆိုတဲ့ဟာမျိုးတော့ မလုပ်ကြဖို့လိုတယ်။ စစ်တပ်က ဒီလိုမျိုး အလေ့အထတွေ လုပ်ခဲ့တာ ဖြစ်တယ်။ အမျိုးသမီးတွေရဲ့ ပါဝင်နိုင်မှုစွမ်းရည်၊ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာလွှမ်းမိုးနိုင်မှု၊ အမျိုးသမီးတွေရဲ့ ပါဝင်မှုအတွက် အားသာချက်၊ အရည်အသွေးတွေအပေါ်မှာ အရည်အချင်းတွေအပေါ်မှာ အခြေခံပြီးတော့ သူ့နေရာနဲ့သူ ဦးဆောင်တဲ့နေရာမှာ ဆွဲခေါ်ဖို့တွန်းတင်ဖို့ လိုတယ်လို့ မြင်ပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

တကယ်တမ်း တော်လှန်ရေးမှာ ပါဝင်တဲ့အမျိုးသမီးတွေက တော်တော်များများရှိတယ်ဆိုပေမယ့် ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ ပါဝင်နေတဲ့အမျိုးသမီးအရေအတွက်တွေက နည်းနေတာကို တွေ့ရပါတယ်။ ဥပမာ CRPH မှာပဲ ကြည့်ကြည့်၊ အမျိုးသားညီညွတ်ရေးအစိုးရမှာပဲကြည့်ကြည့်၊ အမျိုးသားအတိုင်ပင်ခံ ကောင်စီမှာပဲကြည့်ကြည့် တခြားသောနိုင်ငံရေးအဖွဲ့အစည်းတွေမှာပဲ ကြည့်ကြည့် အမျိုးသမီးတွေရဲ့ပါဝင်မှု တွေဟာ တကယ်တမ်းဆုံးဖြတ်ချက်ချလို့ရတဲ့နေရာတွေမှာ အင်မတန်နည်းနေသေးတာကို တွေ့ရတယ်။ (၁၀) ရာခိုင်နှုန်းကနေ (၂၀) ရာခိုင်နှုန်းဝန်းကျင် ကြားထဲမှာပဲ ရှိနေတယ်။ အင်မတန်နည်းနေတာကို တွေ့ရတယ်။ အဲ့ဒါကိုအခုချိန်ကစပြီး ပြုပြင်ပြောင်းလဲပြီးတော့ တကယ်တမ်း နိုင်ငံရေးဦးဆောင်လှုပ်ရှားတဲ့အဖွဲ့အစည်းတွေ မှာ အမျိုးသမီးတွေပိုမိုပါဝင်လာအောင် အားထုတ်ကြဖို့လိုတယ်လို့ မြင်ပါတယ်။

### *၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

လူ့အဖွဲ့အစည်းရဲ့အမြင်မှာ အမျိုးသမီးတွေရဲ့ အားထုတ်မှု၊ ကြိုးပမ်းမှုတွေကို အလေးထားမှု အားနည်း ပါတယ်။ နောက်တစ်ခုက တချို့တချို့နေရာတွေမှာ အမျိုးသမီးတွေတော်လာပြီဆိုရင် ကျွန်မတို့ လူ့အဖွဲ့ အစည်းက သိပ်မကြိုက်ချင်ကြတော့ဘူး။ အထူးသဖြင့် အမျိုးသားတွေကိုယ်တိုင်ကိုကလည်း အရမ်းတော် လာတဲ့ အမျိုးသမီးတွေဆိုရင် သူတို့ရဲ့နေရာကို ခြိမ်းခြောက်သလို သူတို့ခံစားရတယ်။ တချို့အမျိုးသမီး ခေါင်းဆောင်တွေဟာလည်း ကိုယ့်ထက်တော်တဲ့အမျိုးသမီးဆို သိပ်မကြိုက်ချင်ကြတာမျိုးတွေ ရှိတယ်။ တကယ်တမ်းတော်တဲ့ အမျိုးသမီးတွေကို နေရာမပေးပဲ ဖယ်ကြဉ်ထားတာမျိုးတွေကို ကျွန်မတို့တွေ့ရတယ်။ နောက်တခါ လူမှုရေး၊ လူ့အဖွဲ့အစည်းမှာလည်း ကျွန်မတို့အမျိုးသမီးတွေက ပါဝင်လိုတဲ့စိတ်တွေ ရှိတယ်။ သို့သော် လက်လှမ်းမီမှု အားနည်းတယ်။ တွဲခေါ်နိုင်တဲ့နေရာ၊ အဖွဲ့အစည်းတွေကလည်း အားနည်းတယ်။ တချို့နေရာတွေမှာ အမျိုးသမီးတွေကို ဖြေဖျော်စရာအမျိုးသမီးတွေလို့ မြင်ပြီးတော့ လိင်ပိုင်းဆိုင်ရာ အနိုင်ယူမှုတွေ အသုံးချမှုတွေကအစ လုပ်လာတယ်။ အဲ့လိုမျိုးအသေးအဖွဲတွေ များများ များများလာတဲ့အခါ အမျိုးသမီးတွေက ဒီလိုပတ်ဝန်းကျင်မှာ ပါဝင်ရတာတွေကို မပျော်ရွှင်ကြတော့ဘူး။ ဆက်လက်ပြီး မပါချင်ကြ တော့ဘူး။ နောက်တစ်ခုက မြန်မာပြည်မှာ အမျိုးသမီးတွေရဲ့တာဝန်ဟာ အိမ်မှုရေးရာတာဝန်တွေ ဖြစ်တယ်။ ဒါတွေကို အမျိုးသမီးတစ်ယောက်ထဲ လုပ်ရတဲ့အခါကျတော့ တကယ်တမ်းနိုင်ငံရေးမှာ အချိန်ပေးဖို့အတွက်ကို အားနည်းသွားတာ၊ လုပ်ချင်လို့ လုပ်မယ်ဆိုရင်တောင် ရေရှည်လုပ်ဖို့ခက်ခဲတာမျိုး ကြုံရပါတယ်။ နောက်တခါ ကျတော့ တချို့ဒေသတွေမှာဆို အမျိုးသမီးတွေဟာ ပညာသင်ယူခွင့်တွေကို အမျိုးသားတွလောက်မရကြဘူး။ ပညာမသင်ယူရပဲနဲ့လည်း ဦးဆောင်ပြီး လုပ်နေတဲ့ရဲရင့်တဲ့အမျိုးသမီးတွေ အများကြီး ဆိုပေမယ့် တော်တော် များများကတော့ အဲ့လိုနေရာမျိုးကို မရောက်နိုင်ကြဘူး။ အခက်အခဲကတော့ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး ကနေစပြီးတော့ ကျွန်မတို့လူ့အဖွဲ့အစည်းထဲမှာ ရှိနေတဲ့အမျိုးသမီးတွေ အပေါ်မှာ မြင်တဲ့ အမြင် ဆက်ဆံတဲ့ဆက်ဆံရေး၊ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ မြင်တဲ့အမြင်တွေ ဆက်ဆံပုံအခက်အခဲတွေစတဲ့ အိမ်ထဲက နေပြီးတော့မှ နိုင်ငံရေးစင်မြင့်

အထိ အခက်အခဲတွေ အများကြီးရှိတယ်။ ဒါတွေကို ကျွန်မတို့ နားလည်ပြီးတော့ တဖြေးဖြေးနဲ့လျှော့သွားအောင် လုပ်ဆောင်နိုင်ဖို့လိုပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှာ ဆိုရင်လည်း ဂျဲန်ဒါပေါ်လစီတွေ ရှိလာပြီ ဖြစ်ပါတယ်။ ဒါတွေကို ဆက်ပြီး အကောင်အထည်ဖော်မှုတွေ ရှိဖို့လိုပါတယ်။ လူမျိုးစုဆိုင်ရာ အစုအဖွဲ့တွေ နိုင်ငံရေးအဖွဲ့အစည်းတွေမှာဆိုရင်လည်း အမျိုးသမီးတွေရဲ့ပါဝင်မှုအခန်းကဏ္ဍတွေ မြှင့်တင်လာဖို့အတွက် ပြောဆိုဆွေးနွေးသွားဖို့ လိုပါတယ်။ အမျိုးသမီးတွေကြုံတွေ့ရတဲ့ အခက်အခဲအကြပ်အတည်းတွေ၊ အဟန့်အတားတွေကို ဖြေရှင်းပေးဖို့လိုတယ်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုကိစ္စတွေနဲ့ ပတ်သက်ပြီးတော့လည်း တရားမျှတမှုတွေ တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိအောင် အခုထဲကစပြီး အလေ့အထယူပြီးတော့ ကျွန်မတို့ ဖြေရှင်းပေးသွားဖို့ လိုပါတယ်။ ဒါမှသာလျှင် အမျိုးသမီးတွေက ပိုပြီးတော့ပါဝင်မှုတွေဟာ ပိုပြီးတော့မှ လုံခြုံမှုရှိတယ်ဆိုတဲ့ စိတ်ခေတ်ဖြစ်လာပြီး ပါဝင်ဖို့ အားရှိသွားမယ်လို့ မြင်ပါတယ်။ စစ်တပ်ကနေ ပစ်မှတ်ထားပြီးလုပ်တာမျိုး ကိုယ်အချင်းချင်းတွေကြားထဲမှာလည်း အမျိုးသမီးတွေကို ရရင်သလို လိင်ပိုင်းဆိုင်ရာ အနိုင်ယူလိုတဲ့ အမူအကျင့်တွေ တွေ့နေရပါတယ်။ ဒီလိုအကျင့်တွေကို ကျွန်မတို့က ကိုယ့်ရဲ့တော်လှန်ရေးအဖွဲ့အစည်းတွေကြားထဲမှာ ဖျောက်ဖျက်ဖို့ လိုတယ်။ စစ်တပ်ကနေပြီးတော့ ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာစော်ကားမှုတွေပဲဖြစ်ဖြစ်၊ အချင်းချင်းကြားထဲမှာဖြစ်တဲ့ဟာပဲဖြစ်ဖြစ် ဒီဟာတွေနဲ့ပတ်သက်ပြီး တာဝန်ယူမှုတာဝန်ခံမှုရှိနိုင်တဲ့ ယန္တရားတွေကို အခုထဲက ကျွန်မတို့က တည်ဆောက်သွားဖို့ လိုပါတယ်။ အကောင်အထည်ဖော်သွားဖို့လည်း လိုပါတယ်။ အမျိုးသမီးတွေရဲ့လုံခြုံမှုကို အာမခံချက်ပေးနိုင်တဲ့အခြေအနေကို ဖန်တီးပေးဖို့၊ ကျူးလွန်ခံခဲ့ရတဲ့စော်ကားမှုတွေအတွက်ကို တာဝန်ယူမှု၊ တာဝန်ခံမှုတွေ တစိုက်မက်မက် လုပ်ဆောင်သွားနိုင်မယ်ဆိုရင် နိုင်ငံရေးမှာ ပါဝင်လာမှုတွေ များလာမယ်လို့ ယုံကြည်ပါတယ်။

*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အနာဂတ်အသစ်မှာဖက်ဒရယ်ဒီမိုကရေစီနိုင်ငံမှာ အမျိုးသမီးတွေပါဝင်မှု အားကောင်းလာတယ်ဆိုရင် ကျွန်မတို့တိုင်းပြည်မှာ ရှိနေတဲ့ အခြေခံပြဿနာတွေကစပြီးတော့ ကြီးမားတဲ့ပဋိပက္ခတွေအထိ ဖြေရှင်းတဲ့အခါမှာ အင်မတန်မှထိရောက်မှု ရှိလာနိုင်ပါတယ်။ တကယ်တမ်း ပဋိပက္ခတွေမှာလည်း တိုက်ရိုက်ကြုံတွေ့ခံစားနေကြရသူတွေ ဖြစ်တဲ့အခါကျတော့ ပဋိပက္ခတွေရဲ့ dynamic ပေါင်းစုံကိုလည်း ကျွန်မတို့က နားလည်ပါတယ်။ အမျိုးသားတွေ နားလည်တဲ့ ပဋိပက္ခတွေ တော်တော်များများရဲ့ dynamic ဆိုတာ ပါဝါယှဉ်ပြိုင်မှုကို နားလည်ကြတာပါ။ တကယ်တမ်း အမျိုးသမီးတွေ နားလည်တာက အတွင်းထဲမှာ ဘာတွေဖြစ်နေသလဲ။ ဘယ်လို dynamic တွေဖြစ်နေသလဲ။ ဘယ်လိုနစ်နာမှုတွေ သက်ရောက်မှုတွေက

ဘယ်လို ရှုထောင့်ကနေ ဖြစ်နေသလဲဆိုတာ အမျိုးသမီးတွေက ထဲထဲဝင်ဝင်သိတဲ့အခါကျတော့ လူမှုရေး၊ စီးပွားရေး ပြဿနာတွေကို ဖြေရှင်းရုံတင်မက တိုင်းပြည်မှာရှိနေတဲ့ အကြပ်အတည်းတွေကို ဖြေရှင်းတဲ့အခါမှာ ပိုမိုထိရောက်စွာဖြေရှင်းနိုင်ပြီးတော့ ရေရှည်ခိုင်မြဲတဲ့ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာဆိုရင် အမျိုးသမီးတွေကို အမျိုးသမီးတွေလို့မမြင်ပဲနဲ့ လူသားတစ်ယောက်အနေနဲ့ မြင်ပြီးတော့ အရည်အချင်းပေါ် မူတည်ပြီး ရပ်တည်ကြတာဖြစ်တယ်။ လူတိုင်းဟာ သူ့ရဲ့ စွမ်းရည်၊ ဉာဏ်ပညာ၊ အရည်အသွေး၊ အရည်အချင်းတွေကို လူ့အဖွဲ့အစည်းထဲမှာ ပြန်လည်ထည့်ဝင်ရင်းနှီးမှုလုပ်နေတဲ့အခါကျတော့ လူတိုင်းလူတိုင်းဟာ တန်ဖိုးရှိတဲ့လူတွေ ဖြစ်ပြီးတော့ လူ့အဖွဲ့အစည်းရဲ့ကြွယ်ဝချမ်းသာမှုတွေက လွယ်လွယ်ကူကူနဲ့ မြင့်တက်လာတာဖြစ်တယ်။

*၈။ ဖြည့်စွက်ချက်။*

ကျွန်မတို့အမျိုးသမီးတွေအနေနဲ့ အဟန့်အတားတွေကို နားလည်ပြီးတော့ ကျော်လွှန်သွားနိုင်အောင် ကြိုးစားသွားမယ်ဆိုတဲ့ ဒီလိုစိတ်ဓာတ်မျိုးလည်း ရှိသင့်ပါတယ်။ နောက်တခုကကျတော့ အမျိုးသမီးဖြစ်တဲ့အတွက် အမျိုးသမီးကိစ္စပဲ လုပ်မယ်ဆိုတဲ့ဘောင်ခက်လိုက်တာမျိုးမလုပ်ပဲနဲ့ ကိုယ်ကိုကိုယ် လူသားအနေနဲ့ပဲ မြင်စေချင်တယ်။ ငါဟာ လူ့အဖွဲ့အစည်းရဲ့ပါဝင်တဲ့သူ တစ်ယောက်ဖြစ်တယ်။ လူသားတစ်ယောက်ဖြစ်တယ်။ ကျွန်မတို့ဟာ ဘယ်လိုလူမျိုးဖြစ်ချင်သလဲ ဆိုတာနဲ့ ကိုယ်ရဲ့ရည်မှန်းချက်တွေထားပြီးတော့မှ ကိုယ်ဖြစ်ချင်တဲ့ အနာဂတ် ကိုယ်ဖြစ်ချင်တဲ့ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းချင်တယ်။ ကျွန်မတို့ နိုင်ငံရေးခေါင်းဆောင် ဖြစ်ချင်လား။ ဖြစ်ခွင့်ရှိပါတယ်။ ကျွန်မတို့က စီးပွားရေးလုပ်ငန်းရှင် ဖြစ်ချင်သလား ဖြစ်ခွင့်ရှိပါတယ်။ လူသားတစ်ယောက်လို့ ခံယူပြီး ကိုယ့်ရဲ့ရည်မှန်းချက်ကို ကိုယ့်အိပ်မက်ကို အကောင်အထည်ဖော်ကြပါ။ တစ်စိုက်မက်မက်နဲ့ အဟန့်အတားတွေကို ကျော်လွှားပြီးတော့ အကောင်အထည်ဖော်ကြပါ။ ကိုယ့်ကိုကိုယ် ပိတ်မထားကြပါနဲ့။ ကိုယ်ကိုကိုယ် ဘောင်ခတ်မထားပါနဲ့လို့ပဲ ကျွန်မကပြောချင်ပါတယ်။

> မြန်မာ့ နိုင်ငံရေးတခုလုံးဟာ အမျိုးသားတွေ အများစုဦးဆောင်တဲ့ ဖိုဝါဒကိုလွှမ်းမိုးတဲ့ နိုင်ငံရေးစနစ် ဖြစ်တယ်။ အာဏာရှင်စနစ်တစ်ခု ဖြစ်တယ်။ ဒီလိုအာဏာရှင်ရဲ့အောက်မှာ အမျိုးသမီးတွေရဲ့ အသံတွေမရှိခဲ့တဲ့အခါ ကျတော့ ကျွန်မတို့လူ့အဖွဲ့အစည်းမှာလည်း ပဋိပက္ခတွေ အများကြီး ဖြစ်လာခဲ့တယ်။



**မွန်းနေလီ**

**တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)**

**အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ**

**“အမျိုးသမီးတွေအချင်းချင်းရဲ့ တွေ့ဆုံဆွေးနွေးမှုတွေ အချင်းချင်းအားပေးမှုတွေက အင်မတန်မှ အရေးကြီး ပါတယ်။ ပိုပြီးတော့ အားတွေတိုးပွားပြီးတော့ စွမ်းဆောင်နိုင်တဲ့စွမ်းရည်တွေ ပိုပြီးမြင့်တက်လာစေပါတယ်”**

*၁။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာမအမြင်ကို ပြောပြပေးပါရှင့်။*

လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံဆိုပြီး မဖြစ်ခင်မှာဆိုရင် ဗမာပြည်မ၊ ကချင်တောင်တန်းဒေသ၊ ဖက်ဒရိတ်တက်ရှမ်းပြည်ထောင်စု၊ ချင်းတောင်တန်းဒေသ၊ စတဲ့ဒေသတွေရှိပါတယ်။ အဲဒေသတွေက စုပေါင်းပြီးတော့ လွတ်လပ်ရေးအတူယူဖို့အတွက် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။ ပင်လုံစာချုပ်အနှစ်သာရက တိုင်းရင်းသားအားလုံး တန်းတူရေးကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ သို့ပေမဲ့ ဗမာ မဟုတ်တဲ့တိုင်းရင်းသားတွေကို ဖိနှိပ်တဲ့ဗမာကြီးစိုးတဲ့ တပြည်ထောင်နိုင်ငံစနစ် ဖြစ်လာပါတယ်။ နောက်ပိုင်းမှာ ဗမာကြီးစိုးတဲ့ စစ်အာဏာရှင်စနစ် ဖြစ်လာပါတယ်။ လူအချင်းချင်း ပိုပြီးနားမလည်အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဗမာတွေပဲ အရေးပါတဲ့ လူမျိုးတစ်မျိုးဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်ရေးရာ၊ အမြင်တွေအားလုံး ရိုက်သွင်း ခံခဲ့ကြရတယ်။ ဆိုတော့ ဒီလိုမျိုးမညီမျှမှုတွေက အဓိကစစ်ပဋိပက္ခဖြစ်ဖို့ အရင်းခံ ဖြစ်လာပါတယ်။

တိုင်းရင်းသားဒေသတွေမှာ ပြည်တွင်းစစ်ဖြစ်တွေ ဆယ်စုနှစ်ပေါင်းများစွာကြုံခဲ့ရတယ်။ အခုနွေဦးတော်လှန်ရေး ဖြစ်လာတာက တရားမျှတမှုမရှိတဲ့အပေါ်မှာ အခြေခံတယ်။ နွေဦးတော်လှန်ရေးရဲ့ အားသာချက်က ပြည်သူတွေရဲ့ခံစားချက်တွေက တသားထဲဖြစ်သွားအောင် စုစည်းပေးနိုင်ခဲ့တယ်။ နွေဦးတော်လှန်ရေးရဲ့ လမ်းစက တိုင်းပြည်ကိုတကယ်ပဲပြည်သူတွေအတွက် တရားမျှတပြီးတော့ စစ်မှန်တဲ့ငြိမ်းချမ်းရေး ဖက်ဒရယ်ဒီမိုကရေစီကို သွားနိုင်တဲ့တော်လှန်ရေးတစ်ခုဖြစ်လာတယ်ဆိုတာကို ပိုပြီးရှင်းရှင်းလင်းလင်း မြင်လာရပါတယ်။

*၂။ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ဘယ်အရာတွေကို စံတန်ဖိုးတွေ၊ အခြေခံမှုတွေအနေနဲ့ ထားရှိတည်ဆောက်သင့်ပါသလဲ။*

မတူညီတဲ့လူမျိုးတွေစုစည်းတဲ့ နိုင်ငံဖြစ်တဲ့အတွက် မတူကွဲပြားတဲ့လူတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စုစည်းနေထိုင်နိုင်တဲ့ စံတန်ဖိုးထားမှုတွေ လိုပါတယ်။ မတူကွဲပြားတဲ့အချက်တွေကို တန်ဖိုးထားပြီး အပြန်အလှန် လေးစားမှုတွေ နားလည်မှုတွေက အရေးကြီးဆုံးဖြစ်ပါတယ်။ လူ့အခွင့်အရေးအပါအဝင်၊ နိုင်ငံရေးအရ ရှိသင့်တဲ့ ရှိနေတဲ့

အခွင့်အရေးတွေကို လေးစားလိုက်နာဖို့လိုပါတယ်။ တန်းတူရေးလို့ပြောရင် တိုင်းရင်းသားတူရေးဆိုတာလည်း အဓိကထားရမယ့်အချက်ဖြစ်သလို ကျား၊ မ တန်းတူရေး လိုအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင် ဒီမိုကရေစီနည်းလမ်းအတိုင်း အားလုံးရဲ့အခွင့်အရေးကို လေးစားလိုက်နာမှုကို ပိုပြီးမြှင့်တင်ဖို့လိုပါတယ်။ လူ့အခွင့်အရေးလို့ဆိုရင် အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေးအပြင် ဌာနေတိုင်းရင်းသားတွေ၊ လူနည်းစုတွေရဲ့ အခွင့်အရေးတွေကိုလည်း တချိန်ထဲမှာမြှင့်တင်ဖို့အတွက် လုပ်ဖို့ လိုပါတယ်။

*၃။ နိုင်ငံရေးမှာ အမြင်စုံလင်ကွဲပြားမှုက ဘယ်လောက်အထိ အရေးကြီးပါသလဲ။ လက်ရှိတော်လှန်ရေးနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ မဖြစ်မနေပါဝင်ဖို့ လိုပါသလဲ။*

မတူညီတဲ့လူမျိုးတွေက နောက်ခံသမိုင်းကြောင်း၊ယဉ်ကျေးမှုတွေထုံးတမ်းအစဉ်အလာတွေ၊ ကိုးကွယ်ယုံကြည်မှုတွေ မတူကြပါဘူး။ မတူညီတဲ့ကြားထဲမှာ ပိုပြီးတော့ ဘုံစံတန်ဖိုးအနေနဲ့ အတူတကွသွားနိုင်ဖို့အတွက် အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံက အမြင်မတူရင် ကိုယ့်ရဲ့ရန်သူဆိုတဲ့ ပုံစံနဲ့နေလာကြတယ်။ အာဏာရှင်စနစ်မှာ အမြင်မတူတဲ့သူက ကိုယ့်ရဲ့ရန်သူဆိုတဲ့ ခံယူချက်နဲ့ အထူးသဖြင့် ရပ်တည်ကြတယ်။ ကိုယ်နဲ့မတူဘူးဆို နေရာမပေးတာတို့ ကိုယ့်စကားနားမထောင်တော့ဘူးဆိုရင် ဘေးဖယ်၊ ကျဥ်လိုက်တာတို့၊ တခုခုလွဲမှားတာတွေ၊ လုပ်မိတယ်ဆိုရင် တော်တော်လေးကြီးလေးတဲ့ အပြစ်လိုမျိုး ပြန်ပြီးအပြစ်ပေးမှုတွေ လုပ်ကြတဲ့ အကျင့်စရိုက်တွေ ဓလေ့ထုံးတမ်းလို ဖြစ်နေပါတယ်။ တခြားနိုင်ငံကိုကြည့်မယ်ဆိုရင် အမြင်မတူဘူး၊ မတူညီတဲ့လူတွေလည်း အတူတူပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေနိုင်ကြတယ်။ အမြင်မတူကြသူတွေအနေနဲ့ ဒါတွေကိုဘယ်လိုကိုင်တွယ်ဖြေရှင်းလဲဆိုတာကို ဆွေးနွေးကြ၊ အပြန်အလှန်ငြင်းခုံကြ၊ ပိုပြီးတော့ အကောင်းဆုံး ဆိုတဲ့အမြင်ကိုစုစည်းပြီးတော့ ဆုံးဖြတ်ကြပါတယ်။ တယောက်နဲ့တယောက် အမြင်ကို လေးစားမှုရှိကြတယ်။ အမြင်မတူလေ၊ အမြင်စုံလင်လေ ပိုပြီးတော့ အားကောင်းတဲ့ ဆုံးဖြတ်ချက်ချနိုင် လေလေ ဆိုတဲ့ ဆောင်ပုဒ်အနေနဲ့ သွားကြတယ်။ စုံလင်ကွဲပြားမှုက ပိုပြီးခိုင်မာရှင်သန်နိုင်တယ်ဆိုတာ မြင်ရတယ်။ ကျွန်မတို့လည်း ဒါတွေကို လက်တွေ့လုပ်နိုင်ဖို့အတွက် အရေးကြီးပါတယ်။

*၄။ လက်ရှိနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ဘယ်လောက်အထိ ရရှိနေပြီလဲ။*

နွေဦးတော်လှန်ရေးရဲ့အခင်းအကျင်းမှာ တကယ့်ရှေ့တန်းမှာ ရွံ့ရွံ့ချွန်ချွန်နဲ့ ရှေ့ထွက်ပြီးတော့ လူထုတိုက်ပွဲဝင်နေတဲ့ အမျိုးသမီးလူငယ်ခေါင်းဆောင်တွေ အများကြီး တွေ့ခဲ့တယ်။ တချို့ဆိုရင် ကိုယ့်ရဲ့အသက်ကိုပါ စတေးပြီး ပေးဆပ်လိုက်ရတဲ့ လူငယ်အမျိုးသမီးခေါင်းဆောင်တွေ အများကြီးရှိပါတယ်။ အမျိုးသမီးတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံကိုချစ်တဲ့စိတ် ဦးဆောင်နိုင်တဲ့စိတ်ဓာတ်ကတော့ ဒီနွေဦးတော်လှန်ရေးမှာ အများကြီး ပေါ်ပေါက်နေပါတယ်။ ဒါပေမယ့် နွေဦးတော်လှန်ရေးဖြစ်စဉ်ရဲ့နောက်မှာဖြစ်လာတဲ့ Institution ယန္တရားတွေ၊ အဖွဲ့အစည်းတွေရဲ့ဆုံးဖြတ်မှုအပိုင်းမှာ အမျိုးသမီးရဲ့ပါဝင်မှုအခန်းကဏ္ဍက အင်မတန်မှနည်း

တယ်ဆိုတာ မြင်ရတယ်။ ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ အမျိုးသမီးက ပြန်ရှာမတွေ့တော့ဘူး။ ဥပမာ - CRPH ကိုကြည့်ရင် ဦးဆောင်ပြီးတော့ ဆုံးဖြတ်ချက်ချတဲ့အခါမှာ အမျိုးသမီးရဲ့ပါဝင်မှုဆိုတာ သိပ်မပေါ်လွင်ပါဘူး။ NUG ထဲမှာဆိုလည်း အမျိုးသမီးရဲ့ပါဝင်မှုက တော်တော်နည်းတာပါတယ်။ ဒါပေမယ့်ထူးဆန်းတာကတော့ အမျိုးသမီးလူငယ်နဲ့ကလေးဝန်ကြီးကတော့ အမျိုးသမီးဖြစ်တယ်။ ဒုတိယဝန်ကြီးလည်း အမျိုးသမီးဖြစ်တယ်။ ပြောချင်တာက အမျိုးသမီး၊ လူငယ်၊ ကလေး နဲ့ပတ်သက်ရင် အမျိုးသမီးဖြစ်ရမယ်ဆိုတဲ့ အတွေးအခေါ်ပေါ့လေ။ ဒါတွေကတော့ နွေဦးတော်လှန်ရေးမှာ လက်တွေ့မြင်နေရတဲ့ အမျိုးသမီးရဲ့ပါဝင်မှု အခြေအနေ၊ အမျိုးသမီးတွေအပေါ် ရှိတဲ့ အမြင်တွေ ဖြစ်ပါတယ်။ အမျိုးသမီးတွေကို နေရာပေးမှုမှာတော့ တော်တော်လေးတော့အားနည်းနေသေးတယ်ဆိုတာပေါ့လေ။ ဒါကြောင့် အမျိုးသမီးရဲ့ပါဝင်မှုနဲ့ဆုံးဖြတ်ပိုင်ခွင့်ကို ပြည့်ပြည့်ဝဝပေးဖို့ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို မြင်ရပါတယ်။

*၅။ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်နိုင်မှုနဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဘယ်အရာတွေက အဟန့်အတား ဖြစ်စေပါသလဲ။*

အဟန့်အတားလို့ပြောရင် ဖခင်ကြီးစိုးတဲ့ခေတ်ကနေ ဆင်းသက်လာတဲ့လူတွေရဲ့ mindset က အာရှနိုင်ငံတွေမှာ ပိုပြီးတော့ အရိုးစွဲနေသေးတာပေါ့။ အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ အများကြီး တိုက်ပွဲဝင်နေကြသေးတယ်။ အမျိုးသမီးအချင်းချင်းက အမျိုးသမီးတွေကို အယုံအကြည်မရှိခြင်းက ကိုယ့်ရဲ့လူမှုအသိုင်းအဝိုင်းတွေမှာ တကယ်ဖြစ်နေတာဖြစ်ပါတယ်။ နောက်တခုက အာဏာရှင်လို့ပြောတဲ့အထဲမှာ စစ်အာဏာရှင်ကို ကြည့်မယ်ဆိုရင်လည်း လက်နက်ကိုင်ပြီးတော့ဖြစ်လာတဲ့ အာဏာရှင်ပေါ့လေ။ လက်နက်ကိုင်တဲ့သူတွေအားလုံးကို ကြည့်မယ်ဆိုလည်း အမျိုးသားတွေဖြစ်တယ်။ အမျိုးသားတွေကပဲ လက်နက်ကြောင့်ဖြစ်လာတဲ့ အာဏာတွေကိုအလွဲသုံးစားလုပ်ပြီးတော့ ဖြစ်လာတဲ့အာဏာရှင်စနစ်တွေ ဖြစ်ပါတယ်။ လက်တွေ့မှာ အာဏာရှင်တွေအများစုက အမျိုးသားတွေ ဖြစ်နေတယ်။ အမျိုးသားတွေကပဲ အာဏာရှင်စနစ်အောက်မှာ ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ ထိုင်ကြတယ်။ တကယ်တမ်း အမျိုးသမီးပါဝင်ရေးဆိုပြီး ပြောလာတဲ့အခါမှာ အာဏာရှင်စိတ်ဝင်နေတဲ့ အမျိုးသားတွေက အရေးမကြီးတဲ့ကိစ္စလို ပြောဆိုနေပြီးတော့ ကူညီထောက်ပံ့ချင်တဲ့ စိတ်ရင်းစေတနာ မရှိကြဘူး။ ပြီးတော့ အမျိုးသမီးတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေဆိုလည်း အမျိုးသားတွေရဲ့အသုံးအဆောင်ပစ္စည်းထက် တစ်ဆင့်နိမ့်တယ်ဆိုတဲ့အတွေးအခေါ်တွေ ဒီအတွေးအခေါ်တွေက ကျွန်မတို့မြန်မာနိုင်ငံမှာ အများကြီး ရှိနေသေးပါတယ်။ ဘာသာရေးအရမှာ ကြည့်မယ်ဆိုလည်း အမျိုးသမီးတွေကို မြင်တာက တမျိုးတွေ ဖြစ်နေတယ်။ စစ်အာဏာရှင်၊ ပတ်ထရီအာခီ၊ ဖခင်ကြီးစိုးတဲ့ခေတ်၊ အာဏာရှင်စနစ်တွေက အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်တွေကို ဟန့်တားနေတာ ဖြစ်ပါတယ်။

*၆။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုမှုတွေ ပပျောက်ဖို့၊ ပြည့်ပြည့်ဝဝနဲ့ ပိုမိုပါဝင်နိုင်ဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်ပါသလဲ။*

ကျွန်မတို့ WLB ဆိုရင် အာဏာရှင်စနစ် အားလုံးကို တိုက်နေတဲ့အဖွဲ့ချုပ် ဖြစ်တယ်။ စစ်အာဏာရှင်တခုပဲ မဟုတ်ဘူး။ ပတ်ထရီအာခီ၊ အပါအဝင် အာဏာရှင်စနစ်တွေ လုံးဝပပျောက်သွားတဲ့အချိန်ကျမှ တကယ့်လူမှုအသိုင်းအဝိုင်းက ကိုယ်တွေ လိုချင်တဲ့စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ လူမှုအသိုင်းအဝိုင်း ဖြစ်မယ်ဆိုတာကို ယုံကြည်ထားပါတယ်။ ဒါအတွက် ဘာလုပ်ရမလဲဆိုရင် နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေ ရှိတယ်။ နိုင်ငံတကာကနေ အစိုးရတွေလိုက်လုပ်ရမယ့် လုပ်ငန်းတွေ ရှိတယ်။ ဥပမာဆိုရင် အမျိုးသမီးနဲ့ ပတ်သက်တဲ့အရာတွေဆိုရင် စီဒေါပေါ့။ အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာရဲ့စာချုပ်စာတမ်းတွေ ရှိတယ်။ ဒီစာချုပ်စာတမ်းတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဆိုရင် လိုက်နာကျင့်သုံးပြီးတော့ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ ကတိကဝတ်ရှိထားတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်တယ်။ အမျိုးသမီးပါဝင်ရေးနဲ့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ဆုံးဖြတ်ချက်ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ မှာဆိုရင် စစ်ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ အရေးကိစ္စမှာ အမျိုးသမီးတွေကိုချန်လုပ်မထားဖို့ အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ဖို့၊ အမျိုးသမီးအရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုကြိုတင်တားဆီးကာကွယ်နိုင်မလဲ ဆိုတဲ့အချက်တွေ၊ အမျိုးသမီးရဲ့ပါဝင်နိုင်တဲ့အခန်းကဏ္ဍတွေ အမျိုးသမီးတွေ လိုအပ်နေတဲ့ ပြန်လည်ပြုစုပျိုးထောင်ပေးရေးအခန်းကဏ္ဍတွေ ဒါကောင်းကောင်းကြီး ဖြည့်သွင်းထားတဲ့ဟာ ဖြစ်တယ်။ အမျိုးသမီးတွေရဲ့ပါဝင်မှုကိုမြှင့်တင်ဖို့ ဖြစ်တယ်။ အစိုးရလို့ ပြောတဲ့အချိန်မှာ အခုမြန်မာနိုင်ငံရဲ့အခြေအနေမှာဆိုရင် အစိုးရဆိုပြီးသတ်မှတ်ထားတဲ့ NUG၊ ERO အပါအဝင် ကိုယ်ရဲ့ပြည်သူတွေရှိနေတဲ့နေရာမှာ တာဝန်ရှိတဲ့အစုအဖွဲ့တွေ၊ စကစလည်း ပါတယ်။ ဒါတွေကို အခြေခံပြီးတော့ သူတို့က လုပ်ဆောင်ရမှာ ဖြစ်တယ်။ ဖြည့်ဆည်းပေးရမှာ အများကြီးရှိတယ်။ ပြည်သူတွေအနေနဲ့ အမြင်တွေပိုပြီး အမြင်ပွင့်လာအောင် သတင်းတွေ များများကြည့်ရမယ်။ Information sharing တွေလုပ်ဖို့လိုတယ်။ ပြည်သူတွေကြားထဲမှာ ပိုပြီးအမြင်ပွင့်နိုင်ဖို့ဆိုရင် အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍလည်း အရေးကြီးတယ်။ အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ CSO တွေ၊ NGO တွေအနေနဲ့ အမျိုးသမီးနဲ့ပတ်သက်ပြီးတော့ လှုပ်ရှားဆောင်ရွက်နေတဲ့သူတွေအားလုံး အမြင်ဖွင့်သင်တန်းတွေ လုပ်ရမယ်။ တဖက်မှာလည်း အစိုးရတွေ၊ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေလုပ်သင့်လုပ်ထိုက်တဲ့ အရာတွေကို လုပ်နေသလား မလုပ်နေဘူးလားဆိုတာ အမြဲတမ်း ကြီးကြပ်ရမယ်။ ထောက်ပြပြောဆိုရမယ်။ အမျိုးသမီး ပါဝင်ဆုံးဖြတ်နိုင်ရေးက ကိုယ့်ရဲ့အရေးကိစ္စတွေ ဖြစ်တာပေါ့လေ။ တနိုင်ငံလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စဖြစ်တယ်ဆိုတဲ့ဟာကိုလည်း အားလုံးပိုပြီးတော့မြင်လာအောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။


*၇။ အမျိုးသမီးတွေ နိုင်ငံရေးမှာ တင်းပြည့်ကျပ်ပြည့် ပါဝင်လုပ်ဆောင်လို့ ရမယ်ဆိုရင် အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုမျိုး အပြောင်းအလဲတွေကို မြင်တွေ့ကြရမလဲ။ ဘယ်လိုမျိုး အကျိုးများစေမလဲ။*

အမျိုးသမီးတွေက တကယ်ကို ရှုံ့ရှုံ့ချွန်ချွန်နဲ့ ဦးဆောင်နိုင်တဲ့လူတွေဖြစ်တယ်။ ထောင့်စေ့အောင် မြင်ပြီးတော့ လုပ်ဆောင်နိုင်တဲ့ အမျိုးသမီးတွေဖြစ်ကြတယ်။ ဒါကြောင့် အမျိုးသမီးတွေရဲ့ပါဝင်တဲ့ အခန်းကဏ္ဍကတော့ နိုင်ငံတစ်နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုမှာပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးတိုးတက်ရေးမှာပဲဖြစ်ဖြစ် အရေးကြီးတယ်ဆိုတဲ့ဟာကတော့ အထင်အရှားဖြစ်ပါတယ်။ အမျိုးသမီးတွေပါဝင်လာပြီဆိုရင် စစ်ပဋိပက္ခတွေ ပိုပြီးချုပ်ငြိမ်းလာနိုင်မယ်။ အာဏာရှင်စနစ်တွေ ချုပ်ငြိမ်းသွားနိုင်မယ်။ တကယ်ပြည်သူတွေရဲ့အကျိုးကို အဓိကစဥ်းစားပြီးတော့ လုပ်ဆောင်ပေးတဲ့ ဖက်ဒရယ်ဒီမိုကရေစီသစ်ကို ခြေလှမ်းလှမ်းနိုင်မှာပေါ့လေ။ မဟုတ်ရင် ဖက်ဒရယ်

ဒီမိုကရေစီကို ခြေလှမ်းလှမ်းနိုင်တာတောင်မှ အဲ့မှာပြန်ပြီးတော့ ရန်ဖြစ်ကြမယ်။ ငြင်းခုန်ကြမယ်။ အခုတောင် စဉ်းစားကြည့်ရင် စိုးရိမ်စရာတွေလည်း အများကြီးတွေ့နေရတယ်။ ဒါတွေကိုကျော်လွှားနိုင်ဖို့ဆို အမျိုးသမီးတွေ နိုင်ငံရေးဆွေးနွေးပွဲတွေမှာပဲဖြစ်ဖြစ် ဆုံးဖြတ်ချက်ချတဲ့အခန်းကဏ္ဍတိုင်းမှာ ပါဝင်ဖို့အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒါမှ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

*၈။ တခြားဖြည့်စွက်ချင်တာရှိရင်ပြောပေးပါဦး။*

အမျိုးသမီးတွေအချင်းချင်းရဲ့ တွေ့ဆုံဆွေးနွေးမှုတွေ အချင်းချင်းအားပေးမှုတွေက အင်မတန်မှ အရေးကြီးပါတယ်။ ပိုပြီးတော့ အားတွေတိုးပွားပြီးတော့ စွမ်းဆောင်နိုင်တဲ့စွမ်းရည်တွေ ပိုပြီးမြင့်တက်လာစေတယ်။ အမျိုးသမီးခေါင်းဆောင်တွေဆိုရင်လည်း ဘက်ပေါင်းစုံကနေ အတိုက်အခိုက်တွေ ရှိမယ်။ ကိုယ်ဖြေရှင်းရတဲ့ အမျိုးသမီးတွေရဲ့ ခေါင်းဆောင်မှုအခန်းကဏ္ဍကို ကြည့်မယ်ဆိုရင် အမျိုးသမီးကကိုယ်ရဲ့တာဝန်အရ ခေါင်းဆောင်ရတဲ့လုပ်ငန်းတွေရှိတယ်။ တဖက်မှာကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေရဲ့ အရေးတွေကိုလည်း ဖြေရှင်းရတယ်။ ကိုယ့်ရဲ့အနောက်မှာမိသားစုအရေးတွေကို ဖြေရှင်းရတယ်။ ဒီလိုမျိုးဖြစ်တဲ့အချိန်မှာ စိတ်ခံစားကျမှုတွေ ကိုယ့်ရဲ့အဆင်မပြေမှုတွေ အများကြီးရှိတယ်။ ဒီလိုမျိုးအခက်အခဲတွေကြုံတဲ့အခါမှာလည်း အားယူပြီးတော့ ကိုယ့်ရဲ့စိတ်တွေကိုတည်ငြိမ်အောင် အကောင်းဆုံးဖြစ်အောင်ထားပြီးတော့ ရှေ့တလှမ်းတက်နိုင်ဖို့အတွက် နောက်တလှမ်းဆုတ်ပြီးတော့ အလှမ်းတွေပြန်ပြီးသွားနိုင်ဖို့အတွက် အဲ့လိုမျိုးနည်းနာတွေ သုံးပြီးလုပ်လို့ရပါတယ်။ အမျိုးသမီးပါဝင်ရေးအကြောင်းပြောပြီဆိုရင် နေရာလုချင်လို့ မြင်တာမျိုး ရှိပါတယ်။ တကယ်တမ်း အမျိုးသားတွေ မစဉ်းစားနိုင်တဲ့အရာတွေကို အမျိုးသမီးတွေဘက်နေ အကောင်းဆုံးစဉ်းစားပြီးတော့ နိုင်ငံတည်ဆောက်ရေးမှာ အကောင်းဆုံးဖြစ်အောင် မျှတအောင်ထမ်းဖို့ ဖြစ်ပါတယ်။ အထူးသဖြင့်တော့အချင်းချင်း အမြဲတမ်းလက်တွဲပြီးတော့ လုပ်ဆောင်သွားဖို့အရေးကြီးပါတယ်။ အားမငယ်ဖို့ ပြောချင်ပါတယ်။



# မြန်မာနိုင်ငံရှိအမျိုးသမီးအဖွဲ့အစည်းများ

| | |
|---|---|
| 1. | Burmese Women's Union |
| 2. | Colors Rainbow |
| 3. | Gender Equality Network |
| 4. | Gender Studies Center MIT |
| 5. | Kachin Women’s Union |
| 6. | Kachin Women's Association Thailand - KWAT |
| 7. | Karen Women Organization (KWO) |
| 8. | Karen Women's Organization - KWO |
| 9. | Karenni Women Organization - KNWO |
| 10. | Kayan Women's Organization |
| 11. | KUKI WOMEN CENTRE TAMU |
| 12. | LaHu Women Organization |
| 13. | LOI KHAM Women Organization |
| 14. | Pa-O Women's Union |
| 15. | Politics for Women Myanmar |
| 16. | Rosy Women's Union - Dawei |
| 17. | Shan Women's Action Network (SWAN) |
| 18. | Sisters 2 Sisters |
| 19. | Ta'ang Women's Organization |
| 20. | Tavoyan Women's Union - ထားဝယ်အမျိုးသမီးသမဂ္ဂ |
| 21. | Triangle Women Organization |
| 22. | We Women Foundation |

| | |
|---|---|
| 23. | Women Advocacy Coalition Myanmar (WAC- M) |
| 24. | Women Alliance Burma - အမျိုးသမီးမဟာမိတ်အင်အားစု |
| 25. | Women Organization Network - WON |
| 26. | Women Peace Network |
| 27. | Women's League of Burma (WLB) |
| 28. | ပြည်သူ့စစ်သားဇနီးများ |
| 29. | စက်ချုပ်သမ |
| 30. | THU PONE |
| 31. | Honest Information |
| 32. | Shayi Channel |
| 33. | GenderLab |
| 34. | Women's Committee - FGWM - အမျိုးသမီးကော်မတီ |
| 35. | Orangewomen |
| 36. | Women in AI – Myanmar |
| 37. | How She Did It |
| 38. | သူမ - Thuma |
| 39. | အင်းလေးအမျိုးသမီးသမဂ္ဂ |

**Politics for Women Myanmar နှင့် Sisters to Sisters မှ**
ပူးပေါင်းထုတ်ဝေသည်။

